www.burmeseclassic.com

BURMESE CLASSIC

မင်းသိင်္ခ

# ပတ္တမြားမိုး

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်**
၉၁၆/၂၀၀၄(၈)
**မျက်နှာဖုံးခွင့်ပြုချက်**
၁၀၁၁/၂၀၀၄(၉)
**မျက်နှာဖုံးနှင့်ရေခံစိတ်ကူး**
သူရဇော်
**မျက်နှာဖုံးပန်းချီ**
နိုင်ပိုဦး
**မျက်နှာဖုံးနှင့်ရေခံဖန်တီး**
ALPHA
**ထုတ်ဝေခြင်း**
၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ
ဒုတိယအကြိမ်
**တန်ဖိုး**
[redacted] ၁၆၀၀/ကျပ်
**အုပ်ရေ**
၁၀၀၀ အုပ်
**ထုတ်ဝေသူ**
ဒေါ်ပြုံးပြုံးခင်
ပြုံးစာပေ
အမှတ် ၆၆၊ သရက်တော(၄)လမ်း၊
ကြည့်မြင်တိုင်မြို့နယ်။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းချောင်းမြိုင်လမ်း၊ သုဝဏ္ဏ။

# မင်းသိင်္ခ

# ပတ္တမြားမိုး

www.burmeseclassic.com

www.burmeseclassic.com



# ထိုသူတစ်ယောက်အကြောင်း

တစ်ခါက ကျွန်ုပ်အား မွေးဖွားရာ၊ ကြီးပြင်းနေထိုင်ရာဖြစ်သည့် ရန်ကုန်မြို့ ကျောက်မြောင်းရပ်ကွက်ရှိ မလွှကုန်းဆိုသော ဘူတာရုံကလေးအနီး၌ ဇရပ်ကလေးတစ်လုံးတည်ရှိ၏။ ထိုဇရပ်ကလေးထဲတွင်နေထိုင်ခဲ့သော **ကိုမှတ်ကြီး** ဆိုသောလူတစ်ဦးရှိခဲ့ဖူးသည်။

သူ သည် စိတ်ဓာတ် ပျော့ညံ့သူ ဖြစ်၏။ ထို့အတူ စိတ်ဓာတ်ကြံ့ ခိုင်သူလည်းဖြစ်သည်။ သူသည်သံယောဇဉ် မထားတတ်သူဖြစ်၏။ ထို့အတူသံယောဇဉ်လွန်စွာ ကြီးမားသူလည်းဖြစ်၏။ သူသည် လွန်စွာမှ ရက်စက်တတ်၏။ ထို့အတူ လွန်စွာမှလည်းကြင်နာသနားတတ်၏။ သူ၏ဘဝသည် ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ကောင်း၏။ ထို့အတူ ဆွေးမြေ့ကြေကွဲဖွယ်ရာလည်းကောင်း၏။ သူ၏လုပ်ရပ်များသည် အားကျအတုယူဖွယ်ကောင်း၏။ ထို့အတူ အားကျဖွယ်၊ အတုယူဖွယ်ရာလည်းကောင်း ပေ။ သူသည် လမ်းများပေါ်၌ အချိန်ပြည့်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားနေခဲ့၏။ ထို့အတူ တစ်နေရာတည်း၌ အချိန်အကြာကြီး ထိုင်နေခဲ့၏။ သူ၏လုပ်ရပ်သည် မှန်ပါသည်ဟု ကျွန်ုပ်အနေနှင့် မပြောလိုပေ။ ထို့အတူ သူ၏ လုပ်ရပ်များသည် မှားပါပေသည်ဟုလည်း ကျွန်ုပ်အနေနှင့် မပြောဝံ့ပါ။ ကျွန်ုပ်သည် စိတ်သဘာဝအားဖြင့် လည်းကောင်း၊ ပြုမူလှုပ်ရှားမှုအားဖြင့် လည်းကောင်း၊ ထိုဆန်းကြယ်လှသော ကိုမှတ်ကြီးဆိုသည့် ကျွန်ုပ်နှင့် တစ်ရပ်တည်းနေခဲ့ဖူးသော ထိုလူထူးလူဆန်းကြီး၏အကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့ ရေးသား ဖြစ်ခဲ့သည်။ ဤသည်ဝင် ရသကိုးပါးပြွမ်းတီးသော ပတ္တမြားမိုး ဝတ္ထုကြီး ဖြစ်ပေတော့သည်တကား။

စာရေးသူ



BURMESE CLASSIC

## ရုံပိုင်နှင့်အရူး

(၁၉၄၇–ခုနှစ်လောက်ကဖြစ်၏။) တစ်နေ့သ၌ မလွှကုန်းဘူတာရုံမှ ရုံပိုင်မောင်မှတ်ကြီးသည် သင်္ဘောကျွန်းသို့ လိုက်ပါမည့် ခရီးသည်များအတွက် လက်မှတ်များရောင်းချနေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် လက်မှတ်ဝယ်သူများအားတိုးဝှေ့၍ . . .

"ရုံပိုင်ကြီး . . . ရုံပိုင်ကြီး ဒါဟာ ဘာရုံလဲဗျာ"

ဟုမေးလိုက်ရာ မောင်မှတ်ကြီးက . . .

"ဘူတာရုံပေါ့ ငါ့လူရ"

ဟုပြန်ဖြေလေသည်။ ထိုအခါထိုသူက . . .

"အဲဒါမေးမလို့ပါ၊ အင်္ဂလိပ်လိုက 'စတေရှင်' လို့ခေါ်တယ်၊ အဲဒါကို ဘူတာရုံလို့ ဘာလို့ အနက်ပေးရတာတုံး၊ ဘူဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘာအဓိပ္ပါယ်လဲ၊ ဘူတက လာတာလား၊ ဘူတဆိုရင်တော့ အခြေခံဓာတ်ကြီးတွေပဲ၊ ပထဝီ၊ ဘောဇော၊ အာပေါ၊ ဝါယော ပေါ့ဗျ။ အဲဒါ ဘူတဓာတ်တွေပဲ ၊ ဘူတဓာတ်တွေကို အကြောင်းပြုပြီး ဘူတွေ့လို့ ခေါ်တာလား။ စတေရှင်ဆိုတာ ဌာနလို့ပဲ အနက်ဖွင့်လိမ့်မယ်၊ အဲဒါကို ဘူတာလို့ အနက်ဖွင့်တာ ဘယ်သူက ဖွင့်တာတုန်း၊ ဘူတာဆိုရင်တော့ ကုလားလို အဘိုးအိုကို ပြောတာ၊ မီးရထားလက်မှတ်ရုံပေါ့၊ ဘာဖြစ်လို့ ဘူတာရုံလို့ ခေါ်ရမှာတုန်း ဘူတာဝါဟာန ခေါ်တဲ့ စက်ကြိုး ယန္တယား အတတ်တွေထားတဲ့ ရုံမို့လို့လား၊ လုံးဝအဓိပ္ပါယ် မရှိတဲ့စကားပဲ၊ နည်းနည်းပါးပါး ရှင်းလင်းစမ်းပါဦး ရုံပိုင်ရဲ့"

ဟု ပြောလေ၏။ ထိုသူသည် ရှမ်းအင်္ကျီအဖြူ၊ အယ်ပက်ကားတိုက်ပုံအနက်ကို ဝတ်ထား၏။ ဆံပင်ကိုလည်း သပ်ရပ်စွာဖြီးထား၏။ မောင်မှတ်ကြီးသည် ထိုသူကြောင့် ကသိကအောက် လွန်စွာဖြစ်သွား၏။

"ဒီမှာ မိတ်ဆွေကြီး၊ အဲ ါတွေ ကျုပ်မသိပါဘူးဗျာ၊ မကျေနပ်ရင်တော့ မီးရထားမင်းကြီးကိုသွားမေး၊ ကျုပ်လက်မှတ်ရောင်းရဦးမယ်၊ ရထားလာတော့မယ်၊"

ဟုပြောလိုက်ရာ ထိုသူက . . .

"ထားလိုက်စမ်းပါဗျာ၊ ကျုပ်မေးတာ ဖြေစမ်းပါဦး၊ ခါဘာလဲဆိုတော့ မီးရထား ဥဩသံဟာ သိပ်ပြီးကျယ်တယ်ဗျာ၊ ကျုပ်မကြိုက်ဘူး"

ဟု ပြန်၍ ပြောလေ၏။

☺ ပြီးစာပေ ☺



ထိုအခါ မီးရထားရုံပိုင် မောင်မှတ်ကြီးက . . .

"ဒီလိုရှိပါတယ် မိတ်ဆွေ၊ အဲဒီလိုကျယ်မှ ရှောင်တဲ့လူက ရှောင်နိုင်မှာပေါ့"

ဟုပြောလိုက်ရာ လက်မှတ်ဝယ်မည့် မိန်းမတစ်ဦးက . .

"သြော်. . .မီးရထားရုံပိုင် ကလဲခက်တော့တာပဲ၊ အရူးကို ညွှိထောက်ခံပြီး ပြောနေပြန်ပြီ"

ဟုပြောလိုက်ရာ မောင်မှတ်ကြီးက

"ဘယ့်နှယ် သူများကို အရူးလို့သွားပြောနေတာတုန်း"

ဟုအော်ပြောလိုက်လျှင် ထိုမိန်းမက . . .

"ရှင်က အပေါ်ကိုဂရုစိုက်နေတာကိုး၊ သူ့အောက်ကို လှဲငုံ့ကြည့်စမ်းပါဦး၊ ပုဆိုးတောင်မပါဘူး"

ဟုပြောလိုက်ရာ မောင်မှတ်ကြီးက ငုံ့ကြည့်လိုက်လျှင် ထိုသူသည် ရှပ်ဖြူကိုဝတ်ထား၏။ အယ်လ်ပတ်ကားတိုက်ပုံကို အပေါ်မှ ထပ်၍ဝတ်ထား၏။ ခေါင်းကို သေသပ်စွာ ဖြီးထား၏။ သို့ရာတွင် လုံချည်ကား မပါပေ။ ထိုအခါကျမှပင် မောင်မှတ်ကြီးက အရူးမှန်းသိသွားလေတော့၏။ ထို့ကြောင့် . . .

"ဟေ့လူ. . .သွား. . .သွား"

ဟုမောင်းထုတ်လေတော့၏။ ထိုသို့ မောင်းထုတ်သော်လည်း ထိုအရူးက . . .

"ငါ့ကို မောင်းထုတ်တဲ့အတွက် အလုပ်ပြုတ်တော့မယ်၊ နေ့တွေကွာပြီး အလုပ်ပြုတ်ပါစေ"

ဟုပြော၏။

☺ ပြီးစာပေ ☺

www.burmeseclassic.com



ထို့နောက် ၎င်းအား အရှုးဟုစ၍ ပြောသောမိန်းမကို . .

"နင်ကလဲ နင်နဲ့မဆိုင်ဘဲနဲ့ ဝင်ပြီးပြောတာကိုး၊ အဲဒီတော့ နင့်ကိုဆုပေးရမယ်"

ဟုဆိုကာ ဖက်၍ နမ်းလေတော့၏။ ထိုမိန်းမက . . .

"အို. . . ဟင်. . ."

ဟုဆိုကာ ရုန်းလေ၏။ သို့သော်ရုန်း၍မရပေ။ မောင်မှတ်ကြီး ကလည်းအကူအညီပေးလို၏။ သို့သော်သံဆန့်ကာ ကာထား သောကြောင့် ကူညီ၍မရပေ။ ဘူတာရုံတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ အရှုးသည် ထိုမိန်းမအား နမ်းပြီးနောက် ခပ်တည်တည်ဖြင့် ထွက်သွားလေတော့၏။

ထိုသို့ထွက်သွားရင်း . . .

"ဩော် . . . လူတွေ. . .၊ လူတွေ၊ တယ်ခက်ပါလားအရှုး နမ်းတာများ အထူးအဆန်းလုပ်ပြီး ဝိုင်းအုံလာတယ်"

ဟုပြောသွားသေး၏။

အရှုးအနမ်းခံရသော မိန်းကလေးမှာ အသက်အရွယ်အား ဖြင့် နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသော မိန်းမပျိုကလေးဖြစ်၏။ သူမသည် ရှက်လွန်းလို့ငိုနေ၏။ လက်မှတ်ကိုလည်း မဝယ်ဖြစ် တော့ပေ။ ထိုအချိန်၌မှာပင် သက်နိုးကျွန်းသို့သွားမည့် လော်ကယ် ရထားဆိုက်လာ၏။ ခရီးသည်များသည် ရထားဆီသို့ အပြေး အလွှားသွားပြီးလျှင် တက်ကြ၏။ ထိုမိန်းကလေးမှာ ရထားပေါ်သို့ မတက်ဘဲ ငိုမြဲငိုနေ၏။ ထို့ကြောင့် ရုံပိုင်မောင်မှတ်ကြီးလည်း မနေသာတော့ဘဲ ထိုမိန်းကလေးအား ချော့ရလေတော့၏။

☺ ပြီးစာပေ ☺



" ဟဲ့. . .မိန်းကလေး၊ မင်းကို မကြာခဏ ငါမြင်ဖူးပါ တယ်၊ ဒီအနီးအနားကပဲ မဟုတ်လား"

ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မဒီ မလွှကုန်းလမ်းထဲမှာပဲ နေ တာပါ၊ သက်နိုးကျွန်းက အစ်မဝမ်းကွဲ တစ်ယောက်ဆီ ခဏသွား မလို့၊ အခုတော့ မသွားတော့ပါဘူး"

ဟုဆိုကာ ငိုပြန်လေ၏။ ထိုအခါ မီးရထားရုံပိုင် မောင် မှတ်ကြီးက . . .

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဟုမေးရာ မိန်းကလေးက . . .

"ကျွန်မနာမည် အိမ်မြဲလို့ခေါ်ပါတယ်"

ဟု ပြောလျှင် မောင်မှတ်ကြီးက . . .

"အိမ်မြဲဆိုပြီး အိမ်မမြဲဘဲ လမ်းထွက်လို့ သည်လိုဖြစ်တာ၊ သာ အိမ်ပြန်မယ်"

၎င်း၏ဘူတာရုံအား အလံချိုးသော တန်ဘိုး ဆိုသည့် ဘုလားနှင့် အပ်နှံကာ ရုံပိုင်သည် ဆိုက်ကားတစ်စီးကိုငှား၏။ အိမ်မြဲကို ဆိုက်ကားနှင့်တင်ကာ အိမ်တိုင်ရာရောက် လိုက်၍ ပို့လေတော့၏။ အိမ်သို့ရောက်သော အခါ၌ မအိမ်မြဲ၏ မိခင် ကြီးက . . .

"ဘယ်လိုဖြစ်လာတာလဲ"

ဟုမေး၏။ မအိမ်မြဲက တရှုတ်ရှုတ် ငိုကြွေးကာ 'နှမ်းသံ ရော' ၍ ပြောပြလေတော့၏။

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြရာ မအိမ်မြ၏မိခင်သည် မောင်မှတ်ကြီး အား မီးရထားရုံပိုင်မှန်းသိသွား၏။ ထိုအခါ . . .

"ဟဲ့ . . .မအိမ်မြရယ်၊ ရုံပိုင်ကြီးကို အားနာစရာ၊ ကာဖီ ရည်လေး ဘာလေး တိုက်ပါဦး၊ လမ်းထိပ်က ဒူလာများ ကုလား ဆိုင်က ပလင်းကိတ်လေးဘာလေး ဝယ်ပါဦး၊ ပြီးတော့ ရေနံဆီ ရောင်းတဲ့ ကိုဖူးညို အိမ်ဘေးက ကုန်စုံဆိုင်မှာ မြင်းတံဆိပ် ပိုလိုရှိ တယ်၊ နှစ်လိပ်လောက်ဝယ်ခဲ့ပါဦး"

ဟုပြော၏။ ရုံပိုင်မောင်မှတ်ကြီးက ပါးစပ်မှ . . .

"နေပါစေ အဒေါ်ရယ်၊ နေပါစေ အဒေါ်ရယ်"

ဟု ပြောသော်လည်း ဖင်ကိုမူ လုံးဝမရွေ့ဘဲ ထိုင်နေ၏။ ထို့ကြောင့် မအိမ်မြသည် မျက်ရည်စကို အမြန်သုတ်၍ ချိုင့်က လေးဆွဲကာ ကာဖီရည်ဝယ်ရန် ထွက်သွားလေတော့၏။ များ မကြာမီ၌ ကုလားဆိုင်မှ ကာဖီရည်တစ်ခွက်ကို ချိုင့်ဖြင့်ထည့်လာ ၏။ ထို့ပြင် ပလိန်းကိတ်ပါးပါး တစ်ချပ်နှင့် ပိုလိုစီးကရက်နှစ် လိပ်ကို သတင်းစာစက္ကူဖြင့် ထုပ်၍ ပြန် ာလေတော့၏။ အိမ်သို့ ရောက်လျှင် ကိုင်းကျိုး၍ ကြေး(ကြိုး) များတက်နေသော ပန်းကန် လုံးကို သွားပွတ်တံ အကျိုးကလေးဖြင့် ကပျာကရာပွတ်တိုက် ဆေးကြောကာ ကာဖီကို ထည့်၏။

ပလိန်းကိတ်ကိုမူ ထည့်ရန် ပန်းကန်သေးသေး မရှိ သဖြင့် ထမင်းစားပန်းကန်ဖြင့် ထည့်လာခဲ့ရာ ပန်းကန်က လွန်စွာ ကြီးပြီး မုန့်လေးတစ်ချပ်တည်း ထည့်လာခဲ့သဖြင့် ရုံပိုင်မောင် မှတ်ကြီးက . . .





"ပန်းကန်က အကြီးကြီးဆိုတော့ မုန့်တွေအများကြီး စား ရပြီ မှတ်တာ မအိမ်မြရေ"

ဟု နောက်လိုက်လေ၏။ ထိုသို့နောက်လိုက်ခြင်းကြောင့် မအိမ်မြသည် ရှက်သွားလေ၏။ မောင်မှတ်ကြီးသည် ပလိန်းကိတ် ကို မစား၊ ကော်ဖီကိုသာ သောက်၏။ ပြီးလျှင် ပိုလိုစီးကရက် တစ်လိပ်ကို ကောက်၍ဖွာ၏။ ပြန်သောအခါ၌လည်း ကျန်သော စီးကရက်တစ်လိပ်ကို ကောက်၍ဖွာသွားပြန်၏။ မအိမ်မြ၏ အမေ ကြီးကလည်း လာလည်ရန် မှာကြား၏။ မအိမ်မြကမူ မောင်မှတ် ကြီးအား အိမ်ဝသို့ လိုက်ပို့ရင်း . . .

"ကိုမှတ်ကြီး အိမ်မြတို့အိမ်ကို လာလည်ပါနော်"

ဟု မတိုးမကျယ်လေးမှာ၏။ ထိုအခါ မောင်မှတ်ကြီးက

"ဟို အရူးကို ခေါ်ပြီးလာရမှာလား"

ဟု နောက်လိုက်ရာ မအိမ်မြက. . .

"ဖွ . . . ဖွ . . . လွှဲပါစေ၊ ဖယ်ပါစေ၊ နိမိတ်မရှိ နမာ မရှိ"

ဟု ပြောလေ၏။ မောင်မှတ်ကြီးကလည်း ရယ်မော၍ ဘူတာရုံသို့ ပြန်လာလေ၏။ ဘူတာရုံသို့ ရောက်သောအခါ၌ အလုံချုံးသော ကုလားတန်ဘီက . . .

"ဆရာ . . . ဟိုကောင်မလေး ငိုလို့ လိုက်ပို့တာလား၊ ဟိုမှာ ငိုနေပြန်ပြီ"

ဟု ဆိုကာ ဘူတာပလက်ဖောင်းမှ တစ်စုံတစ်ယောက်ကို ညွှန်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာပလက်ဖောင်းပေါ်တွင် အဘွားကြီးတစ်ယောက်သည် ရထားပေါ်တွင် ခါးပိုက်နှိုက်ခံရသောကြောင့် ငိုကြွေးနေသည်ကို တွေ့ရလေ၏။ လူအများလည်း ဝိုင်းအုံကြည့်ရှုနေကြ၏။

"တန်ဘီရယ် . . .ဘူတာမှာ လာပြီး ငိုတဲ့လူ အားလုံးကိုတော့ ငါဘယ်လိုက်ပြီး ပို့နိုင်မလဲကွာ၊ အဲဒီလို လိုက်ပြီး ပို့ရမယ်ဆိုရင်လဲ ဘူတာရုံအလုပ်ကို လုပ်နိုင်တော့မှာ မဟုတ်ဘူး၊ ကဲ . . ကဲ . . သွား . . သွား"

ဟု ဆိုကာ တန်ဘီအား အလံပြရန် သွားခိုင်းလေတော့၏။ မောင်မှတ်ကြီးသည် လက်မှတ်ရောင်းရင်း သီချင်းလေး တအေးအေး လုပ်နေလေတော့၏။ ၎င်းသီချင်းမှာ 'မြင်မြင်ချင်းပဲ **ချစ်မိတယ်'** ဆိုသော သီချင်း ဖြစ်၏။ ထိုအချိန်၌ ကွမ်းခြံဘူတာသို့ သွားမည့် အဒေါ်ကြီးတစ်ဦးသည် လက်မှတ်လာ၍ ဝယ်သော်လည်း မောင်မှတ်ကြီးသည် မကြားဘဲ ရှိ၏။ သီချင်းဆိုမြဲ ဆိုလျက်ရှိ၏။ ထိုအခါ အဒေါ်ကြီး က . . .

"အမယ်လေးတော်၊ ရုံပိုင်ကလဲ ဆိုနေလိုက်တဲ့ သီချင်း၊ သီချင်းကလဲ ရှေ့ကို မရောက်တော့ဘူး။ ဒီအနားပဲ အပ်ကြောင်းထပ်နေတယ်။ မြင်မြင်ချင်းပဲ ချစ်မိတယ်တဲ့၊ ဘယ်သူ့ကို မြင်မြင်ချင်း ချစ်ရတာတုံး"

ဟု ပြောလိုက်ရာ ရုံပိုင်မောင်မှတ်ကြီးသည် အူကြောင်ကြောင် ဖြစ်သွားရတော့၏။

ထိုအခါ မောင်မှတ်ကြီးက . . .





"ဒီလိုပါ အဒေါ်ရယ်၊ ကျွန်တော်လဲ ဒီဘူတာရုံထဲမှာ တစ်ယောက်တည်းနေရတာ ပျင်းတာပေါ့။ အဲဒီတော့ သီချင်းကလေးဘာလေး ဆိုမိတာပေါ့၊ အဲဒါကိုတော့ ခွင့်လွှတ်ပါအဒေါ်ရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ အဒေါ်ကြီးက . . .

"အမယ် . . . ရုံပိုင်က ဘူတာရုံထဲမှာ တစ်ယောက်တည်းနေရတာ ပျင်းလို့တဲ့၊ တစ်ယောက်တည်းမနေရင် ဘယ်နှယောက်နေချင်လို့တုန်း၊ ဟို အရှုးနမ်းတဲ့ ကောင်မလေး ခေါ်ထားပါလား။ အဲဒီကောင်မလေးနာမည်က အိမ်မြဲတဲ့။ ဘူတာမှာ ခေါ်ထားတော့ ဘူတာမြဲပေါ့ ရုံပိုင်ရယ်။ ကဲ . . . ပေးစမ်းပါ ကွမ်းခြံဘူတာ လက်မှတ်တစ်စောင်"

ဟု ပြောဆိုလေ၏။ ထိုအချိန်၌ ကလေးတစ်ယောက် ရောက်လာပြီးလျှင် . . .

"ရုံပိုင်ကြီး . . . ရုံပိုင်ကြီး၊ ဘယ်နှစ်နာရီထိုးပြီလဲ"

ဟု မေးလိုက်ရာ ရုံပိုင်မောင်မှတ်ကြီးက . . .

"မင်းတို့ မလွှကုန်း လမ်းတစ်လမ်းလုံး ငါ့ဘူတာရုံမှာ လာပြီး နာရီမေးကြတယ်။ နာရီလေးတစ်လုံး စုပေါင်းပြီး ဝယ်ထားပါလားကွာ"

ဟု ပြောလိုက်ရာ ထိုကလေးက . . .

"ဒီလို မပြောပါနဲ့ ရုံပိုင်ကြီးရယ်၊ ဒီတစ်ခါ ကျုပ်တို့အဖေ မြင်းပွဲနိုင်ရင် ဝယ်မှာပါဗျ"

ဟု ပြန်၍ ပြောလေ၏။ ထိုအချိန်၌ သက်နှင်းကျွန်းမှ လာသော ရထားတစ်စီး ဆိုက်လာ၏။ ခရီးသည်များ အတက်အဆင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြ၏။ မောင်မှတ်ကြီးလည်း မီးရထားမှ ဆင်းလာသော ခရီးသည်များထံမှ လက်မှတ် သိမ်းရ၏။ ထိုသို့ သိမ်းပြီး ဘူတာရုံသို့ ပြန်၍ အဝင် တစ်စုံတစ်ယောက်က . . .

"ရုံပိုင်ကြီး . . . ရုံပိုင်ကြီး"

ဟု လက်မှတ်ပေါက်မှ ခေါ်ရာ ရုံပိုင်မောင်မှတ်ကြီးက နောက်သို့ ပြန်လှည့်မကြည့်ဘဲ . . .

"ဘာတုန်း"

ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ လက်မှတ်ပေါက်မှ လူက . . .

"စောစောက အနမ်းခံရတဲ့ ကောင်မလေးရဲ့အိမ်ကို သိလား"

ဟု မေးရာ မောင်မှတ်ကြီးသည် နောက်သို့ လှည့်မကြည့်ဘဲ . . .

"ခင်ဗျားက ဘာလုပ်မလို့တုန်း"

ဟု မေးလေ၏။ ထိုအခါ ထိုလူက . . .

"စောစောက နမ်းတာ မဝသေးလို့ ထပ်ပြီး နမ်းချင်လို့ သက်နှင်းကျွန်းက ရထားနဲ့ တစ်ခေါက်ပြန်လိုက်လာတာ"

ဟု ပြောလိုက်မှာပင် မောင်မှတ်ကြီးလည်း လှည့်၍ကြည့်လိုက်ရာ အယ်လ်ပတ်ကားတိုက်ပုံဝတ်ထားပြီးအောက်၌ ပုဆိုး မပါသော အရူးကိုတွေ့ရမှ ခွက်ထိုးခွက်လန် ရယ်လေတော့သတည်း။

"ဟား . . . ဟား . . . ဟား . . ဟား . . .ဟား"

❑



## မလွှကုန်းလမ်းမှာ သဆော်ခုတ်ရမည်

ရုံပိုင်မောင်မှတ်ကြီးသည် လက်ဖက်ရည်ပန်းကန်တစ်စုံနှင့် မုန့်ထည့်သော ပန်းကန်များဝယ်ကာ မအိမ်မြဲအိမ်သို့ သွားလေ၏။ ပြီးလျှင် မအိမ်မြဲအား လက်ဆောင်ပေးလေ၏။ မအိမ်မြဲ၏ မိခင်ကြီးကလည်း မောင်မှတ်ကြီး၏ စားရေးသောက်ရေးကို မေးလေ၏။ မောင်မှတ်ကြီးသည် တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်သောကြောင့် တန်ဘီဆိုသည့် ကုလားလေး ချက်ကျွေးနေသည်ကိုသာ စားနေရကြောင်း ပြောလေ၏။

ထိုအခါ မအိမ်မြဲ မိခင်က . . .

"ဒီမှာ စားပါလား"

ဟု စကား,စလေ၏။ ဤသို့နှင့်ပင် မောင်မှတ်ကြီးသည် အိမ်မြဲတို့အိမ်၌ ထမင်းလခပေး၍ စားသောအဖြစ်သို့ ရောက်သွားလေ၏။ မောင်မှတ်ကြီးသည် မနက် တစ်ခေါက် ညတစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက် ထမင်းစားရန်အတွက် မအိမ်မြဲ၏အိမ်သို့ ရောက်လေ၏။ မအိမ်မြဲသည် ထမင်းကို လခနှင့်ကျွေးသော်လည်း အဝတ်ကို အခမဲ့ လျှော်ပေး၏။ အကယ်၍ အဖိုးအခ ပေးရမည်ဆိုလျှင်လည်း ထိုအဖိုးအခမှာ မေတ္တာဟု ဆိုနိုင်၏။ မောင်မှတ်ကြီးသည် မနက်တစ်ခေါက် ညတစ်ခေါက် လာရန်ဖြစ်သော်လည်း အမှန်စင်စစ်အားဖြင့် လေးခေါက်လာ၏။ မနက်အစောကြီးတစ်ခေါက်နှင့် နေ့လယ်တစ်ခေါက်မှာ အပိုခေါက်များ ဖြစ်၏။

ရုံပိုင်မောင်မှတ်ကြီး ဘူတာသို့ ပြန်လာသောအခါ၌ ကလေးများက ဝမ်းအပ်၊ တူးအပ်ဟု ခေါ်၏။ မအိမ်မြဲဘက်သို့ သွားသော အခေါက်များကို ဝမ်းဒေါင်း၊ တူးဒေါင်းဟု ခေါ်၏။ ထိုအခေါ်အဝေါ်များမှာ မီးရထား အခေါ်အဝေါ်များ ဖြစ်၏။ တစ်နေ့တွင် မောင်မှတ်ကြီးသည် စိတ်အေးလက်အေး လျှောက်လာရာ လမ်းတွင် အဒေါ်ကြီးတစ်ဦးနှင့် ဆုံမိ၏။ ထိုအဒေါ်ကြီးမှာ တစ်ခါက ဘူတာရုံ၌ ကွမ်းခြံဘူတာသို့ သွားရန် လက်မှတ်ဝယ်သည့် အဒေါ်ကြီးဖြစ်၏။ ၎င်းအမည်မှာ ဒေါ်ကလေးမ ပျ ျ ဖြစ်၏။ ထိုအဒေါ်ကြီးမှာ မောင်မှတ်ကြီးကို တွေ့လျှင် . . .

"အမယ်လေးတော်၊ ဘူတာရုံပိုင်ကလဲ ဘူတာမှာကို မနေဘူး၊ မအိမ်မြဲတို့အိမ်မှာချည်းပဲ၊ မလွှကုန်းလမ်းကလဲ သူလျှောက်တာနဲ့ပဲ . . ."

ဟု စကား,စလိုက်ရာ မောင်မှတ်ကြီးက . . .

"ကျုပ်လျှောက်တာနဲ့ပဲ ခင်ဗျားတို့ မလွှကုန်းလမ်းက ချောင်းဖြစ်သွားပြီးလား"





ဟု ပြောလိုက်ရာ ဒေါ်ကလေးမ က . . .

"သဘော်တောင် ခုတ်လို့ ရနေပြီ"

ဟု ပြန်၍ပြောလေ၏။

"သဘော်ခုတ်လို့ရရင် လက်မှတ်ကလေး ဘာလေး ဝယ်စီးပေါ့ဗျာ၊ တန်ဆာခလေး ဘာလေးလဲ ဆောင်ပေါ့"

ဟု မောင်မှတ်ကြီးက ပြောလေ၏။ ထိုအခါ ဒေါ်ကလေးမ က . . .

"ဒီက လက်မှတ်ဝယ်မစီးတဲ့ အစားမှမဟုတ်ဘဲ၊ တစ်ချို့ကောင်မတွေကတော့ လက်မှတ်ဝယ်မစီးချင်လို့ ရုံပိုင်ကို ညတုတုလုပ်နေတုန်း အရှုံးက ဝင်နမ်းသွားတာ ရှိတယ်။ အဲဒါကို တစ်ချို့ယောကျ်ားငနဲ့အတွေက အရူးငှက်စာဆော်ပြီး မှန်းသိပါလျက်မမြင်ရ မနေနိုင်အောင် ဖြစ်နေကြသေးသတော့"

ဟု ပြောလိုက်လျှင်၊ ရုံပိုင် မောင်မှတ်ကြီးက . . .

"တော် . . . တော် အဒေါ်ကြီး နည်းနည်းလွန်လာပြီ၊ ကျုပ်ကိုပါ ထိလာပြီ . . . တော် . . . ဝေ့်"

ဟု ဆိုကာ ဆက်၍ လျှောက်သွားလေတော့၏။

မောင်မှတ်ကြီးသည် ဤသို့လျှင် မအိမ်မြဲဆီသို့ တစ်နေ့လေးခေါက်နှုန်းဖြင့် မှန်မှန်ကြီးလာခဲ့ရာ သုံးလမြောက်သောအခါ၌ အခေါက်ပေါင်း သုံးရာ့ခြောက်ဆယ် ပြည့်လေတော့၏။ တစ်နေ့တွင် မောင်မှတ်ကြီးသည် ညစာစားရမည့်အချိန်၌ အလုပ်များနေသောကြောင့် လာ၍ မစားနိုင်ဘဲ ရှိနေတော့၏။ ရထားများ သိမ်းသွားသည့်တိုင်အောင် စာရင်းများ လုပ်နေရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းလာ၍ မစားနိုင်ရာ မအိမ်မြဲသည် လွန်စွာ စိတ်ပူသွား၏။ ထို့ကြောင့် ဘူတာဆီသို့ လိုက်ရာလေတော့၏။ ဘူတာသို့ရောက်လျှင် ဘူတာရုံဝမှနေ၍ . . .

"ကိုမှတ်ကြီး"

ဟု တိုးတိုးညင်ညင်လေး လှမ်း၍ ခေါ်လိုက်လေ၏။ မောင်မှတ်ကြီးသည် စာရင်းများ လုပ်နေရာမှ လှမ်း၍ ကြည့်လိုက်ရာ မအိမ်မြဲကို မြင်လိုက်ရလျှင် . . .

"ဩော် . . . မအိမ်မြဲပါလား။ မောင်ကြီးမည်းကြီးထဲ ဘာဖြစ်လို့ လာရတာတုံး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မအိမ်မြဲက . . .

"ဘယ်ကလာ မောင်ကြီးမည်းကြီးထဲက မှာလဲ။ ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့လေ၊ လကြီးက သာနေတာပဲ။ အပ်ပေါက်ထိုးလို့တောင် ရတယ်"

ဟု ပြောလိုက်လေ၏။

"သသာတယ်ပဲထားပါတော့။ မိန်းကလေးတစ်ယောက်တည်း လာရသလား၊ အရှူးမကြောက်ဘူးလား"

ဟု မောင်မှတ်ကြီးက ပြန်၍ပြောလိုက်ရာ မအိမ်မြဲက

"ဟွန်း . . . သူ ဒါပဲ ပြောပြောနေတယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထို့နောက် မောင်မှတ်ကြီးလည်း ငွေများကိုသိမ်း၍ စာရင်းစာအုပ်ကို ပိတ်လိုက်ကာ ဘူတာရုံတံခါးကို ပိတ်လိုက်လေ၏။ ပြီးလျှင် မအိမ်မြဲအား . . .

"လာ"





ဟု ဆိုကာ လျှောက်လာ ခဲ့ကြ၏။

"ကိုမှတ်ကြီး၊ ညစာ ထမင်းလာမစားလို့ ဘာများ ဖြစ်သလဲလို့ ကျွန်မက စိတ်ပူနေတာ"

ဟု မအိမ်မြဲက ပြောလိုက်လျှင် ကိုမှတ်ကြီးက . . .

"အလို၊ မှတ်ကြီးအတွက် စိတ်ပူမယ့်သူတွေ ဘာတွေ ရှိနေမှကိုး"

ဟု ပြောလိုက်ရာ မအိမ်မြဲက . . .

"ကိုမှတ်ကြီးရယ်၊ ကျွန်မ ပူတာပေါ့"

ဟု ပြောရှာလေ၏။ ထို့နောက် ၎င်းတို့သည် ဘူတာရုံနံဘေး ချောင်းကလေးပေါ်၌ ဖြတ်ကူးထားသော တံတားလေးပေါ်သို့ ရောက်သွားကြ၏။ မောင်မှတ်ကြီးသည် တံတားအလယ်လောက်တွင် ရပ်လိုက်၏။ မအိမ်မြဲလည်း ရပ်လိုက်၏။

"ကိုမှတ်ကြီးအတွက် မအိမ်မြဲ တကယ်စိတ်ပူတယ်ဆိုရင် ကိုမှတ်ကြီးကို ယူထားပါလား"

ဟု မောင်မှတ်ကြီးက တဲ့တိုးကြီး ပြောလိုက်လေ၏။ မအိမ်မြဲက . . .

"ကိုမှတ်ကြီး ကျွန်မကို ချစ်တယ်ဆိုရင် ကျွန်မက ယူရမှာပေါ့"

ဟု ပြန်၍ပြောလျှင် မောင်မှတ်ကြီးက . . .

"ချစ်ပါတယ် မအိမ်မြဲရယ်၊ ဟောဟိုမှာ သာနေတဲ့ လမင်းကြီးကို သက်သေထားပြီး ကိုမှတ်ကြီး သစ္စာဆိုပါမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မအိမ်မြဲက . . .



www.burmeseclassic.com

www.burmeseclassic.com



"လမင်းကြီးက ဝေးပါတယ်။ ဒီ သစ်သားတံတားလေးကို သက်သေထားပြီးသာ သစ္စာဆိုရင်ပဲ လုံလောက်ပါပြီ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက . . .

"အို . . . ဘုတာရုံသွား သစ်သားတံတား၊ သင့်အား ငါသည် သက်သေအရာထား၍ သစ္စာဆိုအံ့၊ ငါသည် မအိမ်မြဲဆိုသော ဤမိန်းကလေးအား အမှန်တကယ် မြတ်နိုးပါသည်။ သူ့ကို အရူးက နမ်းသွားသည့်အချိန်ကစ၍ မြတ်နိုးခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ဤသစ်သားတံတားသည် နောင်အနှစ်လေးဆယ် ကြာသောအခါ၌ ကွန်ကရစ်တံတား ဖြစ်ပါစေသတည်း"

ဤသို့လျှင် ရွတ်ရွတ်နောက်နောက် သစ္စာဆိုခဲ့၏။ မအိမ်မြဲသည် လွန်စွာ ပျော်နေ၏။ သူ၏ မျက်နှာသည် လရောင်အောက်တွင် ရွှန်းပနေ၏။ ထိုအချိန်၌ ပုသိမ်ညွန့်ရွာစု ကလေးဘက်မှ ဟောင်လိုက်သော ခွေးဟောင်သံ သဲ့သဲ့ကို ကြားရ၏။ ထိုအခါ မောင်မှတ်ကြီးက . . .

"လကြီးကလဲ သာနေပြီ။ ခွေးတွေကလဲ ဟောင်နေပြီ၊ ကျုပ်ကလဲ မအိမ်မြဲကို ချစ်နေပြီ"

ဟု ဆိုကာ မအိမ်မြဲ၏ ကိုယ်လုံးကလေးကို သိုင်းဖက်လိုက်၏။ မအိမ်မြဲသည် ဇွေ့ကနဲ မောင်မှတ်ကြီး ရင်ခွင်ထဲသို့ ပါသွား၏။ ထိုအခါ မအိမ်မြဲက . . .

"လူတွေ"

ဟု အလန့်တကြား ပြောလိုက်၏။

☺ ပြီးစာဝေ ☺



"ဘယ်ကမှ လူမရှိဘူး။ ချောင်းထဲမှာ ခရာပင်ပဲ ရှိတယ်"

ဟု မောင်မှတ်ကြီးက ပြောဆိုကာ မအိမ်မြဲအား သိုင်းဖက်ထား၏။ ထို့နောက်မှ မည်မျှကြာအောင် သိုင်းဖက်ထားသည် မသိ။ ကုလား တန်ဘီက . . .

"ဗရားဘာဂျာဟိုး (ဆယ့်နှစ်နာရီထိုးပါပြီ)"

ဟု ကုလားလို အော်ဟစ်ကာ သံချောင်းတစ်ဆယ့်နှစ်ချက်ခေါက်မှပင် သတိများပြန်၍ ဝင်လာကြပြီး အိမ်သို့ ပြန်လာ၏။ မအိမ်မြဲလည်း တိတ်တဆိတ်အိပ်ရာဝင်ကာ အိပ်လိုက်ရလေတော့၏။ ထိုည၌ မောင်မှတ်ကြီးသည် ညစာထမင်းကို မစားဖြစ်တော့ပေတကား။

❑

☺ ပြီးစာဝေ ☺

www.burmeseclassic.com

www.burmeseclassic.com

## ဖွတ်တစ်ကောင်ရောက်လာပြီ

မောင်မှတ်ကြီးနှင့် မအိမ်မြဲတို့သည် ချစ်သူအဖြစ်သို့ ရောက်ရှိသွားကြပြီ ဖြစ်၏။ မောင်မှတ်ကြီးသည် မအိမ်မြဲကို လွန်စွာ မြတ်နိုး၏။ ၎င်း၏မိခင်ကြီးကိုလည်း မအိမ်မြဲသည် အသိ ပေးလိုက်ပြီ ဖြစ်၏။ မိခင်ကြီးသည် လွန်စွာ သဘောတူ၏။ သို့ရာ တွင် မောင်မှတ်ကြီးက သုံးနှစ်လောက်နေပြီး စုမိဆောင်းမိ ဖြစ် သော အချိန်ကျမှ လက်ထပ်ရန် စဉ်းစားထား၏။ မအိမ်မြဲက လည်း မောင်မှတ်ကြီးပြောသမျှ ငြင်းဆန်ခြင်း မရှိ၊ လက်ခံသည် ချည်းသာ ဖြစ်၏။

တစ်နေ့တွင် မောင်မှတ်ကြီးထံသို့ လူတစ်ယောက် ရောက်ရှိလာ၏။ ထိုသူမှာ မောင်မှတ်ကြီးနှင့် ကျောင်းနေဖက် သူငယ်ချင်း မောင်ဘိုနီ ဆိုသူဖြစ်၏။ ၎င်းမောင်ဘိုနီသည် ဒုက္ခ ရောက်လာသဖြင့် မောင်မှတ်ကြီးထံတွင် ခေတ္တခဏ နေပါရစေဟု





ပြောသောကြောင့် မောင်မှတ်ကြီးက ၎င်းအတွက် ရထားသော မီးရထားလိုင်းမှ အိမ်တွင်ပင် ခေါ်ယူထားလိုက်လေတော့၏။ ထို့ပြင် မောင်မှတ်ကြီးသည် မောင်ဘိုနီပါ နေထိုင်သောကြောင့် မအိမ်မြဲတို့အိမ်တွင် ထမင်းလခပေးစားခြင်းကို ရပ်ဆိုင်းလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် မောင်ဘိုနီသည် သူပင် ထမင်းဟင်း ချက် ပြုတ်မည်ဟု ဆို၏။ ထို့ကြောင့် မောင်ဘိုနီအား ထမင်းဟင်းချက် ပြုတ်ရန် တာဝန်ပေးထားရ၏။ မောင်ဘိုနီသည် ထမင်းဟင်းကို ကောင်းစွာချက်၏။ ထမင်းစားချိန်၌ ဘူတာသို့ ထမင်းဟင်း လာ ပို့၏။

မောင်ဘိုနီသည် လွန်စွာ ဝီရိယကောင်းသူ ဖြစ်၏။ အိပ် ရာမှ အစောကြီးထ၍ ဈေးသို့ သွား၏။ မောင်မှတ်ကြီး အိပ်ရာမှ နိုးသောအခါ၌ မောင်ဘိုနီဈေးမှ ပြန်လာပြီဖြစ်၏။ ထမင်းကြမ်း နှင့်စားရန် ပဲပြုတ်ပင် ဝယ်လာပြီးဖြစ်၏။ မောင်မှတ်ကြီးသည် မောင်ဘိုနီဝယ်လာသော ပဲပြုတ်နှင့် ထမင်းကြမ်းကို စားကာ ဘူ တာသို့ သွားလေ၏။ နံနက် ၁၁ နာရီလောက်တွင် မောင်ဘိုနီ သည် သူငယ်ချင်း မောင်မှတ်ကြီးစားရန် ထမင်းချိုင့်လာပို့မြဲဖြစ် ၏။ မောင်မှတ်ကြီးသည် ထမင်းစား၏။ ထမင်းစားပြီးနောက် မောင်ဘိုနီအား ဘူတာ၌ထား၍ မအိမ်မြဲတို့ အိမ်သို့ တစ်ခေါက် သွား၏။ ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်ခန့်နေပြီးနောက် ဘူတာသို့ ပြန်သွားရလေ၏။ ထိုအခါမှပင် မောင်ဘိုနီသည် ပြန်ရလေတော့ ၏။ အမှန်စင်စစ်အားဖြင့် မောင်ဘိုနီသည် လူကောင်းတစ်ယောက် မဟုတ်ပေ။ လောင်းကစားသမားတစ်ဦးဖြစ်၏။ ကြုံသည့်အခါ ကြုံသလို ဖောက်ထွင်းခြင်းအလုပ်ကိုပင် လုပ်တတ်သောသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူမီးသေခံဦးဖြစ်၏။ ဤသို့ မောင်ဘိုနီ အကျင့်စာရိတ္တပျက်ပြား သည်ကို မောင်မှတ်ကြီး မသိရှာပေ။

ကျောင်းနေဖက် သူငယ်ချင်းဆိုသော်လည်း ကျောင်းထွက်ပြီးမှ ပေါင်းသင်းဆက်ဆံခြင်း မရှိပေ။ ယခုမှ ရုတ်တရက်ကြီး ရောက်လာကာ အကူအညီတောင်းခံခြင်း ဖြစ်၏။ မောင်မှတ်ကြီးမှာလည်း ကျောင်းနေဖက်ဆိုသော သံယောဇဉ်ဖြင့် အလွယ်တကူ ခေါ်ထားလိုက်ခြင်း ဖြစ်၏။ မောင်ဘိုနီသည် ဈေးသို့ သွားရာတွင် တစ်နေ့၌ မောင်မှတ်ကြီး၏သော့တွဲကို အမှတ်တမဲ့ ယူသွား၏။ ထို့နောက် သော့ကုလားထံတွင် သော့များကိုပြကာ သော့တူပြု လုပ်၏။ မောင်ဘိုနီအိမ်သို့ ပြန်လာသောအခါ၌ မောင်မှတ်ကြီး နိုးပင် မနိုးသေးပေ။ မောင်ဘိုနီက မောင်မှတ်ကြီး၏သော့တွဲကို သူ့နေရာနှင့်သူပြန်ထား၏။ မောင်မှတ်ကြီး ထိုအဖြစ်ကို မသိရှာပေ။ မောင်ဘိုနီ၌မူ မောင်မှတ်ကြီးအသုံးပြုသော သော့များ တစ်ရံစာ ရရှိသွားပြီဖြစ်၏။ အမှန်စင်စစ် မောင်ဘိုနီသည် မန္တလေးမြို့ရှိ အိမ်တစ်အိမ်ကို ဖောက်ထွင်းမှုဖြင့် မန္တလေးပုလိပ်အဖွဲ့မှ အလိုရှိနေသော တရားခံပြေး တစ်ဦးသာဖြစ်၏။

မောင်မှတ်ကြီးက ထမင်းစားပြီး မအိမ်မြဲတို့ အိမ်သို့ သွားသောအခါတိုင်း ဘီရိုအတွင်းရှိ မီးခံသေတ္တာကို သော့တူဖြင့် ဖွင့်၍ ငွေများကို နှိုက်ထားတတ်၏။ မောင်မှတ်ကြီး တစ်ပတ် တစ်ခါ ငွေအပ်ရသောအခါ၌ အစဉ်သဖြင့် ငွေကွာတတ်၏။ ထို့ကြောင့် မောင်မှတ်ကြီး၏ လခသည် သုံးရသည် မရှိဘဲ စိုက်၍ ထည့်ရသည်နှင့်ပင် ကုန်ရလေတော့၏။





မောင်မှတ်ကြီးမှာ ရိုးလွန်းသူဖြစ်သောကြောင့် မောင်ဘိုနီအား ထင်မှုပင် မထင်ခဲ့ပေ။ တစ်နေ့တွင် မောင်မှတ်ကြီး ငွေအပ်ခါနီး၌ မောင်ဘိုနီသည် မီးခံသေတ္တာဖွင့်၍ ငွေများနှိုက်ယူကာ အပြီးအပိုင် ထွက်သွားလေတော့၏။ မောင်မှတ်ကြီးသည် ငွေမအပ်နိုင်တော့ပေ။ မောင်မှတ်ကြီးသည် ထိုအဖြစ်အပျက်ကို ပုလိပ်ဘက်သို့ တိုင်သော်လည်း ပုလိပ်ဘက်မှ အရေးတယူ မရှိပေ။ သို့သော် မောင်မှတ်ကြီး၏ဌာနမှ မောင်မှတ်ကြီးအား ရာထူးချ၍ အမှုဖွင့်ကာ တရားစွဲလေတော့၏။ မောင်မှတ်ကြီး၏ နေရာအားလည်း ၎င်း၏ဌာနမှ ရုံပိုင်တစ်ဦးကို အစားထိုး ခန့်ထားလိုက်လေတော့၏။ မောင်မှတ်ကြီးသည် တရားရုံး၌ အမှုဆိုင်နေရ၏။ ထိုအဖြစ်အပျက်ကို သိသော ဒေါ်ကလေးမဆိုသည့် အဒေါ်ကြီးသည် မအိမ်မြဲတို့အိမ်သို့ သွားရောက်ကာ မအိမ်မြဲ၏အမေကြီးအား

"ကြားပြီးပြီလား၊ ညည်းတို့ ရုံပိုင်တော့ ရုံမပြောနဲ့ အိမ်သာတောင် မပိုင်တော့ဘူး။ စပ်စမိုင်းချထားတယ်တဲ့၊ ကျုပ်က အတနာနဲ့ လာပြောတာနော်၊ ရုံပိုင်ကြီးမှတ်ငြား သမီးနဲ့ပေးစားလိုက်ရင် ဖွတ်တက်တာထက် ဆိုးသွားမယ်"

ဟု ပြောလေ၏။ ထိုအခါ မအိမ်မြဲ၏ မိခင်ကလည်း

"ကြားပြီးပါပြီတော်၊ ကြားပြီးပါပြီ၊ အစိုးရပိုက်ဆံတွေ အလွဲသုံးစား လုပ်လို့ဆိုပဲ။ အခုတော့ မရှုနိုင်မကယ်နိုင်ဖြစ်ပြီး၊ အလုပ်ထိခိုက်သွားပြီ၊ ထောင်တောင် ကျနိုင်တယ်ဆိုပဲ။ ဒါကြောင့် [illegible]တာ မအိမ်မြဲကို ပြောရတယ်။ ယောကျ်ားယူတယ်ဆိုတာ [illegible] [illegible]ဘိုး သလိုပဲ၊ လွတ်မယ်ထင်ရင် မြန်မြန် တိုးလိုက်တာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်ဘူးထင်ရင် မြန်မြန်ပြန်ဆုတ်မှ၊ အဲဒီလိုမှ မဆုတ်ရင် ထမင်းရည်ပူလောင်တတ်တယ်၊ အဲဒါကြောင့် ဆုတ်ခိုင်းလိုက်ပြီ”

ဟု ပြောလိုက်ရာ ဒေါ်ကလေးမ က. . .

“ညည်းဆုတ်ရုံနဲ့ မရဘူးလေ၊ ယူမှာက အိမ်မြဲဆိုတော့ အိမ်မြဲဆုတ်ရမှာ”

ဟု ပြောလျှင် မအိမ်မြဲက . . .

“ဆုတ်ရမှာပေါ့ ကြီးတော်ရယ်၊ ထုပ်ဆီးတိုးကြတာပဲ။ မလွှတ်ဘူးထင်ရင် ဆုတ်ရမှာပေါ့။ လွှတ်မယ်ထင်ရင် ဖွတ်တိုးရမှာပဲ။ အခုတော့ ကိုမှတ်ကြီးက အလုပ်ပြုတ်ရုံတင် မကဘူး။ ထောင်တောင်ကျဦးမယ်ဆိုတော့ မလွှတ်ရုံတင် မကဘူး။ ထမင်းရည်ပူပါ လောင်ဦးမယ်ဆိုရင်တော့ ဆုတ်ရမှာပဲ။ ဪ . . . ဆုတ်ရမှာ မဟုတ်ပါဘူး။ ဆုတ်လိုက်ပါပြီ။ အခု ကျွန်မ တာဗွေဂါတ်က ပုလိပ်ကိုဖိုးစိန်နဲ့ ဇာတ်လမ်းစနေပါပြီ။ ရုံပိုင်နဲ့ ဇာတ်လမ်းကိုတော့ ပြည်ဖုံးကားချလိုက်ပါပြီ”

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ ရုံပိုင်မောင်မှတ်ကြီးအား အစိုးရငွေ အလွဲသုံးစား လုပ်သောအမှုနှင့် နောက်ဆုံး ရုံးတင်နေသော အချိန်ဖြစ်၏။ ထိုနေ့က ၎င်းအား စစ်ဆေးပြီးဖြစ်သဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ်တစ်နှစ်ကျခံစေရန် အမိန့်ချလိုက်သောနေ့လည်း ဖြစ်၏။ မောင်မှတ်ကြီးလည်း ဝမ်းနည်းကြေကွဲစွာဖြင့် ထောင်ထဲသို့ ဝင်သွားရလေတော့၏။ ထောင်ဝင်စာ ရက်များတွင် ၎င်း၏ချစ်သူ မအိမ်မြဲက ၎င်းအား စားကောင်းသောက်ဖွယ်များ မပို့နိုင်သည့်





ထားဦး၊ ဆေးပေါ့လိပ်ကလေးများ တစ်လိပ်စ၊ နှစ်လိပ်စ ပို့လိမ့်ဦးမည်ဟု မျှော်လင့်သေး၏။ သို့ရာတွင် ၎င်း၏ချစ်သူ မအိမ်မြဲသည် နောက်တစ်ယောက်နှင့် ဇာတ်လမ်းစနေပြီ ဖြစ်သောကြောင့် ၎င်းအား ဆေးလိပ်လေး တစ်လိပ်တလေပင် ပို့ရန်ဝေးစွ၊ ၎င်း၏ဦးနှောက်ထဲတွင် မှတ်ကြီးဟူသော နာမည်သည်ပင် လုံးဝပျောက်ကွယ်သွားပြီ ဖြစ်၏။ မောင်မှတ်ကြီးသည် ထောင်ဝင်စာနေ့များ၌ မအိမ်မြဲအား မျှော်ခဲ့သော်လည်း မလာမှန်းသိသောအခါ မောင်မှတ်ကြီး၏ စိတ်၌ . . .

“မအိမ်မြဲ လာချင်ရှာမှာပါ၊ အကြောင်းတစ်ခုခု ရှိနေလို့နေမှာပါ၊ ငါ့အပေါ်တော့ ဒီလို စိမ်းကားမှာ မဟုတ်ပါဘူး”

ဟု မိမိကိုယ်ကို အားပေးရင်း ထောင်မှ လွှတ်မည့်ရက်ကို လက်ချိုးရေတွက် နေလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## နွားနို့က သိပ်ပြီး စျေးကြီးတယ်ရှင့်

မောင်မှတ်ကြီးသည် ငွေကွာမှုအတွက် အပြစ်ဒဏ် ကျခံပြီးနောက် ထောင်မှ လွတ်လာခဲ့လေတော့၏။ ထောင်မှ လွတ်လျှင် လွတ်ခြင်း မလွှကုန်းလမ်းရှိ မအိမ်မြဲအိမ်သို့ အပြေးအလွှား ပြန်ခဲ့လေ၏။

မအိမ်မြဲအိမ်သို့ရောက်လျှင် မအိမ်မြဲ အားရဝမ်းသာ ဆီးကြို ဖိမ့်မည်ဟု မောင်မှတ်ကြီးက ထင်မှတ်ခဲ့သော်လည်း အမှန်တကယ် တွေ့ဆုံသောအခါ၌ မအိမ်မြဲသည် မောင်မှတ်ကြီးအပေါ်၌ ဟက်ဟက်ပက်ပက် မရှိလှဘဲ . . .

"ဩော် . . . ကိုမှတ်ကြီး လွတ်လာမှကိုး"

ဟု၍ လောက်သာ ပြောဆိုပြီးလျှင် အိမ်နောက်ဖေးဘက်သို့ ဝင်သွားကာ အိမ်မှုကိစ္စများကို လုပ်၍နေလေတော့၏။ ပြန်၍ထွက်မလာတော့ပေ။ မောင်မှတ်ကြီးမှာ ထိုင်ရမလို ထရမလိုနှင့် အူကြောင်ကြောင် ဖြစ်ကာ ကျန်ခဲ့လေတော့၏။





အတန်ကြာမှ မအိမ်မြဲ မိခင်ကြီးသည် ဆန်ကာခုံးလေးကို ကိုင်ကာ စျေးမှ ပြန်လာလေ၏။

အိမ်ရှေ့ခန်းတွင် ငုငုကြီး ထိုင်နေသော မောင်မှတ်ကြီးအား ရုတ်တရက် တွေ့လိုက်ရလျှင် . . .

"အလို . . . ရုံပိုင်မောင်မှတ်ကြီးပါလား၊ ထောင်ကလွတ်လာပြီလား"

ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ်အဒေါ်ရယ်၊ ကျွန်တော်လွတ်လာပါပြီ"

ဟု မောင်မှတ်ကြီးက ပြန်၍ ဖြေလိုက်ပေလေ၏။

ထိုအခါ မအိမ်မြဲ၏ မိခင်ကြီးက အိမ်နောက်ဖေးဘက်သို့ လှည့်၍ ကြည့်ပြီးလျှင် . . .

"အိမ်မြဲရေ ရေနွေးကြမ်း ဇန်းကလေးဘာလေး ယူခဲ့ပါဦး"

ဟု လှမ်း၍ အော်လိုက်လေ၏။

များမကြာမီ၌ မအိမ်မြဲသည် မြေရေနွေးအိုးကလေးနှင့် မြေပန်းကန်လေးများ ထည့်ထားသော ရေနွေးဇန်းကလေးကို ယူလာပြီးလျှင် မောင်မှတ်ကြီး ရှေ့၌ လာ၍ ချလေ၏။

ထို့နောက် ခပ်ရှိရှိကလေး ထိုင်လိုက်လေ၏။ မအိမ်မြဲ ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် မအိမ်မြဲ၏မိခင်ကြီးသည် ဆန်ကာခုံးကလေးကို ကိုင်ကာ မီးဖိုတွင်းသို့ ဝင်သွားလေတော့၏။

ထိုအခါ မောင်မှတ်ကြီးက . . .

"မအိမ်မြဲရေ ကိုမှတ်ကြီး ပြန်လာတာ မပျော်ဘူးလား"

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက် ထောင်က လွတ်လာတာ ဝမ်းသာရမှာပေါ့ရှင်။ ဒါပေမယ့် ကိုမှတ်ကြီးဟာ အလာကောင်းပေမယ့် အခါနှောင်းသွားပြီရှင့်"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးသည် မျက်လုံးပြူးသွား၏။ ထို့နောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဘယ်လိုကြောင့် အလာကောင်းပေမယ့် အခါနှောင်းရတာလဲ မအိမ်မြရယ်၊ အလာကောင်းတယ်ဆိုရင် အခါနှောင်းဖို့ မရှိပါဘူး။ ကိုမှတ်ကြီးရင်ဝကို ခြေနဲ့ဆောင့်ပြီး ကန်လိုက်သလို စကားမျိုးတွေ မပြောပါနဲ့ မအိမ်မြရယ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။

"ကိုမှတ်ကြီး စဉ်းစားကြည့်လေ၊ ကိုမှတ်ကြီးဟာ အလုပ်ပြုတ်သွားပြီ၊ ထောင်လဲ ကျပြီးသွားပြီ၊ ကိုမှတ်ကြီးမှာ နေစရာအိမ်လဲ မရှိဘူး။ ဝင်ငွေလဲ မရှိတော့ဘူး။ ရှင်ကျွန်မကို ယူပြီး ဘယ်မှာ ထားမှာလဲ၊ ဘာနဲ့ကျွေးမှာလဲ၊ ဘာနဲ့ ဆင်မှာလဲ၊ ဒါတွေ ထားလိုက်ပါတော့၊ ရှင်တစ်ယောက်တည်းတောင် နေဖို့နေရာရှိရဲ့လား၊ စားဖို့ရှိရဲ့လား၊ အဲဒီတော့ ကိုမှတ်ကြီးရယ်၊ ယောကျ်ားယူတယ်ဆိုတာ မပူချင်လို့ ယောင်းမရာတာ မဟုတ်လား။ ကျွန်မရှင်းရှင်းပဲ ပြောမယ်။ ကိုမှတ်ကြီး ထောင်ကျသွားကတည်းက ကိုမှတ်ကြီးကို ကျွန်မ မေ့လိုက်ပါပြီ။ ကျွန်မနဲ့ ရိုးမြေကျ ပေါင်းမယ့်လူကိုလဲ တွေ့ပါပြီ။ သူက တာမွေဂါတ်ထဲက စာသင် ကိုဖိုးစိန်ပါ"

ဟု မအိမ်မြက ရှည်လျားစွာ ပြောလိုက်လေ၏။ မောင်မှတ်ကြီးသည် မအိမ်မြ ပြောနေစဉ်အတွင်း စိတ်မသက်မသာဖြင့်





နားထောင်ခဲ့ရ၏။ မအိမ်မြ၏ စကားများသည် မောင်မှတ်ကြီးအား ယူကြုံးမရ ဖြစ်စေခဲ့၏။ ထို့နောက် မောင်မှတ်ကြီးသည် ဆို့နစ်သော လေသံကြီးဖြင့် . . .

"ကျုပ်နားလည်ပါပြီ မအိမ်မြရယ်၊ မအိမ်မြပြောတာ မှန်ပါတယ်။ ကျုပ်လို အလုပ်မရှိ အကိုင်မရှိ ထောင်ထွက်တစ်ယောက်က မအိမ်မြကို မယူသင့်ပါဘူး။ ကျုပ်သွားပါတော့မယ်"

ဟု ဆိုကာ မောင်မှတ်ကြီးသည် ထိုင်ရာမှ ထလိုက်လေ၏။ ထိုအခါ မအိမ်မြက . . .

"ပြောလက်စနဲ့ ပြောရဦးမယ် ကိုမှတ်ကြီးရေ၊ ကျွန်မတို့မိဘတွေက ရှေးလူကြီးတွေရှင့်၊ သိပ်ပြီး အယူသည်းကြတာရှင့်၊ ထောင်ထွက်တွေ ဘာတွေ အိမ်ကိုလာရင် နိမိတ်မကောင်းဘူးလို့ အယူသည်းကြတယ်၊ အဲဒီထောင်ထွက် ပြန်သွားရင် အဲဒီနေရာကို နွားနို့တွေဝယ်ပြီး သူထိုင်ခဲ့တဲ့ နေရာကို ချက်ချင်းဆေးပစ်လေ့ရှိတယ်၊ ကျွန်မတို့ ဦးလေးအရင်း ထောင်ထွက်တစ်ယောက်လာတာတောင် အမေက သူထိုင်ခဲ့တဲ့နေရာကို နွားနို့နဲ့ ဆေးပစ်တာ၊ အဲဒီတော့ ကိုမှတ်ကြီး ပြန်သွားရင်လဲ အမေက ကျွန်မကို နွားနို့တွေဝယ်ခိုင်းပြီး အဲဒီနေရာကို ချက်ချင်း ဆေးပစ်ခိုင်းမှာပဲ၊ ကိုမှတ်ကြီးနေ့တိုင်း လာရင်၊ နေ့တိုင်းဆေးရမှာ။ အခုအခါမှာ နွားနို့က သိပ်ပြီး ဈေးကြီးတယ်ရှင့်၊ တစ်ပိဿာ တစ်မတ်တောင် ပေးနေရပြီ။ တစ်နေ့ တစ်မတ်ဆို တစ်လ ခုနစ်ကျပ်ခွဲ ကျတယ်ရှင့်၊ ခုနစ်ကျပ်ခွဲဆိုတာ ပုလိပ်တစ်ယောက်ရဲ့ လစာပဲ"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်ကြီးသည် သူ၏ နားကိုပင် သူမယုံနိုင်သကဲ့သို့ ဖြစ်သွား၏။ မအိမ်မြ ပါးစပ်မှ ထွက်တဲ့ စကားတွေမှ ဟုတ်ပါရဲ့လား၊ မကောင်းဆိုးဝါးတွေ ပူးပြီး ပြောနေတာများလား ဟူ၍ တွေးမိလေ၏။ သူပြန်သွားလျှင် သူထိုင်ခဲ့သော နေရာကို နွားနို့နှင့် ဆေးမည်ဆိုသော စကားသည် မောင်မှတ်ကြီးအဖို့ အသည်းနိုက်အောင် နာကျည်းသွားသော စကားဖြစ်၏။ ထို့ပြင် နွားနို့က သိပ်ပြီး ဈေးကြီးတယ်ရှင့် ဟု ပြောလိုက်သော မအိမ်မြ၏ စကားသည် မောင်မှတ်ကြီး၏ နှလုံးသားအား ဆောက်ဖြင့်ထွင်း၊ စို့ဖြင့်ရိုက်၍ ကျောက်ထက်အက္ခရာ ထင်လိုက်ဘိသကဲ့သို့လည်း ရှိ၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် မအိမ်မြအပေါ်၌ လွန်စွာ နာကျည်းသွား၏။

"ကောင်းပါပြီ မအိမ်မြ၊ ကျုပ်မလာတော့ပါဘူး။ တကယ်လို့လာရင်လဲ နွားနို့ဈေးတွေ ကျမှ လာတော့မယ်"

ဟု ဆိုကာ မောင်မှတ်ကြီးသည် ရင်နင့်အောင်ချစ်ခဲ့ရသော ချစ်သူ၏အိမ်မှ ရင်ကွဲဆွေးမြည့်စွာဖြင့် ထွက်လာခဲ့လေတော့၏။ လမ်းတလျှောက်လုံး၌လည်း မအိမ်မြပြောလိုက်သော 'နွားနို့က သိပ်ပြီး ဈေးကြီးတယ်ရှင့်' ဟူသော စကားသည် အကြိမ်ကြိမ် ပဲ့တင်ထပ်၍ ကြားယောင်နေလေတော့သည်တကား။

'နွားနို့က သိပ်ပြီး ဈေးကြီးတယ်ရှင့်'
'နွားနို့က သိပ်ပြီး ဈေးကြီးတယ်ရှင့်'
'နွားနို့က သိပ်ပြီး ဈေးကြီးတယ်ရှင့်'

❑



## မအိမ်မြ၏မင်္ဂလာဆောင်

အထက်ပါ အဖြစ်အပျက်များဖြစ်ခဲ့ပြီးနောက် တစ်လခန့်ကြာသောအခါ၌ မအိမ်မြသည် တာမွေဂါတ်မှ ပုလိပ်စာသင် မောင်ဖိုးစိန်နှင့် မင်္ဂလာဆောင်လေတော့၏။ မောင်ဖိုးစိန်က ငွေရှစ်ဆယ်တင်၍ တောင်းသည်ဟု မလွှကုန်း လမ်းတစ်လျှောက် သတင်း ဖြစ်ပွားခဲ့၏။ အမှန်စင်စစ် စာသင်မောင်ဖိုးစိန်မှာ ငွေရှစ်ဆယ်သာမက မအိမ်မြ၏အမေကြီး ဝတ်ရန်အတွက် မယ်ညိုရောက်တံဆိပ် ပဒုမ္မာအင်္ကျီ တစ်ဝတ်စာ၊ တိုးဘရယ်ကိုး လုံချည်တစ်ထည်၊ မအိမ်မြအတွက် ငွေနားကွပ်ပါသော စုရတီလုံချည်တစ်ထည်၊ ခါသာပိတ်စ တစ်စ၊ မအိမ်မြ၏ ဖခင်အတွက် ခေါင်းဆောင်း ပေါင်းရန် ပန်းပဝါတစ်ပိုင်နှင့် မအိမ်မြဖခင်ကြီး လွန်စွာကိုင်ချင်သော 'ပုလိပ်နံပါတ်တုတ်' တစ်ချောင်းတို့ကိုပါ တင်၍



www.burmeseclassic.com

www.burmeseclassic.com



တောင်းခဲ့ခြင်း ဖြစ်၏။ ၎င်းတို့၏ မင်္ဂလာဆောင်တွင် ဝက်သားဟင်းဖြင့် ထမင်းကျွေး၏။ ထမင်းစားပြီးလျှင် ကာဖီတိုက်သေး၏။ ကာဖီကို မိုးဗြဲဒယ်ကြီးဖြင့် ဖျော်ထား၏။ ဧည့်သည်များကိုတစ်ဦးလျှင် နှစ်ခွက်ကျ တိုက်သည့်တိုင်အောင် ကာဖီမှာပိုသေး၏။ ထို့ကြောင့်မလွှကုန်းတစ်လမ်းလုံးရှိ ကလေးများလာ၍ ခပ်သောက်ကြကုန်၏။ ထိုသို့ခပ်သောက်သော်လည်း ပိုပြန်သေး၏။ ထိုသို့ပိုသောကြောင့် မလွှကုန်းတစ်လမ်းလုံးရှိ ဂုတ်ကျား၊ အောင်နက်၊ ခြံလုံ့စသော ခွေးကြီးခွေးကောင်းများ အပါအဝင် ခွေးမှဲ့ဆိုးဖို၊ ခွေးမှဲ့ဆိုးမ၊ ခွေးတစ်လင်ကွာ၊ ခွေးတစ်ခုလပ်၊ ခွေးလူပျို၊ ခွေးအပျို၊ ခွေးနို့ညှာ၊ ခွေးဂီလာန၊ ခွေးကျိုး၊ ခွေးကန်းတို့ပါမကျန် ကာဖီထည့်ထားသော မိုးဗြဲဒယ်၌ ခေါင်းများကိုစိုက်လျက် တပျပ်ပျပ် သောက်ကြကုန်၏။ ထိုသို့သောက်ကြပါသော်လည်း ကာဖီမှာမကုန်ပဲရှိသောကြောင့် တစ်လမ်းလုံးရှိကလေးများသည် စက္ကူနှင့်လုပ်သောသင်္ဘောများ၊ လှေများ၊ တုတ်စဖြင့် ပြုလုပ်သောသမ္ဗာန်များ ယူလာကြပြီးလျှင် မိုးဗြဲဒယ်အတွင်း၌ လွှတ်ကြကုန်၏။

မင်္ဂလာဆောင်သော အိမ်ပေါ်၌မူ မလွှကုန်းလမ်းနှင့် လွန်စွာမဝေးလှသော မဂ္ဂင်လမ်းဆိုသည့်လမ်း၌ နေထိုင်သည့်ဓာတ်ပွဲကန်ထရိုက် ဦးပွကြီးဆိုသူက မင်္ဂလာစကားပြောလေ၏။ ၎င်းဦးပွကြီးသည် လွန်စွာ စကားပြောကောင်းသည့်အလျောက် မင်္ဂလာစကားပြောသည်နှင့် မတူဘဲ ရယ်စရာများညှပ်၍ ညှပ်၍ပြောသည်ဖြစ်ရာ မင်္ဂလာဆောင်သို့ လာရောက်ကြကုန်သော ပရိသတ်အပေါင်းတို့သည် တဝါးဝါးတဟားဟားနှင့် ရှိလေတော့၏။





မှတ်ချက် ။ ။ ၎င်းမင်္ဂလာစကားပြောသော ဦးပွကြီးဆိုသူမှာ စာရေးသူ၏ အဘိုးအရင်း ဖြစ်ပါသည်။ ကျောက်မြောင်းရပ် မဂ္ဂင်လမ်း၊ အိမ်နံပါတ် ၂၂ တွင် နေထိုင်ခဲ့ပါသည်။

စာရေးသူ

ထိုမင်္ဂလာဆောင်သို့ တာမွေဂါတ်မှ ရာဇဝတ်အုပ် ဦးသန်းမောင် လာ၏။ ဆားပုလင်းထွန်းတင် ဆိုသူလာ၏။ ကျောက်မြောင်းဈေးအနီး အိမ်မဲကြီး၌ နေထိုင်သော ဂျူးလင်မယား လာ၏။ မင်္ဂလာဆောင်ပြီးသော်လည်း ဝက်သားဟင်းများပို လျှံနေသဖြင့် သတို့သား စာသင်မောင်ဖိုးစိန်သည် ဆိုက်ကားကို အကြွေးစီးကာ ဟင်းအိုးကိုတင်လျက် ဗဟန်းကြားတောရရှိ ထမင်းဆိုင်များသို့ သွားရောက် ရောင်းချခဲ့ရလေ၏။ ထိုသို့ ဟင်းများကိုရောင်းပြီးအပြန်၌ ဘုံဆိုင်တွင်ဝင်၍ အရက်ကိုအမူးသောက်၏။ ဆိုက်ကားသမား ဘိုလဲ 'မင်း ဆိုက်ကားခမယူနဲ့၊ ငါအရက်အဝတိုက်မယ်' ဟုဆိုကာ အရက်တိုက်လေတော့၏။ ဆိုက်ကားသမားသဲ မိမိရရှိမည့်ဆိုက်ကားခထက် မြတ်အောင်ဟုဆိုကာ အရက်ကိုသောက်နိုင်သည်ထက် ပို၍ သောက်လေတော့၏။ ထို့ကြောင့် ဆိုက်ကား မနင်းနိုင်ဘဲ ရှိလေ၏။

ထိုအခါ စာသင်မောင်ဖိုးစိန်က ဆိုက်ကားသမားအား ခိုင်ခုံ၌ ထိုင်စေပြီးလျှင် ၎င်းကဆိုက်ကားကို တက်၍နင်းလေ၏။ ၎င်းတို့၏ ဆိုက်ကားသည် တစ်လမ်းလုံး ဟိုတိုးလိုက် ဒီတိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြင်၍ မကောင်းအောင် ရှိနေတော့၏။ စာသင်မောင်ဖိုးစိန်လည်း ဆိုက်ကားကို ဒယီးဒယိုင်နှင့်နင်းရင်း အသံဆိုးအသံကြောင်ကြီးဖြင့် သီချင်းအောင်၍ဆိုသေး၏။

"မအိမ်မြဲကိုနော်ဗျာ × × × ဒီမောင်ခိုးမယ်လို့ × × × ပုလိပ်တွေနဲ့ × × × အဲ အဲ အဲ လူဆိုးတွေနဲ့ မောင်တိုင်ပင် × × × ဟင် × × × ဟင် × × × ဟင် "

စာသင်မောင်ဖိုးစိန်သည် အထက်ပါသီချင်းကို ဓာတ်ပြားအပ်ကြောင်းထပ်သကဲ့သို့ အထပ်ထပ် အခါခါဆိုရင်း ဆိုက်ကားကို နင်းလာရာ မလွကုန်းမီးရထားဘူတာအနီးသို့ ရောက်ရှိလာလေတော့၏။ ထိုဘူတာရုံအနီး၌ ခရာခြုံများပေါက်ရောက်လျက်ရှိသော ချောင်းကလေးတစ်ချောင်းသည်ရှိ၏။ ထိုချောင်းကလေးထဲတွင် ခြေတံရှည်ရှည်ဖြင့် ဆောက်ထားသော ရေသိမ်ကလေးတစ်ခုရှိ၏။ ထိုရေသိမ်ကလေးသို့ သွားရာလမ်းပေါက်တည့်တည့်တွင် သာလာယံဇရပ်ကဲ့သို့ ဆောက်လုပ်ထားသော မွှာရုံကလေးတစ်ရုံရှိ၏။

**မှတ်ချက်။** ။ **ထိုမွှာရုံကလေးမှာ ယခုအခါ သာလာယံဇရပ်ကဲ့သို့ မဟုတ်တော့၊ လွန်စွာသားနားသော အုတ်အဆောက်အအုံဖြစ်၍ နေပေ၏။ ဓေတီများ၊ ဆင်းတုများဖြင့် လွန်စွာတင့်တယ်နေပေ၏။ မီးရထားပေါ်မှကြည့်လျှင် အထင်းသားမြင်နိုင်၏။**

**စာရေးသူ**





မောင်မှတ်ကြီးသည် ဝင်ငွေလည်းမရှိ။ နေစရာလည်းမရှိသောကြောင့် ထိုမွှာရုံလေး၌နေ၏။ ညအိပ်သောအခါ လွန်စွာလေတိုက်သောကြောင့် ရေသိမ်ကလေး၌ ဝင်၍အိပ်ရရှာ၏။ အလုပ်အကိုင်မှာလည်း မယ်မယ်ရရမရှိ၊ တစ်ခါတစ်ရံ လက်သမားလုပ်သောအဖွဲ့နှင့်လိုက်၍ အကြမ်းထည်များလုပ်ရ၏။

တစ်ခါတစ်ရံ ပန်းရံသမားများနှင့် လိုက်၍ အုတ်သယ်၊ အုတ်ထု၊ လုပ်ရ၏။ တစ်ခါတစ်ရံ အလုပ်မရှိသောကြောင့် ဝေတ်စာလုပ်လှည့် ပြတ်တစ်လှည့် နေရရှာ၏။ မောင်မှတ်ကြီးသည် ယနေ့နံနက်ပိုင်း၌ ပန်းရံအဖွဲ့မှလာ၍ ခေါ်သော်လည်း အဖျားတက်၍နေသောကြောင့် မလိုက်နိုင်ဘဲ မွှာရုံကလေးအတွင်း၌ လဲလျောင်း၍နေရရှာ၏။

ထိုအချိန်၌ ပုလိပ်စာသင်မောင်ဖိုးစိန်သည် ထိုမွှာရုံရှေ့သို့ ဆိုက်ကားဖြင့်ရောက်လာလေတော့၏။ ဖျား၍လဲနေသောမောင်မှတ်ကြီးကလည်း မွှာရုံရှေ့သို့ ဆိုက်ကားဖြင့်ရောက်လာသူကို မည်သူမည်ဝါ ဖြစ်သနည်းဆိုသည်ကို သိလိုသောသဘောဖြင့် ခေါင်းကိုထောင်၍ ကြည့်လိုက်၏။ မောင်ဖိုးစိန်မှာလည်း အိပ်နေသူမှာ မည်သူမည်ဝါ ဖြစ်သနည်းဆိုသည်ကို သိလိုသောကြောင့် ငုံ့၍ကြည့်လိုက်၏။ ထို့ကြောင့် နှစ်ယောက်သား အကြည့်ချင်းဆုံသွား၏။ ထို့သို့ အကြည့်ချင်းဆုံသွားသည်နှင့် တပြိုင်နက်ပုလိပ်စာသင် မောင်ဖိုးစိန်က ...

"ဟော့ကောင် ဘာကြည့်တာလဲ၊ ငါလို စာသင်မင်းတစ်ယောက်ကို မင်းလိုမွှာရုံမှာကပ်ပြီးနေရတဲ့ ခွေးဝဲစားက ကြည့်စရာ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါသိပြီ၊ ငါသိပြီ၊ မင်းက ငါ့မိန်းမ မအိမ်မြကို ကြာခိုချင်လို့ လား၊ ငါ့ကိုရန်လုပ်တဲ့သဘောနဲ့ ကြည့်တာကိုး၊ နေဦး၊ နေဦး မင်းကို မသင်္ကာမှုပုဒ်မ၊ မှောင်ရိပ်ခိုမှုပုဒ်မ၊ အလုပ်မရှိ အကိုင်မရှိ ၁၀၉ ၁၁၀ ပုဒ်မ၊ မအိမ်မြကို ကြာခိုလိုမှုပုဒ်မ၊ ငါလိုစာသင်ကြီးကို ခေါင်းထောင်ကြည့်တဲ့အတွက် ဝတ္တရားနှောင့်ယှက်မှုပုဒ်မတွေနဲ့ အမှုဖွင့်ပြီး ဂါတ်တဲမှာ ခေါ်ပြီး ရိုက်ဦးမယ်"

ဟု ပြောလေ၏။ မောင်မှတ်ကြီးသည် အားယူ၍ ထလိုက်၏။ သူ၏ဦးခေါင်းနှင့် လက်များသည် ဒေါသကြောင့် လှုပ်ယမ်းနေ၏။ သူသည် ဆိုက်ကားအနီးသို့ ခပ်သွက်သွက်လျှောက်သွားပြီးလျှင် ပုလိပ်စာသင်မောင်ဖိုးစိန်၏ မျက်နှာကိုလက်သီးဖြင့် ခွပ်ကနဲထိုးချလိုက်၏။ မောင်ဖိုးစိန်လည်း ဆိုက်ကားပေါ်မှ အောက်သို့ပြုတ်ကျလေ၏။ အကျတွင် မောင်မှတ်ကြီးက ဒူးဖြင့်တိုက်လိုက်၏။ မောင်ဖိုးစိန်မှာ လုံးဝသတိလစ် မေ့မြောသွားပြီဖြစ်၏။ ထိုအခါ၌ မောင်မှတ်ကြီးက လွန်စွာကျယ်လောင်သောအသံဖြင့် —

"ဟေ့ . . . ဆိုက်ကားသမား၊ မင်းဆရာကို မင်းတင်ပြီး အိမ်ကို ပို့လိုက်၊ ငါလုပ်တာလို့လဲ သူ့မိန်းမ မအိမ်မြကို ပြောလိုက်"

ဟု ကြိမ်းဝါးလိုက်လေ၏။ ထို့နောက် မောင်မှတ်ကြီးသည် ၎င်းနေရာသို့ ပြန်သွားပြီး စောင်စုတ်ကလေးကို ခြုံကာ ကွေးနေလေတော့၏။ ဆိုက်ကားသမားလည်း မောင်ဖိုးစိန်အား ဆိုက်ကားပေါ်သို့တင်ကာ ဒယိမ်းဒယိုင်ဖြင့် နင်း၍ထွက်သွားလေတော့၏။ ထိုသို့ ထွက်သွားပြီး များမကြာမီ၌ မအိမ်မြနှင့်၎င်း၏ အမေကြီးသည် ဖိနပ်မျှပင် မစီးနိုင်ဘဲ၊ ဦးဆံဖားလျား ထမီရင်လျား





ဖြင့် ဓမ္မာရုံကလေးဆီသို့ အပြေးအလွှားရောက်လာကြ၏။ မအိမ်မြ၏အမေက ...

"ဟဲ့ ... ထောင်ထွက်၊ အိုးမရှိ၊ အိမ်မရှိတဲ့ကောင်၊ နင်ကငါ့ ... သားမက်ကလေးကို ထိုးလားကြိတ်လား၊ ရိုက်လားနှက်လား ...ပ်ရအောင် နင်အမေလင်ဟာ ဘုရင်ခံများ အောင်းမေ့နေလို့ ...သား၊ သေချင်းဆိုးရဲ့"

ဟု ဆဲဆိုနေလေတော့၏။

မအိမ်မြကလည်း ...

"ဒီမှာ ကိုမှတ်ကြီးရဲ့၊ ရည်းစားတစ်ထောင် လင်ကောင် ...စ်ယောက်တဲ့၊ ရှင်နဲ့ကျွန်မ သမီးရည်းစားဖြစ်ခဲ့တော့ မှန်တယ်၊ ...သေမယ့် တကယ်လင်တော်ရမယ်ဆိုတော့ ရှင့်ကိုလင်တော်လို့ ...ဖြစ်ဘူး။ ရှင်ဟာ ထောင်ထွက်၊ အလုပ်ကဒွေတွေ အလကားခိုးပြီး ...စ်တဲ့သူခိုး၊ အခုလဲ လမ်းဘေးဇရပ်မှာ ခွေးလေခွေးလွင့်လို့ ...နေရတဲ့ကောင်၊ ဒါကိုများ ရှင့်ကကျွန်မကို မရတဲ့အငြိုးနဲ့ ကိုဖိုး...ကို ထိုးလားကြိတ်လား လုပ်လိုက်တာပေါ့လေ၊ ကျွန်မ မင်္ဂလာ...ဆောင်တဲ့နေ့မှာမှ ရှင်ကကျွန်မယူတဲ့ သတို့သားကို ဒီလိုလုပ်လိုက်...တာ ရှင်က ကျွန်မကို လက်စားချေလိုက်တာပေါ့၊ ကိုဖိုးစိန်ဟာ ...ယ်တော့ အရက်မသောက်တတ်ရှာဘူး။ ဆိုက်ကားသမားက ...ပြီးတိုက်လိုက်လို့ ကိုဖိုးစိန်ခမျာမှာ မူးသွားရရှာတာ၊ ဒါကို ... အခွင့်ကောင်းယူပြီး လုပ်လိုက်တယ်ပေါ့၊ ရှင့်ကို ရန်ကုန် ...ခင်းကြီး ရုပ်တဲဝပ်နဲ့ တိုင်ပြီးဖမ်းချုပ်ပစ်မယ်၊ အိမ်မြတဲ့... ...ခဲ ရှိတယ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြိမ်းမောင်းပြန်လေ၏။ မောင်မှတ်ကြီးသည် တစ်ခုံ တစ်ရာ ပြောဆိုခြင်းမပြုဘဲ မအိမ်မြ၏ မျက်နှာကိုစူးစိုက်၍ ကြည့် နေလေတော့၏။ မအိမ်မြ၏ မိခင်ကြီးမှာမူ . . .

"အိမ်က အဘိုးကြီးမရှိလို့သာပေါ့၊ ရှိများရှိရင် သူ့ရဲ့ ပုလိပ်ကိုင်တဲ့ နံပါတ်တုတ်ကြီးနဲ့ နင့်ခေါင်းကို လာပြီး ရိုက်ခွဲမယ် သိလား"

ဟု ပြောလိုက်လျှင် လာရောက်နားထောင်နေကြသော လူများသည် ဝါးကနဲ ရယ်မောလိုက်ကြလေ၏။ ထိုသို့ ရယ်မော သည့်အထဲတွင် မောင်ပုတ်ဆိုသော လူငယ်တစ်ဦးက ...

"အဒေါ်ကြီး၊ အဒေါ်ကြီး ပုလိပ်ကိုင်တဲ့ နံပါတ်တုတ်ကြီး က ဘယ်မှာတုန်း"

ဟု လှမ်း၍ မေးလိုက်လေ၏။

"ရှိတယ်၊ ရှိတယ်၊ ငါ့ယောကျ်ားမှာ ပုလိပ်ကိုင်တဲ့ နံပါတ် တုတ်ကြီးရှိတယ်။ ခါးပုံထဲမှာ အမြဲထိုးထားတာ သူသွားလေရာ ပါတယ်ဟေ့"

ဟု ပြန်၍ဖြေလိုက်လျှင် ရန်ပွဲကြည့်နေသော ပရိသတ် သည် ဝါးကနဲရယ်ကြပြန်၏။ ထိုအခါ မအိမ်မြက ...

"အမေက ဘာတွေ လျှောက်ပြောနေတာလဲ၊ ယ သွားမယ်"

ဟုဆိုကာ ၎င်း၏မိခင်ကိုခေါ်၍ မြေကြီးကို ဖနောင့်ဖြ ဆောင့်ကာ ဖောင့်ဖောင့်ဖောင့်ဖောင့်ဖြင့် ထွက်သွားလေတော့သတည်း

❑



မအိမ်မြ ကုလေးမွေးပြီ

ညပိုင်းသို့ ရောက်လျှင် မောင်မှတ်ကြီးသည် အဖျားတက် လျက်ရှိ၏။ ထိုအချိန်၌ ကုလားပတ်တရောင် ပုလိပ်သုံးယောက် ရောက်ရှိလာ၏။ မောင်မှတ်ကြီးအား မသက်ာဟုဆိုကာ တာမွေ ဂါတ်တဲသို့ ဖမ်းဆီးသွားလေ၏။ မောင်မှတ်ကြီးသည် အမျိုးမျိုးအ ကြံ ဆောင်းပန်သော်လည်း မရဘဲရှိလေ၏။ နောက်ဆုံး၌ ကုလား ပုလိပ်များ ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေတော့၏။

မှတ်ချက် ။ ။ တာမွေဂါတ်ဆိုသည်မှာ ယခုရွှေဗဟိုရုံရှင် ရုံ၏ အနောက်ဘက်တွင်ရှိ၏။ ထိုဂါတ်တွင် ရှိသော ပုလိပ်အများစုမှာ ကုလားများသာ ဖြစ်ကြကုန်၏။ ဤအကြောင်းအရာများကို



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြရာ၌ 'ရဲ'ဟု မသုံးဘဲ 'ပုလိပ်၊ပုလိပ်' ဟူ၍ သုံးနှုန်းခြင်းမှာ ထိုအချိန်က ရဲမဖြစ် သေးဝါ ပုလိပ်မျှသာဖြစ်၏။ လွတ်လပ်ရေး ရပြီး နောက်ပိုင်းကျမှသာလျှင် 'ရဲ'ဟူ၍ ဖြစ် သွား၏။

စာရေးသူ

ဂါတ်တဲသို့ရောက်လျှက် ပုလိပ်များက လက်ထိပ်ခတ် လိုက်ကြ၏။ လက်ထိပ်ခတ်ပြီးသည်နှင့် တပြိုင်နက် မောင်မှတ် ကြီးအား ဘာမပြော ညာမပြောနှင့် ရိုက်နှက်ထိုးကြိတ်ကြ၏ ကုလားပုလိပ်တစ်ဦးကဆိုလျှင် ...

"ဒီကွတ်တာကို 'မာရိုး' ငါတို့စာသင်ကြီးကို ညှနေ လက်သီးနဲ့ထိုးတဲ့ကောင်၊ မာလကီးယားတဲ့အထိ မာရိုး"

ဟု ပြောဆိုကာ နံပါတ်တုတ်ဖြင့် မောင်မှတ်ကြီးအ အတင်းဝင်ရောက် ရိုက်နှိက်လေတော့၏။ မောင်မှတ်ကြီး၏ မျ နှာတစ်ခုလုံး၌ သွေးခြင်းခြင်းနီနေပြီ ဖြစ်၏။ ထိုအချိန်၌ ပုလိ စာသင် မောင်ဖိုးစိန်ရောက်လာ၏။ ထိုသို့ရောက်လာပြီးလျှ ကုလားပုလိပ်များအား ...

"မင်းတို့ပြောတဲ့ မသက်သာစရာကောင်ကို ငါ့ရှေ့ကို လာစမ်း၊ ငါ့ရှေ့မှာ ဒူးထောက်ခိုင်းစမ်း"

ဟု အမိန့်ပေးလိုက်လျှင် ကုလားပုလိပ်များသည် နံးရိုး ခွေနေသော မောင်မှတ်ကြီးအား ဒရွတ်တိုက်ဆွဲလာကြ၏။ ပြီး





မောင်ဖိုးစိန်ရှေ့ရှိ သံမံတလင်းတွင် အတင်းဒူးထောက်စေ၏။ ထိုအခါမောင်ဖိုးစိန်သည် မောင်မှတ်ကြီး၏ခေါင်းပေါ်သို့ ပုလိပ်ဖိနပ်အစုတ်ကြီးကို စီးထားသော သူ၏ခြေထောက်ကြီးကို ခွပ်ခနဲတင်လိုက်လေ၏။ ထိုသို့တင်ပြီးနောက် ၎င်းကကုလားပုလိပ်တစ်ဦးအား ...

"အပြင်က ထိုင်ခုံမှာငါ့မိန်းမရှိတယ်။ သွားပြီးခေါ်စမ်း"

ဟု စေခိုင်းလိုက်လျှင် ကုလားပုလိပ်သည် ကပျာကယာ ပြေး၍ ထွက်သွားလေ၏။ ထို့နောက် ချက်ချင်းပင် မအိမ်မြကိုခေါ်၍ ပြန်လာလေ၏။ မအိမ်မြသည် မောင်မှတ်ကြီးနှင့် မောင်ဖိုးစိန်ကို အံ့အားသင့်ဖွယ်ရာ မြင်ရလေ၏။

"တွေ့တယ် မဟုတ်လား မိန်းမရဲ့၊ မှတ်ကြီးဆိုတဲ့ကောင်ဟာ မင်းယောကျ်ားရဲ့ ခြေထောက်အောက်ကပါ"

ဟု ပြောလိုက်ရာ မအိမ်မြက ...

"ယုံပါတယ် ကိုဖိုးစိန်ရယ်၊ ရှင် ကျုပ်ကို ဂါတ်တဲကိုခေါ်လာတာ ဒါကိုပြမလို့လား၊ မပြပါနဲ့ ဒီကယုံပြီးသားပါ"

ဟု ဆိုကာ ပြန်၍ထွက်သွားလေတော့၏။ ထို့နောက်တွင်ကား စာသင်မောင်ဖိုးစိန်သည် မောင်မှတ်ကြီးအား အမျိုးမျိုးအဖုံဖုံ ကန်ကျောက်နှိပ်စက်လေတော့၏။ ကန်ကျောက်နှိပ်စက်၍ အားမရသောအခါ၌ ဆေးပြင်းလိပ်မီးများဖြင့် တစ်ကိုယ်လုံးကို ထိုးလေ၏။ မောင်မှတ်ကြီးမှာမူ အသက် မျှော့မျှော့သာ ကျန်တော့၏။ ထိုအချိန်၌ ထိုဂါတ်တွင် လုပ်ရည်ကိုင်ရည် အရှိဆုံးဟု အသိအမှတ်ပြုခြင်းခံရသော ရာဇဝတ်အုပ် ကိုမြမောင်ဆိုသူ ရောက်လာလေ၏၊ ထိုသို့ရောက်လာလျှင် ရောက်လာချင်း ၎င်း ကိုမြမောင်က



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဖိုးစိန်၊ ဒါဘာလုပ်တာလဲ၊ အကြောင်းစုံ ငါသိပြီးပြီ။ အဲဒါကြောင့် ငါဂျူတီမဟုတ်ဘဲ ဂါတ်ကိုငါပြန်လာရတာ၊ ဟော့ ကောင် လက်ထိပ်ဖြုတ်လိုက်စမ်း၊ ဒီလူဟာ မီးရထားရုံပိုင် မောင်မှတ်ကြီးပါ၊ ငါကောင်းကောင်းသိပါတယ်။ ဖိုးစိန်ရာ မင်းက ရည်းစားလုဘက်ဆိုပြီး သက်သက်ခေါ်ပြီးနှိပ်စက်တယ်ဆိုတာလဲ သိပါတယ်၊ နေ့ခင်းက မင်းကိုသူလက်သီးနဲ့ထိုးတာလဲ မင်းက သူ့ကို သွားပြီးစော်ကားတာကိုးကွ"

ဟု ပြောပြီးလျှင် မောင်မှတ်ကြီး၏ အနီးသို့သွားရောက်ကြည့်ရှုရာ မောင်မှတ်ကြီးသည် သတိမေ့နေပြီဖြစ်၏။ ထို့ကြောင့် ရာဇဝတ်အုပ်ကိုမြမောင်သည် ကင်းဘဲလမ်းထိပ်တွင် နေထိုင်သော မဖွန်းဒါးဆိုသည့် ကုလားဆရာဝန်တစ်ဦးအား ခေါ်ခိုင်းလိုက်၏။ ကုလားဆရာဝန်လည်း သူ၏မော်တော်ကားကလေးဖြင့် ရောက်လာလေ၏။ ရောက်လျှင်ရောက်ချင်း မောင်မှတ်ကြီးအား စမ်းသပ်လေ၏။ ထိုသို့စမ်းသပ်ပြီးနောက်

"ဒီမှာ မစ္စတာ မြမောင်၊ ဆေးရုံကို ပို့မှဖြစ်မယ်"

ဟု ပြောလေတော့၏။ ထို့ကြောင့် ရာဇဝတ်အုပ်ကိုမြမောင်နှင့် ဆရာဝန်မဖွန်းဒါးတို့သည် မောင်မှတ်ကြီးအား ဆေးရုံသို့ ပို့လိုက်လေတော့၏။ ရာဇဝတ်အုပ် ကိုမြမောင်သည် လူလူချင်း မတရားဖမ်းဆီးချုပ်နှောင်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ အခွင့်အာဏာကို အလွဲသုံးစားလုပ်မှု စသည့်များဖြင့် မောင်ဖိုးစိန်အား တိုင်ချက်ဖွင့်လေတော့၏။ ထို့ပြင် ထိုအဖြစ်အပျက်ကို ပုလိပ်မင်းကြီးထံရောက်သည့်အထိ အစီရင်ခံလိုက်လေတော့၏။

☺ ပြီးပါပြီ ☺



မောင်မှတ်ကြီးမှာမူ ဆေးရုံတွင် တစ်နှစ်နီးပါးခန့်တက်ရောက် ကုသခံနေရ၏။ ၎င်းထံသို့ ဆားပုလင်းထွန်းတင့်သည် မကြာခဏ ရောက်ရှိလာတတ်ပြီး ဆေးဝါးစားစရာများ လာ၍ပေး၏။ ရာဇဝတ်အုပ် ကိုမြမောင်မှာလည်း မကြာခဏလာရောက်ကြည့်ရှု၍ အားပေးစကားပြော၏။

မောင်မှတ်ကြီးသည် ပြန်လည်ကျန်းမာလာသောအခါ ဆေးရုံမှဆင်းခဲ့လေတော့၏။ ထိုအချိန်၌ စာသင်မောင်ဖိုးစိန်သည် အလုပ်ပြုတ်ရုံမျှသာမက မတရားဖမ်းဆီးချုပ်နှောင်မှု၊ ညှဉ်းပန်းမှုအတွက် ထောင်သုံးနှစ်ကျသွားပြီဖြစ်၏။

မောင်မှတ်ကြီးသည် ဆေးရုံမှဆင်းလာသောအခါ မလွှကုန်းဘူတာအနီးမှ ဓမ္မာရုံကလေးသို့ ပြန်လည်ရောက်ရှိလာလေ၏။ မောင်မှတ်ကြီးသည် ယခင်ကကဲ့သို့ပင် ကြုံရာကျဖမ်း အလုပ်များကို လုပ်ကိုင်၍ အသက်မွေးရရှာ၏။

မအိမ်မြမှာမူ မောင်ဖိုးစိန် ထောင်ကျသွားသောအခါ၌ ကိုယ်ဝန်သုံးလခွဲဖြင့် ကျန်ခဲ့လေ၏။ ပုလိပ်နံပါတ်တုတ် တစ်ကိုင်ကိုင်ဖြင့် မျက်နှာကြောတင်းလှသော မအိမ်မြ၏ဖခင်ကြီးသည် သေဖြတ်၍ သေဆုံးသွားပြီဖြစ်၏။ မအိမ်မြတို့ သားအမိသာလျှင် အိမ်၌ကျန်ရစ်ခဲ့တော့၏။ မအိမ်မြသည် မလွှကုန်းဘူတာတွင် နောက်ပိုင်း၌ အကြော်စုံရောင်း၏။ ညနေပိုင်းတွင် ဗန်းကလေးဖြင့် ဆေးလိပ်၊ ကွမ်းယာရောင်း၏။ တစ်နေ့တွင် မောင်မှတ်ကြီးသည် ဆန်းရုံအလုပ်လုပ်၍ ပြန်လာ၏။ မအိမ်မြက မောင်မှတ်ကြီးအနီးမှ ဖြတ်သွားလျှင် ...

☺ ပြီးပါပြီ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမှတ်ကြီး၊ ဆေးလိပ်လေးဘာလေး သောက်သွားပါဦးလား"

ဟု ပြောသော်လည်း မောင်မှတ်ကြီးက တစ်စုံတစ်ရာ ပြန်၍ မဖြေပေ။ ထိုအခါ မအိမ်မြဲက ...

"ဒီမှာ ကိုမှတ်ကြီး၊ ရှင်ကတော့ ကျုပ်ကိုသိပ်ပြီးစိတ်နာမှာပဲနော်"

ဟု လှမ်း၍ပြော၏။ မောင်မှတ်ကြီးသည် မအိမ်မြဲအား တစ်ကြိမ်တစ်ခါမျှ သိကျွမ်းဖူးခြင်း မရှိသလို ခပ်ကြောင်ကြောင် ကြည့်ပြီးလျှင် ထွက်သွားလေတော့၏။

ထိုအခါ မအိမ်မြဲက ...

"သြော် ... ကိုမှတ်ကြီး၊ ကိုမှတ်ကြီး စိမ်းကားလှချည့်လားရှင်၊ မိန်းမသားမို့ တစ်ကြိမ်တစ်ခါလေး မှားမိတာကို ခွင့်မလွှတ်နိုင်တော့ဘူးလား၊ အခုတော့ ရှင်က သူစိမ်းပြင်ပြင် သဘောထားခဲ့ပြီပေါ့၊ ဟောဒီ ဘူတာတံတားပေါ်မှာ ကျုပ်ရဲ့လက်ကလေးကို ကိုင်ပြီး လမင်းကြီးဆီမှာ တိုင်တည်ခဲ့တာတွေ ရှင်မေ့သွားပြီလား၊ လမင်းကြီးက ဝေးပါတယ်ရှင်၊ ဟောဒီ ချောင်းကိုဖြတ်ပြီးထိုးထားတဲ့ ဟောဒီတံတားကြီးက သက်သေခံပါလိမ့်မယ်"

ဟု ပြောဆိုကာ ငိုကြွေးလေတော့၏။

(မှတ်ချက်။ ။ ယခင်က မလွှကုန်းဘူတာမှာ ယခုပုံစံနှင့်မတူပါ။ ချောင်းကိုဖြတ်၍ ထိုးထားသော သစ်သားတံတားတစ်ခုရှိ၏။ ရထားသံလမ်းကို ဖြတ်၍ ထိုးထားသော သံပေါင်တပ် သစ်သားခင်းတံတား တစ်ခုလည်း ရှိ၏။ ဘူတာရုံမှာလည်း သစ်သား အဆောက်အအုံသာ ဖြစ်၏။ ယခု ထိုအရာများ မရှိတော့ပါ။

စာရေးသူ





မအိမ်မြဲသည် တရှုံ့ရှုံ့နှင့် ငိုနေ၏။ ထိုအခါ၌ ၎င်းနှင့် မလှမ်းမကမ်းတွင် မုန့်ဟင်းခါးရောင်းနေသော မုန့်ဟင်းခါးသည် မညွန့်ရီက ...

"ဘာဖြစ်လို့ ငိုနေတာလဲ အိမ်မြဲရဲ့"

ဟု လှမ်း၍မေးလိုက်လေ၏။

"ဘာဖြစ်လို့ရမှာလဲ မညွန့်ရီရယ်၊ ကိုမှတ်ကြီးကို ငါက လှမ်းပြီးနှုတ်ဆက်တာကို ကိုမှတ်ကြီးက မသိကျိုးကျွံလုပ်ပြီး ထွက်သွားတာကို ငါကဝမ်းနည်းလို့ ငိုမိတာပါ မညွန့်ရီရယ်"

ဟု မအိမ်မြဲက ပြန်၍ပြောလေ၏။ ထိုအခါ မုန့်ဟင်းခါးသည် မညွန့်ရီက ...

"ယောကျ်ားများအေ၊ အရေးလုပ်လို့၊ ချင်းစိမ်းနဲ့စပါးလင်၊ သူကြင်မှ ကိုယ်ကြင်မယ်ပေါ့"

ဟု ပြောလိုက်ရာ မအိမ်မြဲက ...

"မညွန့်ရီရယ်၊ ချင်းစိမ်းနဲ့ စပါးလင် မဟုတ်ပါဘူး၊ ချင်းစိမ်းနဲ့ မိတ်သလင်ပါ၊ စပါးလင်က မုန့်ဟင်းခါးချက်တာဟဲ့"

ဟု ပြန်ပြောလိုက်ရာ မညွန့်ရီသည် အားရပါးရ ရယ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မအိမ်မြသည် ဤသို့လျှင် ဘူတာ၌ နေ့စဉ်မပြတ် ဈေးရောင်းခဲ့လေတော့၏။ ၎င်း၏ကိုယ်ဝန်မှာလည်း တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ ရင့်မာခြင်းအဖြစ်သို့ ရောက်လာလေတော့၏။

တစ်နေ့တွင် မောင်မှတ်ကြီးသည် မလွှကုန်းဘူတာတံတားလေးအနီးသို့ ရောက်လာလေ၏။ သို့ရာတွင် မြင်တွေ့နေကျ မအိမ်မြကိုမူ မတွေ့ရပေ။

မုန့်ဟင်းခါးသည် မညွန့်ရီက ...

"ကိုမှတ်ကြီး အိမ်မြတော့ သူဥပေါက်ပြီ။ဒါကြောင့် ဈေးလာပြီး မရောင်းနိုင်တာ။ ဒါတွေထားလိုက်ပါ၊ ကိုမှတ်ကြီး မုန့်ဟင်းခါးစားသွားပါဦးလား"

ဟု မေးလိုက်ရာ မောင်မှတ်ကြီးက ...

"မစားနိုင်ပါဘူးဗျာ"

ဟု ပြန်၍ပြောလိုက်ရာ မညွန့်ရီက ...

"အလကားကျွေးမှာပါရှင့်"

ဟု ပြန်၍ပြောလေတော့၏။

"အလကားကျွေးလဲ မစားပါရစေနဲ့ဗျာ၊ ကျုပ်ရဲ့ ပါးစပ်နဲ့ မုန့်ဟင်းခါးနဲ့ မတန်သေးပါဘူး၊ ကျုပ် တစ်နေ့အလုပ်လုပ်မှ ငါးမူး၊ သုံးမတ်လောက်ရတာဗျ"

ဟု ပြော၍ မောင်မှတ်ကြီးက အဓိပ္ပါယ်ပါပါ ပြုံးလိုက်လေ၏။ ထိုအခါ မုန့်ဟင်းခါးသည် မညွန့်ရီက ...





"ကိုမှတ်ကြီး ဘာပြုံးတာလဲ၊ ဒီအရွယ်ကြီးကျမှ ပြုံးတာသွားပေါက်ချင်လို့တော့ မဖြစ်နိုင်ဘူး၊ အဓိပ္ပာယ်တစ်ခုခုရှိရမယ် ရှင့်၊ ပြောပြစမ်းပါရှင်"

ဟု ပူဆာလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဘာပြုံးစရာရှိလို့လဲ မညွန့်ရီရယ်၊ ဖိုးစိန်လို လူယုတ်မာရယ်၊ မအိမ်မြလို မိန်းမယုတ်ရယ်ညာအပြီး မွေးလာမယ့် ကလေးဟာ လောကကြီးကို အနှောင့်အယှက်ပေးမယ့် အယုတ်တမာသတ္တဝါလေးပဲဖြစ်မှာပဲလို့ တွေးမိပြီး ပြုံးတာပါဗျာ"

ဟု ပြောလိုက်လေ၏။ ထို့နောက် မောင်မှတ်ကြီးသည် ပဲပြုတ်သည်ထံမှ ပဲပြုတ်အနည်းငယ်ဝယ်ကာ ပြန်သွားလေ၏။ ဇရပ်သို့ရောက်လျှင် ညကကျန်သော ထမင်းကြမ်းအနည်းငယ်နှင့် ပဲပြုတ်ကိုနယ်ကာ ဆီဆမ်းမည်ပြုသော်လည်း ၎င်း၏ဆီပုလင်း၌ဆီကုန်နေသောကြောင့် ဆီမဆမ်းနိုင်ဘဲ ရှိလေ၏။ ထို့နောက် မောင်မှတ်ကြီးသည် သတ္တုချိုင့်လေးကိုဆွဲ၍ လက်ဖက်ရည်ဆိုင်တွင် ရေနွေးနှင့်ဆာရေးတောင်းရန် ထွက်လာလေတော့၏။

လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဝယ်သော ချိုင့်များ များနေသောကြောင့် အနည်းငယ်စောင့်ရလေ၏။ ရေနွေးဆာရေးတောင်းပြီးသောအခါ ပြန်ခဲ့လေ၏။ ဇရပ်သို့ရောက်လျှင် ထမင်းစားမည်အပြု၌ ဇရပ်အတွင်းသို့ အသက်ငါးဆယ်အရွယ်ခန့်ရှိ ဥပဓိရုပ် သန့်ပြန့်သော လူကြီးတစ်ဦး ဝင်လာပြီးလျှင် မောင်မှတ်ကြီးအား ...

"ဒီမှာသူငယ်၊ ဒီဇရပ်ဟာ အောင်ဇရပ်ဆိုတာလား ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဟုတ်ပါတယ်၊ အောင်ဓမ္မာရုံပါ"

ဟု ပြန်၍ ဖြေလိုက်လျှင် လူကြီးက ...

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ မလှကုန်းဘူတာအနီး ရေသိမ်ရှိတဲ့ ဓမ္မာရုံဆိုတော့ ဒီနေရာပါပဲ၊ နာမည်ကလဲ အောင်ပါရမယ်တဲ့၊ ကျုပ်က ဒီမှာ သုံးလလောက် အလုပ်လုပ်ရမှာ၊ အထက်ကညွှန်ကြားလို့ လာခဲ့တာပဲ"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးက ...

"အထက်က ဆိုတာ ဘယ်ကလဲခင်ဗျ"

ဟု ပြန်၍မေးလိုက်ရာ ထိုလူကြီးက ...

"အထက်ကဆိုတာ ထန်းပင်ပေါ်ကပေါ့ကွယ်၊ တခြားဘယ်ကရှိရဦးမလဲ"

ဟု ပြောဆိုကာ လူကြီးသည် သူ၏အထုပ်အပိုးများကို ချလေ၏။ မောင်မှတ်ကြီးသည် သူ၏ဖျာစုတ်ကလေးကို ထိုးပေးလိုက်လေ၏။ ထို့နောက် မောင်မှတ်ကြီးက ...

"စားပါဦးလား ခင်ဗျာ"

ဟု ပြောလိုက်ရာ လူကြီးက ...

"တစ်ညလုံး မီးရထားလမ်း ဇလီဖားတုံးကို နင်းပြီးခြေကျင်လျှောက်လာရတာ ဝမ်းကိုဟာနေတာပဲ၊ မောင်ရင်က စားပါဦးလားဆိုတော့ ကျေးဇူးတင်ရတော့တာပေါ့၊ ပြီးတော့လဲ ဒီလို မနက်စောစောစားတာကို မောင်ရင်တို့လို ကာလကလေးတွေက 'ဘရိတ်ဖတ်' လို့ခေါ်တယ် မဟုတ်လား၊ ကျုပ်က ဘရိတ်ဖတ်ကို သိပ်





ကြိုက်တာ၊ ဘာဖြစ်လို့လဲ သိလား၊ ဘ, ဆိုတာက ငါး၊ ရိတ်,ဆိုတာက ရှစ်၊ ဖတ်,ဆိုတာက ငါး၊ အားလုံးပေါင်းလိုက်ရင် တစ်ဆယ့်ရှစ်ရတယ်၊ တစ်ဆယ့်ရှစ်ဆိုတာ တနင်္ဂနွေဦးစီးတဲ့ အောင်နဝင်းပဲ၊ နေစမ်းပါဦး၊ ကျုပ်ကို အောင်နဝင်းကျွေးတဲ့ မောင့်ရင်နာမည်က ဘယ်သူတဲ့တုံး"

ဟု လူကြီးက မေးလိုက်လေ၏။

"ကျွန်တော့်နာမည် မောင်မှတ်ကြီးပါ"

ဟု မောင်မှတ်ကြီးက ကပျာကယာ ဖြေလိုက်လေ၏။ ထိုအခါ လူကြီးက ...

"နေရာကျပြီဟေ့၊ ဒီဘရိတ်ဖတ်ကတော့ မှတ်မှတ်သားသားကြီး ဖြစ်လိမ့်မယ်ဟေ့၊ မှတ်ကြီးရေ၊ ဓာတ်စီးပြီဟေ့၊ ပေးစမ်းမင်းကျွေးမယ့် ပဲပြုတ်နဲ့ထမင်း"

ဟုဆိုကာ လူကြီးသည် မောင်မှတ်ကြီး၏ ပဲပြုတ်ထုည့်ထားသော ထမင်းပန်းကန်ကို ဆွဲယူကာ စားလေ၏။ တစ်လုတ်မျှမေးကြည့်ပြီးနောက် ...

"ဟ မှတ်ကြီးရ ဆီလဲတစ်စက်မျှ မပါဘူးလား၊ မင်းကလဲ ဘယ်သူ့အားကိုးနဲ့ ဒီလောက်တောင် မွဲနေရတာလဲ၊ ဆီမပါရင် ဘယ်နေရာမှ ချောချောမွေ့မွေ့ မဖြစ်ဘူးကွ၊ မင်းဟာကလဲ ဆီမပါရင် ဘယ်စားလို့ကောင်းမလဲကွ၊ စားလို့မကောင်းပါဘူးကွာ၊ ဒီမှာ ဟေ့ကောင် ဆီမလာ ပျားမလာဆိုတာ ကြားဖူးတယ်မဟုတ်လား၊ ပျားဆိုတာ တုတ်တဲ့ပျားကို ပြောတာမဟုတ်ဘူး။ ရရစ်နဲ့ပြားတဲ့ ပြားကိုပြောတာ၊ အဲဒါ ဒင်္ဂါးပြားကွ၊ ရော့ .. ရော့ .. ရော့ ..



www.burmeseclassic.com

www.burmeseclassic.com



ဆီသွားဝယ်ချည်၊ ဆီတော့မပြတ်စေနဲ့ဟော့ ပြီးတော့ ကော်ဘီလဲဝယ်ခဲ့ကွ"

ဟု ပြောကာ ထိုလူကြီးက မောင်မှတ်ကြီးအားငွေဒင်္ဂါးပြား တစ်ပြားကို ထုတ်ပေးလိုက်လေ၏။

"ကော်ဘီမဟုတ်ပါဘူး အဘရယ်၊ ကော်ဖီပါ"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ ...

"ကော်ဖီဆိုရင် ကော်တာတွေကို ဖီလာလုပ်တာ ဖြစ်သွားမှာပေါ့၊ ကော်ဘီဆိုမှ ကော်တာကွ၊ ငါပြောသလိုလုပ်စမ်းပါ မှတ်ကြီးရာ၊ ခတ်သလိုလို၊ နတ်သလိုလို မလုပ်စမ်းပါနဲ့"

ဟု လူကြီးက ပြောလိုက်လေ၏။

"တတ်သလိုလို နပ်သလိုလိုပါဗျာ၊ ခတ်သလိုလို၊ နတ်သလိုလို မဟုတ်ဘူး"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။

"ဟော့ကောင်မှတ်ကြီး ခတ်သလိုလိုဆိုတာက ဝိဇ္ဇာလိုလိုလို့ပြောတာ၊ နတ်သလိုလိုဆိုတာက နတ်ကိုပြောတာ၊ နတ်ဆိုတာက မင်းတို့အခုကိုးကွယ်နေတဲ့ သာတီးဆဲဗင်းကို ပြောတာ"

ဟု လူကြီးက ပြောလိုက်ရာ မောင်မှတ်ကြီးလည်း ရယ်ချင်လွန်းသဖြင့် ပြုံးစိစိဖြစ်ကာ ဆီပုလင်းကလေးကို ကိုင်၍ထွက်သွားလေတော့၏။

မောင်မှတ်ကြီး ပြန်လာသောအခါ၌ မောင်မှတ်ကြီးသည် ထမင်းပန်းကန်ပေါ်၌ ဆီကိုဆမ်းလေ၏။

ထိုအခါ လူကြီးက...





"ဟော့ကောင် မှတ်ကြီး၊ မုဆိုးမအိမ်က ကြွက်ကိုကျွေးသလိုတော့ မလုပ်နဲ့၊ ဆီတစ်ပုလင်းလုံး လောင်းချလိုက်ကွာ၊ ဆီရွှဲရင် လွှစာမှုန့်တောင် စားလို့ကောင်းတယ်"

ဟု ဆိုသဖြင့် မောင်မှတ်ကြီးလည်း သူ၏ဆီပုလင်းလေးကို ထမင်းပန်းကန်ပေါ်၌ မှောက်၍သွန်ချလိုက်လေတော့၏။ ထိုအခါလူကြီးသည် သူ၏လက်ကိုဆေးပြီးလျှင် ထမင်းနှင့်ဆီကို နယ်လေတော့၏။ ပြီးလျှင် အားရပါးရစားလေ၏။ ထို့နောက် ...

"ဆီများများလေး စားပေးရတယ်ကွ၊ အဲဒါမှ အသားပေါ်မှာ ပေါက်တဲ့ ပွေးတို့၊ ဝဲတို့၊ ညှင်းတို့ မလာမှာကွ"

ဟု ပြောဆိုပြီးလျှင် ထမင်းကို တစ်ဝက်တိတိ ချန်၍ မောင်မှတ်ကြီးအား ပြန်ပေးပြီး ၎င်းကမူ ကော်ဘီကိုသောက်လေ၏။ မောင်မှတ်ကြီးလည်း အဘိုးကြီးကျန်သော ထမင်းကိုဆီရွှဲရွှဲနှင့် စားရသောကြောင့် လွန်စွာမြိန်ယှက်လေ၏။ ထို့နောက် ၎င်းလည်း အဘိုးကြီးချန်ထားသော ကော်ဘီကိုသောက်ပြန်၏။ အဘိုးကြီးသည် ကော်ဘီသောက်ပြီးသောအခါ၌ ပုလင်းကလေးတစ်လုံးကို အိတ်အတွင်းမှ ထုတ်လိုက်လေ၏။ မောင်မှတ်ကြီးလည်း မည်သည့် ပုလင်းဖြစ်သည်ကို သိရှိလိုသောကြောင့် လှမ်း၍ကြည့်နေ၏။ အဘိုးကြီးသည် ပုလင်းဖုံးကို ဖွင့်၍သွန်လိုက်ရာ ပိုလိုတံဆိပ် စီးကရက်လေးတစ်လိပ် ထွက်ကျလာလေ၏။ ထို့နောက် အဘိုးကြီးသည် စီးကရက်လေးကို နှုတ်ခမ်းဖျား၌ တေ့၍မီးညှိလိုက်ပြီး ဖွာနေလေတော့၏။ အဘိုးကြီးသည် မောင်မှတ်ကြီးမိမိကို ကြည့်နေမှန်းသိလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မှတ်ကြီး၊ မင်းဘာကြည့်နေတာလဲ၊ ပုလင်းထဲမှာ ပိုလိုထည့်ပြီးသောက်တာ ပုလင်းလဲနဝင်း၊ ပိုလိုလဲ နဝင်း၊ စီးကရက်ကလဲ နဝင်းကွ၊ နဝင်းသုံးခုထပ်တော့ နှစ်ဆယ့်ခုနစ်ရတာပေါ့၊ နှစ်ဆယ့်ခုနစ်ဆိုတာ တနင်္လာဦးဆောင်တဲ့ ငွေနဝင်း၊ မသေမချင်းမှတ်ပေတော့ မှတ်ကြီးရေ ဟော ဟော ဟော"

ဟု ပြောလိုက်လေတော့သတည်း။

❒



## ပတ္တမြားမိုးကြီးရွာလေပြီ

အဘိုးကြီးသည် ငွေဖြင့်ပြုလုပ်ထားသော ပုတီးလေးတစ်ကုံးကို ထုတ်၍ 'တချောက်ချောက်' စိပ်၍နေလေ၏။ ထိုသို့ပုတီးစိပ်ပြီးနောက် မောင်မှတ်ကြီးဘက်သို့လှည့်ကာ ...

"ဟော့ ... မှတ်ကြီး၊ မင်းကို လူတွေက ကိုမှတ်ကြီးလို့ခေါ်ကြတယ်၊ ကိုက နှစ်၊ မှပ်က ငါး၊ ကြီးက နှစ်၊ အားလုံးပေါင်းတော့ ကိုး၊ အဲဒီတော့ မင်းနာမည်က နဝင်းနာမည်ကွ၊ အဲဒီနာမည်ရှင်က ကောင်းကောင်းလေး နေရတယ်ကွ၊ ကောင်းကောင်းမနေရရင် ဘဝပျက်ရောကွ၊ ဘဝပျက်ရင် မဝတစ်လှည့် ဝတစ်လှည့်ဖြစ်တော့တာပဲ"

ဟု အဘိုးကြီးက ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"အဲဒါတွေ မသိပါဘူး အဘရယ်၊ ဘဝပျက်သွားတာလဲ မှတ်ပါတယ်၊ ကောင်းကောင်းမနေခဲ့တာလဲ ဟုတ်ပါတယ်၊ မဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဝတစ်ချက်ဖြစ်တာတော့ အဟုတ်ဆုံးပဲ၊ ဒီက ရှေ့လျှောက်တော့ ကောင်းကောင်းနေပါ့မယ်"

ဟု ပြောလိုက်လေ၏။

"မှတ်ကြီးရေ၊ ဟိုလမ်းထိပ်က ကလေးတွေတောင် ရေပက်နေကြပြီ"

ဟု အဘိုးကြီးက ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"ဒီနေ့ သင်္ကြန်အကျနေ့ပဲလေ အဘရဲ့၊ ဒါကြောင့် ကျွန်တော်တောင် အလုပ်မသွားရဘူး"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ လူကြီးက ...

"လူ့ပြည်ကို သိကြားမင်းဆင်းတဲ့ နေ့ပေါ့ကွာ၊ ပြီးတော့ မင်းဆီကို ငါရောက်တဲ့နေ့ပေါ့၊ ဘာပဲဖြစ်ဖြစ် ဓမ္မာရုံကလေးထဲမှာ ကုပ်ပြီး မနေနဲ့ကွ၊ သင်္ကြန်ရေလေး ဘာလေးစိုအောင် အပြင်ထွက်ကွ၊ ဒီနေ့ မနက်စာကို ငါ့ဖာသာ ငါစားမယ်၊ မင်းလဲ လမ်းမှာစားခဲ့၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘာ့နေ့သားလဲ"

ဟု မေးလိုက်လေ၏။

"သောကြာသားပါ အဘ"

ဟု မောင်မှတ်ကြီးက ကပျာကယာ ပြန်၍ဖြေလိုက်လျှင် အဘိုးကြီးက ...

"အေး ဒီနေ့သောကြာနေ့ပဲ၊ ကိုးနာရီလေးဆယ့်ငါးမိနစ်ထိုးတာနဲ့ သောကြာတိုင်ထိပ် နဝင်းစီးပြီကွ၊ ရေပက်ခံထွက်တော့၊ ရော့ ... ဟောဒီမှာ ငွေကိုးမတ်၊ မင်းကို အဘက မ,စလိုက်မယ်၊ မတ်ပေရော့"

☺ ပြီးစာပေ ☺



ဟု ဆိုကာ အဘိုးကြီးသည် မတ်စေ့ကလေး ကိုးစေ့ကို ထုတ်၍ မောင်မှတ်ကြီးအားပေးလိုက်လေ၏။ မောင်မှတ်ကြီးလည်း ၎င်းငွေကိုးမတ်ကို အိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ကိုးနာရီလေးဆယ့်ငါးမိနစ်ထိုးသောအခါ၌ ...

"ကဲ ... အဘရေ၊ သွားမယ်"

ဟု ဆိုကာ ဓမ္မာရုံအတွင်းမှ ထွက်လာလေတော့၏။ ထိုအခါ အဘိုးကြီးက ...

"ဟေ့ မှတ်ကြီး၊ ဒီနေ့ သက္ကရာဇ် ဘယ်လောက်လဲကွ"

ဟု မေးလိုက်ရာ မောင်မှတ်ကြီးက

"၁၉၅၀ခု ဧပြီလ (၁၄)ရက် သောကြာနေ့ပါ အဘ"

ဟု ပြန်၍ဖြေလိုက်လျှင် အဘိုးကြီးက ...

"မြန်မာသက္ကရာဇ်ကို ပြောစမ်းပါ မှတ်ကြီးရ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"အဲဒါတော့ မသိဘူး အဘရ"

ဟု ပြန်၍ ပြောလေ၏။

"တယ်ခက်တာကိုးကွာ၊ မြန်မာလူမျိုးဖြစ်ပြီး မြန်မာသက္ကရာဇ် မသိဘူးဆိုတာ ဂုဏ်ယူစရာလားကွာ၊ ဟေ့ကောင် မှတ်ထားဦး၊ ကောဇာသက္ကရာဇ် ၁၃၁၁ ခု၊ တန်ခူးလပြည့်ကျော် ၁ ရက် သောကြာနေ့ကွ"

ဟု အဘိုးကြီးက ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။ မောင်မှတ်ကြီးလည်း အဘိုးကြီးအား ပြုံးပြလိုက်ပြီးလျှင် ထွက်သွားလေတော့၏။

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်ကြီးသည် ကျောက်မြောင်းရပ်ကွက်မှ ထွက်လာကာ အရိုးကုန်းရပ်ကွက်သို့ဝင်၏။ အရိုးကုန်းရပ်ကွက်မှ တစ်ဖန်ပုဏ္ဏားကုန်းကိုဖြတ်၏။ ပုဏ္ဏားကုန်းမှ တစ်ဖန် ကန်တော်ကြီးစောင်းသို့ သွား၏။ ကန်တော်ကြီးစောင်းသို့ ရောက်သောအခါ ကလေးများက ရေပြွတ်များဖြင့် ဝိုင်း၍ပက်၏။ မောင်မှတ်ကြီးလည်း ကန်တော်ကြီးစောင်းတွင် ရောက်ရှိနေသော ရေပက်ခံကာ နှင့် ရေပက်သူများ အကြိတ်အနယ် ရေကစားနေသည်ကို ငေးမော ကြည့်ရှုရင်း တရွေ့ရွေ့လျှောက်လာခဲ့ရာ နောက်ဆုံး၌ ရွှေတိဂုံ ဘုရား၏ တောင်ဘက်မုခ်သို့ ရောက်ရှိလာတော့၏။

ထိုအခါ မောင်မှတ်ကြီး၏ စိတ်ဆန္ဒ၌ ‘ငါလည်း ဒီ အသက် ဒီအရွယ်ရောက်လာပြီ ကျကျနန တစ်ခါမှ ဘုရားမရှိခိုး ဖူးသေးဘူး၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ရွှေတိဂုံဘုရားကုန်းတော် ပေါ်တက်ပြီး သောကြာထောင့်၊ ငါ့ရဲ့မွေးနံဂြိုဟ်တိုင်မှာ ကျကျန ဘုရားရှိခိုးဦးမှပဲ’ဟု အတွေးပေါက်ကာ ရွှေတိဂုံဘုရားကုန်းတော် ပေါ်သို့ တက်လေ၏။ ထိုအချိန်၌ ကလေးတစ်ယောက်သည် သင်္ကြန်ကစားရန်အတွက် သစ်ခက်များ သယ်ဆောင်လာသည်ကို တွေ့ရ၏။

ထိုအခါ မောင် မှတ်ကြီးက ...

“ဟေ့ ကလေး ဘာရွက်တွေလဲကွ”

ဟု မေးလိုက်ရာ ကလေးက ...

“စောင်းလျားရွက်တွေပါဗျာ”

ဟု ပြန်၍ဖြေလိုက်လျှင် မောင်မှတ်ကြီးက ...





“ဒီကနေ့ သင်္ကြန်ဆိုတော့ အပေါ်မှာ ပန်းသည်တွေ ရှိချင်မှရှိမှာ၊ ဘုရားပန်းအဖြစ် လှူချင်လို့ အစ်ကိုကြီးကို ပေးပါလားကွာ” ဟု ပြောလိုက်ရာ ကလေးငယ်က ...

“သင်္ကြန်ကစားမလို့ ခူးလာတာ ဘယ်ပေးနိုင်မလဲဗျ”

ဟု ပြန်၍ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက

“ဝယ်မယ်ဆိုရင်ရောကွာ”

ဟု ထပ်၍မေးလိုက်ရာ ကလေးငယ်က ...

“ဝယ်မယ်ဆိုရင်တော့ ရောင်းတာပေါ့ဗျာ၊ ခင်ဗျားဘယ်လောက်ပေးမလဲ”

ဟု ပြန်၍မေးလိုက်လေ၏။

“တစ်မတ်ပေးမယ်ကွာ”

ဟု မောင်မှတ်ကြီးက ပြောလိုက်လျှင် ကလေးငယ်က...

“ဒါဆိုရင်တော့ အကုန်လုံးယူတော့”

ဟုဆိုကာ စောင်းလျားခက်များကို ပေးလေ၏။ မောင်မှတ်ကြီးလည်း ပိုက်ဆံကိုးမတ်ပါသည့်အနက် ပိုက်ဆံတစ်မတ်ကို ထုတ်၍ပေးလိုက်လေ၏။ ကလေးလည်း ပိုက်ဆံတစ်မတ် ...ရလျှင် မြူးတူးပျော်ရွှင်စွာဖြင့် ပြေးထွက်သွားလေတော့၏။

မောင်မှတ်ကြီးသည် စောင်းလျားခက်များကို ညီညီညာညာ ချိုးဖဲ့၍စီလိုက်လေ၏။ ပြီးလျှင် ထိုအခက်များကို ရေတွက်ကြည့်ရာ စုစုပေါင်း အခက်အစိတ်ဖြစ်ကြောင်း တွေ့ရလေ၏။ မောင်မှတ်ကြီးလည်း စောင်းလျားခက်များကို ကိုင်၍ တောင်ဘက် ... ကုန်းတော်ပေါ်သို့ တက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com




ကုန်းတော်ပေါ်သို့ ရောက်ခါနီးတွင် ပန်းသည်များကို တွေ့ရ၏။ ခါတိုင်းကဲ့သို့ပင် ပန်းများရောင်းနေသည်ကိုလည်း တွေ့ရ၏။ မောင်မှတ်ကြီးသည် ပန်းဆိုင်တစ်ဆိုင်သို့ ဝင်ကာ ဖယောင်းတိုင်၊ အမွှေးတိုင်အချို့ ဝယ်လေ၏။ ရင်ပြင်တော်ပေါ်သို့ ရောက်လျှင် မောင်မှတ်ကြီးသည် သောကြာထောင့်ဆီသို့ တန်းတန်းမတ်မတ် သွား၏။ ထို့နောက် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိ၏။ ပြီးလျှင် စောင်းလျားခက်များကို ကိုင်၍မြတ်စွာဘုရားအား ကပ်လှူပူဇော်လေ၏။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သေချာစွာကြည့်ရှုကြည်ညိုပြီးလျှင် ရှိခိုးလေတော့၏။

အချိန်အတော်ကြာသည်အထိ ကြည်ညိုရှိခိုးနေ၏။ထိုသို့ ရှိခိုးခဲ့ရာ မောင်မှတ်ကြီး၏စိတ်သည် ကြည်လင်လာလေတော့၏။ ဘုရားရှိခိုးပြီး၍ ထလိုက်သာအခါ၌ ရာဟုထောင့်ဘက်တွင် ရ… ရုတ်သဲသဲ ဖြစ်နေသော လူအုပ်ကြီးကိုတွေ့၏။ လူအုပ်ကြီးအ… လယ်တွင် ခေါင်းစည်းအနီပေါင်းထားသောအသားဖြူဖြူ လူတ… ယောက်ကိုတွေ့ရ၏။ ထိုခေါင်းစည်းပေါ်တွင်လည်းစာတန်းတ… တန်း ရေးထိုးထားသည်ကို တွေ့ရ၏။ မည်သည့်စာတန်းဖြစ်သည်… ကို မောင်မှတ်ကြီး၏နေရာမှဖတ်၍မရပါ။ထိုခေါင်းစည်းအနီ… လူသည် ငွေဖလားကြီးတစ်လုံးကိုလည်း ကိုင်ထား၏။ မောင်မှ… ကြီး ကြည့်နေစဉ်မှာပင် ထိုလူသည် ငွေဖလားကြီးအတွင်း… လက်ကို နှိုက်လိုက်လေတော့၏။ ထို့နောက် လက်ကိုနုတ်ယူ… လူအုပ်အတွင်းသို့ ကြဲလိုက်လေတော့၏။

မောင်မှတ်ကြီး၏ မျက်စိထဲတွင် ရဲခနဲမြင်တွေ့လိုက်… ၏။ လူများသည် ကုန်း၍ကုန်း၍ လုကြ၏။ တစ်ယောက်ကို…







ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ တရုတ်ဇရပ်ရှေ့တွင် ပတ္တမြားမိုး မရွာမီ စည်တော်သံ ဆိုနေစဉ်



www.burmeseclassic.com

www.burmeseclassic.com






ရွှေတိဂုံဘုရား ရင်ပြင်တော်၌ လူပေါင်း
သုံးသောင်းခန့် ဝက်ဝက်ကွဲအောင် တိုး၍ စည်ကားစွာ
ဒုတိယအပတ်မှာ ကောက်ယူသူ များသဖြင့် မပတ်နိုင်ချေ။
သုံးရက်မျှ ကောက်ယူနေရခြင်း







ရန်ကုန် မီးသတ်ကြီးရှေ့တွင် ပတ္တမြားမိုးများ ကြိုဖြန့်နေပုံ

www.burmeseclassic.com



ယောက် တွန်းဖယ်ကြ၏။ တံတောင်ဖြင့် တွက်ကြ၏။ တစ်ဦးကို တစ်ဦးချကြ၏။ ဖင်ပေါ်ခေါင်းပေါ်ဖြစ်ကြ၏။ ခေါင်းစည်းအနီ စည်းထားသော လူသည်နောက်တစ်ကြိမ် ကြဲလိုက်ပြန်၏။ မောင်မှတ်ကြီး၏ မျက်စိထဲတွင် ရဲခနဲ မြင်တွေ့ရပြန်၏။ ထို့နောက်ရင်ပြင်ကျောက်ပြားပေါ်တွင် နီနီအလုံးကလေးတစ်လုံး လျှောတိုက်၍လာပြီးလျှင် ၎င်း၏ခြေထောက်ကိုလာ၍ ထိလေတော့၏။ မောင်မှတ်ကြီးသည် ထိုအလုံးကလေးကို ကောက်ယူလိုက်၏။ မန်ကျည်းစေ့ခန့်ရှိသော ကျောက်အနီကလေးတစ်လုံး ဖြစ်ကြောင်း တွေ့ရလျှင် မောင်မှတ်ကြီးသည် ထိုကျောက်အနီကလေးကို ကောက်ယူပြီးနောက် လက်ကိုင်ပဝါထောင့်၌ ချည်ထားလိုက်လေ၏။ ထိုအချိန်၌မှာပင် လူအုပ်ကြီးအတွင်း၌ ထိုးကြ ကြိတ်ကြ၊ ကန်ကြ၊ ကျောက်ကြဲဖြစ်သဖြင့် ရွှေတိဂုံဘုရားပုလိပ်များရောက်လာပြီးလျှင် ခေါင်းစည်းအနီနှင့် လူအားကျောက်များ မကြဲရန် မေတ္တာရပ်ခံလိုက်လေတော့၏။ ထို့ကြောင့် ထိုခေါင်းစီးအနီနှင့် ကျောက်များကြဲသူလည်း ပြန်သွားလေတော့၏။

မောင်မှတ်ကြီးသည် ဗဟန်းမုခ်မှ ဆင်းလာပြီးလျှင် ရွှေတိဂုံခြေတော်ရင်းရှိ အဝစားငါးမုန့်နှင့် ရောင်းသောဦးလေးကြီး ထမင်းဆိုင်၌ ဝက်သားဟင်းဖြင့် ထမင်းဝင်၍စားလေ၏။ ထမင်းစားပြီးသောအခါ၌ မစိန်ညွန့်ဆေးပေါ့လိပ်တစ်လိပ်ကို ဝယ်ယူကာ ရန်ကုန်မြို့ထဲသို့ တရွေ့ရွေ့လျှောက်လာခဲ့လေတော့၏။ ဆူးလေဘုရားလမ်းသို့ ရောက်သောအခါ ဆူးလေဘုရားကုန်းတော်ပေါ်သို့ တက်ကာ သစ္စာပန်းနှင့် သပြေပန်းတစ်မတ်ဖိုး ဝယ်၍သောကြာ





ထောင့်တွင် ဘုရားရှိခိုးပြန်၏။ ဘုရားကို အကြာကြီးရှိခိုး၏။ ဘုရားရှိခိုးပြီးသောအခါ၌ ဆူးလေဘုရားကုန်းတော်ပေါ်မှ ဆင်းခဲ့ပြီး ရန်ကုန်မီးသတ်ကြီးရှေ့၌ လူများစုရုံးစုရုံး ဖြစ်နေသည်ကို တွေ့သဖြင့် ထိုနေရာသို့ သွားရောက်ခဲ့ရာ ပတ္တမြားမောင်ဟု ရေးထားသော ရေပက်ခံကားတစ်စီးကို တွေ့ရလေ၏။ ထိုကားပေါ်၌ ခေါင်းစည်းအနီများ စည်းထားသော လူကိုးယောက်ပါရှိသည်ကို မောင်မှတ်ကြီး သတိပြုမိလေ၏။ ထိုခေါင်းစည်းအနီပေါ်တွင်လည်း ဆေးအဝါရောင်ဖြင့် ‘ပတ္တမြားမောင်” ဟုရေးထိုးထားသော စာတန်းကိုလည်း မောင်မှတ်ကြီးအနေဖြင့် ကောင်းစွာမြင်တွေ့ရပြီ ဖြစ်၏။

ရွှေတိဂုံဘုရားပေါ်တွင်တွေ့ခဲ့သည့် ခေါင်းစည်းအနီစည်းထားသောလူကိုလည်း ထိုမော်တော်ကားပေါ်၌ တွေ့ရလေ၏။ ထိုသူသည် ကားထွက်ကာနီး၌ ဆူးလေဘုရားဘက်သို့ လှည့်ကာ လက်အုပ်ချီလိုက်လေ၏။ ထို့နောက် ငွေဖလားကြီးအတွင်းသို့ လက်ကိုနှိုက်ကာ ကြဲလိုက်ပြန်လေ၏။ ဝိုင်းအုံနေသော လူအုပ်ကြီးသည် ကြဲလိုက်သည်နှင့်တပြိုက်နက် တအားကုန် လုကြကုန်၏။ ထိုသူသည် နောက်တစ်ကြိမ် ကြဲလိုက်ပြန်၏။ မောင်မှတ်ကြီး၏ မျက်လုံးထဲတွင် မီးပွားများထွက်လာသကဲ့သို့ ရဲခနဲ မြင်လိုက်ရလေ၏။


လူများသည်လည်း သေမတတ် သတ်မတတ် လုကြကုန်၏။ ဒုတိယအကြိမ် ကြဲလိုက်သောအခါ၌ လူအုပ်ကြီး၏ အပြင်ဘက်တွင် ရပ်နေသော မောင်မှတ်ကြီး၏ ခြေထောက်အနီးရှိ ရေ



www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မြို့လယ်ခေါင်တွင် ပတ္တမြားမိုးအား
ကြိုဆိုနေပုံ








ကားပေါ်၌ ပတ္တမြားမျာ: ယူ၍ ကြဲမည်ဆဲဆဲ
လူထုပရိသတ်သို့ ဟန်ရေးပြနေပုံ



www.burmeseclassic.com

www.burmeseclassic.com





အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော 'နေရှင်း'
သတင်းစာ၌ ပတ္တမြားမိုးများ ကြဲနေပုံကို
ရေးသားဖော်ပြထားပုံ





ိုင်အတွင်းသို့ ကျောက်ကလေးသုံးလုံးသည် 'ပလုံ' ခနဲမြည်ကာ ဘ၍ကျပြြန်၏။ မောင်မှတ်ကြီးသည် ကောက်ယူ၍ လက်ကိုင် ဝါတွင် ချည်ထားလိုက်ပြန်၏။ ထိုအချိန်မှာပင် ပတ္တမြားမောင် ဆိုသော ရေပက်ခံကားကြီးသည် ထွက်ခွာသွားလေတော့၏။ အုပ်ကြီးသည် 'ဟေး'ကနဲအော်ကာ နောက်မှပြေး၍လိုက်ကြ သေး၏။ သို့ရာတွင် ကားမှာအရှိန်ပြင်းစွာ မောင်းထွက်သွားသော ကြောင့် မလိုက်နိုင်ဘဲ ရှိကြလေတော့၏။ မောင်မှတ်ကြီးသည် လဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)အတိုင်း သိမ်ကြီးဈေး ဘက်သို့ ဦးတည်ပြီးလျှောက်လာ၏။ လမ်းတွင် ကလေးများက ပက်သောကြောင့် ရွှဲရွှဲစိုလျက်ရှိ၏။ ထိုလမ်းတစ်လျှောက်တွင် ပက်သူနှင့် ရေပက်ခံသူများ စည်ကားလျက်ရှိ၏။

မောင်မှတ်ကြီးသည် တရွေ့ရွေ့ လျှောက်လာခဲ့ရာ မဂို မ်း(ယခုရွှေဘုံသာလမ်း) သို့ ရောက်သောအခါ၌ မြင်းစီးပုလိပ် များကို တွေ့ရလေ၏။ မြင်းစီးပုလိပ်များသည် မဂိုလမ်းတစ် လျှောက် ပြွတ်သိပ်နေသော လူအုပ်ကြီးကို လူစုခွဲလျက်ရှိ၏။ ထိုအချိန်မှာပင် ပတ္တမြားမောင် ရေပက်ခံကားကြီးသည် မဂိုလမ်း အတွင်းသို့ ဝင်လာပြီးလျှင် ကားကိုမရပ်ဘဲ ကားပေါ်မှနေ၍ ကျောက်များကို ကြဲသွားလေတော့၏။

လူအုပ်ကြီးမှာလည်း မြင်းစီးပုလိပ်များ ထိန်းထားသည့် ကြားမှပင် ထိန်း၍မရတော့ဘဲ ကျောက်များကိုဝင်၍ လုကြလေ၏။ တ္တမြားမောင် ကားကြီးသည် အဆက်မပြတ်ကြဲ၍ ကားကိုမောင်း ထွက်သွား၏။ လူအုပ်နှင့်ဝေးရာ ပလက်ဖောင်းတွင် ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်ကြီး၏ ရင်ဘတ်သို့ ကျောက်များလာ၍ မှန်လေ၏။ မောင်မှတ်ကြီးသည် ၎င်း၏ရင်ဘတ်ကိုမှန်၍ အောက်သို့ကျသွားသော ကျောက်များကို ငုံ့ကြည့်လိုက်ပြီးလျှင် ကောက်ယူလိုက်လေ၏။

ထိုအချိန်၌ ကောက်ယူသော ကျောက်များမှာ ငါးလုံးတိ တိဖြစ်၏။ မောင်မှတ်ကြီးသည် လက်ကိုင်ပဝါ၌ ကျောက်များကို ချည်လိုက်လေ၏။ ထိုနောက် ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)ဘက်သို့ ဖြတ်ကာ အတွင်းဝန်ရုံးများဘက်ဆီသို့ လျှောက်လာလေတော့၏။ မောင်မှတ်ကြီးသည် ထိုနေရာသို့အရောက်တွင် ညနေစောင်းသွားပြီ ဖြစ်သဖြင့် ရေပက်ခံကားများ နည်းသွားပြီ ဖြစ်၏။

မောင်မှတ်ကြီးသည် ထိုနေရာမှတစ်ဆင့်စတော့ဂိတ်ကုန်းကို ကျော်ဖြတ်၏။ ဘင်္ဂါလီစုသို့ ရောက်သောအခါ၌ ဘယာကြော်သုပ် တစ်မူးဖိုးကို ဝယ်စား၏။ ထို့နောက် ကန်တော်ကလေး လူ ရုံဘက်သို့ လျှောက်လာပြီးလျှင် ကန်တော်ကြီးစောင်းကိုပတ်ကာ ပုဏ္ဏားကုန်းသို့ဝင်၏။ ပုဏ္ဏားကုန်းမှတစ်ဆင့် အရိုးကုန်းကိုဖြတ် ၏။ ထို့နောက် ဘုရားလေးလမ်းမှထွက်ကာ ဘုရားလေးစေတီတော် အလှူခံပုံးတွင် ငွေတစ်မတ်လှူဒါန်းလိုက်၏။ ပြီးလျှင် ဘိ လိန်းလမ်း (ယခု ဗညားဒလလမ်း) အတိုင်း လျှောက်လာခဲ့ပြီ သီတာလမ်း ဈေးကလေးသို့ ရောက်သောအခါ၌ ဝက်သား၊ ဆ ကြက်သွန်အဖြူ၊ကြက်သွန်အနီစသည်တို့ကိုဝယ်လိုက်ရာ အိတ်ထဲ တွင် ပါလာသော ပိုက်ဆံကိုးမတ်သည် တက်တက်ပြောင်သွ





တော့၏။ ထို့နောက် မောင်မှတ်ကြီးသည် မလွှကုန်းဘူတာအနီး နေထိုင်ရာ ဓမ္မာရုံလေးဆီသို့ ပြန်လာခဲ့လေတော့၏။

အဘိုးကြီးသည် မောင်မှတ်ကြီးကိုမြင်လျှင် ...

"မင်းတစ်ကိုယ်လုံးလဲ စိုရွှဲလို့ပါလားကွ၊ အဝတ်အစား လဲလိုက်ဦး။ ဘာတွေဝယ်လာတာလဲ"

ဟု မေးလိုက်လေ၏။ မောင်မှတ်ကြီးသည် အဝတ်အစား လဲရင်း ...

"အဘရေ ...၊ ဝက်သားဝယ်လာတာ၊ အဘကို ဒီညစာ ဝက်သားဟင်းနဲ့ ကျွေးမလို့"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။

"အေး ... ကောင်းတယ်၊ မှတ်ကြီးရဲ့ ချက်စမ်းပါဦး"

ဟု ဆိုလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်းဝက်သား ဟင်းကို ချက်လေ၏။ ဟင်းချက်ရာတွင် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် အဘိုးကြီးက ငွေတစ်ကျပ် ထုတ်ပေးလိုက်လေ၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် လိုသောပစ္စည်းများ ဝယ်ယူပြီး ဝက်သားဟင်းကို အကျအန ချက်လေတော့၏။ ညရှစ်နာရီခန့်တွင် အားလုံးစုံ ပြီးစီးသွား၏။

ထို့ကြောင့် အဘိုးကြီး ထမင်းစားရန်အတွက် ရှိသမျှသော ပန်းကန်ခွက်ယောက်ကလေးဖြင့် မောင်မှတ်ကြီးက ပြင်ဆင် ပေးလေ၏။ ထို့သို့ပြင်ဆင်ပေးရာတွင် ငန်ပြာရည်ဖျော်နှင့် တို့စရာ များ ပါသေး၏။

အဘိုးကြီးသည် ထမင်းပွဲကို ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"စားလိုက်ရင်တော့ အတော်မြိန်မယ့် ထမင်းပွဲပဲဟေ့၊ ဝက်သားဟင်းတွေကလဲ အဆီတဝင်းဝင်း၊ အငွေ့တထောင်းထောင်းနဲ့ မွှေးလိုက်တာလဲ မပြောပါနဲ့တော့ကွာ၊ အောင်မာ ငန်ပြာရည်ဖျော်ကလဲ ပါသေးသဟ၊ အလို ... အလို ... တို့စရာတွေကလဲ စုံလှချည်လား။ ပဲတီချဉ်၊ ဟိုဘက်က ရှောက်သီးစိပ်ကလေးတွေ၊ အောင်မာ ဆရက်ကင်းလဲ ပါတယ်ဟ၊ ဒီမှာလဲ ရုံးပတီသီးလေး နှစ်တောင့်တောင်ပြုတ်ထားသေးသဟ၊ အတော်ကို နေရာကျတာပဲ၊ ဟိုချိုင့်က ရေနွေးကြမ်း ထမင်းနှင်ရင် ဟင်းချိုအစား သောက်ဖို့၊ ကဲ ... ကဲ မှတ်ကြီးရေ ငါကညစာမစားဘူး၊ မင်းပဲ စားလိုက်ပေတော့"

ဟု ပြောလိုက်လေ၏။

မောင်မှတ်ကြီးသည် လက်ကိုဆေး၏။ ပြီးလျှင် အဘိုးကြီးအတွက် ပြင်ထားသော ထမင်းပန်းကန်ကလေးကို ယူလိုက်လေ၏။ ထို့နောက် ၎င်းက ...

"အဘက ညစာမစားဘူးဆိုတာ အခါကြီး ရက်ကြီးမို့ ဥပုသ်စောင့်ထားလို့လား"

ဟု မေးလိုက်လေ၏။

"ဒီလို မှတ်ကြီးရဲ့၊ ငါ့အတွက် နေ့တိုင်းဟာ အခါကြီးရက်ကြီးပဲ၊ နေ့တိုင်း ညစာမစားဘူးပေါ့ကွာ၊ အဲဒီတော့ ငါ့အတွက် ညစာမချက်နဲ့ပေါ့၊ ဒါပေမယ့် မင်းကိုမှာထားရဦးမယ်၊ မင်းသဒ္ဒါ ပေါက်ရင်တော့ မနက်ငါးနာရီလောက်မှာ ငါ့ကိုကျွေးကွ"

ဟု အဘိုးကြီးကပြောလိုက်လေ၏။ မောင်မှတ်ကြီးလည်း ထိုအချိန်၌ ထမင်းကိုမြိန်ယှက်စွာ စားသောက်နေပြီဖြစ်၏။ ဝက်





သားဟင်းအနှစ်များကို ထမင်းပေါ်၌ ဆမ်းလိုက်၏။ ပြီးလျှင် ထမင်းကိုနယ်လိုက်၏။ ပြီးလျှင်တို့စရာများကို တစ်ခုပြီးတစ်ခု ယူကာ ထမင်း၌ မြှုပ်လိုက်၏။ ငန်ပြာရည်ဖျော်ကို ဆမ်းလိုက်၏။ တစ်လုတ်ပြီးတစ်လုပ် ပလုတ်ပလောင်း ဝါးလိုက်၏။ ဝက်သားအဆီတုံးကို ဖဲ့၍စားလိုက်၏။ ရေနွေးကြမ်းကိုမော့၍ သောက်လိုက်၏။ ထိုသို့ ထမင်းကိုမြိန်ယှက်စွာ စားရင်း ...

"ဒီလို အဘရဲ့၊ ပတ္တမြားမောင်လို့ နဖူးစည်းထိုးထားတဲ့ လူတွေက ဘုရားပေါ်မှာရော မြို့ထဲမှာရော ကျောက်တွေကြဲတယ်ဗျ၊ လူတွေကလဲ လုလိုက်ကြတာ မပြောနဲ့တော့ ကျွန်တော်ကတော့ မလုပါဘူး အဘရဲ့၊ ဒါပေမယ့် ကျွန်တော့်ခြေထောက်နားကို လာပြီးကျတဲ့ ကျောက်ကလေးတွေတော့ ကောက်ပြီးထားတယ် ဟောဒီမှာ အဘ ..."

ဟု ဆိုကာ မောင်မှတ်ကြီးသည် ၎င်းအိတ်တွင်းမှ လက်ကိုင်ပဝါကလေးကို လက်ဝဲဘက်ဖြင့် နှိုက်၍ အဘိုးကြီးအား ပေးလိုက်လေ၏။ ထိုအခါ အဘိုးကြီးက လှမ်း၍ယူရင်း ...

"မင်းကငါ့ကို လက်ဝဲလက်နဲ့ပေးတယ်ဆိုတော့ လက်ဝဲလမ်းပဲကွ၊ လက်ဝဲလမ်းဆိုတာ၊ စီးပွားရေးလမ်းပဲကွ၊ မင်းအနေနဲ့ စီးပွားရေးလုပ်ရမယ့် ပစ္စည်းပဲ"

ဟု ဆိုကာ အဘိုးကြီးသည် လက်ကိုင်ပဝါကို ဖြေလိုက်ရာ အတွင်းမှ မန်ကျည်းစေ့အကြီးစားအရွယ် ကျောက်နီကိုးလုံး ထွက်လာလေတော့၏။ အဘိုးကြီးသည် ထိုကျောက်နီကိုးလုံးကို ကြည့်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မှတ်ကြီးရ၊ ပတ္တမြားတွေပါလားကွ၊ ဒါတွေတော့ မကြဲနိုင်ပါဘူးကွာ၊ မိုးကုတ်က ကျောက်တွင်းအောင်တဲ့ သူဌေးတစ်ယောက်ဟာ ကျောက်သေးကျောက်မွှား ပတ္တမြားအသေးအမွှား အဖြုန်းတွေလာပြီး ကြဲတာဖြစ်လိမ့်မယ်၊ အဲဒီထဲမှာ မင်းကကံကောင်းပြီး အကြီးစားကိုးလုံးရလိုက်တာပဲ၊ မင်းတော့ နေရာကျပြီဟေ့၊ ဒါတွေ အလကားဟာတွေ မဟုတ်ဘူး၊ အကုန်လုံးဟာ 'တာ'ရိုက်လို့ရတယ်။ အချိန်ကောင်း အခါကောင်းမှာ အရောင်းအဝယ် လုပ်လိုက်ရရင် ဒီကိုးလုံးနဲ့ မင်းလူဖြစ်ပြီကွ၊ ပတ္တမြားဆိုတာ နည်းနည်းနော နော မဟုတ်ဘူးနော်၊ သူ့မှာ ဂုဏ်ကိုးပါးရှိတယ်။ **'ဣစ္ဆိတံဒေတိ'** အလိုကိုပေးတတ်၏။ **'အာသောကံ ဒေတိ'** ရွှင်ပြုကြည်လင်တတ်၏။ **'တေဇေတိ'** ထွန်းပခြင်းကို ပြုတတ်၏။ ပြီးတော့ ပတ္တမြားမျိုးပေါင်း နှစ်ဆယ့်လေးမျိုး ရှိတယ်လို့ ဥဒါနအဋ္ဌကထာကို မြန်မာယောဇနာနည်းနဲ့ သိအပ်တယ်ကွ။ အလွယ်ဆုံး မှတ်ထားဖို့ကတော့ စွယ်စုံကျော်ထင်ကျမ်းမှာပါတဲ့ ပတ္တမြားခြောက်ပါးပဲကွ၊ **'ဝဇီရက္ခန်'** ရဲရဲခြင်းခြင်း နီသောအရောင်၊ **'ဂေါရလာ'** ခရမ်းပွင့်ဝတ်ဆံနှင့် တူသောအရောင်၊ **'ကွမ်းပြင်ရေ'** ကွမ်းသွေးအရောင်၊ **'မှင်တခံ'** သားစိမ်းတစ်နှင့် တူသောအရောင်၊ **'တောလီ'** အနီနည်း၍ အညိုများသောအရောင်၊ **'ရှိန်းခို'** ယုန်သွေးကဲ့သို့သော အရောင်၊ ဟောဒီကိုးလုံးမှာ ဝဇီရက္ခန်က လေးလုံး၊ ရှိန်းခိုက ငါးလုံးပါတယ်ကွ၊ အဲဒီတော့ တစ်လုံးကို ဘုရားတစ်ဆူဆူဆီမှာ ဌာပနာအတွက် လှူဒါန်းရမယ်၊ တစ်လုံးကို ရွှေနဲ့ကွင်းပြီး မင်းရဲ့လက်သူကြွယ်မှာ ဝတ်ဆင်ရမယ်၊ ကျန်တဲ့ ခုနစ်လုံးကို





ရောင်းပြီး လောကီထုပ္ပါတ် လူတို့ဇာတ်မှာ သူဌေးခန်းက ပါဝင်ကပြဖို့ ဆောင်ရွက်ရမယ်ကွ၊ အခုတော့ မင်းဟာက ဇရပ်မှာကပ်နေတဲ့ သူတောင်းစားခန်းက က ပြနေတာကိုးကွ"

ဟု ရှည်လျားစွာ ပြောလိုက်ရာ မောင်မှတ်ကြီးသည် ထမင်းလုတ်ကို ပါးစပ်အတွင်းသို့ မသွင်းနိုင်တော့ဘဲ ပါးစပ်အဟောင်းသားဖြင့် အဘိုးကြီးအား ငေးမောကြည့်ရှုနေလေတော့သတည်း။

❒



www.burmeseclassic.com

www.burmeseclassic.com

## လန်ချား မစီးနဲ့

မောင်မှတ်ကြီးသည် ပတ္တမြားကို ရထားသော်လည်း ရောင်းချခြင်း မပြုရပေ။ အဘအား ရောင်းရတော့မလားဟု မေးတိုင်း အဘက နေဦးဟုသာ ပြောလေ့ရှိ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်း မမေးတော့ပေ။ ဓိတော်သလင်းလသို့ ရောက်သောအခါ မောင်မှတ်ကြီးက မမေးပါဘဲလျက် . . .

"ဟော့ကောင် မှတ်ကြီး၊ မင်း ပတ္တမြားတွေ ထုတ်ပြီး ရောင်းတော့"

ဟု ပြောလေ၏။ ထိုအခါ မှတ်ကြီးက . . .

"အကုန်ရောင်းရတော့မှာလား"

ဟု မေးရာ အဘက . . .

"အကောင်းဆုံး နှစ်လုံးဖယ်ထားကွာ၊ တစ်လုံးက ဘုရားဌာပနာထဲ ထည့်လိုက်၊ ကျန်တစ်လုံးက မင်းဝတ်ဖို့ထား၊ အဲဒီထဲက ခပ်ညံ့ညံ့လို့ ထင်ရတဲ့ နှစ်လုံးကို ထုတ်ပြီးရောင်း ကြည့်စမ်း"





ဟု ပြောရာ မောင်မှတ်ကြီးသည် သူ၏ကျောက်ထုပ်ကို ဖြည်၍ အကောင်းဆုံးနှစ်လုံးဟု ထင်ရသော ပတ္တမြားနှစ်လုံးကို ရွေးလေ၏။ တစ်လုံးကို အဘအား ပေးရင်း . . .

"ဘုရားတစ်ဆူဆူထဲမှာ အဘ ဌာပနာပေးပါ၊ ဒါကတော့ ကျွန်တော် ပိုက်ဆံရှိတဲ့နေ့မှာ လက်စွပ်လုပ်ဝတ်မယ်"

ဟု ပြောပြီး ညံ့သည်ဟု ထင်ရသော ပတ္တမြားနှစ်လုံးကို ထပ်မံထုတ်၍ . . .

"ဒီနှစ်လုံးကို သွားပြီးရောင်းမယ်"

ဟု ပြောလေ၏။

ထို့နောက် မောင်မှတ်ကြီးသည် ပတ္တမြားရောင်းရန် မြို့တွင်းသို့ ထွက်သွားလေ၏။ ရတနာဆိုင်များအား တစ်ဆိုင်ပြီး တစ်ဆိုင်တက်၏။ သို့သော် ၎င်း၏ စုတ်နွမ်းသော အဝတ်အစားများကြောင့် ပတ္တမြားကို မကြည့်ဘဲ မောင်းချကြသည်က များ၏။ အချို့ဆိုင်များကလည်း ပတ္တမြားကိုကား ကြည့်၏။ သို့ရာတွင် 'ခင်ဗျားပစ္စည်းဟုတ်ကဲ့လား' ဟုမေးကာ မဝယ်ဘဲ နေကြလေ၏။ သုံးရက်ခန့် ဤသို့လှည့်လည်ရောင်းချသော်လည်း မည်သည့်နေရာတွင်မှ ဟန်မကျသောကြောင့် မောင်မှတ်ကြီးသည် စိတ်ပျက်လာ၏။ ထို့ကြောင့် ဇရပ်သို့ ပြန်ရောက်သောအခါ၌ . . .

"ရောင်းလို့ မရပါဘူး၊ အဘရယ်"

ဟု ပြောရာ အဘက ရယ်လေ၏။ ထို့နောက် . . .

"ဘုန်းကံ နိမ့်ပါးသွားတာ။ မင်းကိုယ်မှာရှိတဲ့ အရောင်တွေ မှိန်ကုန်ပြီကွ။ အဲဒီတော့ မင်းဟာ ပတ္တမြားပဲ ကိုင်ကိုင်၊ စိန်



www.burmeseclassic.com

www.burmeseclassic.com



ပဲကိုင်ကိုင် ပတ္တမြားတွေ၊ စိန်တွေပါ မင်းနဲ့လိုက်ပြီး မှိန်ကုန်တာပေါ့ကွာ၊ အဲဒီတော့ မင်းကို အရောင်ထွက်အောင် လုပ်ရဦးမယ်”

ဟု ဆိုကာ အဘသည် ဈေးသို့ ထွက်သွားလေတော့၏။ အဘပြန်လာသောအခါ၌ ပန်းကန်ပြားတစ်ချပ်နှင့် ဇွန်းအချို့ပါလာ၏။ မောင်မှတ်ကြီးသည် ပန်းကန်နှင့်ဇွန်းကို ကြည့်၍

“ဘုန်းကြီးဆွမ်းကပ်မလို့လား အဘ”

ဟု မေးလေ၏။

“ဘုန်းကြီးဆွမ်းကပ်မလို့ မဟုတ်ဘူးဟေ့။ မင်းထမင်းစားဖို့ကွ။ ဟောဒီ ပန်းကန်ရဲ့အနားမှာ ရွှေအနားကွပ်ကလေး ပါတာတွေ့သလား၊ အဲဒါနဲ့ စားရမှာကွ၊ ပြီးတော့ အခုလို ဇရပ်ပေါ်မှာနေရတာ တစ်သက်လုံး နေရမယ်လို့ မတွက်နဲ့၊ ခဏအခိုက်ဒွာန်လာလုပ်နေတယ်လို့ မှတ်လိုက်၊ ထမင်းစားတာ ဘယ်လိုပန်းကန်မျိုးနဲ့ပဲ စားစား၊ အတူတူပဲလို့ မထင်နဲ့၊ ဒန်ပန်းကန် အစုတ်နဲ့ပဲစားစား၊ ဇလုံနဲ့စားစား၊ စလောင်းဖုံးနဲ့ပဲ စားစား၊ စားဖို့ဟာ လိုရင်းပါပဲ၊ အတူတူပဲလို့ မထင်နဲ့၊ အပုံကြီးကွာတယ်။ အစားစားဘာဟာ အာဟာရဖြည့်တင်းတာပဲ၊ ဒါပေမယ့် အဲဒီ အာဟာရထဲမှာပဲ မမြင်ရတဲ့ ဓာတ်တွေပါတယ်ကွ၊ အဲဒါတွေက လူကို အရောင်ပြောင်းစေတယ်။ ဟောဒီလို ကြွေပန်းကန်မှာ ရွှေရေးအနားကွပ်ပါတဲ့ ပန်းကန်ကတော့ အရောင်အပြောင်ဆုံးပဲဟေ့၊ အဲဒါနဲ့ပဲ မင်းထမင်းစားရမယ်။ ဇရပ်ပေါ်မှာ အမြဲနေရမယ်လို့လဲ စိတ်ကို ဒုံးဒုံးချမထားရဘူး။ ခဏတစ်ဖြုတ် လာပြီးနေတာ ကံမကောင်းလို့ ယတြာလာပြီး ချေနေတယ်လို့ သဘောထား၊ မကြာခင် အိမ်ကောင်း ယာကောင်းနဲ့ နေရမယ်လို့လဲ စိတ်ကို ဆုံးဖြတ်ထား၊ ကြားလား . . . ဟောဒီမှာ ခေါင်းလျှော်ရည်၊ ခေါင်းလေးဘာလေးလဲ လျှော်လိုက်၊ ဒီနေ့ကစပြီး စိတ်ကို ပြောင်းပစ်လိုက်”





ဟု အဘက ပြောလေ၏။

မောင်မှတ်ကြီးသည် ယခင်က သံပန်းကန် အစုတ်ဖြင့် ထမင်းစားခဲ့ရာ ယခုလို ကြွေပန်းကန်ဖြင့် ထမင်းစားရသောအခါ၌ စိတ်တွင် တစ်မျိုးတစ်မည်ဖြစ်လာ၏။ ထို့ကြောင့် ၎င်းက

“အဘရေ . . . ဘာပဲဖြစ်ဖြစ် ဒီလိုကြွေပန်းကန် ရွှေနားကွပ်ကလေးနဲ့ စားရတာ သံပန်းကန်အစုတ်နဲ့ စားရတာထက်တော့ နည်းနည်းတော့ကောင်းတယ်”

ဟု ပြောလိုက်ရာ အဘက . . .

“နည်းနည်း ဘယ်ဟုတ်မလဲကွာ၊ အများကြီးကောင်းတာပေါ့”

ဟု ပြောလေ၏။ တစ်ပတ်ခန့်ကြာသောအခါ၌ အဘသည် မောင်မှတ်ကြီးအား အဝတ်အစား ခပ်လှပ်လတ်လေး ဝယ်ရန်ငွေထုတ်ပေးလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်း ကျောက်မြောင်းဈေးသို့ သွားကာ အဝတ်အစား ဝယ်ယူချုပ်လုပ်လေ၏။ ထို့နောက် အဘကိုယ်တိုင် မောင်မှတ်ကြီးအား ခေါင်းလျှော်ပေးလေ၏။ အဘသည် မောင်မှတ်ကြီး ရေချိုးသောအခါ၌ . . .

“ဟေ့ မှတ်ကြီး၊ မင်းကို ငါကိုယ်တိုင် ခေါင်းလျှော်ပေးမယ်”

ဟုပြောသဖြင့် မောင်မှတ်ကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ အဘရယ် . . . ကျွန်တော့်ဟာ ကျွန်တော် လျှော်ပါ့မယ်"

ဟု ပြောလေ၏။

"မဟုတ်ဘူးကွ။ မင်းကို ငါခေါင်းလျှော်ပေးမှာက ရိုးရိုးလျှော်ပေးမှာ မဟုတ်ဘူး။ ရေးတုန်းက ဘုရင်တွေ ဓာတာ စန်းလက်ညှံ့တဲ့အခါမှာ လျှော်သလို ခေါင်းဆေးမင်္ဂလာလုပ်မှာ"

ဟု အဘကပြောသဖြင့် မောင်မှတ်ကြီးက . . .

"ဒီလိုဆိုလဲ လုပ်ပေါ့ အဘရယ်"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ အဘသည် မောင်မှတ်ကြီးအား သစ်ရွက်သစ်ခက် သုံးမျိုး ရှာခိုင်းလေ၏။ ရှာခိုင်းသော သစ်ရွက်သစ်ခက် သုံးမျိုးမှာ ကံ့ကော်တစ်ဆယ့်ငါးညွန့်၊ အုန်းညွန့်ခြောက်ညွန့်၊ စိန်ပန်းရှစ်ညွန့် ဖြစ်၏။ ကံ့ကော်ညွန့် တစ်ဆယ့်ငါးညွန့်ကို ညာဘက် ခြေထောက်ဖြင့် နင်းခိုင်း၏။ အုန်းညွန့်ခြောက်ညွန့်ကို ဘယ်ဘက် ခြေထောက်ဖြင့် နင်းခိုင်း၏။ ပြီးနောက် စိန်ပန်းရှစ်ညွန့်ကို ပန်းကန်ပြားတွင် တင်ထားခိုင်း၏။ ပြီးလျှင် အဘသည် မောင်မှတ်ကြီး၏ခေါင်းကို သရော်ကင်ပွန်းဖြင့် ကောင်းစွာ လျှော်ပေး၏။ ထို့နောက် ဦးခေါင်းကို ရေဖြင့် ဆေးချ၏။ ပြီးလျှင် ထိုရေများအား ပန်းကန်ပြားတွင် ထည့်ထားသော စိန်ပန်းရွက်များပေါ်သို့ ညှစ်ချ၏။ ပြီးလျှင် အဘက . . .

"အဲဒီ စိန်ပန်းရွက်တွေကို မြေပြောင်ပြောင်မှာ သွားပြီး စွန့် ပြီးတော့ ချမ်းသာဖို့လဲ ဆုတောင်း"

ဟု ပြောလေ၏။

☺ ပြီးစာပေ ☺



ထို့နောက် အဘသည် မောင်မှတ်ကြီး နင်းခဲ့သော အုန်းညွန့်နှင့် ကံ့ကော်ညွန့်များကို ကိုယ်တိုင်ယူကာ လွှင့်ပစ်လိုက်လေ၏။ ပြီးလျှင် အဝတ်အစားသစ်များ လဲစေ၏။ မောင်မှတ်ကြီးက

"အဘရယ် . . . ဘယ်သူပဲ ခေါင်းလျှော်လျှော် အခုလို ကံ့ကော်ညွန့်ကို ညာဘက်နဲ့နင်း၊ အုန်းညွန့်ကို ဘယ်ဘက်နဲ့နင်း၊ စိန်ပန်းကို ပန်းကန်ထဲထည့် ဆံရေတွေ ညှစ်ချပြီး အခုလို လုပ်ရမှာလား"

ဟု မေးလေ၏။ ထိုအခါ အဘက . . .

"မဟုတ်ဘူးကွ။ မင်းက သောကြာသားမို့လို့ ဒီလိုလုပ်ရတာ။ ကျန်နေ့သားတွေကျတော့ ခေါင်းလျှော်တာကတော့ ဒီလိုပဲ။ နင်းရမယ့်အရွက်တွေ၊ ပန်းကန်ထဲ ထည့်ရမယ့် အရွက်တွေသာ ပြောင်းသွားမှာကွ။ ဒီနည်းက အထက်ဆောင်ပန်း အောက်နင်းကြမ်းနည်းကွ"

ဟု ပြောလေ၏။

*မှတ်ချက်။ ကျန်နေ့သားသမီးများ ဤနည်းအတိုင်း ခေါင်းလျှော်နိုင်စေရန် ဤစာအုပ် နောက်တွင်ဖော်ပြထားပါသည်။*

မောင်မှတ်ကြီးသည် ခေါင်းလျှော်၊ ရေချိုးပြီး၍ အဝတ်အစားသစ်များပင် လဲထားပြီး ဖြစ်၏။ ထိုအခါ အဘက . . .

☺ ပြီးစာပေ ☺

www.burmeseclassic.com



"ကဲ မှတ်ကြီး ရောင်းဖို့ ထွက်တော့"

ဟု ဆိုလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်း ပတ္တမြား နှစ်လုံးအား အိတ်အတွင်းသို့ ထည့်၍ မြို့အတွင်းသို့ ထွက်လာလေတော့၏။

ထိုသို့ ထွက်ခါနီး၌ အဘက . . .

"ဟေ့ကောင် မှတ်ကြီး၊ မင်းရောင်းမှာက ပတ္တမြားနော်၊ ဟင်းရွက် ကန်စွန်းရွက်လို မရောင်းရဘူး၊ ဟိတ်နဲ့ ဟန်နဲ့ ရောင်းရတယ်၊ ဘယ်ရတနာတိုက်ကို ပြပြီးပါပြီ၊ ဈေးဘယ်လောက်ပေးတာပါ၊ အဲဒါတောင် ကျုပ်က မရောင်းခဲ့ပါဘူးဆိုတဲ့ စကားမျိုး ပြောရတယ်။ ပြီးတော့ သိပ်ပြီး ဈေးဆစ်မခံရဘူး၊ မင်းရဲ့ ဟန်ပန် အမူအရာဟာ မျိုးရိုးအလိုက် ရတနာပစ္စည်း ရောင်းဝယ်နေတဲ့ ဟန်ပန် ပေါ်ဖို့ လိုတယ်"

ဟု အဘက ပြောလေ၏။

"အဘ၊ အဘပြောတဲ့ စကားထဲမှာ မျိုးရိုးဆိုတာ ဘာလဲ၊ မျိုးဆိုတာတော့ ကျွန်တော်နားလည်တယ်၊ ရိုးဆိုတာတော့ ကျွန်တော် နားမလည်ပါဘူး"

ဟု မောင်မှတ်ကြီးက ပြောလေ၏။

"ရိုးဆိုတာ တိမ်ကောသွားတဲ့ ချောင်းတစ်မျိုးပဲကွ၊ အဲဒီတော့ မျိုးဆိုတာ အမျိုးကိုခေါ်တယ်။ ရိုးဆိုတာက တိမ်ကောသွားတဲ့ အမျိုးတစ်မျိုးပဲကွာ"

ဟု အဘက ပြန်၍ပြောလေ၏။ ထို့နောက် မောင်မှတ်ကြီးသည် မြို့ထဲသို့ ထွက်လာပြီးနောက် ရတနာတိုက်များသို့ တစ်





တိုက်ပြီးတစ်တိုက် အတက်အဆင်းလုပ်လေ၏။ မောင်မှတ်ကြီး ပတ္တမြားတက်ရောက်ပြသခဲ့သော ရတနာတိုက်များမှာ အောက်ပါ အတိုင်းဖြစ်ကြ၏။

အမှတ် ၄၉/ ၂၁ လမ်း
**အစစ်ရတနာကုမ္ပဏီ**

အမှတ် ၁၀၇/ မဂိုလမ်း (ယခုရွှေဘုံသာလမ်း)
**ဘိတိရာဂျာအဲန်ကုမ္ပဏီ**

အမှတ် ၁၅၆/ ပန်းဆိုးတန်းလမ်း
**စီတစ်လုံးထရေဒင်း**

အမှတ် ၁၄၆/ မဂိုလမ်း (ယခုရွှေဘုံသာလမ်း)
**ဂရိတ်ဂျူဗယ်လာ**

အမှတ် ၁၃၂/ ပန်းဆိုးတန်းလမ်း
**နဖာဗိစိန်တိုက်**

အမှတ် ၇၃၃၊ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)
**ဆွီလီရတနာကုမ္ပဏီ**

www.burmeseclassic.com



အမှတ် ၁၃၂/ မဂိုလမ်း (ယခုရွှေဘုံသာလမ်း)

**ရှမ်ဘဲလား ဘာရားသား ကုမ္ပဏီ**

မောင်မှတ်ကြီးသည် နောက်ဆုံးဖြစ်သော ရှမ်ဘဲလား ဘာရားသား ကုမ္ပဏီသို့ တက်လေ၏။ ထိုကုမ္ပဏီက မောင်မှတ်ကြီးပြသသော ပတ္တမြားနှစ်လုံးကို တစ်လုံးကို တစ်သောင်းခွဲပေးပြီး ကျန်တစ်လုံးကို နှစ်သောင်းခွဲပေးလေ၏။

မောင်မှတ်ကြီးက နှစ်လုံးကို ခုနစ်သောင်းရလျှင် ရောင်းမည်ဖြစ်ကြောင်း ခပ်မာမာ ပြောလေ၏။ စိန်တိုက်မှ ခြောက်သောင်းအထိ ပေး၏။

သို့ရာတွင် မောင်မှတ်ကြီးက . . .

"ဒီလိုဗျ . . . ကျုပ်က ပတ္တမြားအကြောင်း မသိရင်လဲ ကောင်းသား။ ဒါပေမယ့် ကျုပ်တို့ မျိုးရိုးက မိုးကုတ်မှာ ကျောက်တွင်း လုပ်လာကြတာ ဆိုတော့ မျိုးနဲ့ရိုးနဲ့ နားလည်နေတယ်။ ဟောဒီ ပတ္တမြားအရည်ကို ခင်ဗျားတို့ ကြည့်၊ မြန်မာလို ယုန်သွေးလို့ခေါ်တယ်။ အင်္ဂလိပ်လို ခိုသွေးလို့ခေါ်တယ်။ ကုလားတွေကတော့ ကျားသွေးလို့ ခေါ်တယ်။ တရုတ်ကုန်သည်တွေကတော့ ဒါကို မျောက်သွေးလို့ခေါ်တယ်။ ဘာသွေးပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ကျုပ်အဖို့ ဟောဒီယုန်သွေး ပတ္တမြားတစ်လုံးကို အင်္ဂလန်မှာ ရှိတဲ့ အက်ဒွပ်မင်းသားဟာ မစ္စစ်ဆင်မဆင်နဲ့ မေတ္တာမျှတဲ့အခါမှာ မစ္စစ်ဆင်မဆင် ဝတ်ဖို့ ရောင်းလိုက်တဲ့ ပတ္တမြားတစ်လုံးထဲသာ ရောင်းလိုက်တာ နှစ်သန်းခွဲရပြီးတော့ အဲဒီကျောက်ဟာ





အခု ကျောက်လောက်လဲ မကောင်းဘူး။ အရွယ် ပမာဏဟာ အခုလောက်လဲ မကြီးဘူး"

ဟု ပြောလိုက်လျှင် ရတနာတိုက်မှ လူများသည် မောင်မှတ်ကြီးအား အလျှော့ပေးကာ ခုနစ်သောင်းဖြင့် ဝယ်ယူလိုက်ကြလေတော့၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် ဇရပ်သို့ လန်ချားစီး၍ ပြန်ခဲ့ရာ အဘက . . .

"ဟကောင် မှတ်ကြီးရ၊ နာမည်ကိုက လန်ချားတဲ့၊ ဘယ်တော့မှ မစီးနဲ့ လန်ပြီး ချာသွားရလိမ့်မယ်"

ဟု ပြောဆို ဆုံးမရလေတော့သည် ဟူ၏။

❑



www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြားတွေ ရောင်းပစ်လိုက်ပြီ

မောင်မှတ်ကြီးသည် ထိုနေ့ညစာကို ကောင်းမွန်စွာ ချက်ပြုတ်စားသောက်လေ၏။ အဘကိုမူ ကရင်ဆော့ဒါတစ်လုံး ဝယ်၍ တိုက်၏။ မောင်မှတ်ကြီးသည် ကြက်သားကို မဆလာနိုင်နိုင် ထည့်ပြီး ဆီပြန်ချက်၍ တို့စရာ အစုံအလင်ဖြင့် ငါးပိရည်ကျိုကို ငရုတ်သီးမှုန့်နိုင်နိုင်တည့်ကာ မြိန်ယှက်စွာ စားသောက်လေ၏။ ထမင်းစားပြီးသောအခါ၌ ရေနံဆီမီးခွက်အား ရေနံဆီဖြည့်လေ၏။ ပြီးလျှင် အဘနှင့် မျက်နှာချင်းဆိုင်ထိုင်၏။ ၎င်းတို့အကြားတွင် ရေနံဆီမီးခွက်ကိုလည်း ချထားလိုက်၏။ အဘက . . .

"ဘယ်လောက်ရခဲ့သလဲ မောင်မှတ်ကြီးရ"

ဟု မေးရာ မောင်မှတ်ကြီးက . . .

"ရှမ်ဘဲလားကုမ္ပဏီက ခုနစ်သောင်းပေးတယ်။ အဲဒါနဲ့ ကျွန်တော်လဲ အားရဝမ်းသာ ရောင်းပစ်လိုက်တယ် အဘရဲ့"





ဟု ပြောရာ အဘက . . .

"မင်းက ငွေခုနစ်သောင်းကို အများကြီး ထင်နေတာကိုး၊ ...ဲဖြစ်ဖြစ် မင်းရတာ နည်းသွားပြီကွ"

ဟု ပြောလေ၏။ မောင်မှတ်ကြီးက

"တကယ် နည်းသွားသလား အဘ၊ ကျွန်တော်က အများ...ရလိုက်တယ် ထင်နေတာ"

ဟု ပြောလိုက်လေ၏။

"နည်းတာပေါ့ ငါ့လူရ၊ နောက်တစ်ခါ ငါရောင်းပေးမယ်"

ဟု အဘက ပြန်ပြော၏။ အဘသည် နောက်တစ်နေ့ ...၌ မြို့တွင်းသို့ ထွက်သွားလေ၏။ ထိုသို့ ထွက်သွားပြီးလျှင် ...နေ့ယံပိုင်း၌ ပြန်လာလေ၏။ ထိုသို့ ပြန်လာပြီးနောက် စာရွက် ...တမ်းများဖြင့် အလုပ်ရှုပ်နေလေ၏။ ညပိုင်းသို့ ရောက်သော ...ခါ၌ မောင်မှတ်ကြီးက . . .

"အဘ ဘာတွေ အလုပ်ရှုပ်နေတာလဲ"

ဟု မေး၍၊ အဘက . . .

"မောင်ထော်လေးလမ်း၊ (ယခု ဗိုလ်ဆွန်ပက်လမ်း) က ...လိပ် စာအုပ်ဆိုင်သွားပြီး ကျောက်မျက်ရတနာတွေ အကြောင်း ...ထားတဲ့ အင်္ဂလိပ်စာအုပ်တွေ ရှာပြီး ဝယ်ခဲ့တာကွ၊ အဲဒီထဲကမှ ...င်ခြားမှာ ရှိတဲ့ ရတနာကုန်တိုက်စာရင်းတွေကို အင်္ဂလိပ်စာ ...မ်းပိုးတစ်ယောက်ကို ဖတ်ခိုင်းပြီး ငါက မြန်မာလို့ရေးပြီး မှတ် ...ားတာ၊ ပြီးတော့ အဲဒီထဲကမှ အကောင်းဆုံး ရတနာတိုက်တစ် ...ို့ ထင်ရတဲ့ ရတနာတိုက်ကို ငါက စာရေးပြီး အကြောင်းကြား

www.burmeseclassic.com



တာ၊ ငါကတော့ မြန်မာလိုပဲ ရေးတာပေါ့ကွာ။ ငါရေးတဲ့စာကို အင်္ဂလိပ်စာတတ်တဲ့ ကြမ်းပိုးတစ်ယောက်ကို ဘာသာပြန်ခိုင်းတာ ပေါ့၊ ဟောဒီမှာ သူရေးတဲ့ အင်္ဂလိပ်စာ၊ ငါကတော့ မတတ်ပါ ဘူးကွာ။ ဒါပေမယ့် အင်္ဂလိပ်စာ ကောင်းကောင်းဖတ်တတ်တဲ့ သီတာလမ်းထိပ်က ဆိုက်ကားသမားတစ်ယောက်ကို ဖတ်ခိုင်းပြီး ပြီကွ၊ သူကတော့ သိပ်ကောင်းတယ်ဆိုပဲ၊ အဲဒီစာကို ငါက မနက် ဖြန်ကို ထည့်လိုက်မယ်၊ စာနဲ့ အဆက်အသွယ် လုပ်ကြည့်ပြီး ဝယ်မယ့်သူကို ရအောင်ခေါ်ပြီး ရောင်းမယ်"

ဟု ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက . . .

"လိပ်စာကို ဘယ်နေရာ ပေးထားသလဲ"

ဟု မေးလေ၏။

"ဘယ်နေရာ ပေးရမှာလဲ၊ ဒီဇရပ်ကိုပဲ လိပ်စာပေးထား တာပေါ့"

ဟု အဘက ပြန်၍ ပြောလေ၏။

"နိုင်ငံခြားသား ရတနာကုန်သည်က ကျွန်တော်တို့ ဇရပ် ကို ဆက်သွယ်ပါ့မလား အဘရယ်"

ဟု မောင်မှတ်ကြီးက စိတ်ပျက်စွာ မေးလေ၏။

"ဟ . . . မှတ်ကြီးရ၊ လိပ်စာကတော့ ဇရပ်လိပ်စာပေါ့ ကွ။ ဇရပ်လို့တော့ ဘယ်ဖော်ပြမလဲ။ မြန်မာပိုင် ပတ္တမြားရတနာ တိုက်လို့ ငါရေးထားတယ်ကွ"

ဟု အဘက ပြန်၍ပြော၏။ ထိုအခါ မောင်မှတ်ကြီးက

"ဟာ အဘကလဲ ရှက်စရာကြီး၊ ဇရပ်ကိုများ မြန်မာပိုင် ပတ္တမြားရတနာတိုက်လို့ ရေးရတယ်လို့"





ဟု ပြောလိုက်လျှင် အဘက . . .

"သူကို့ မြင်တာမှ မဟုတ်ဘဲကွာ . . . သူတို့ စိတ်ထဲမှာ ရတနာတိုက်လို့ ထင်နေမှာပဲ"

ဟု ပြန်၍ ဖြေလေ၏။ ထို့နောက် အဘသည် တာမွေ စာတိုက်သို့ သွားကာ စာပို့သမား မောင်စိန်ဝင်းအား လက်ဖက် ရည်ဖိုးပေး၏။ ဤလိပ်စာအတိုင်း စာလာလျှင် ဇရပ်သို့လာ၍ ပေးရန် မှာထားလေ၏။ ဆယ်ရက်ခန့်ကြာသောအခါ စာပို့သမား မောင်စိန်ဝင်းသည် အဘထံသို့ စာတစ်စောင် လာ၍ပေးလေ၏။ ထိုစာကို မောင်မှတ်ကြီးက ဖတ်ကြည့်ရာ စင်္ကာပူနိုင်ငံရှိ ချမ်းစိန် ရတနာကုမ္ပဏီမှ ပြန်၍ပို့သော စာဖြစ်ကြောင်း တွေ့ရလေ၏။ စာတွင်ပါသော အဓိပ္ပာယ်များမှာ မြန်မာပိုင်ပတ္တမြားရတနာတိုက် မှ ပေးပို့သောစာကို လက်ခံရရှိကြောင်း၊ စာတွင်ပါသည့်အတိုင်း ပတ္တမြားအမျိုးကောင်းများရှိလျှင် ဝယ်ယူလိုကြောင်း၊ စာတွင်ပါ သည့်အတိုင်း မှန်ပါက သိန်းဂဏန်းထက်မနည်း ဈေးပေးမည်ဖြစ် ကြောင်း၊ ဖော်ပြထားခြင်းပင်ဖြစ်၏။

ထို့နောက် အဘသည် မောင်မှတ်ကြီးအား မြို့ထဲသို့ ခေါ်သွားပြီးလျှင် အင်္ဂလိပ် လက်နှိပ်စက်တစ်လုံးကို ဝယ်ခိုင်းလေ ၏။ ပြီးလျှင် လက်နှိပ်စက်ပြင်သောဆိုင်သို့ ပို့ကာ ပြင်ခိုင်း၏။ ပြင်ပြီးသောအခါ၌ ရွှေဘိုအော့ဖ်မြန်မာဆိုသော အင်္ဂလိပ်စာတန်း ပါသည့် ဒီဇိုင်းတစ်ခုကို ဒီဇိုင်းဆရာအား ရေးစေပြီး၊ ဘလောက် လုပ်ကာ စာရေးရန်အတွက် ရိုက်တင်းပက်ဒ်ခေါ် စာရွက်များ ရိုက် လေ၏။ ပြီးလျှင် အဘသည် သူနှင့် လွန်စွာရင်းနှီးသော အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



စာတတ်ကြမ်းပိုးတစ်ယောက်ကို ခေါ်ယူကာ ဇရပ်အတွင်း၌ လက်နှိပ်စက်ရိုက်ခြင်းကို လေ့ကျင့်စေ၏။ တစ်ပတ်ခန့် ကြာသောအခါ၌ ထိုကြမ်းပိုးသည် အင်္ဂလိပ်လက်နှိပ်စက်ကို အတော်အတန် ရိုက်တတ်သွားပြီ ဖြစ်၏။ အဘသည် ထိုကြမ်းပိုးအား ဇရပ်၌ပင်ခေါ်ထား၏။ ပြီးလျှင် နိုင်ငံခြားရတနာကုမ္ပဏီများသို့ စာများ ရိုက်ခိုင်း၏။ ရိုက်သမျှသော စာတို့ကိုလည်း ရွှဘိအော့ဖ်မြန်မာ ခေါင်းစဉ်များ တပ်ထားသော စာရွက်များဖြင့် ရိုက်ခိုင်း၏။ မောင်မှတ်ကြီးနှင့်အဘနေသော ဇရပ်သို့ နိုင်ငံခြားမှ စာများ မြောက်မြားစွာဝင်လာ၏။ တစ်ခုသော စာတွင် ၎င်းတို့ထံမှ အဝယ်တော်တစ်ဦးယခုအပတ်အတွင်းတွင် စေလွှတ်မည်ဖြစ်ကြောင်း ပါလာ၏။

အဘသည် ထိုစာကို ဖတ်ပြီးနောက် မိမိတို့ကုမ္ပဏီ သူဌေးနှင့် မန်နေဂျာတို့သည် အိန္ဒိယပြည်သို့ ဘုရားဖူးထွက်မည်ဖြစ်၍ တွေ့နိုင်မည် မဟုတ်ကြောင်း၊ အကယ်၍ အရေးတကြီးတွေ့လိုပါက အဝယ်တော်သည် အိန္ဒိယပြည်သို့ လိုက်သွားပြီး တွေ့နိုင်ကြောင်း စာပြန်လိုက်လေ၏။ ထိုအခါ ထိုကုမ္ပဏီမှလည်း အိန္ဒိယသို့ ရောက်မည့်အချိန်ကို လှမ်း၍ မေး၏။

ထိုအခါ အဘကလည်း တွေ့နိုင်မည့်အချိန်ကို စာပြန်လိုက်လေတော့၏။ ထို့နောက် အဘ၊ မောင်မှတ်ကြီးနှင့် အင်္ဂလိပ်စာကြမ်းပိုးတို့သည် အိန္ဒိယနိုင်ငံသို့ ဘုရားဖူးထွက်ရန် လျှောက်ထား၍ ဘုရားဖူးထွက်ခဲ့ကြလေတော့၏။ ၎င်းတို့ သုံးဦးသည် အိန္ဒိယနိုင်ငံရှိ ဂါယာသို့ သွားမည့် လမ်းခွဲလေးထိပ်တွင်ရှိသော ဘုရာမင်ဟိုတယ်တစ်ခုတွင် တည်းခိုကြတော့၏။ ထိုဟိုတယ်၏





ရှေ့ မြေနီလမ်းကလေးအတိုင်း သုံးမိုင်ခန့်လျှောက်သွားသောအခါ ဂါယာဆိုသော ဒေသသို့ ရောက်၏။ ၎င်းတို့ သုံးဦးသားသည် ထိုဟိုတယ်၌ တည်းခို၍ နေ့စဉ်နေ့တိုင်း ဘုရားဖူးထွက်၏။

တစ်နေ့တွင် စက်ာပူမှ လူတစ်ယောက်သည် ထိုဟိုတယ်၌ ၎င်းတို့အား လာရောက်စုံစမ်းလေ၏။ ဟိုတယ် မန်နေဂျာကလည်း ၎င်းတို့သုံးဦးနှင့် တွေ့ဆုံပေးလိုက်၏။ ၎င်းတို့အား လာရောက်စုံစမ်းသော တရုတ်ကုန်သည်မှာ မစ္စတာချောင်ပိုင်ဆိုသူဖြစ်၏။ ထိုသူမှာ ကုမ္ပဏီ၏ ရတနာပစ္စည်းအဝယ်တော် ဖြစ်၏။ အဘသည် ထိုအဝယ်တော်အား ကျောက်များကို ထုတ်ပြ၏။ အဝယ်တော်သည် မှန်ဘီလူး အမျိုးမျိုးဖြင့် ကျောက်များကို စစ်ဆေး၏။ ထိုသူသည် သေးလည်းသေး၍ အရည်အသွေးလည်း ညံ့သော ပတ္တမြားအသေးဆုံး တစ်လုံးကိုပင် တစ်သိန်းအထိ ပေး၏။ ထို့ကြောင့် အရောင်းအဝယ်ဖြစ်ကြလေတော့၏။

အရောင်းအဝယ် ဖြစ်ကြလေသောအခါ၌ ငွေချေရန် စဉ်းစားရပြန်လေ၏။ မစ္စတာချောင်ပိုင်က ၎င်းနိုင်ငံသုံး ရွက်လှေပုံပါသည့် ပိုက်ဆံများနှင့် ငွေချေလျှင် ရနိုင်မည်လားဟု မေး၏။ သို့ရာတွင် အဘက ထိုပိုက်ဆံများ မလိုချင်ကြောင်း၊ ရွှေတစ်ကျပ်သားအား တစ်ရာ့ငါးဆယ်နှုန်းထား၍ ရွှေဖြင့် ချေစေလိုကြောင်း ပြောရာ ရွှေ၏ ထုထည်ပမာဏ များလွန်းသောကြောင့် မည်သို့မည်ပုံ ပေးသွင်းရမည်ကို နှစ်ဦးနှစ်ဘက် ညှိနှိုင်းရလေ၏။ ထိုအခါ မစ္စတာချောင်ပိုင်က စက်ာပူမှ မျက်လှည့်ဆရာနာမည်ကြီး မစ္စတာချောင်းဆိုသူက အစိုးရ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့

www.burmeseclassic.com



မျက်လှည့်လာရောက် ပြသရမည်ဖြစ်ရာ၊ ထိုမျက်လှည့်အဖွဲ့တွင် မိမိလည်း လိုက်ပါလာမည်ဖြစ်ကြောင်း၊ ထိုသို့ လိုက်ပါလာစဉ် အတွင်း ထပ်မံတွေ့ဆုံ ဦးမည်ဖြစ်ကြောင်း ပြော၍ ပြန်သွားလေ တော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌ တရုတ်ပြည်မှ မစ္စတာချောင်း၏ မျက်လှည့်အဖွဲ့သည် မြန်မာပြည်သို့ ရောက်လာ၏။ ထိုသို့ ရောက်လာပြီးလျှင် မောင်မှတ်ကြီးတို့နှင့် တွေ့ဆုံ၍ အရောင်းအဝယ်စကား ပြောကာ ပတ္တမြားများကို ဝယ်ယူသွားတော့၏။ ဝယ်ယူရာ၌ မြန်မာငွေနှင့်ပင် ပေးချေသွားတော့၏။ စုစုပေါင်း ငွေတစ်ဆယ့်နှစ်သိန်းခန့် ရလိုက်၏။ အဘသည် မောင်မှတ်ကြီး၏ငွေများကို ဘဏ်သုံးလေးခုတွင် ခွဲ၍ အပ်နှံခိုင်းလိုက်၏။ မောင်မှတ်ကြီးလည်း အဘပြောသည့်အတိုင်း အပ်နှံလိုက်လေ၏။

ထို့နောက် အဘသည် မောင်မှတ်ကြီးအား မြို့ထဲ လူစည်ကားသော နေရာ၌ တိုက်ခန်းများကို ဝယ်ခိုင်း၏။ ပြီးလျှင် ပွဲရုံလုပ်ငန်းနှင့် ပတ်သက်၍ မည်သို့မည်ပုံ လုပ်ကိုင်ရမည်ကို အဘက ညွှန်ပြ၏။ ၎င်းညွှန်ပြသည့်နည်းမှာ လွန်စွာ ကောင်း၏။ မောင်မှတ်ကြီးအား သတင်းစာများ၌ ကြော်ငြာထည့်ခိုင်း၏။ မိမိ၏ ပတ္တမြားမိုးပွဲရုံလုပ်ငန်း၌ ကုန်ပစ္စည်းများကို သိုလှောင်ရန် အခန်းများ၊ ဂိုထောင်များ ရှိကြောင်း၊ မိမိတို့ထံသို့ ပေးပို့သော ကုန်ပစ္စည်းများကို ကောင်းမွန်စွာ သိုလှောင်သိမ်းဆည်းပေးမည် ဖြစ်ကြောင်း၊ ရောင်းချလိုသော ဈေးနှုန်းနှင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ မိမိ





အနေနှင့် သိုလှောင်ခ၊ သိမ်းဆည်းခသာ ယူမည်ဖြစ်ကြောင်း မိမိတို့အား အပြီးအပိုင်အပ်၍ တက်ဈေး၊ ကျဈေးနှင့်ရောင်းခိုင်း ပါကလည်း မိမိတို့ ရောင်းချပေးမည် ဖြစ်ကြောင်း၊ ထိုသို့ ရောင်းချပေးရာ၌လည်း အမြတ်၏ ခုနစ်ရာခိုင်နှုန်းသာ မိမိတို့ ယူမည်ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ်ဖော်ပြထားသော ကြော်ငြာကို သတင်းစာများတွင် ကြော်ငြာလိုက်လေ၏။ ထိုသို့ ကြော်ငြာပြီးနောက် အနယ်နယ်အရပ်ရပ်မှ ကုန်သည်များသည် ကုန်များကို တင်ပို့ကြလေတော့၏။

မောင်မှတ်ကြီးသည် အလုပ်သမားများကို ခေါ်ယူခန့်ထားကာ ကုန်များကို သိုလှောင်၏။ ရောင်းချ ဖြန့်ဖြူးပေး၏။ ထို့ကြောင့် ပတ္တမြားမိုး ကုမ္ပဏီလုပ်ငန်းသည် နေ့ချင်းညချင်းဆိုသလို ကြီးပွားအောင်မြင်လာလေတော့၏။ မောင်မှတ်ကြီးသည် အခြားသော လုပ်ငန်းများကို ထူထောင်လေ၏။ ရုပ်ရှင်လုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ စတိုးဆိုင်လုပ်ငန်းများ စသည်တို့ကို လုပ်ကိုင်လေတော့၏။ မောင်မှတ်ကြီးသည် နေ့ချင်းညချင်းနှင့်ပင် သူဌေးတစ်ဦး ဖြစ်သွားလေတော့၏။ မောင်မှတ်ကြီး၏ အဖြစ်သည်အိပ်မက်ကဲ့သို့ဖြစ်နေ၏။ ဇရပ်ပေါ်တွင် ခွေးလေခွေးလွင့်လို နေခဲ့ရာမှ သူဌေးတစ်ဦးဖြစ်သွားရခြင်းကို မောင်မှတ်ကြီး ကိုယ်တိုင်ပင် အံ့ကြောင်ကြောင် ဖြစ်နေမိလေတော့၏။

ထိုအချိန်၌ မအိမ်မြနှင့် မောင်ဖိုးစိန်တို့ လင်မယားသည် မည်သည့်အရပ်ဒေသသို့ လွင့်စဉ်သွားသည်ဟုပင် မပြောနိုင်တော့ပါ။ မောင်မှတ်ကြီးသည် ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရား



www.burmeseclassic.com

www.burmeseclassic.com



လမ်း) တွင် ခမ်းနားသော အိမ်ကြီးပါသည့် ခြံဝင်းကျယ်ကြီးကို ဝယ်ယူကာ အိမ်တက်မင်္ဂလာပြုလုပ်၍ ထိုခြံကိုလည်း ပဗ္ဗာခြားမိုး ဟု အမည်ပေးလိုက်လေတော့သတည်း။

❑



## အဘပေးသည့် အကြံဉာဏ်

မောင်မှတ်ကြီး၏ စီးပွားရေးလုပ်ငန်းများသည် အစပိုင်း၌ တိုးတက်ခဲ့သော်လည်း နှစ်အတန်ကြာသောအခါ၌ ရှေ့သို့ တိုးတက်ခြင်း မရှိသည့်အပြင် ဆုတ်ယုတ်သကဲ့သို့ပင် ဖြစ်လာ၏။ မောင်မှတ်ကြီးသည် စီးပွားရေးလုပ်ငန်းများအတွက် လွန်စွာခေါင်းခဲလျက် ရှိလေ၏။

ထို့ကြောင့် ၎င်း၏ အစိမ်းရောင် အော်စတင်ကားလေးကို မောင်းလျက် မလှကုန်းဘုရားတာဘက်သီသို့ ဦးတည်၍ လာခဲ့လေ၏။ ထို့နောက် ၎င်းနေထိုင်ခဲ့သော ဓမ္မာရုံရှေ့တွင် ကားကိုရပ်လိုက်လေ၏။ ဓမ္မာရုံထဲတွင် အဘသည် တစ်ယောက်တည်းထိုင်နေလျက် ရေနွေးကြမ်းသောက်နေသည်ကို တွေ့ရလေ၏။

"ဟ . . . မှတ်ကြီးပါလား၊ ဓာတ်မစီးဘဲ မော်တော်ကား စီးပြီး ရောက်လာတာကိုး၊ ခေါင်းတောင် မဖြီးနိုင်ပါလား ဆံပင်ဖုတ်သိုက်နဲ့ စိတ်အိုက်ပြီး လာပုံရတယ်။ အံမယ် လာတဲ့အချိန်ကလဲ ပညာတိုင်ထိပ် နဝင်းစီးတဲ့အချိန်ပဲ၊ ကဲ . . . ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဘကမေးလိုက်လေ၏။

"အမှန်ဘဲ အဘရေ၊ တော်တော်ကလေး စိတ်အိုက်ပြီး လာခဲ့တာပဲ၊ ကျွန်တော်ရဲ့ပတ္တမြားမိုး ပွဲရုံရော၊ ပတ္တမြားမိုး သံထည် လုပ်ငန်းစက်ရုံရော၊ ပတ္တမြားမိုး အလှကုန်ဆိုင်ရော၊ ပတ္တမြားမိုး ရေယာဉ်ရော၊ ပတ္တမြားမိုး မော်တော်ယာဉ်လုပ်ငန်းရော၊ ပတ္တမြား မိုး ပုံနှိပ်လုပ်ငန်းရော၊ အားလုံးမှာ အရှုံး ပေါ်နေတယ်၊ ဒီအတိုင်း သာဆက်ပြီး ရှုံးနေရင်တော့ မကြာခင်မှာပဲ ဒေဝါလီခံပြီး ဒီဓမ္မာရုံ လေးကို ပြန်ရောက်လာဖို့ရှိတယ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်ပြီးလျှင် စီးကရက်တစ် လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာနေလေ၏။ အဘသည် မောင်မှတ် ကြီးအား ပြုံးပြုံးကြီး ကြည့်နေလေ၏။

"စီးပွားရေးလုပ်ငန်း လုပ်တယ်ဆိုတာ ငွေနဲ့ကိုယ်နဲ့ စစ် တိုက်တာပဲကွ၊ စီးပွားရေးဟာ စစ်ပွဲလို့သဘောထားရင် မင်းဟာ စီးပွားရေးရဲ့အကြီးအကဲ သေနာပတိပဲကွ၊ မင်းညံ့လို့ စစ်ပွဲရှုံးသွား ရင် မင်းမှာ တာဝန်ရှိတာပေါ့ကွာ၊ ကဲ ...ကဲ .. အေးအေးဆေးဆေး ရေနွေးသောက်ပါဦးကွာ"

ဟု အဘက ပြောဆိုကာ မောင်မှတ်ကြီး သောက်ရန် အတွက် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပေးလိုက်လေ၏။ မောင်မှတ် ကြီးသည် ရေနွေးကြမ်းကို ကောက်ယူမော့ချလိုက်လေ၏။

"ဟော့ကောင် မင်းရေနွေးကြမ်းသောက်တာက ဝေါ်ရင်ကို အရက်သမားသောက်သလို တအားကို မော့ချလိုက်တာကိုး၊ ဖြည်း ဖြည်း အရသာခံပြီးသောက်စမ်းပါကွာ"





ဟုဆိုကာ အဘသည် မောင်မှတ်ကြီးအား ရေနွေးကြမ်း ကို နောက်တစ်ခွက် ငှဲ့ပေးပြန်သည်။ မောင်မှတ်ကြီးသည် အဘ ပြောသည့်အတိုင်း ရေနွေးကြမ်းကို တဖြည်းဖြည်းချင်း အရသာ ခံ၍ မော့နေလေ၏။ အဘသည် မောင်မှတ်ကြီး၏မျက်နှာကို ကြည့်လိုက်၏။

ထို့နောက် ...

"မင်းရဲ့လုပ်ငန်း အရှုံးပေါ်နေတာတော့ ဟုတ်ပါပြီ၊ နောက်ဆုံး ငွေစာရင်းချုပ်ကို သွားပြီးတော့ကြည့်၊ အထွက်စာရင်း မှာ ငွေအများဆုံးထွက်တဲ့ ကိန်းဂဏန်းကိုကြည့်၊ အဒီကိန်းဂဏန်း ဟာ ဘယ်ခေါင်းစဉ်အောက်ကလဲဆိုတာ သိအောင်လုပ်ခဲ့၊ အဲဒီ ခေါင်းစဉ်ဟာ မင်းရဲ့ရန်သူပဲ"

ဟုအဘပြောလိုက်ရာ မောင်မှတ်ကြီးက ပြုံးလေ၏။ ပြုံး ပြီးလျှင် ...

"ဒီလိုရှိတယ်အဘ၊ အဲဒါကိုသွားပြီး ကြည့်ဖို့မလိုပါဘူး၊ ကျွန်တော် သိပါတယ်၊အဲဒါက ကျွန်တော်ရဲ့လုပ်ငန်း အသီးသီး မှာ ခေါ်ယူပြီးခန့်ထားတဲ့ အလုပ်သမားလစာပဲ၊ အလုပ်သမား လစာက တစ်လတစ်လကို ရှစ်သောင်းအထက်မှာ ကုန်ကျတယ်"

ဟုမောင်မှတ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ အဘ က ...

"အဲဒါကို ပြန်ပြီး စီစစ်ရမယ်ကွ၊ မင်းခန့်ထားတဲ့ အလုပ် သမားတွေဟာ တကယ်လိုအပ်လို့ ခန့်ထားတာလား၊ တကယ်မလို အပ်ဘဲ ခန့်ထားတာလား ဆိုတာကို စဉ်းစားရမယ်ကွ၊ ခင်မင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ကိုမှတ်ကြီးရယ်၊ ကျွန်တော့်တူမလေး အလုပ်မရှိလို့၊ ကျွန်မသားလေး ဆယ်တန်းကလဲမအောင်၊ စိတ်လေနေလို့ ရှင့်အလုပ်ထဲမှာ သွင်းပေးပါဆိုလို့ သွင်းထားရတဲ့ အလုပ်သမားမျိုးတွေ၊ အကြောင်းအမျိုးမျိုးကြောင့် သနားလို့ အလုပ်မှာအသုံးမဝင်ဘဲ ခန့်ထားတဲ့ အလုပ်သမားတွေ ရှိသလား"

ဟု အဘက ပြောလိုက်လေ၏။ မောင်မှတ်ကြီးက ...

"ရှိတာပေါ့ အဘရာ"

ဟု ပြန်၍ ဖြေလေ၏။ အဘက ...

"အလုပ်လုပ်တာ အလုပ်မလုပ်တဲ့လူတွေ ခန့်ထားလို့ ဘယ်ဖြစ်မလဲကွ၊ မဟုတ်တာတွေ အကုန်လုံး ထုတ်ပစ်ရမယ်၊ မင်းဟာ စီးပွားရေးလုပ်နေတယ်ဆိုတာကို မမေ့နဲ့၊ ကယ်ဆယ်ရေးအသင်းထောင်တာ မဟုတ်ဘူး၊ အလုပ်လုပ်တဲ့သူကိုပဲ ခန့်ထားရမယ်ကွ၊ ပြီးတော့ အလုပ်မှာသိပ်ပြီးအသုံးဝင်၊သိပ်ပြီး'ဟုတ်တဲ့' လူကိုတော့ မင်းအနေနဲ့ အလေးဂရုပြုရမှာကွ၊ အဲဒီလိုလူမျိုးတွေကို လစာလဲတိုးပေးရမယ်၊ ပြီးတော့ ဘာကဆုတွေ ဘာတွေလဲ ချရမယ်ကွ၊ အဲဒီလိုလုပ်ရင် မင်းရဲ့စီးပွားရေးလုပ်ငန်းဟာ အရှုံးရပ်သွားလိမ့်မယ်၊ အကောင်းဆုံးကတော့ အလုပ်သမားတွေကို အဲဒီသဘောထားကို ပြောထားရမယ်၊ အလုပ်မလုပ်တဲ့သူကို အလုပ်ဖြုတ်မယ်၊ အလုပ်လုပ်တဲ့သူကို ဆက်ပြီးအလုပ်လုပ်ခွင့်ပေးမယ်၊ သိပ်ပြီး လုပ်တဲ့လူကိုတော့ မင်းကလေးစားပြီး ဂုဏ်ပြုမယ် ဆိုတဲ့အကြောင်း ပြောပြထားရမယ်၊ အဲဒီတော့ ဒီလိုလုပ်ကွာ၊ ဆောင်ပုဒ်ကလေးတစ်ခုရေးထား . . .





"မဟုတ်ရင် ဖြုတ်
ဟုတ်ရင် လုပ်
သိပ်ဟုတ်ခဲ့ရင်
မှတ်ကြီး ဆုချမယ်"

ဟု အဘကပြောလေ၏။ မောင်မှတ်ကြီးလည်း လွန်စွာသဘောကျလေ၏။ ထို့ကြောင့် ထိုဆောင်ပုဒ်ကို ၎င်း၏မှတ်စု၌ ကူးရေးသွားပြီးလျှင် ဆိုင်းဘုတ်များရေး၍ အလုပ်ရုံ၊ စက်ရုံများ၊ ဆိုင်များနှင့် ၎င်း၏လုပ်ငန်းများ တည်ရာများတွင် ချိတ်ဆွဲစေလေ၏။ ထို့နောက် အလုပ်အတွက် အသုံးဝင်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးဖြင့် ခန့်ထားသော အလုပ်သမားများကို ဖြုတ်ပစ်လိုက်လေ၏။ ထို့ကြောင့် အလုပ်သမားတစ်ဝက်နီးပါးခန့် လျော့သွားလေ၏။ အလုပ်သမားလစာလည်း တစ်ဝက်နီးပါးခန့် လျော့ကျသွားလေ၏။ မောင်မှတ်ကြီးလည်း အဘထံသို့ တစ်ခေါက်ပြန်ရောက်လာ၏။ အဘကိုတွေ့လျှင်တွေ့ချင်း ...

"အဘရေ အဘပြောတဲ့အတိုင်း လုပ်တာ အလုပ်သမားလစာတစ်ဝက်လောက် သက်သာသွားတယ်"

ဟု ပြောလိုက်ရာ အဘက ...

"တစ်ဝက်သက်သာတယ်ဆိုတော့ တစ်လကို လေးသောင်းသက်သာတာပေါ့ကွာ၊ နှစ်ချုပ်လိုက်ရင် လေးသိန်းရှစ်သောင်းလောက် မင်းအိတ်ထဲကို ဝင်သွားပြီပေါ့ကွာ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတော့ အိတ်ထဲကို ထည့်လို့မဖြစ်ဘူးပေါ့၊ သက်သာသွားတဲ့ငွေရဲ့ တစ်ဝက်ကို မင်းအလုပ်မှာ သိပ်ပြီးဟုတ်တဲ့ အလုပ်သမားတွေကို ဝေပုံကျခွဲပေးရမယ်ကွ၊ သူတို့ရဲ့ ကျွမ်းကျင်ခြင်း၊ တတ်သိနားလည်ခြင်း၊ ကြိုးစားခြင်းတွေကို ပူဇော်တဲ့သဘောပေါ့ကွာ၊ အဲဒီက အစွန်းထွက်ကလေးကိုတော့ မင်းရဲ့အလုပ်ထဲမှာ ဟုတ်ရုံကလေးဟုတ်တဲ့ အလုပ်သမားတွေကို ဆပ်ပြာလေး၊ အထည်လေးလောက် ဝေပေးလိုက်ပါ"

ဟု အဘကပြောသဖြင့် မောင်မှတ်ကြီးလည်း ပြန်သွားပြီးလျှင် ထိုအတိုင်း ပြုလုပ်လေ့ရှိ၏။ ၎င်း၏အလုပ်သမားများလည်း အလုပ်ဖြုတ်ခံရခြင်းမရှိဘဲ၊ လစာများတိုးခြင်း၊ လက်ဆောင်ပစ္စည်းများရခြင်းတို့ကြောင့် ပျော်ရွှင်ကြကုန်၏။ အလုပ်ကိုလည်း ခါတိုင်းထက်ပို၍ ကြိုးစားလုပ်ဆောင်ကြကုန်၏။ မောင်မှတ်ကြီးသည် အဘထံသို့ တစ်ခေါက်ပြန်၍လာ၏။ အဘနှင့်တွေ့လျှင် ၎င်းက ...

"အဘရေ အဘပြောတဲ့အတိုင်းလုပ်လိုက်တာ အတော့်ကိုနေရာကျတာပဲ၊ အလုပ်သမားတွေလဲ ခါတိုင်းထက်ပိုပြီး အလုပ်လုပ်ကြတယ်၊ ပျော်လဲပျော်ကြတယ်၊ အဘကတော့ စီးပွားရေးမလုပ်ဘဲ စီးပွားရေးအကြောင်း အတော်ကိုနားလည်တာပဲ၊ အဲဒီလိုနည်းကောင်းလေးတွေ အဘ ဘယ်ကရတာလဲ"

ဟု မောင်မှတ်ကြီးက မေးလိုက်လေ၏။ ထိုအခါ အဘက ....





"ဒါအဆန်းမဟုတ်ပါဘူးကွာ၊ ရှစ်နှစ်သားကတည်းက ငါသိတဲ့နည်းတွေပါကွ"

ဟု အဘက ပြန်၍ပြောလိုက်လေ၏။

မောင်မှတ်ကြီးသည် အဘ၏မျက်နှာအား မယုံကြည်သကဲ့သို့ ကြည့်လိုက်လေ၏။ ပြီးလျှင် ...

"ဖြစ်နိုင်ပါ့မလား အဘရယ်၊ ရှစ်နှစ်သားဆိုတာ ကလေးပဲရှိသေးတာ၊ စီးပွားရေးသဘောတွေ ဘယ်လိုလုပ်ပြီးသိမှာတုန်း"

ဟုမောင်မှတ်ကြီးက ပြန်၍မေးလိုက်လေ၏။

"ရှစ်နှစ်သားမှာ ငါဟာ ဘုန်းကြီးကျောင်းမှာ နေနေပြီ၊ အဲဒီမှာ မင်္ဂလသုတ်ကို ရနေပြီလေကွာ၊ မင်္ဂလသုတ်ထဲမှာ ..

အသေဝနာစ ဗာလာနံ

ပဏ္ဍိတာနဉ္စ သေဝနံ

ပူဇာစ ပူဇနေယျာနံ

လို့ ဆိုထားတယ် မဟုတ်လား၊ "အသေဝနာစဗာလာနံ" ဆိုတာ လူမိုက်နဲ့ မပေါင်းနဲ့ကွ၊ လူမိုက်ဆိုတာ ဘယ်သူလဲသိလား၊ မင်းရဲ့အလုပ်နဲ့ပြောရရင် အလုပ်မှာ အဟုတ်တကယ် အသုံးမဝင်တဲ့လူတွေဟာ လူမိုက်ပေါ့ကွာ၊ မင်းရဲ့အလုပ်ကို ဒုက္ခကောင်းကောင်းပေးမယ့် လူတွေကွ၊ ဒါကြောင့် သူတို့ကိုမဟုတ်ရင် ဖြုတ်တဲ့ထဲ ထည့်လိုက်တာ၊မင်းရဲ့အလုပ်မှာ အဟုတ်တကယ် အသုံးဝင်တဲ့လူတွေဟာ ပဏ္ဍိတပညာရှိတွေကွ၊ ဒါကြောင့် ဟုတ်ရင်လုပ်အမျိုးအစားထဲမှာ သူတို့ကိုထည့်ခိုင်းတာ၊ ပြီးတော့ အလုပ်မှာလဲ ကျွမ်းကျင်တယ်၊တကယ်လဲ အလုပ်လုပ်တဲ့လူတွေကိုတော့ ပူဇော်

www.burmeseclassic.com



ရမယ့် ပူဇာစတွေကွ၊ဒါကြောင့် သူတို့ကို "သိပ်ဟုတ်" စာရင်းထဲမှာ ထည့်ခိုင်းတာကွဲ၊ စီးပွားရေးပညာ မဟုတ်ပါဘူး မင်္ဂလသုတ်ထဲကအတိုင်း မင်းကို လုပ်ခိုင်းလိုက်တာကွ"

ဟု အဘကပြောလိုက်လျှင် မောင်မှတ်ကြီးက ...

"အဘရယ် မင်္ဂလသုတ်ဘုရားစာဟာ စီးပွားရေးမှာ အသုံးပြုလို့ရတာကိုး"

ဟု ပြောလိုက်လေ၏။

"ဒီလိုမှတ်ကြီးရဲ့၊ ဘုရားရဲ့ဟောကြားချက်တွေဟာ အကွက်ပေါင်းများစွာ သွေးထားတဲ့စိန်တုံးလိုပဲ၊ လောကီမှာ အကျိုးရှိချင်ရင် လောကီနဲ့ ပတ်သက်တဲ့အကွက်က ယူလိုက်ရုံပေါ့ကွာ၊ မင်္ဂလသုတ် အလွတ်ရအောင်ကျက်ပြီး သဘောကို နားလည်အောင် လုပ်ထားပေါ့ကွာ"

ဟု အဘက ဟောလိုက်လေ၏။

"နေဦး အဘရဲ့၊ အလုပ်ထုတ်ရမယ့် အလုပ်သမားတွေကို အလုပ်ထုတ်လိုက်တာရယ်၊ လစာတိုးပေးသင့်တဲ့ အလုပ်သမားတွေကို လစာတိုးပေးတာရယ်၊ လက်ဆောင်ပေးသင့်တဲ့ အလုပ်သမားတွေကို လက်ဆောင်ပေးတာရယ်ကတော့ အဘပြောတဲ့အတိုင်း အသေဝနာစဗလနံနဲ့တော့ ပြီးပါပြီ၊ လုပ်ငန်းတိုးတက်အောင် ဘယ်လိုလုပ်ရမလဲ အဘရဲ့"

ဟုမောင်မှတ်ကြီးက မေးလိုက်လေ၏။ ထိုအခါ အဘက

"ဒီလိုလေ မှတ်ကြီးရ မင်းကအလုပ်တွေ အများကြီးလုပ်ထားတာပဲ၊ အဲဒီအလုပ်တွေအများကြီးကို ပြန်ပြီးစီစစ်ကွ၊ အရှုံး





ပေါ်နေတဲ့လုပ်ငန်းဟာ 'ဗာလာနံ'ပဲ၊ ဒီကောင့်ကိုဖြုတ်ပစ်လိုက်၊ အရင်းရတဲ့လုပ်ငန်းဟာ 'ပဏ္ဍိတာပဲ' ဒီအလုပ်ကိုတော့ မဖြုတ်နဲ့၊ မင်းအတွက် အရင်းလောက်ရပေမယ့်မင်းရဲ့အလုပ်သမားတွေကတော့ အလုပ်ကိုမှီပြီး ထမင်းစားရတော့ အဲဒီအလုပ်ကို ထားလိုက်ပါ၊ အမြတ်ပေါ်တဲ့အလုပ်ကတော့ 'ပူဇာစ'ပဲကွ၊ သူကတော့ ပူဇော်ရမယ့် လုပ်ငန်းပဲကွ၊ အဲဒီအလုပ်ကို ငွေရင်းငွေနှီးတွေထပ်ပြီးထည့်ကွ၊ ထပ်ပြီး တိုးချဲ့ကွ၊ အဲဒါဟာ စောစောက ငါပြောတဲ့ 'အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနံ၊ ပူဇာစ ပူဇနေယျာနံ' ဆိုတဲ့ မင်္ဂလာသုတ်နဲ့ အညီပဲကွ"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးသည် လွန်စွာသဘောကျ၍ သွားလေ၏။

"မှန်ပါတယ် အဘ၊ အဘပြောတဲ့အတိုင်း လုပ်ပါ့မယ်"

ဟု ဆိုကာ ပြန်သွားပြီးလျှင် စတိုးဆိုင်လုပ်ငန်း၊ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းနှင့် ပုံနှိပ်စက်လုပ်ငန်းတို့ကို ဖြုတ်ပစ်လိုက်လေ၏။ သံထည်လုပ်ငန်းနှင့် ဆန်စက်လုပ်ငန်းတို့ကို ဒီအတိုင်းထားပြီးလျှင် ပတ္တမြားမိုး မော်တော်ယာဉ် ပို့ဆောင်ရေးလုပ်ငန်းနှင့် ပတ္တမြားမိုး ရေယာဉ်ပို့ဆောင်ရေးလုပ်ငန်း တို့ကို တိုးချဲ့လိုက်ရာ မောင်မှတ်ကြီး၏ စီးပွားရေးလုပ်ငန်းများသည် နေ့ချင်းညချင်းပင် ဖင်ပိုင်းမနစ်ဘဲ ဦးမော့သွားသော လှေကဲ့သို့ ဖြစ်သွားလေတော့သတည်း။

❏



www.burmeseclassic.com

www.burmeseclassic.com

## ကြော်ငြာသမား မောင်ဖိုးအောင်

မောင်မှတ်ကြီး၏ စီးပွားရေးလုပ်ငန်းများသည် တစ်ခုပြီး တစ်ခု အောင်မြင်၍ လာပြီဖြစ်၏။ ထို့ကြောင့် ယခင်က ဖြုတ်ပစ်ခဲ့ရသော ပတ္တမြားမိုး ပုံနှိပ်စက်လုပ်ငန်းကို စက်အသစ်များဝယ်ယူ၍ ပြန်လည်လုပ်ဆောင်ခဲ့၏။ ရုပ်ရှင်ရိုက်ကူးသောလုပ်ငန်းကို လုံးဝပြန်၍ မလုပ်တော့ပေ။

သို့ရာတွင် စတိုးဆိုင်လုပ်ငန်းကို စိတ်မကုန်သေးသဖြင့် ပြန်လည် လုပ်ကိုင်လိုသော်လည်း၊ မည်သို့ မည်ပုံလုပ်ရမည်ကို မသိသဖြင့် မလွှကုန်း ဘုတာဘက်ဆီသို့ မော်တော်ကားဖြင့် ထွက်လာခဲ့လေ၏။ ထိုသို့ထွက်လာခဲ့ရာ ဘူတာအနီး ခမ္မာရုံဟောင်းလေး၌ အဘကို အခန့်သင့်ပဲ တွေ့ရလေ၏။ အဘသည် မှတ်ကြီးကို မြင်လျှင်မြင်ချင်း ...

"ဟ မှတ်ကြီး လာပြန်ပြီကိုး၊ ဘာများ ဖြစ်လို့တုန်းကွ"





ဟု မေးလိုက်၏။

ထိုအခါ မှတ်ကြီးက ...

"အဘ ဘာများ လိုသေးသတုန်း"

ဟု မေးလိုက်ရာ အဘက ...

"မလိုပါဘူး မှတ်ကြီးရာ၊ မင်းလာရင်း ကိစ္စကိုပဲ ပြောပါတော့"

ဟု ဆိုလေ၏။ ထိုအခါ မှတ်ကြီးက ...

"ဒီလိုပါ အဘ၊ စတိုးဆိုင်လုပ်ငန်းကို အဘပြောကတည်းက ဖြုတ်ပစ်ခဲ့တာ ကြာပါပြီ၊ ကျွန်တော် အဲဒီလုပ်ငန်းကို စိတ်မကုန်ဘူး၊ ဘာဖြစ်လို့ ဒီလုပ်ငန်းရှုံးရသလဲဆိုတော့ နေရာမကောင်းလို့ပဲ အဘ၊ ကျွန်တော် စတိုးဆိုင်ဖွင့်ထားတဲ့နေရာတွေဟာ အရောင်းအဝယ်မကောင်းတဲ့ နေရာ၊ ဈေးကွက်မရှိတဲ့ နေရာတွေပဲ၊ ဒါကြောင့် အရှုံးပေါ်ရတာ၊ နေရာကောင်းကောင်းရလို့ ဆိုင်ဖွင့်ရမယ်ဆိုရင် ဒီဆိုင်တွေဟာ အကြီးအကျယ် မြတ်မယ့်ဆိုင်တွေပဲ"

ဟု ပြောလိုက်လေ၏။ အဘသည် ရေနွေးကြမ်းတစ်ခွက်ကို ငုံ၍ မော့ပြီးနောက် ...

"ဒီလိုရှိတယ် မှတ်ကြီး၊ မင်းပြောတဲ့ နေရာတို့၊ ဈေးကွက်တို့ဆိုတာဟာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာထဲမှာ 'ပတိရူပဒေသဝါသောစ' ဆိုတဲ့အပိုဒ်ပဲကွ၊သင့်တင့်လျောက်ပတ်သောအရပ်၌နေရခြင်းဆိုတဲ့ မင်္ဂလာပဲ၊ အဲသည်တော့ မင်းရဲ့စတိုးဆိုင်တွေဟာ နေရာမကောင်းဘူးဆိုတော့ ပတိရူပဒေသဝါသောစဆိုတဲ့ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဖွက်တာပဲ၊ အဲသည်တော့ အဲသည် မင်္ဂလာနဲ့ညီအောင် မင်းရဲ့စတိုးဆိုင်တွေကို နေရာကောင်းကို ရွှေ့ပစ်လိုက်ကွာ”

ဟု အဘက ပြောလေ၏။

“ဒီလိုရှိတာယ်အဘ၊ အခု ကျွန်တော်စတိုးဆိုင်ဖွင့်ဖို့ ဝယ်ထားတဲ့နေရာတွေဟာလည်း အရင်ကတော့ နေရာကောင်းတွေပါပဲ၊ အဘပြောတဲ့ ပတ်ိရူပတွေပေါ့၊ ကျွန်တော်ဖွင့်ပြီး တစ်နှစ်ကျော်ကျော်လောက် ကြာတဲ့အခါမှာ သည်နေရာတွေမှာ မစည်ကားတော့ပဲဖြစ်သွားတာကိုး အဘရဲ့၊ အခုလည်း စည်ကားတဲ့နေရာတွေမှာ သွားပြီး ဝယ်ထားတယ်ပဲထားဦး၊ ကိုယ်ဝယ်ပြီးမှ မစည်ကားတော့ရင် ဘယ့်နှယ်လုပ်မတုန်း အဘရဲ့”

ဟု မှတ်ကြီးက ပြန်၍ပြောလေ၏။ ထိုအခါ အဘက

“လွယ်ပါတယ်ငါ့လူရာ၊ မင်းပြောသလိုဆိုရင် ဒီနေရာက စည်လိုက်၊ ဟိုနေရာကစည်လိုက် ဖြစ်နေတာကိုး၊ဝယ်သူကလည်း ဒီနေရာကနေ ဟိုနေရာ၊ ဟိုနေရာကနေ ဒီနေရာဆိုသလို ရွှေ့နေတဲ့သဘောပဲ၊ ဝယ်သူပြေးနေတယ်ပေါ့ကွာ၊ ဒီလိုဆိုလည်း ကိုယ်က ‘ဆိုင်ပြေး’ဖွင့်တာပေါ့”

ဟု အဘက ပြောလေ၏။

“ဘယ်လို ‘ဆိုင်ပြေး’ လဲ အဘရဲ့”

ဟု မှတ်ကြီးက မေးလိုက်လေ၏။

“ဒီလိုလေကွာ၊ စတိုးဆိုင်ဝယ်မယ့်ငွေတွေကို ဆိုင်မဝယ်ဘဲ၊ ကားတွေ ဝယ်ပစ်လိုက်ကွ၊ ပြီးတော့ ဘော်ဒီကို မှန်တွေဘောင်တွေတပ်ပြီး စတိုးဆိုင်ပုံစံမျိုးဖြစ်အောင် တင်လိုက်ကွ၊ ပြီးတော့





မှ အဲဒီကားပေါ်မှာ စတိုးပစ္စည်းတွေတင်ပြီး လူစည်ကားတဲ့နေရာမှာ လိုက်ပြီးရောင်းမယ်ကွာ၊ ဝယ်သူ ဘယ်လောက်ပြေးပြေး၊ ကားနဲ့လိုက်ပြီး ရောင်းမယ်ကွာ၊ မင်းဆိုင်နေရာမှာ လူမစည်မှာကို မကြောက်ရဘူး၊ စည်မယ့်နေရာကို လိုက်မှာကွ၊ စည်မယ့်နေရာကို ကိုယ်က လိုက်မှာပဲဥစ္စာ”

ဟု အဘကပြောလိုက်လေ၏။ ထိုအခါ မှတ်ကြီးလည်း ဝမ်းမြောက်စွာဖြင့် အိမ်သို့ပြန်လာလေ၏။ ၎င်း၏အတွေးခွဲလည်း ‘ဝယ်သူပြေးရင် ဆိုင်ပြေးဖွင့်ရမယ်” ဆိုသော အဘ၏စကားများသည် ပြည့်လျှံလျက်ရှိလေတော့၏။

ထို့ကြောင့် မော်တော်ကားများဝယ်ယူကာ စတိုးဆိုင်ပစ္စည်းများတင်၍ လှည့်လည်ရောင်းချရန် စီစဉ်ခဲ့လေ၏။ သူ၏နယ်လှည့် စတိုးဆိုင်လုပ်ငန်းသည် စလိုက်သည်နှင့် တပြိုင်နက်အောင်မြင်လေတော့၏။ သူ၏ အရောင်းကားကြီးများသည် ရန်ကုန်မြို့ လူစည်ကားရာနေရာများတွင် တွေ့ရတတ်သကဲ့သို့ တစ်ခါတစ်ရံ ပဲခူး၊ တောင်ငူ၊ စသည့်မြို့များသို့တိုင်အောင် ရောက်ရှိခဲ့လေ၏။

ထို့ပြင် မောင်မှတ်ကြီးသည် မော်တော်အလတ်စားတစ်စီးကို ဝယ်ယူကာ၊ အလှအပပြင်ဆင်၍ အလှကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများတင်ပြီးလျှင် ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ရှိ မြစ်ကြီးမြစ်ကြား ချောင်းကြီးချောင်းကြားမကျန် လှည့်လည်ရောင်းချခဲ့လေ၏။

www.burmeseclassic.com



ထို့ကြောင့် စတိုးဆိုင်လုပ်ငန်းသည် မောင်မှတ်ကြီးလုပ်သော လုပ်ငန်းများတွင် အမြတ်ဆုံးလုပ်ငန်း ဖြစ်သွားလေတော့၏။ မောင်မှတ်ကြီးသည် သူ၏စတိုးဆိုင် ကားကြီးများ၌လည်းကောင်း၊ ရေယာဉ်၌လည်းကောင်း၊ အသံချဲ့စက်ကို အသုံးပြုကာ ကြော်ငြာရောင်းချတတ်သော လူများကို လခကောင်းကောင်းပေး၍ ခန့်ထားခဲ့လေ၏။ ထိုသို့ခေါ်ယူခန့်ထားရာတွင် ဒလမြို့မှ မောင်ဖိုးအောင်ဆိုသူတစ်ယောက်သည် အတော်ဆုံးဖြစ်၏။ သူသည် အသံချဲ့စက်ဖြင့် ကြော်ငြာရောင်းချတတ်၏။ ပုံတိုပတ်စများကိုလည်း ကွက်စိတ်ဟောသကဲ့သို့ ဟောပြောတတ်၏။ ဇာတ်သီချင်းတော်တော်များများကို ရ၏။ ငမိုးရိပ်နှင့် မမယ်ပွင့်ဇာတ်ထုတ်၊ ထီလပ်ပိုးဥ ဇာတ်ထုပ်၊ ကျိုက်ထီးရိုးသမိုင်း၊ ရွှေချိုးဖြူ မှုလခဲဇာတ်ထုပ် စသည်တို့သည် မောင်ဖိုးအောင်၏ အပိုင်ဆုံးဇာတ်ထုပ်များ ဖြစ်၏။

မောင်ဖိုးအောင်သည် မောင်မှတ်ကြီး၏ ဈေးမော်တော်တွင် လိုက်ရ၏။ လုမော်တော် ရွာတစ်ရွာသို့ မဆိုက်မီ၌ပင် မောင်ဖိုးအောင်သည် အသံချဲ့စက်ဖြင့် အသံကုန်ဟစ်၍ ဟဲလေတော့သည်။ ထိုအသံကိုကြားလျှင် ထိုရွာအတွင်းရှိ ကလေး၊ လူကြီးသာမက ခွေးပါမကျန်အောင် လှေဆိပ်ဆီသို့ "ကွက်စိတ်လှေကြီးလာပြီဟေ့" ဟုအော်ဟစ်ကာ ပြေးလာတတ်မြဲဖြစ်၏။

မောင်ဖိုးအောင်သည် ထိုကြော်ငြာလုပ်ငန်းတွင် အထူးအောင်မြင်သော ကြော်ငြာသမားဖြစ်၏။ မောင်မှတ်ကြီးသည် မောင်ဖိုးအောင်အား ၎င်း၏ လုပ်ရည်ကိုင်ရည်ကြောင့် လွန်စွာ





ခင်မင်သွား၏။ မောင်မှတ်ကြီးက မောင်ဖိုးအောင်အား ကိုဖိုးအောင်ဟုခေါ်၏။ မောင်ဖိုးအောင်ကမူ မောင်မှတ်ကြီးအား သူဌေးဟုခေါ်၏။ မောင်ဖိုးအောင် လခထုတ်သောရက်များတွင် မောင်ဖိုးအောင်၏မိန်းမ၊ မကုလားမသည် ဒလဘက်မှ ကူးလာတတ်မြဲဖြစ်၏။ ထို့နောက်အိမ်တွင် တစ်လသုံးရန်အတွက် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက်၊ မဆလာမှအစ ဝယ်ယူ၍ ပြန်သွားတတ်၏။ မောင်ဖိုးအောင်သည် မကုလားမ လခလာ၍ယူသော အခါတိုင်း၌ သူဌေးနှင့်ဝင်၍ တွေ့ခိုင်း၏။ ဂါရဝပြုခိုင်း၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် မောင်ဖိုးအောင်တို့ လင်မယားနှင့် အတော်အတန် ရင်းနှီးခင်မင်သွားပြီး ဖြစ်၏။

တစ်နေ့တွင် မကုလားမသည် မောင်ဖိုးအောင်၏လခကို လာ၍ သိမ်းသောအခါ၌ မောင်မှတ်ကြီးက မကုလားမအား နေရေး၊ ထိုင်ရေး၊ စားရေးသောက်ရေးကို မေးမြန်း၍ လက်ဖက်ရည်တိုက်၏။ အလ္လာပ သလ္လာပစကားများကို ပြော၏။

ထိုအခါ မကုလားမက ....

"သူဌေး အိမ်ထောင်မပြုတော့ဘူးလား"

ဟု မေးလိုက်ရာ မောင်မှတ်ကြီးက ...

"မကုလားမကတော့ ကျုပ်ဘာသာကျုပ် ကောင်းကောင်း ချွန်မွန်နေတာ မကြည့်ချင်တော့ဘူးထင်တယ်"

ဟုပြောလိုက်ရာ မကုလားမက ...

"ဒီလိုမဟုတ်ပါဘူး သူဌေးရယ်၊ ကျွန်မက စေတနာနဲ့ မေးတာပါ၊ အောက်လက်ငယ်သား တပည့်တပန်းတွေ ဘယ်

www.burmeseclassic.com



လောက်ပဲများများ၊ နေမကောင်း ထိုင်မသာရှိတဲ့အခါမျိုးမှာ သားမယားမရှိရင် ချီးကလု သေးကလု ပြုစုဖို့ ခက်တယ်ရှင့်"

ဟု ပြောလေ၏။

"ဒါက ဒီလိုရှိပါတယ် မကုလားမရယ်၊ မိန်းမ မယူဘူး ဆိုတဲ့ အဓိဋ္ဌာန်လုပ်ထားတာမှ မဟုတ်ဘဲ၊ သင့်တော်ရာတွေ့ရင် ယူရမှာပေါ့ဗျာ"

ဟုမောင်မှတ်ကြီးက ပြောလိုက်လေ၏။

"ဒီလိုဆိုရင် သင့်တော်တာတွေ့ရင် ပြောရမလား"

ဟု မကုလားမက မေးလိုက်လေ၏။

"ဘယ်လိုလဲ မကုလားမ၊ ခင်ဗျားကတော့ ကျုပ်ကို တောသူတစ်ယောက်နဲ့ ပေးစားချင်နေပြီထင်တယ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်လျှင် မကုလားမက ...

"တောသူမှ မနောဖြူတာ သူဌေးရဲ့"

ဟု ပြန်၍ပြောလေ၏။

"အ တီး အ တနဲ့ ကောင်းပါ့မလား"

ဟု မောင်မှတ်ကြီးက ပြောပြန်ရာ မကုလားမက ...

"အ တီး အ တမှ စိတ်ချရတော့မှာပါ သူဌေးရဲ့၊ ခပ်လည်လည်ဆိုရင် သူဌေးကို ရောင်းစားပြီး နောက်လင်နဲ့လိုက်သွားမှာပေါ့"

ဟု ပြောလေ၏။

"မကုလားမကတော့ ခင်ဗျားအဖြေနဲ့ခင်ဗျား ဟုတ်နေတာပဲ၊ ကျုပ်အသက်က လေးဆယ်ရောက်နေပြီနော်၊ ကျုပ်ဆံပင်





ကို ဖြီးပြီးရှာရင် သေမင်းက လာပြီးစိုက်ထားတဲ့ အလံဖြူတွေ တစ်ပင်နှစ်ပင်လောက်တောင် တွေ့နိုင်နေပြီ မကုလားမရေ ..."

ဟုမောင်မှတ်ကြီးက ပြောလိုက်ရာ မကုလားမက ...

"ဒီအချိန် မိန်းမငယ်ငယ်လေးယူလိုက်ရင် အာယုဝဍ္ဎန ပေါ့ရှင်"

ဟု ပြောလိုက်သဖြင့် မောင်မှတ်ကြီးသည် မကုလားမ၏ စကားကို သဘောကျကာ တဟားဟား ရယ်မောလိုက်လေတော့ သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## မကြာဖြူကို ခေါ်လာခြင်း

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး မကြာမီ၌ မကုလားမသည် အသက် ၁၆ နှစ်အရွယ် ဖြူဖြူသွယ်သွယ် မိန်းကလေးတစ်ဦးနှင့်အတူ မောင်မှတ်ကြီးနေထိုင်ရာ ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း) ရှိ အိမ်ကြီးဆီသို့ ရောက်ရှိလာလေတော့၏။

"ဘယ်လိုလဲ မကုလားမ၊ စောစောစီးစီးဗျာ၊ ကိုဖိုးအောင်လခထုတ်တဲ့ရက်လည်း မဟုတ်ပါဘူး"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ၊ မကုလားမက ...

"မင်္ဂလာရှိမယ့်အချိန်ကို ရွေးပြီးလာရတာ သူဌေးရဲ့"

ဟုဆိုကာ ဖြူဖြူသွယ်သွယ် မိန်းကလေးဆီသို့ မေးငေါ့ပြလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်း ထိုမိန်းကလေးကို လှမ်း၍ ကြည့်လိုက်လေ၏။





အသားရောင်မှာ ဝင်းဝါစိုပြည်၏။ ကိုယ်လုံးကိုယ်ထည်မှာ ခပ်ပါးပါးဖြစ်၏။ မျက်နှာမှာ လှသည်ဟု မဆိုနိုင်သော်လည်း ယဉ်၏။ လက်ချောင်းလက်ဆံ ရှည်သွယ်၏။ မောင်မှတ်ကြီး သည် မကုလားမအား အခြားသောအခန်းသို့ ခေါ်သွား၏။ အခြားအခန်းသို့ရောက်လျှင် မောင်မှတ်ကြီးက ...

"ဘယ်လိုလဲ မကုလားမ"

ဟု မေးလိုက်လေ၏။ ထိုအခါ မကုလားမက ...

"သူဌေးအတွက် အာယုဝဍ္ဎနလေ၊ သဘောမကျဘူးလား"

ဟု ပြောလိုက်လေ၏။

"ငယ်လှချည်လားဗျာ၊ဖြစ်ပါ့မလား"

ဟု မောင်မှတ်ကြီးကမေးရာ မကုလားမက ...

"မဖြစ်လို့ ပြန်ပို့ရတယ်လို့ မကြားဖူးပါဘူးသူဌေးရယ်"

ဟု ပြောလေ၏။

"အို ခင်ဗျားကလဲ ဘာတွေလျှောက်ပြောနေတာတုန်း၊ ကျုပ်က အသက်လေးဆယ်ရှိပြီ၊ ဒီကလေးမလေး ကြည့်ရတာ ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမယ်၊ တော်ပါ့မလားဗျာ"

ဟု မောင်မှတ်ကြီးကပြောလျှင် မကုလားမက ...

"ဒီမှာသူဌေးရေ၊ အဲဒါကျွန်မသမီးပဲ၊ သူဌေးပြောတဲ့အတိုင်း ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ သူဌေးနဲ့နေရာမကျရင် ဒီက သူကြီးနဲ့ ပေးစားမယ်၊ သူကြီးကအသက်ခြောက်ဆယ်ကျော်ပြီ၊ မုဆိုးဖိုကြီးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"ဒီလောက် အသက်ကြီးတဲ့သူကြီးနဲ့တော့ မလုပ်ပါနဲ့ဗျာ၊ ကောင်မလေး သနားပါတယ်"

ဟု ထိတ်ထိတ်ပျာပျာဖြင့် ပြောလိုက်လေ၏။ ထိုအခါ မကုလားမက ...

"သနားရင် သူ့ဒွေးယူလိုက်"

ဟု ပြောလေ၏။

"နေပါဦး မကုလားမရယ်၊ မိန်းကလေးရဲ့သဘောလဲ မေးပါရစေဦး"

ဟုမောင်မှတ်ကြီးက ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် မိန်းကလေးရှိရာ အခန်းသို့ ပြန်၍လာကြလေ၏။ မိန်းကလေးသည် ရှက်၍ ခေါင်းကိုငုံ့ထား၏။

ထိုအခါ မောင်မှတ်ကြီးက ...

"နာမည် ဘယ့်နှယ်ခေါ်သလဲ မိန်းကလေး"

ဟုမေးလိုက်လေ၏။

"ကြာဖြူလို့ခေါ်ပါတယ် ဦး"

ဟု တိုးတိုးလေး ပြန်၍ဖြေလေ၏။

"မင်းနာမည်နဲ့ မင်းရဲ့အသားအရောင်ဟာ သိပ်ပြီးလိုက်တာပဲ၊စိတ်နှလုံးလေးပါ ဖြူစင်မယ်ဆိုရင်တော့ မင်းဟာ တန်ဖိုးမဖြတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ပဲ"

ဟုမောင်မှတ်ကြီးက ပြောလေ၏။





မိန်းကလေးသည် တစ်စုံတစ်ရာမပြောဘဲ ခေါင်းကိုညိတ်ပြလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဒီမှာ မကြာဖြူ၊ မင်းကို မင်းအမေက ဦးနဲ့ပေးစားမလို့တဲ့၊ အဲဒါ မင်းသဘောက ဘယ်လိုလဲ"

ဟု မေးလိုက်ရာ မကြာဖြူက ...

"အဘတို့ အမေတို့ စီမံတာကို ကြာဖြူအနေနဲ့ ငြင်းဆန်ဖို့ မရှိပါဘူး"

ဟု ပြန်၍ ဖြေရှာလေ၏။ ထိုအခါ မောင်မှတ်ကြီးက မကုလားမဘက်သို့လှည့်ကာ ....

"အဲဒီကိစ္စကို ကိုဖိုးအောင်နဲ့ တိုင်ပင်ပြီးပြီလား"

ဟုမေးလိုက်လေ၏။ ထိုအခါ မကုလားမက ...

"ဒီမှာ သူ့ဒွေး ကိုဖိုးအောင်မသိဘဲ ကုလားမ ဘာမှမလုပ်ဘူးဆိုတာ မှတ်ပါ"

ဟု ပြန်၍ပြောလေ၏။

ထို့နောက်တွင်ကား မောင်မှတ်ကြီးနှင့် မကြာဖြူတို့ မင်္ဂလာဆောင်ရန်အတွက် စီမံကြရလေတော့၏။ မင်္ဂလာဆောင်မဏ္ဍပ်ကို ဒလဥ္စပင်ပြုလုပ်လေ၏။ မဏ္ဍပ်မှာ ဝါးလုံးများတိုင်ထူ၍ ထိုဝါးလုံးတိုင်များတွင် ဝါးခြမ်းပြားများကို ယက်ကာ မှိုင်းခံ ကျောက်ကပ်ပြီး အုတ်တိုင်ပုံများ၊ ကျောက်ပန်းအိုးပုံများ ရေးဆွဲပြီးဆင်လေ၏။

ထိုမဏ္ဍပ်ထိုးပြီးသည်နှင့် တစ်ပြိုင်နက် မကုလားမသည် ဘစ်ရှာလုံးသို့ လှည့်လည်ကာ ....

www.burmeseclassic.com



"ငါ့သမီး ကြာဖြူရဲ့ မင်္ဂလာဆောင် တိုက်မဏ္ဍပ်ကို လာကြည့်ကြစမ်း"

ဟု ခေါ်၍ပြသဖြင့် မဏ္ဍပ်ရှေ့တွင် လာ၍ကြည့်ကြသော ရွာသူရွာသားများကြောင့် ဖုန်တထောင်းထောင်းထ၍ နေလေတော့၏။

သူကြီးမှာလည်း မိမိရမည့်မိန်းမအား သူဌေးမှတ်ကြီး ရသွားသောကြောင့် တဖျစ်တောက်တောက် မြည်တွန်တောက်တီးလျက် ရှိလေ၏။

"ဒီကိစ္စဟာ ဖိုးအောင်လည်း မပါဘူး၊ ကာယကံရှင်ဖြစ်တဲ့ ကောင်မလေးလဲမပါဘူး၊ ဒါသူ့အမေ ကုလားမတစ်ယောက်တည်း ရှုတ်တဲ့ဇာတ်လမ်း၊ ငါတွေ့ဖူးပေါင်းများလှပြီ၊ မြန်မာမ ဖြစ်ပါလျက် ကုလားမလို့ နာမည်တွင်တဲ့မိန်းမတွေဟာ သည်အတိုင်းချည်းပဲ၊ တစ်နေရာမှာ မရှုပ်ရရင် တစ်နေရာမှာ ရှုပ်တော့တာပဲ"

ဟု ပြောဆို၍ မကုလားမဒသ အမျိုးမျိုးအဖုံဖုံ ကျိန်ဆဲလျက် ရှိလေတော့၏။

မင်္ဂလာဆောင်သောနေ့၌ ဝက်သားဟင်း၊ ငါးပိကြော်၊ သရက်ချဉ်၊ မဲဇလီဟင်းချို စသည့်ဖြင့် ကျွေးမွေးလေ၏။ ထမင်းစားပြီးသော သူများအား အိုက်စကရင်တိုက်လေ၏။ သတို့သား သတို့သမီးမိဘကို ကန်တော့ရသောအခါ၌ မောင်မှတ်ကြီးသည် မကုလားမကို ကန်တော့ရန် ဝန်လေးနေ၏။ သို့ရာတွင် မတတ်သာသည့်အဆုံး၌ ကုန်း၍ဦးချလိုက်ရတော့လေ၏။





ထိုအခါ၌ မကုလားမသည် . . .

"ငါ့သားကြီးလဲ အာယုဝနနဲ့ ဆေးမိုဝဲရသော ဝိန္ဒာထိုရ်ကဲ့သို့ မာမာခြာခြာနဲ့ အသက်ရှည်ပြီး သည်မိဘနှစ်ပါးကို ကောင်းစွာ စောင့်ရှောက်ကျွေးမွေးနိုင်ပါစေကွယ်"

ဟု ဆုပေးလိုက်ရာ မောင်မှတ်ကြီးက အောင့်သက်သက်ဖြင့် . . .

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

ဟု ပြန်၍ပြောရလေတော့၏။

ထိုအချိန်၌ သူကြီးသည် သူ၏အိမ်တွင် ဆောက်တည်ရာမရနိုင်ဘဲရှိရာ၊ နောက်ဆုံး၌ စိတ်ကိုမထိန်းနိုင်တော့ဘဲ နှစ်လုံးပြူးသေနတ်အား မိုးပေါ်သို့ထောင်ကာ 'ဒိုင်း'ခနဲ ပစ်လိုက်လေတော့၏။ ထို့ကြောင့် မင်္ဂလာမဏ္ဍပ်တွင် အနည်းငယ် ရုတ်ရုတ်သဲသဲ ဖြစ်သွားရ၏။ သို့ရာတွင် ရွာမိ ရွာဖ လူကြီးများက ထိန်းလိုက်သောကြောင့် ငြိမ်၍သွား၏။

မောင်မှတ်ကြီးသည် မကုလားမနှင့် မောင်ဖိုးအောင်အား ငွေငါးထောင် ကန်တော့ပြီးနောက် မကြာဖြူကလေးအား ရန်ကုန်သို့ ခေါ်လာလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## ရေနံဆီသံပုံးအပြည့် နွားနို့တွေနဲ့ ဆေးပစ်မယ်

မောင်မှတ်ကြီးသည် မကြာဖြူကလေးအား လွန်စွာ မြတ်နိုး၏။ ထိုသို့ မြတ်နိုးရသည့်အကြောင်းတွင်လည်း မကြာဖြူကလေးသည် အိမ်မှုကိစ္စများကို အိမ်ဖော်များနှင့် လွှဲမထားဘဲ မိမိကိုယ်တိုင် ကြိုးစားလုပ်ဆောင်သော အကြောင်းသည်လည်း တစ်ကြောင်းဖြစ်၏။ မောင်မှတ်ကြီးနှင့် အိမ်ထောင်ကျသည့်နေ့မှစ၍ မကြာဖြူသည် မောင်မှတ်ကြီးထက် စောစွာအိပ်သည်ဟူ၍မရှိ၊ မောင်မှတ်ကြီး အိပ်ပြီးမှသာ အိပ်ရာ၏။ အိပ်ရာမှထသည့်အခါ၌လည်း မောင်မှတ်ကြီးထက် နောက်ကျမှထသည်ဟူ၍ မရှိတော့ စောစွာ ထတတ်၏။ မောင်မှတ်ကြီးသည် သူဌေးဟုဆိုသော်လည်း အခြားသော သူဌေးများကဲ့သို့ မျိုးရိုးစဉ်ဆက် သူဌေးဘဝမှ ဆင်းသက်လာသူမဟုတ်ဘဲ ဇရပ်ပေါ်နေ ဇရပ်ပေါ်စားပြီး သူဌေးဖြစ်လာရသူဖြစ်သည့်အလျောက် စားသောက်နေထိုင်ပုံတို့မှာ လွန်စွာ ဆင်းရဲသားဆန်၏။





ဥပမာအားဖြင့်ဆိုရသော် အိပ်ရာထထချင်း စားသောဘာရိတ်ဖတ်ခေါ် နံနက်စာကို ပေါင်မုန့်၊ ကော်ဖီ စသည်တို့ သောက်လေ့မရှိဘဲ ထမင်းကြမ်းနှင့်ပဲပြုတ်ကို နှစ်သက်သည်ဖြစ်ရာ မကြာဖြူသည် မောင်မှတ်ကြီးစားရန်အတွက် ထမင်းကြမ်းတစ်ပန်းကန်တွင် ပဲပြုတ်တစ်ဆယ်သားထည့်ကာ ဆီရွှဲရွှဲဆမ်း၍ နယ်ပေးထား၏။ မောင်မှတ်ကြီး ငါးပိရည်ကြိုက်တတ်မှန်း သိတတ်သောကြောင့် ငါးပိရည်ပူပူတွင် ရေတ်သီးမှုန့် နိုင်နိုင်ထည့်ကာ ထားပေး၏။ မောင်မှတ်ကြီးသည် ကြက်သွန်နီကိုလည်း ကြိုက်သည်ဖြစ်ရာ မကြာဖြူသည် ကြက်သွန်နီကို အခွံခွာ၍ ထက်ခြမ်းစိပ်ပေးထား၏။ ရေနွေးကြမ်းကို ကျက်ကျက်ဆူအောင် ဆူပ်၍ လက်ဖက်ခြောက် နိုင်နိုင်ခပ်ပေးထား၏။ မောင်မှတ်ကြီးသည် အိပ်ရာမှထ၍ မျက်နှာသစ်ပြီးသည်နှင့်တစ်ပြိုင်နက် ထမင်းစားပွဲ၌ထိုင်ကာ မကြာဖြူနယ်ပေးသော ထမင်းကြမ်းနှင့် ပဲပြုတ်ဆီတွင် ငါးပိရည်ပူပူကိုဆမ်း၍ ကြက်သွန်နီထက်ခြမ်းကွဲများကို တကျွတ်ကျွတ်ဝါးကာ စားလိုက်၊ ရေနွေးပူပူကို မှုတ်၍ သောက်လိုက်လုပ်လေတော့၏။ ထိုအချိန်၌ မကြာဖြူသည် အနီးတွင် ထိုင်ကာ ရေနွေးကြမ်း ငှဲ့ပေးလေ၏။ မောင်မှတ်ကြီး စားနေသော ပန်းကန်ကို ဂရုတစိုက်ကြည့်နေတော့၏။ စပါးလုံးကလေးများ တစ်လုံးတစ်လေပါလျှင် ကပျာကယာကောက်၍ ပစ်ပေးတတ်၏။ ဤအချက်များသည် မောင်မှတ်ကြီး၏နှလုံးသားကို မကြာဖြူ ကိုင်လှုပ်နိုင်သော အချက်များ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်ကြီးသည် ငါးမြင်းသားငါးဆယ်နယ်အား ခရမ်းချဉ်းသီး၊ ငရုတ်သီးစသည်ဖြင့် ချဉ်ချဉ်စပ်စပ် ချက်ထားသည်ကို တမာချဉ်ဖြင့် တို့၍စားတတ်၏။ ထို့ပြင် ငါးရံ့ကို အကွင်းလိုက်လှီး၍ ဆီသတ်ကာ လုံးပြီးလျှင် ငါးပိရည်ကျဲလောင်းထည့်ကာ နံ့နံ့ပင်အုပ်သော ငါးပိလိမ္မာဆိုသည့် ငါးပိရည်မကျ၊ ဟင်းမကျ ဟင်းတစ်မျိုးကိုလည်း မောင်မှတ်ကြီးသည် လွန်စွာကြိုက်နှစ်သက်၏။ ထို့ပြင် မောင်မှတ်ကြီးကြိုက်သော ဟင်းလျာတစ်မျိုးမှာ ငါးသလဲထိုးလေးများအား ဆီနည်းနည်းဖြင့် အိုးတွင်ကပ်အောင် ချက်သော ငါးလေးအိုးကပ်ဟင်းပင် ဖြစ်၏။ မကြာဖြူသည် မောင်မှတ်ကြီးကြိုက်သော ဟင်းလျာများကို အသည်းတွင် စွဲအောင်မှတ်ထား၏။ ပြီးလျှင် ထိုဟင်းလျာများကို အကွက်ကျ အလှည့်ကျ ချက်ပြုတ်ကျွေးလေ့ရှိ၏။ ယောကျ်ားတို့၏ နှလုံးသားအား သွားရန်အတွက် ဖြတ်လမ်းသည် စားဖိုဆောင်ဟုဆို၏။ ထိုအဆိုများသည် ရှေးဟောင်းသူတို့၏ အဆိုများဖြစ်၏။ ထိုအဆိုများသည် မှန်သည်ဆိုပါက မောင်မှတ်ကြီး၏နှလုံးသားတံခါးကို ကောင်းစွာဖွင့်နိုင်သူမှာ မကြာဖြူပင် ဖြစ်ပေတော့၏။

မောင်မှတ်ကြီးသည် မကြာဖြူအား ချစ်စနိုးအားဖြင့် 'ကြာဖြူလေး' ဟုခေါ်၏။ မကြာဖြူကလည်း အစပထမ၌ 'ဦး'ဟုခေါ်၏။ နောင်တွင် လွန်စွာချစ်ရသောကြောင့် 'ချစ်ဦး'ဟုခေါ်၏။ ထို့ကြောင့် မောင်မှတ်ကြီး၏ ဗိမာန်ကြီး၌ ချစ်ဦးနှင့်ကြာဖြူလေးဆိုသော အသံတို့သည် အသံမစဲရှိနေလေတော့၏။ မောင်မှတ်ကြီးသည် စိန်ပွဲစားအလုပ်နှင့် အထက်တန်း ခိမ်ခေါင်းအလုပ်ကို





ဖူးတွဲ၍ လုပ်ကိုင်သော နာမည်ကြီး ပွဲစားမကြီးတစ်ဦးထံမှ စိန်တစ်ဆင်စာကို ဝယ်ယူ၍ မကြာဖြူအား ဆင်မြန်းလေ၏။ မကြာဖြူသည် စိန်ကို ဝတ်ဆင်ဖို့ထားဘိဦး၊ မြင်မှုပင် မမြင်ဖူးရာ ယခုအဲ့သို့ အဖိုးတန် ဘယ်လ်ဂျီယံစိန်များကို ဝတ်ဆင်ရရာ အရှင်လတ်သတ် နတ်ပြည်သို့ ရောက်သွားသကဲ့သို့ ခံစားရတော့၏။

စိန်ဆံထိုး၊စိန်ဘီး၊ 'စိန်ဆွဲကြိုး၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်ကြယ်သီး၊ စိန်နားကပ် စသည်တို့ကို ဝတ်ဆင်ခြင်း၌ ထူးခြားခြင်းမရှိလှပါ။ သို့ရာတွင် မကြာဖြူကဲ့သို့ သည်တိုင်ရှင်း၍ လည်တိုင်သွယ်သော မိန်းကလေးတစ်ဦးအဖို့ စိန်သည်တုံကို ဝတ်ဆင်လိုက်သည့်အခါ၌ ထူးထူးခြားခြားကြီး လှပသွားလေတော့၏။ လည်တိုင်ကို လှုပ်၍စကားပြောသောအခါ၌ စိန်ပွင့်ကလေးများ လှုပ်ယမ်း၍ တဖျပ်ဖျပ်လက်သွားသည်ဖြစ်ရာ မောင်မှတ်ကြီး၏ အသည်းနှလုံးသည် လေပြင်းခတ်သော ညောင်ရွှေယာပင်မှ ညောင်ရွက်များကဲ့သို့ တဖြိုးဖြိုးတဖျပ်ဖျပ် လှုပ်ယမ်းသွားလေတော့၏။

ထို့ကြောင့် မောင်မှတ်ကြီးက ချစ်မယားကလေး မကြာဖြူအား စိန်များဆင်၍ ငေးမောကြည့်ရှုရင်း ...

"ကြာဖြူလေးရယ် .. တင့်လှပေဟန် ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ်ရေးခြယ်ဆိုတဲ့ စာကိုဖတ်ရတုန်းက အလင်္ကာစာတွေလို့ ထင်ခဲ့သာ၊ ချစ်ဦးတော့မှားပြီ"

www.burmeseclassic.com



ဟု ပြောလိုက်ရာ မကြာဖြူမှာ ရှက်ကိုးရှက်ကန်း ဖြစ်၍ ရှက်သွေးများ ဖြာတက်လာခဲ့ရာ မျက်နှာမှာ ပန်းနုရောင်ဖြစ်သွား၏။ ထို့နောက် မကြာဖြူကလေးက ...

"အို ချစ်ဦးကလဲ၊ ရှက်စရာတွေ၊ ကြာဖြူက ဒလသူပါ။ မြို့သူတွေလို ဘယ်လုမှာတုန်း"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"ကြာဖြူလေးရေ ဒလသူပေမယ့် အလှမှာ စံမတူဘူးကွယ့်"

ဟု ပြောဆိုကာ ကြာဖြူကလေးအားသိုင်း၍ ဖက်လိုက်လေတော့၏။ ထို့နောက်တွင်လည်း မကြာခဏဆိုသလို မောင်မှတ်ကြီးသည် အထည်အဝတ် အဆန်းအသစ်များတွေ့လျှင် ချစ်ဇနီးမကြာဖြူလေးအတွက် မည်သည့်အခါမျှ လက်မနှေးခဲ့ပေ။ ဤသို့ ပျော်ရွှင်စွာနေထိုင်လာခဲ့ရာ တစ်နေ့တွင် မောင်မှတ်ကြီး၏ ပျော်ရွှင်မှုအား သတ်ဖြတ်ပစ်မည့် အပျော်သတ်တတ်သူနှစ်ဦး ရောက်လာလေတော့၏။ လူတို့တွင် သဘာဝအမျိုးမျိုးရှိ၏။ အချို့သည် ပျော်နေသည်ကိုထပ်၍ ပျော်အောင်ဖန်တီးပေးတတ်၏။ အချို့သည် ပျော်နေသည်ကို ဖျက်ဆီးပစ်တတ်၏။ ဥပမာအားဖြင့် မိတ်ဆွေတစ်စု ပျော်ရအောင်ဟူ၍ ပျော်ပွဲစားထွက်ကြသည် ဆိုပါစို့၊ အစပိုင်းတွင် ပျော်ကြ၏။ သို့ရာတွင် တစ်စုံတစ်ယောက်သည် အခြားသူတစ်ဦးအား မချေမငံ ပြောသောကြောင့် ရန်ဖြစ်ကြသည်ဆိုပါစို့ ထိုအခါမျိုး၌ ပျော်ပွဲစားထွက်ခြင်းသည် ပျော်စရာမဟုတ်တော့ဘဲ စိတ်ပျက်စရာ ဖြစ်သွားလေ၏။ ထို့ကြောင့်





မချေမငံ ပြောဆိုဆက်ဆံ၍ ပျော်စရာကို စိတ်ပျက်စရာဖြစ်သွားအောင် ပြောဆိုဆက်ဆံတတ်သူမျိုးသည်လည်း ရှိ၏။ ထိုသူမျိုးကို ဥရောပတိုက်၌ (joy killer) ဟူ၍ခေါ်ကြသည်။ ... ဂျွိုင်းကေလာ ပျော်ရွှင်မှုကို သတ်ဖြတ်ပစ်တတ်သောသူဟု ခေါ်ဝေါ်သမုတ်လေ့ရှိသည်။ ယခုလည်း မောင်မှတ်ကြီး၏ စံအိမ်လေးသည် ပျော်ရွှင်ဖွယ်အတိ ဖြစ်၏။ ထိုပျော်ရွှင်ဖွယ်ကို သတ်မည့်သူနှစ်ဦး အိမ်သို့ရောက်လာ၏။

အိမ်ရှေ့တွင် ကြက်မွေးဖြင့် ဖုန်သုတ်နေသော အိမ်ဖော်မိန်းကလေးတစ်ဦးက အိမ်ပေါ်သို့ တက်လာပြီးလျှင် မောင်မှတ်ကြီးအား ...

"ဦး ဦး ဧည့်သည်တွေ ရောက်နေတယ်၊ တံခါးဖွင့်ပေးရမလား"

ဟု မေးလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဘယ်က ဧည့်သည်တဲ့လဲ"

ဟူ၍မေးလိုက်ရာ အိမ်ဖော်မိန်းကလေးက ...

"အစ်မကြာဖြူရဲ့ အဖေနဲ့အမေလို့ ပြောတယ်"

ဟု ပြန်၍ဖြေလျှင် မောင်မှတ်ကြီးက ...

"ဩော် ကိုဖိုးအောင်နဲ့ မကုလားမတို့ကိုး၊ ဖွင့်ပေးလိုက်၊ ဖွင့်ပေးလိုက်၊ ကော်ဖီတွေမုန့်တွေလဲချပေးကွယ့်၊ ကိုဖိုးအောင်က ဆေးပြင်းလိပ်ကြိုက်တယ်၊ ဆေးပြင်းလိပ်ဘူးနဲ့ မီးခြစ်လဲ ပေးလိုက်ဦး၊ ဦးတို့ အခုပဲလာမယ်လို့ ပြောလိုက်"

ဟု ဆိုလေ၏။ အမှန်စစ်စစ်အားဖြင့် ထိုအချိန်က မောင်မှတ်ကြီးနှင့်မကြာဖြူသည် မင်္ဂလာဆောင်တစ်ခုသို့သွားရန် အဝတ်အစားလဲနေသော အချိန်ဖြစ်၏။ မောင်မှတ်ကြီးသည် ရှပ်ဖြူအင်္ကျီနှင့် အပေါ်အင်္ကျီအဖြူဝတ်၏။ မကြာဖြူမှာ အသား



www.burmeseclassic.com

www.burmeseclassic.com



ရောင်လက်ရှည် အပေါ်ဝတ်အင်္ကျီဝတ်၏။ ဆံထုံးမှာ ဘိအေ ဆံထုံး ခေါ် မမြင့်လွန်း၊ မနိမ့်လွန်းသော ဆံထုံး ထုံးထား၏။ ဆံထုံးပေါ်၌ စိန်တစ်လုံးဆံတိုးကြီး ထိုးထား၏။ လုံချည်မှာမူ မောင်မှတ်ကြီးနှင့် မကြာဖြူတို့မှာ ဆင်တူဖြစ်၏။ ပန်းနုရောင် ကြိုးကြီးချိတ်လုံချည်များ ဝတ်ဆင်ထား၏။

ဖိနပ်မှာ နှစ်ဦးစလုံး ကတ္တီပါဖိနပ်ဖြစ်၏။ အရောင်မှာ ကြက်သွေးရောင်ဖြစ်၏။ မကြာဖြူ၏ဖိနပ်မှာ ပုံတော်ဖိနပ်ခေါ် ဦးဝိုင်း ကတ္တီပါဖိနပ်ဖြစ်၏။ ၎င်းတို့နှစ်ဦးသည် လှပစွာဝတ်ဆင်၍ အိမ်ပေါ်ထပ်မှ ဆင်းလာ၏။ လှေကားထိပ်သို့ရောက်သောအခါ၌ မောင်မှတ်ကြီးရော မကြာဖြူပါ ဧည့်ခန်းရှိ ဆိုဖာစားပွဲ၌ ထိုင်နေသော ဧည့်သည်နှစ်ဦးအား လှမ်း၍ကြည့်လိုက်၏။ မကြာဖြူသည် ထိုသို့ လှမ်းကြည့်ပြီးနောက် ၎င်း၏မျက်နှာသည် နေရောင်၌လက်လိုက်သော မှန်ကဲ့သို့ လင်းခနဲ ဖြစ်သွား၏။ နှုတ်ခမ်းများသည် ပြုံးယောင်သန်းလာပြီး ပွင့်အာသွား၏။ ထို့နောက်

"အဖေတို့ အမေတို့ပါလား"

ဟု ရေရွတ်ပြီးလျှင် မောင်မှတ်ကြီးအား ထားခဲ့၍ လှေကားပေါ်မှ ပြေးဆင်းသွား၏။ ထို့နောက် ဧည့်သည်ယောကျ်ားကြီးနှင့် မိန်းမကြီးတို့ နှစ်ဦးကြားတွင် ဝင်ထိုင်ပြီးလျှင် တစ်လှည့်စီ ဖက်လိုက်၏။ အထူးသဖြင့် ယောကျ်ားကြီးအား ဖက်၍ထား၏။ မောင်မှတ်ကြီးမှာမူ 'ကွက်'ခနဲ မျက်နှာပျက်သွား၏။ ထို့နောက် လက်နှစ်ဘက်နှင့် ဦးခေါင်းသည် မသိမသာလှုပ်သွား၏။ ပြီးလျှင် တစ်စုံတစ်ခုကို ဆုံးဖြတ်ရန်အတွက် တွေ၍ စဉ်းစားလိုက်





၏။ ပြီးလျှင် ခပ်သွက်သွက် ပျာယီးပျာယာဖြင့် လှေကားပေါ်မှ ဆင်းသွား၏။ မောင်မှတ်ကြီး ဆင်းလာသည်ကို ဧည့်သည်မိန်းမနှင့် ယောကျ်ားတို့သည် လှမ်း၍ကြည့်လိုက်ပြီး နှစ်ဦးစလုံး တုန်လှုပ်သွား၏။ မျက်လုံးများ ပြူးဝိုင်းသွားကြသည်။ မျက်တောင်များခတ်ကြ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည်

"မှတ်ကြီး"

ဟု ယောင်၍ ထွက်သွား၏။ မောင်မှတ်ကြီးသည် ၎င်းတို့ ရှေ့တွင် လာရပ်၏။

"သေချာတာပေါ့၊ မှတ်ကြီးမှ မှတ်ကြီးအစစ်ပါပဲ၊ မှတ်ကြီးရဲ့အိမ်ကို ထောင်ကျတဲ့လူ မလာရဘူး၊ ကျက်သရေယုတ်တယ်၊ ထောင်ကျတဲ့သူပြန်သွားရင် မှတ်ကြီးရဲ့အိမ်ကို နွားနို့နဲ့ဆေးရမယ်၊ ထောင်ကျမယား ထိုင်သွားတဲ့နေရာကိုလဲ ဒီလိုပဲဆေးရမယ်၊ နွားနို့က ဈေးတက်သွားပြီ၊ အရင်လို တစ်ပိဿာ တစ်မတ်မရတော့ဘူး၊ တစ်ပိဿာ သုံးမတ်ဖြစ်သွားပြီး၊ဒါပေမယ့် ကိစ္စမရှိပါဘူး၊ မှတ်ကြီးက ချမ်းသာတယ်၊ ရေနံဆီသံပုံးအပြည့်ဝယ်ပြီး ဆေးပစ်မယ်"

ဟု ဆိုကာ ဒရိုင်ဘာစံထူးအား နို့ဈေးတန်းသို့သွား၍ လေးထောင့်သံပုံးအပြည့် နွားနို့ဝယ်ခိုင်းလိုက်လေတော့၏။ မကြာဖြူသည် အဖြစ်အပျက်ကို မသိ။ မောင်မှတ်ကြီး တင်းမာနေသည်ကိုကြည့်၍ ထိတ်လန့်နေ၏။ မိဘနှစ်ပါးအနီးမှ ပြေးသွားကာ မောင်မှတ်ကြီးအား ...

"ချစ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်ကာ ပြေးဖက်လိုက်လေ၏။ ထို့နောက်

"ချစ်ဦး ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ နွားနို့နဲ့ ဆေးရမှာလဲ၊ ဒါ ကြာဖြူရဲ့ မိဘအရင်းတွေ၊ အဖေက ဦးဖိုးစိန်တဲ့၊ အမေက ဒေါ်အိမ်မြဲတဲ့၊ အဲဒါ ကြာဖြူရဲ့ မိဘအရင်းတွေ၊ ဘယ်ရောက်နေမှန်း မသိဘူး၊ ခုမှတွေ့ရတာ၊ မတွေ့ရတာကြာပြီ၊ ဦးဖိုးအောင်ခေါ်ကုလားမဆိုတာ မွေးစားမိဘတွေ"

ဟု မျက်ရည်တစမ်းစမ်းဖြင့် တတွတ်တွတ်ပြောရှာလေ၏။ ထိုသည့်သည်နှစ်ဦးမှာ မောင်မှတ်ကြီး၏ယေယ်ရည်းစား မအိမ်မြဲနှင့် ၎င်း၏ယောကျ်ား ပုလိပ်ထွက်ဖိုးစိန်တို့ ဖြစ်ကြ၏။ မောင်မှတ်ကြီး နာကျည်းခဲ့ရသော သူများဖြစ်၏။ ဒေါ်အိမ်မြဲသည် မောင်မှတ်ကြီး အိမ်သို့လာလျှင် နွားနို့နှင့်ဆေးပစ်ရမည်ဟု ပြောဖူး၏။ နွားနို့များ ဈေးကြီး၍ အိမ်သို့မလာရန်လည်း ပြောဖူး၏။

ယင်းစကားသံတို့သည် ယခုပင် ပြောလိုက်ဘိသကဲ့သို့ မောင်မှတ်ကြီး၏နားတွင် ပဲ့တင်ထပ်နေ၏။ ဖိုးစိန်မှာလည်း ပုလိပ်လုပ်စဉ်က မောင်မှတ်ကြီးအား အမှုဆင်ဖမ်းကာ မောင်မှတ်ကြီး၏ ရင်ဘတ်ကို ကန်ခဲ့၏။ ခြေဖြင့်နင်းခဲ့၏။ ဆေးလိပ်မီးများဖြင့် ထိုးခဲ့၏။ ခေါင်းပေါ်တွင် ဖိနပ်စီးထားသော ခြေထောက်ဖြင့် တင်ခဲ့၏။ မအိမ်မြဲသည် မောင်မှတ်ကြီး၏ မျက်နှာအား မဝံ့မရဲ ကြည့်လိုက်၏။

"ကိုမှတ်ကြီးရယ်၊ ကျွန်မတို့လင်မယားဟာ ဒုက္ခရောက်လွန်းလို့ မင်းဘူးမြို့ကသွားရင် အနောက်ဘက်တော်တော်ကျတဲ့ အနောက်ဘက်တောထဲက မယ်ဇလီဆည်နားမှာ သွားရောက်ရှာ





ဖွေစားသောက်ခဲ့ရတာ နှစ်ပေါင်း အတော်ကြာခဲ့ပါပြီ၊ ဒီသမီးလေးဟာ ကိုမှတ်ကြီး မလွှကုန်းဘူတာဇရပ်နားမှာနေတုန်း မွေးတဲ့သမီးကလေးပါ၊ ဆင်းရဲလွန်းလို့ မမွေးနိုင်တာနဲ့ ကိုဖိုးစိန်ရဲ့သိ ကိုဖိုးအောင်ကို အပိုင်ပေးပြီး မွေးခဲ့ရတာပါ၊ သမီးကလေး လင်ကောင်းသားကောင်း ရနေတယ်ဆိုတဲ့သတင်းကို ပြီးခဲ့တဲ့ တော်သလင်းလဆန်းက ကြားတာနဲ့ ခရီးစရိတ်ကို ကြိုးစားစုပြီး လာခဲ့ရတာပါ၊ သမီးကလေး ရှစ်နှစ်အရွယ်ကတည်းက ခွဲခဲ့ရတာ၊ လင်ကောင်းသားကောင်း ရနေတယ်ဆိုလို့ လာခဲ့ရတာပါ၊ နောင်မလာနဲ့ဆိုရင် မလာပါဘူး၊ ကျွန်မတို့နှစ်ယောက်အပေါ်မှာ မုန်းတဲ့စိတ်နဲ့ သမီးလေးအပေါ်မှာ မရက်စက်ပါနဲ့ ကိုမှတ်ကြီးရယ်"

ဟု ပြောလေ၏။ မောင်ဖိုးစိန်ကလည်း ...

"ဟုတ်ပါတယ် ကိုမှတ်ကြီးရယ်၊ ကျုပ်တို့ သမီးလေး အပေါ်မှာတော့ ကျုပ်တို့ကိုယ်စား မရက်စက်လိုက်ပါနဲ့"

ဟု တောင်းပန်လေ၏။

မောင်မှတ်ကြီးသည် မောင်ဖိုးစိန်နှင့် မအိမ်မြဲပြောသည်ကို သေချာစွာ နားထောင်၏။ ထိုသို့နားထောင်ပြီးနောက် နှုတ်ခမ်းကလေး တွန့်ရုံမျှ ပြုံးလိုက်၏။ မျက်နှာကို တည်လိုက်၏။ ထို့နောက် တည်ငြိမ်သောအသံဖြင့် ...

"ကြာဖြူကို ထောင်ကျသမီးမှန်း မသိလို့ယူတာ၊ သိရင် မယူဘူး၊ အခုကိုပဲ ရှေ့နေကို အကြောင်းကြားပြီး ခေါ်လိုက်မယ်၊ ကြာဖြူ ရသင့်ရထိုက်တာကိုလဲ ခြိုးခြံတစ်ပြား မယူစေရဘူး၊ တိတိကျကျခွဲပေးလိုက်မယ်၊ ကဲ ... ယုတ်မာကောက်ကျစ်လှတဲ့



www.burmeseclassic.com

www.burmeseclassic.com



လင်မယား ပြန်ကြပေတော့၊ ကြာဖြူ ... မင်းပစ္စည်းတွေ သိမ်းတော့၊ တစ်ခါတည်းလိုက်သွား၊ မင်းရသင့်ရထိုက်တဲ့ ပစ္စည်းဥစ္စာတွေ ရှေ့နေကတစ်ဆင့် ပို့ပေးလိုက်မယ်"

ဟု ပြောလိုက်ရာ မကြာဖြူသည် မိမိနားကိုပင် မိမိ မယုံနိုင်လောက်သော စကားမျိုးကို ကြားလိုက်ရသဖြင့်

"ရက်စက်လိုက်တာ ချစ်ဦးရယ်"

ဟု ပြောဆိုကာ လဲကျလျက် သတိလစ်မေ့မြော သွားလေတော့သတည်း။

❑



## ကွာစာလက်မှတ်ထိုးပေးရခြင်း

ကြာဖြူသည် မိခင်၏ရင်ခွင်တွင်းတွင် ငိုရှိုက်လျက် ရှိ၏။ မကြာဖြူသည် ဒလရှိ မွေးစားမိဘများဖြစ်သော ဦးဖိုးအောင်နှင့် ဒေါ်ကုလားမတို့အိမ်သို့ ရောက်နေပြီဖြစ်၏။ မအိမ်မြဲနှင့် မောင်ဖိုးစိန်တို့လည်း ကြာဖြူနှင့်အတူ အိမ်သို့ရောက်နေပြီဖြစ်၏။ ဖိုးအောင်က ဖိုးစိန်အား မိမိတို့ထံသို့ မဝင်ဘဲ မကြာဖြူနှင့် မောင်မှတ်ကြီးတို့အိမ်သို့ တန်းသွားခြင်းကို အပြစ်တင်လျက်ရှိ၏။ ထိုအခါ ပုလိပ်လူထွက် ဖိုးစိန်က

"ဒီမှာ ဖိုးအောင်၊ ငါတို့နဲ့မှတ်ကြီးနဲ့က ကျောင်းတော်ကရန်စကွ၊ အခု တို့သမီးဟာ သူနဲ့ရနေတယ်ဆိုတာ မသိပါဘူးကွာ၊ တို့ကြားတာက ပတ္တမြားမိုးပိုင်ရှင် သူဌေးနဲ့ အိမ်ထောင်ကျနေပြီဆိုတာပဲ ကြားတာ၊ အမှန်ကတော့ ငါတို့ဟာ ဟိုးမယ်စလီကနေ ရန်ကုန်ကိုရောက်တာနဲ့ သူတို့အိမ်ကို မသွားသင့်ဘူးကွ၊ ဒလဘက်



www.burmeseclassic.com

www.burmeseclassic.com



ကူးပြီး မင်းတို့နဲ့တွေ့ရဦးမယ်၊ မင်းတို့နဲ့ တွေ့ပြီးမှ သူတို့ဆီသွားရမှာ၊ အခုတော့ ဒီလိုမဟုတ်ဘူးဟေ့၊ သမီးကိုတွေ့ချင်ဇောကလဲရှိ၊ ဒလဘက် ကူးပြီးမှ ရန်ကုန်ဘက်ပြန်လာဦးမှာဆိုတော့ ခရီးကလဲ ထောက်တာကလဲတစ်ကြောင်း၊ တိုက်ရိုက်ဝင်တွေ့လိုက်တာဟေ့၊ အဲဒီမှာ ကိုယ်ကျိုးနည်းတော့တာပဲ"

ဟု ပြောဆိုတောင်းပန်လေ၏။ ၎င်း၏မိန်းမ မအိမ်မြကလည်း ...

"ရှင်းရှင်းပြောရရင် ဇရပ်ပေါ် ခွေးလေခွေးလွင့်တစ်ကောင်လို တက်အိပ်နေတဲ့ မှတ်ကြီးဟာ ဒီလောက်တောင် ကြီးပွားချမ်းသာလိမ့်မယ်လို့ မထင်မိဘူး၊ အခုတော့သပွတ်အူနဲ့စာသိုက်ပေါင်းတဲ့ ဇာတ်ထုပ်လို ရှုပ်ကုန်ပြီ"

ဟု ပြောဆိုကာ မျက်ရည်များ တွေတွေကျလာလေတော့၏။ ထိုအခါ ဖိုးအောင်၏မိန်းမ မကုလားမက နှုတ်ခမ်းကိုမဲ့၍

"ငါခင်းထားတဲ့ဇာတ်က လှပါတယ် အိမ်မြရယ်၊ ဗျိုင်းမလေး သုဇာတာနဲ့ မိုးပေါက သိကြားမင်းပေါင်းရအောင် ခင်းထားတဲ့ ဇာတ်ထုပ်ပါအေ့၊ ကြာဖြူဟာ ညည်းသမီး၊ငါ့သမီးပါပဲ၊ ဆင်စီးပြီး မြင်းရံတာကို ငါစီမံထားတာ ညည်းတို့က တောကြိုအုံကြားက နားစွန်နားဖျားကြားပြီး သူဌေးယောက္ခမဖြစ်ရချည်သေးရဲ့ ဆိုပြီး အူလျားဖားလျားတက်လာတာ ငါတို့ကိုတောင် မမေးမစမ်းတော့ဘူး၊ တန်းပြီး သူဌေးအိမ်တက်ကြတာကိုး၊ အဲဒီတော့ ဇာတ်ထုပ်ဟောင်းကြီးပေါ်ပြီး အခုတော့ ခွေးဇာတ်ခင်းကြပြီပေါ့။ သူဌေးကိုမှတ်ကြီးဆီမှာ ငါ့ယောကျ်ား ကိုဖိုးအောင် အလုပ်လုပ်ခဲ့တာ





ကြာလှပြီ၊ နင်တို့နဲ့ ဒီလိုပတ်သက်မှန်း တို့မသိခဲ့ဘူး၊ သူဌေးကိုမှတ်ကြီးက သိပ်စိတ်ကြီးတာ၊ အမှတ်လဲ သိပ်ကြီးတယ်၊ညည်းသမီးကို ဒီတစ်သက် ပြန်ပေါင်းမှာမဟုတ်ဘူး၊ လင်ခန်းမယားခန်းဖြတ်လို့ သူပေးတဲ့ ပိုက်ဆံလေးနဲ့ ဖန်တီးကြပေတော့၊ တို့တစ်ပြားမှ မလိုချင်ဘူး၊ ကြာဖြူကို သူဌေးနဲ့ပေးစားတာ တို့လိုချင်လို့ ပေးစားတာမဟုတ်ဘူး၊ ကြာဖြူကောင်းစားအောင် လုပ်ပေးတာ၊ အဲဒါက ကိစ္စမရှိဘူး၊ ကိုဖိုးအောင်ကိုတောင် ထောင်ထွက်ရဲ့အစ်ကို ဆိုပြီး အလုပ်ဖြုတ်ချင်ဖြုတ်မှာ၊ ညည်းတို့ဝင်ရှုတ်တာတို့ပါ အလုပ်ပြုတ်မလို ဖြစ်နေပြီ"

ဟု ပြောလိုက်လေ၏။ ထိုအချိန်မှာပင် သမ္ဗန်တစ်စီးဆိုက်လာ၏။ သမ္ဗန်ပေါ်မှ လူတစ်ယောက်ဆင်းလာ၏။ ထိုသူမှာ ပတ္တမြားမိုးကုမ္ပဏီမှ ပွဲစားတစ်ယောက်ဖြစ်၏။ ထိုပွဲစားသည် ကိုဖိုးအောင်ထံသို့ ရောက်လာပြီး စာတစ်စောင်ကို ပေးလေ၏။ ကိုဖိုးအောင်သည် ထိုစာကိုဖွင့်၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်းတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့
မိတ်ဆွေကြီး ကိုဖိုးအောင်

ခင်ဗျားကို ခင်မင်ပါတယ်၊ ခင်ဗျားရဲ့ အရည်အချင်းကိုလဲ အသိအမှတ်ပြုပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ထောင်ထွက် ကိုဖိုးစိန်ရဲ့အစ်ကို ဖြစ်နေတဲ့အတွက် ခင်ဗျားကို ဝမ်းနည်းစွာနဲ့ အလုပ်ထုတ်ပစ်လိုက်ရပါပြီ၊ လခသုံးလစာ အပြင် ကျုပ်က ငွေငါးထောင် သပ်သပ်ပေးလိုက်ပါတယ်။

မှတ်ကြီး
ပတ္တမြားမိုး ကုမ္ပဏီပိုင်ရှင်

ကိုဖိုးအောင်သည် ထိုစာကိုဖတ်ပြီးနောက် မကုလားမအား ...

"ဟဲ့ ကုလားမ ငါဖတ်ပြမယ်"

ဟုဆိုကာ ထိုစာကိုတစ်ခေါက်ဖတ်ပြလေ၏။ မကုလားမသည် စာဆုံးသည်နှင့် တစ်ပြိုင်နက် ...

"အိမ်မြဲ သူ့ဒွေးယောက္ခမလုပ်ချင်တာနဲ့ ငါတို့တော့ ထမင်းငတ်ပါပြီဟေ့"

ဟု အော်၍ငိုလေ၏။ ပြွန်းလည်း မောင်မှတ်ကြီးပေးလိုက်သော ငွေများကို မောင်ဖိုးအောင် လက်သို့အပ်၍ ပြန်သွားလေတော့၏။ မကြာဖြူကလေးမှာမူ မိဘရင်းနှစ်ပါး၊ မွေးစားမိဘနှစ်





ပါး၊ မိဘလေးပါးနှင့်အတူ ပြေမဆည်နိုင်အောင် ရှိနေလေတော့၏။ ထိုအခါ အိမ်မြဲသည် မိမိကြောင့်ဖြစ်ရသည်ဟု ယူကြုံးမရဖြစ်ကာ နောက်ဖေးမီးဖိုးချောင်သို့သွား၍ တရှုပ်ရှုပ်ငိုကြွေးနေလေ၏။ မကြာဖြူလည်း နောက်ဖေးမီးဖိုချောင်သို့ လိုက်သွားပြီးလျှင် ...

"ဘယ်လို ရန်ငြိုးရန်စတွေများလဲ အမေ မအိမ်မြဲရယ်"

ဟု ဆိုနင့်သောလေသံဖြင့် မေးလိုက်လေ၏။ ထိုအခါ အိမ်မြဲက ....

"ဒီလိုသမီးရေ၊ ညည်းယောကျ်ား မှတ်ကြီးဆိုတာ ငယ်ငယ်က အမေရဲ့ရည်းစား၊ အမေက သူနဲ့ချစ်ကြိုက်နေတုန်း၊ သူက အဲဒီတုန်းက မလ္လကုန်း ဘူတာရုံပိုင်ပေါ့ကွယ်၊ အဲဒီမှာ သူကငွေအလွဲသုံးပြီး ထောင်ကျသွားတယ်၊ သူလဲ ထောင်ထဲရောက်ရော အမေက ညည်းအဖေ ကိုဖိုးစိန်နဲ့ကြိုက်ပြန်ရော၊ အဲဒီတုန်းက ကိုဖိုးစိန်က ပုလိပ်ဖြစ်ကာစ"

ဟု ပြောလိုက်ရာ မကြာဖြူကလေးက ...

"အမေကလဲ ရှုပ်လိုက်တာ"

ဟု ပြောလေ၏။ မအိမ်မြဲကလည်း မျက်ရည်စများကိုသုတ်ရင်း ....

"ရှုပ်တာ မဟုတ်ဘူးသမီးရဲ့၊ လင်စံရွေးတာခေါ်တယ်၊ ထောင်ကျသွားတဲ့လူကို ငါကဘာလုပ်ရမှာတုန်း၊အဲဒီတော့ နောက်တစ်ယောက် ထားလိုက်တာပေါ့၊ အဲဒီအချိန်မှာပဲ သမီးလင် အဲဒီ ရည်းစားကြီးက ထောင်ကလွတ်လာရော၊ အဲဒီမှာ အမေက အရှုင်

www.burmeseclassic.com



တန်းလန်း ဖြစ်နေမှာစိုးလို့ မလာနဲ့လို့ ပြောလိုက်တယ်၊ သူထိုင်တဲ့နေရာကိုလဲ နွားနို့နဲ့ဆေးရမယ်လို့ ပြောလိုက်တယ်၊ အဲဒီမှာ မှတ်ကြီးက ဝမ်းနည်းကြေကွဲပြီး ထွက်သွားရှာတယ်၊ နေစရာမရှိတော့ ဘူတာနားက ဇရပ်မှာ သွားပြီးနေရရှာတယ်၊ သူများပေးသမျှ ခိုင်းသမျှနဲ့ စားပြီး အသက်ရှင်နေရရှာတာတဲ့"

ဟု ပြောလိုက်လေ၏။ မကြာဖြူကလေးသည် မိခင်၏စကားကို နားထောင်ပြီးနောက် ယူကြုံးမရ ဖြစ်သွားရှာ၏။

"အမေဟာ တော်တော်ရက်စက်တာပဲ၊ချစ်ဦးတစ်ယောက်သနားဖို့ တော်တော်ကောင်းတယ်၊ အမေတို့ကို ဒီလို ဆက်ဆံတာသူမလွန်ဘူး၊ အမေတို့လွန်တာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မအိမ်မြကု ....

"အမေတစ်ယောက်တည်း လွန်တာမဟုတ်ဘူးဟေ့၊ နင့်အဖေလဲပါသေးတယ်၊ အမေကလဲ နင့်အဖေ ကိုဖိုးစိန်ကို မြန်မြန်မင်္ဂလာဆောင်ဖို့ ပူဆာရတော့တာပေါ့၊ နင့်အဖေ ကိုဖိုးစိန်ကလဲရှိသမျှသွန်ပြီး အကြီးအကျယ် မင်္ဂလာဆောင်တာ၊ မင်္ဂလာဆောင်မှာကာဒီရည်တွေ တိုက်တယ်၊ လူတွေတောင် မကဘူး၊ ခွေးတွေတောင် သောက်သွားရတယ်၊ အဲဒီမှာ ညည်းအဖေ ကိုဖိုးစိန်က မှတ်ကြီးကို မျက်မုန်းကျိုးပြီး အမှုဆင်ဖမ်းတော့တာပဲ၊ ဂါတ်လဲရောက်ရော မှတ်ကြီးကို ညည်းအဖေက ရိုက်တယ်၊ ခေါင်းပေါ်ကိုသူစီးထားတဲ့ဖိနပ်နဲ့နင်းတယ်၊ တစ်ကိုယ်လုံးကို ဆေးလိပ်မီးနဲ့ ထိုးတယ်၊ မျက်နှာကို ခြေထောက်နဲ့တက်နင်းတယ်၊ အဲဒီမှာ မှတ်ကြီးဟာ ဆေးရုံကို တစ်နှစ်လောက် တက်ပြီး ဆေးကုခဲ့ရတယ်အေ့"



ဟု ပြောလိုက်လျှင် မကြာဖြူကလေးသည် ချုံးပွဲချငိုလေတော့၏။ ထိုသို့ငိုရင်း ....

"ချစ်ဦးကို သနားလိုက်တာ၊ အမေတို့အဖေတို့ တော်တော်ကို ရက်စက်ရိုင်းစိုင်းကြတာပဲ၊ လူလူချင်း ဒီလောက်တောင်လုပ်ရသလား၊ အမေတို့ အဖေတို့ကိုရော သမီးကိုပါ ချစ်ဦး ဒီလိုဆက်ဆံလိုက်တာ ချစ်ဦးမလွန်ဘူး၊ ချစ်ဦးမှန်တယ်၊ အဲဒီလို ဇရပ်ပေါ်မှာ ဆင်းဆင်းရဲရဲ ဒုက္ခရောက်နေတာတောင် ဒီလောက်နှိပ်စက်ရသလား၊ အဖေက နှိပ်စက်ရင်တောင် အမေက တားနဲ့ကွက်မှော၊ အမေကလဲ မကောင်းဘူး၊ ဒါနဲ့နေပါဦး၊ ချစ်ဦးက ဒီလောက်ဆင်းရဲ ဒုက္ခရောက်နေတာတောင် ဘယ်လိုဘယ်လို ချမ်းသာသွားတာတုန်း"

ဟု မေးလိုက်လေ၏။ ဒေါ်အိမ်မြသည် မျက်ရည်များကို သုတ်ပစ်လိုက်၏။ ထို့နောက် ...

"မှတ်ကြီးချမ်းသာတာ အမေတို့မသိဘူး၊ အမေသိတာကဒီလိုသမီးရဲ့၊ သူနေတဲ့ဇရပ်ကို အဘိုးကြီးတစ်ယောက် ရောက်လာတယ်၊ သူတော်ကောင်း အဘိုးကြီးပါပဲ၊ အဲဒီအဘိုးကြီးကို ညည်းဆင် မှတ်ကြီးက ပြုစုတယ်လေ၊ အဘိုးကြီးကိုလဲ ရှိသေလိုက်တာပြောပါနဲ့၊ အဘိုးကြီးချိုးဖို့ရေတောင် ခပ်ပေးတယ်၊ အဘိုးကြီးကိုညောင်းရင် နှိပ်ပေးတယ်၊ အဘိုးကြီးစားဖို့ ထမင်းချက်ပေးတယ်၊ အဘိုးကြီး အဝတ်တွေလဲ လျှော်ဖွပ်ပေးတယ်၊ အမေတို့ကို ကြည့်တဲ့ မကြည့်တော့ဘူး၊ စကားလဲ မပြောတော့ဘူး၊ အမေကလိုက်ပြီး နှုတ်ဆက်တာတောင်မှ သူကနှုတ်မဆက်တော့ဘူး၊ အမေသိ



www.burmeseclassic.com

တာက ဒါပဲ၊ အဲဒီအချိန်မှာ ညည်းအဖေ ကိုဖိုးစိန်ကိုလူလူချင်း ဖမ်းဆီးချုပ်နှောင်မှု၊ မတရား ညှဉ်းပန်းနှိပ်စက်မှုနဲ့ ပုလိပ်ဘက်က ပြန်ပြီး တရားစွဲတော့ ညည်းအဖေ ထောင်ကျသွားတယ်၊ ညည်းကို ကိုယ်ဝန်ရနေပြီ"

ဟု ပြောလိုက်ရာ မကြာဖြူကလေးက ...

"ကာလဝိဘက် နောက်ပိုးတက်ဆိုတာ ဒါမျိုးပေါ့၊ အမေ တို့ဝင်လိုက်တာ၊ ချစ်ဦးကို တောင်ထွက်မို့ နွားနို့နဲ့ဆေးမယ်ဆိုတော့ အခုတော့ အမေ့ယောက်ျားကြီးကိုယ်တိုင် ထောင်ထွက်ဖြစ်ပြီပေါ့။ ကဲ ...ပြောစမ်းပါဦး၊ နောက်ဘယ်လိုဖြစ်သလဲ"

ဟု မေးလိုက်လေ၏။ ဒေါ်အိမ်မြသည် အနီးရှိ ဆေးပေါ့ လိပ်တိုကို ကောက်၍ မီးညှိပြီးဖွာလိုက်ရင်း ...

"ဘယ်လိုဖြစ်ရမလဲ သမီးရယ်၊ ညည်းအဖေ ထောင်က ထွက်လာတော့ တစ်ခါတည်းပြောင်းရတာပေါ့၊ ပုလိပ်ဖြစ်တုန်း က နှိပ်စက်ထားတဲ့လူတွေက အဲဒီမှာရှိတယ်၊ ပုလိပ်ကပြုတ်သွား တော့ ညည်းအဖေကို ရန်ရှာမှာစိုးလို့၊ ဒီဒလကို တစ်ခါတည်း ပြောင်းခဲ့ရတာပေါ့၊ ညည်း ရှစ်နှစ်သမီးအရွယ်လဲရောက်ရော ညည်းကို ကုလားမဆီမှာ တစ်ခါတည်းပေးပြီး အညာဘက်ကို ရေကြည်ရာမြက်နုရာဆီကို ထွက်သွားကြတာ၊ မယ်ဇလီဆည်ကြီး နားရောက်ပြီး ညည်းအဖေနဲ့ငါလဲ ဆင်းဆင်းရဲရဲလုပ်ကိုင်စား သောက်နေကြတာ၊ ဒလက လူတစ်ယောက် မယ်ဇလီကို ရောက် လာတော့ ညည်းအကြောင်း ကြားရတာပါပဲ၊ ဒါကြောင့် အမေတို့ လိုက်လာခဲ့တာ"





ဟု ပြောလေ၏။ မကြာဖြူမှာမူ ငိုကြွေးလေ၏။ ငိုကြွေး ခြင်းမှာ မိမိအတွက်မဟုတ်၊ ၎င်း၏ယောက်ျားအတွက် ငိုကြွေး ခြင်းဖြစ်လေ၏။ ထို့နောက်တွင် မအိမ်မြတို့ လင်မယားသည်ကား ခမ်းနည်းပက်လက်ဖြင့် မယ်ဇလီသို့ ပြန်သွားကြလေ၏။ ရက် အတော်ကြာသောအခါ၌ မောင်မှတ်ကြီးထံမှ ရှေ့နေတစ်ဦးရောက် လာပြီးလျှင် လင်မယားကွာရှင်း ပြတ်စဲစာကို လက်မှတ်ထိုးခိုင်း လိုက်လေ၏။မကြာဖြူက လက်မှတ်ထိုးမည်အလုပ်၌ ဒေါ်ကုလား က ...

"သမီးကြာဖြူ လက်မှတ်ကို အရမ်းမထိုးရဘူးဟဲ့၊ လင်ခန်း ယားခန်း ပြတ်တယ်ဆိုရင် ပစ္စည်းက ကိုယ့်လက်ထဲ အရင်ရောက် ခ ဖြစ်မှာ"

ဟု ပြောလိုက်ရာ မကြာဖြူက ...

"အဒါ ကျွန်မပြောမလို့ပါပဲ၊ ရှေ့နေကြီးတစ်ဆင့် ကျွန်မ ယောက်ျား ချစ်ဦးကို ပြောလိုက်ပါ။ ကြာဖြူဘာမှ မလိုချင်ပါဘူး၊ ကြာဖြူကိုတစ်ပြားမှ မပေးပါနဲ့၊ အဲဒါမှန်းလို့ အရွဲ့တိုက်ပြီး ပြော တာမဟုတ်ပါဘူး၊ ကျွန်မယောက်ျားကို ကျွန်မသိပ်ချစ်တယ်၊ သူ့ ကျရောက်ခဲ့ရတာတွေကို ကျွန်မ အခုမှသိရလို့ သနားလို့မယူတာ၊ အဲဒါကို ရှေ့နေကြီးက ပြောလိုက်ပါ၊ နောက်ပြီးတော့ ညစဉ်ည တိုင်းလဲ ကျွန်မယောက်ျား ချစ်ဦးကို ကန်တော့လျက် ရှိတယ်ဆို တာ ချစ်ဦးကို ပြောပြလိုက်ပါ"

ဟု ဆိုကာ လက်မှတ်ထိုးပေးလိုက်လေတော့၏။ ရှေ့နေ ကြီးပင် စိတ်မကောင်း ဖြစ်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှေ့နေကြီးက ...

"မဟုတ်သေးပါဘူး မိန်းကလေးရယ်၊ ရသင့်ရထိုက်တာ တော့ ယူရမှာပေါ့"

ဟု ပြောလိုက်ရာ မကြာဖြူက ...

"မယူပါရစေနဲ့ရှင်၊ ကျွန်မဟာ ကျွန်မယောကျ်ားဆီက ကြင်နာမှုတွေ၊ ဂရုစိုက်မှုတွေ၊ မေတ္တာတွေရပြီးပါပြီရှင်၊ ကျွန်မကို ခုလိုပစ်လိုက်တာဟာလဲ သူ့မှာ အပြစ်မရှိပါဘူး၊ သူ့ကို ကျွန်မ မိဘတွေက ရက်စက်ခဲ့တာကိုး၊ ကျွန်မယောကျ်ားဟာ သူတော်ကောင်းကြီးပါ၊သူတော်ကောင်းကြီးရဲ့ မယားဖြစ်လိုက်ရတာကိုပဲ ကျွန်မ ကျေနပ်လှပါပြီ၊ ကျွန်မကို ဒီလောက်ချစ်ပါလျက် ကျွန်မကိုစွန့်လွှတ်ပြီး ကျွန်မမိဘတွေကို လက်စားချေပြလိုက်တာဟာ သူဟာ ဘယ်လိုယောကျ်ားမျိုးဖြစ်တယ်ဆိုတာ ပြလိုက်တာပါပဲ"

ဟု မကြာဖြူက ပြောလိုက်လေ၏။ ရှေ့နေကြီးလည်း စိတ်မကောင်းဖြစ်စွာဖြင့် ပြန်သွား၏။ ရှေ့နေကြီးပြန်သွားသည်နှင့် ဒေါ်ကုလားမသည် မကြာဖြူအား ဆူလေတော့သည်။

" နင် တယ်မိုက်ပါလား ကြာဖြူရယ်၊ အခုတော့ နင်လုပ်လိုက်ပုံက မြွေပါလဲဆုံး၊ သားလဲဆုံး ဆိုတာလိုဖြစ်နေပြီ၊ လင်လဲ ကွာရသေးတယ်၊ ရသင့်ရထိုက်တဲ့ ဥစ္စာပစ္စည်းလဲ မရဘူး နင့်အဖေ ကိုဖိုးအောင်လဲ အလုပ်ပြုတ်ပြီ၊ ဘာတစ်ခုကောင်းတာ ရှိသေးလို့လဲ ကြာဖြူရယ်၊ ငါတို့လဲ ရပ်ထဲရွာထဲမှာ အ ရှက်တွဲပြီ"

ဟု ပြောဆိုကာ ဆူပူလေတော့၏။

☺ ပြီးစာစေ ☺



သို့ရာတွင် ဦးဖိုးအောင်က ...

"ကုလားမရယ် သူ့မှာ အပြစ်မရှိပါဘူး၊ ဖြစ်သင့်တဲ့ အကြောင်း အကောင်းချည်းပဲပေါ့"

ဟု ပြောလိုက်ရာ ဒေါ်ကုလားမက ...

"ကောင်းနေ ကောင်းနေ အဲဒီငွေငါးထောင်ကျော်နဲ့ ရှင် ဘာလုပ်စားမလဲ၊ ရှင့်ဘာသာရှင် စဉ်းစား"

ဟု ပြောဆိုကာ မီးဖိုချောင်အတွင်းသို့ တစ်ဆောင့်ဆောင့်နှင့် ဝင်သွားလေတော့သတည်း။

❑

☺ ပြီးစာစေ ☺

www.burmeseclassic.com

www.burmeseclassic.com

## အဘထံသို့ တစ်ခေါက်သွားရပြီ

မောင်မှတ်ကြီးသည် ငှင်းလွှတ်လိုက်သော ရှေ့နေကြီး ပြန်ရောက်လာသောအခါ၌ ရှေ့နေကြီးမှတစ်ဆင့် မကြာဖြူ ပြောလိုက်သော စကားများကို ကြားရလေ၏။ ထိုအခါ၌ လွန်စွာမှ ယူကျုံးမရဖြစ်သွားလေတော့၏။

"ခြော် ကြာဖြူလေး၊ မင်းကို ၄ ဆုံးရှုံးရတာ အသည်းနှလုံးတွေ ကြေပြုန်းမတတ်ပါပဲ"

ဟု ရေရွတ်လိုက်လေ၏။ ထို့နောက် မောင်မှတ်ကြီးသည် ဆောက်တည်ရာမရ ဖြစ်နေ၏။ သူ၏ရင်၌ ဟာလာဟင်းလင်း ဖြစ်နေ၏။ သူသည် အားအင်ကုန်သကဲ့သို့ ဖြစ်နေ၏။ ခြေလက်ကိုပင် မသယ်နိုင်အောင် ဖြစ်နေ၏။ မောင်မှတ်ကြီး၏ မျက်နှာသည် ညှိုးနွမ်းနေ၏။ ထိုင်နေရင်းမောပန်းနေ၏။ မောင်မှတ်ကြီး၏ မျက်လုံးအိမ်၌ မျက်ရည်များဖြင့် ရွှန်းလဲ့နေ၏။ မကြာဖြူ





ကြောင့် ခံစားရသော ဝေဒနာကို တစ်ခါတည်း ဖြုတ်ထုတ်ပစ်ချင်၏။ မောင်မှတ်ကြီး၏မျက်နှာသည် ရင့်ရော်အိုမင်းလျက်ရှိ၏။ မောင်မှတ်ကြီးသည် ပင့်သက်ကို မကြာခဏ ချနေ၏။ ထို့နောက် မောင်မှတ်ကြီးသည် မည်သည့်အရာကို စဉ်းစားမိသည်မသိ။ ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ ထို့နောက် မျက်ရည်များ စီးကျလာ၏။ မျက်ရည်များစီးကျရင်း စန္ဒရားခုံပေါ်သို့ သွားကာ စန္ဒရားတီးနေ၏။ ထို့နောက် သီချင်းကို ကျယ်လောင်စွာအော်၍ဆို၏။

ထိုသို့ဆိုရင်း အားမလို အားမရဖြစ်ကာ ...

"ကြာဖြူလေးရေ ချစ်ဦးလွမ်းတာနဲ့ သေရတော့မယ်ဟေ့"

ဟု အော်လိုက်ရာ ၎င်း၏အိမ်တွင် တောက်တိုမယ်ရ ခိုင်းရန်ခေါ်ထားသော ဘာဘူလေးဆိုသည့် ကုလားလေးက ကြားကာ ပြေးတတ်လာ၍ ...

"ဆရာဘာလဲ"

ဟု မေးလေ၏။

"မင်းကို ဘယ်သူခေါ်လို့ လာရတာတုံး"

ဟု မောင်မှတ်ကြီးက ပြောလေ၏။

"မဟုတ်ဘူးဆရာ၊ ကျွန်တော်နားထဲမှာ ဘာဘူလေးရေ လာခဲ့ဟေ့လို့ ကြားလို့လာခဲ့တာ"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးက ...

"ဟေ့ကောင် ဘာဘူလေးကို ခေါ်တာမဟုတ်ဘူး၊ ငါ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူလေးကို ခေါ်တာ၊ အခုမှ မင်းက နားပါးနေလိုက်တာ ချွေးမျိုး သေချင်လို့လား"

ဟု ပြောဆိုကာ မောင်းထုတ်လိုက်လေ၏။ မောင်မှတ်ကြီးသည် မိမိအဖြစ်ကို မိမိတွေးမိပြီးလျှင် ကြာလျှင် ရှူးသွားနိုင်သောကြောင့် ကားကို မိမိကိုယ်တိုင်မောင်းရင်း အဘထံသို့ ထွက်ခဲ့လေတော့၏။

မလွှကုန်းဘူတာအနီး ဇရပ်ကလေးတွင် အဘသည် အေးချမ်းစွာ ထိုင်နေသည်ကို တွေ့ရ၏။ မောင်မှတ်ကြီးသည် ကားကိုရပ်၍ ကပျာကယာဆင်းကာ အဘ၏ခြေဖမိုးကို ဆံပင်နှင့်တိုက်၍ ရှိခိုးလိုက်လေတော့၏။ ထို့နောက် အဘ၏ခြေထောက်အစုံကို ဖက်ကာ မျက်ရည်များ တွေတွေကျရင်း ငိုသံကြီးဖြင့် ...

"အဘ ကျွန်တော် ရှူးရတော့မယ်"

ဟု ပြောလိုက်ရာ အဘက ...

"ရှူးစရာရှိတော့လဲ ရှူးလိုက်တာပေါ့ မှတ်ကြီးရာ၊ ဒါပေမယ့် မရှူးသေးတဲ့ခါက ခက်တယ်၊ တကယ်ရှူးသွားရင် တော်တော်စိတ်ချမ်းသာဖို့ ကောင်းတာ၊ အရူးဆိုတာ ဘယ်သူ့ကိုမှလဲ မကြောက်ရဘူး၊ သွားချင်တဲ့ဆီကို သွားလိုက်၊ စားချင်တဲ့ဟာကို စားလိုက်၊ ဆဲချင်တဲ့သူကို ဆဲလိုက်၊ ဘယ်လောက်များ လွတ်လပ်သလဲကွာ၊ အရူးတစ်ယောက်ရဲ့ စိတ်ချမ်းသာမှုကို သူဌေးတစ်ယောက်ရဲ့အဖြစ်နဲ့ မလဲနိုင်ဘူး၊ ဒါကြောင့် ဘယ်အရူးမှ သူဌေးဖြစ်ချင်တယ်လို့ မပြောဘူး၊ သူဌေးကသာ ရှူးချင်တယ်လို့ပြောကြတာ၊ ကဲ ... ဆိုစမ်းပါဦး၊ သဌေးအရူး မှတ်ကြီးရဲ့၊ ဒီလိုရှိတယ်





ကွ၊ လူဟာ စည်းစိမ်ဥစ္စာပျက်ရင်လဲ ရှူးတတ်တယ်၊သည်းခြေရှောက်ရင်လဲ ရှူးတတ်တယ်၊ စုန်းတစ္ဆေဖမ်းစားရင်လဲ ရှူးတတ်တယ်၊ တွေဝေမိန်းမောမှုများရင်လဲ ရှူးတတ်တယ်၊ ကြံစည်မှုများရင်လဲ ရှူးတတ်တယ်၊ ဒေါသများရင်လဲ ရှူးတတ်တယ်၊ စွဲမက်စရာ တဏှာများရင်လဲ ရှူးတတ်တယ်၊ မဟုတ်မှလွဲရော၊ မှတ်ကြီး မင်းရှူးချင်သလိုဖြစ်လာတာ နောက်ဆုံးအချက်ကြောင့် ထင်တယ်ကွ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မှတ်ကြီးက

"မှန်ပါတယ် အဘ၊ ကျွန်တော့်မိန်းမ မကြာဖြူကို စွဲလန်းတဲ့စိတ်နဲ့ ရှူးတာပါ"

ဟု အစချီကာ ၎င်း၏အဖြစ်အပျက်ကို အဘအား ပြောပြလေ၏။ အဘသည် ပြုံးပြုံးကြီးနားထောင်နေလေ၏။ မောင်မှတ်ကြီး စကားဆုံးသောအခါ၌ အဘက ...

"လောကခံနဲ့တွေ့ပြီကွ၊ဒီတစ်ခါတွေ့တာဟာ အကောင်းဆုံးဖြစ်ဖို့ တွေ့တာပဲ၊ မင်းရဲ့ ဓာတ်ခံပါရမီကို လောကခံမှာ တအားပွတ်တိုက်ပြီး မှတ်ကျောက်တင်ပြီ မှတ်ကြီးရဲ့၊ ကြာဖြူကို အကြောင်းပြုပြီး မင်းပျော်ခဲ့ရတယ်၊ အခု ကြာဖြူကိုအကြောင်းပြုပြီး မင်းစိတ်ညစ်တယ်၊ အားလုံးဟာ အသွားနှစ်ဘက်ရှိတဲ့ လွှတွေလိုပဲ ထက်တယ်ဟေ့၊ ဒါလဲ မင်္ဂလသုတ်ထဲမှာ ပါပါတယ်ကွာ၊ 'ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ' ဆိုတဲ့အပိုင်းကွ၊ စိတ်ဟာ လောကခံတရားနဲ့ တွေ့တဲ့အခါမှာ မတုန်မလှုပ်ရှိနေခဲ့ရင် သောကမြူ အညစ်အကြေးကင်းပြီး ဘေးကင်းချမ်းသာတယ်လို့ ဆိုတယ်ကွ၊အဲဒီတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို ပြောပြဦးမယ် မှတ်ကြီးရ၊ စိတ်ဆိုတဲ့အရာရဲ့ ကောင်းခြင်းဟာ တည်ငြိမ်ခြင်းကို ပြောတာ၊ တက်ကြွတာလဲ ကောင်းတဲ့စိတ် မဟုတ်ဘူး၊ ဆုတ်နစ်တာလဲ ကောင်းတဲ့စိတ် မဟုတ်ဘူး၊ စိတ်ဟာ အပေါ်ပဲ တက်တက်၊ အောက်ပဲ ဆင်းဆင်း မကောင်းဘူး၊ ဝကာတိ တည်တည်ငြိမ်ငြိမ်လေးရှိတာက ကောင်းတယ်၊ အဲဒီလို တည်ငြိမ်အောင်က စိတ်ကို သတိနဲ့ ဖမ်းထားရတယ်၊ မဖမ်းဘဲ လွှတ်ထားလို့ကတော့ကွာ ဒီကောင်ဟာ တက်ချင်တက် မတက်ချင် ကျတော့တာပဲ၊စိတ်ကိုဖမ်းပြီး ငြိမ်အောင်လုပ်တဲ့နည်းတွေ အများကြီးရှိတယ်၊ ကြိုက်တဲ့နည်းနဲ့ လုပ်ပါကွာ၊ ငါ့ကို အကြံတောင်းရင်တော့ မင်းကို ငါ ပုတီးကလေးတစ်ကုံးပေးမယ်၊ ဟောဒီမှာ”

ဟု ဆိုကာ အနီးရှိ အိတ်အတွင်းမှ ပုတီးတစ်ကုံးကို ထုတ်ယူကာ မှတ်ကြီးအား ပေးလိုက်လေ၏။

ထို့နောက် အဘသည် စကားဆက်၍ ပြောပြန်၏။

“ဒီမှာ မှတ်ကြီးရေ မင်းက သောကြာသားမဟုတ်လား၊ သောကြာရဲ့မိတ်ဟာ(ဆွေသား) အင်္ဂါပေါ့ကွာ၊ သောကြာရဲ့ မာတ်ဟာ (ဝံသေ) ဗုဒ္ဓဟူးပေါ့ကွာ၊ အဲဒီတော့ အင်္ဂါနဲ့ဗုဒ္ဓဟူး နဲ့ တွဲထားတဲ့အသားဆိုတော့ ခေါင်းလျှားပေါ့ကွ၊ ဟောဒီမှာ ခေါင်းလျှားသားနဲ့ လုပ်ထားတဲ့ပုတီး၊ တကယ်လို့ မင်းပုတီးစိပ်မယ်ဆိုရင် အဆင်သင့်ဖြစ်အောင် လုပ်ထားတာ”

ဟု ပြော၏။ မှတ်ကြီးသည် ပုတီးကို လက်နှစ်ဘက်ဖြင့် ကိုင်ရင်း ...





“အဘရယ်၊ ကျွန်တော့်စိတ်ကို ပုံမှန်အတိုင်း ဖြစ်ချင်ပါတယ်”

ဟု ပြောရာ အဘက ...

“အဲဒီပုတီးကို အမိဋ္ဌာန်နဲ့ တစ်နေ့ကို ဆယ့်နှစ်ပတ်စိတ်မယ်ဆိုပြီး တိတ်ဆိတ်တဲ့နေရာမှာ ငြိမ်ငြိမ်လေး စိပ်ပေတော့ဟေ့၊ မင်းကြိုက်တာ စိပ်ခွင့်ရှိတယ်၊ဘာစိပ်ရမလဲလို့ ငါ့ကို အကြံတောင်းရင်တော့ ငါက ‘ဖုဋ္ဌသ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ၊ ခေမံ’ ဆိုတာ စိပ်လို့ အကြံပေးချင်တယ်၊ စိတ်ဟာ တက်ကြွတာလဲ မကောင်းဘူး၊ ဆုတ်နစ်တာလဲ မကောင်းဘူးဆိုတာ သိရင် ဗဟိုချက်မှာ ငြိမ်ငြိမ်လေး နေအောင်လုပ်ပေတော့၊ ကြာဖြူလေးကို ချစ်တာလဲ ဒီစိတ်ပဲ၊ သူ့အမေ မအိမ်မြကို မုန်းတာလဲ ဒီစိတ်ပဲ၊ နှစ်စိတ် မဟုတ်ဘူးငါ့လူ၊ တစ်စိတ်တည်းပဲ၊ချစ်တာလဲ မှားတယ်၊ မုန်းတာလဲ မှားတယ်၊ မချစ် မမုန်းမှ မှန်တယ်ကွ ကဲ ... သွားပေတော့ ငါ့လူရေ”

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးလည်း အဘ၏ခြေဖမိုးကို ဆံပင်ဖြင့် ပွတ်တိုက်ကာ ကန်တော့၍ မော်တော်ကားဖြင့် ပြန်လာခဲ့လေတော့၏။

ကားမောင်းရင်း မောင်မှတ်ကြီးစိတ်၌ ...

“အဘပြောတာ လွဲတယ်လို့ မရှိပါဘူး၊ကောင်းကျိုးပေးခဲ့တာချည်းပဲ၊ ဒီတစ်ခါလဲ ငါ့ကို ကယ်ပြန်ပြီ၊ ပုတီးစိပ်ကြည့်ဦးမယ်၊ ဘာတဲ့ စိတ်ဟာ လောကဓံတရားနဲ့တွေ့တဲ့အခါမှာ တုန်မလှုပ် ရှိရမယ်တဲ့၊ အတော့်ကို သဘာဝကျတဲ့စကားပဲ၊ ဟောဒီ

www.burmeseclassic.com



အဘပေးလိုက်တဲ့ စိပ်ပုတီးနဲ့ ယောက်ယက်ခတ်နေတဲ့ ငါ့ရဲ့စိတ်နှလုံးကို တည်ငြိမ်အောင် ကြိုးစားမယ်ဟေ့"

ဟု စိတ်အတွင်းမှ ရေရွတ်ရင်း အိမ်သို့ပြန်လာခဲ့လေတော့သတည်း။

❑



## ဗဟိုချက်သို့ရောက်နေသော စိတ်အခြေအနေ

မောင်မှတ်ကြီးသည် အဘထံမှ ပြန်လာပြီးနောက် ကားကို ခြေဦးတည့်ရာ မောင်းနှင်ခဲ့ရာ ရွှေတိဂုံဘုရားသို့ ရောက်သွားလေတော့၏။ ထို့နောက် ကားကိုရပ်၍ ရွှေတိဂုံဘုရားပေါ်သို့ တက်၏။ ပြီးလျှင် ပုတီးစိတ်မည့်နေရာကို လိုက်လံရှာဖွေရာ နောင်တော်ကြီးဘုရားကို တွေ့၏။ ထို့ကြောင့် နောင်တော်ကြီးဘုရားရင်ပြင်တော်ပေါ်သို့ တက်၏။ ပြီးလျှင် ထိုရင်ပြင်၏ တနင်္ဂနွေထောင့်သို့ သွားရောက်၏။ ထိုနေရာတွင် အောက်မှ ဇရပ်အမိုးသည် ရင်ပြင်ပေါ်သို့ အုပ်မိုးလျက် ရှိသဖြင့် အရိပ်အာဝါသ ရရှိသည်ဖြစ်ရာ ထိုအရိပ်အောက်သို့ ဝင်၏။ ပြီးလျှင် တင်ပျဉ်ခွေချိတ်၍ ထိုင်ပြီးနောက် အဘ သင်ပေးလိုက်သော 'ဖုဋ္ဌသာ လေသာ ခမ္မေဟိ' ကို လေးလေးနက်နက် ပုတီးစိပ်လေတော့၏။

ပုတီးသုံးပတ်ခန့် စိပ်ပြီးသည့်အချိန်၌ မောင်မှတ်ကြီး၏ စိတ်သည် အလိုအလျောက် ငြိမ်၍ သွားလေတော့၏။ မောင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးသည် ပုတီးကို တစ်ခါတစ်ရံမျှပင် စိပ်ဖူးခြင်း မရှိရကား ပုတီးသုံးပတ်ခန့် စိပ်မိသည်နှင့် ညောင်းညာခြင်း ဖြစ်လေတော့၏။ ထို့ကြောင့် မတ်တပ်ရပ်၍ ခြေထောက်များကိုခါပြီးလျှင် အညောင်းဖြေကာ ပြန်၍ ထိုင်ပြန်၏။ ပြီးလျှင်ပုတီးကို ဆက်၍စိပ်ပြန်၏။ ထိုသို့ ပုတီးစိပ်ရာ နောက်ထပ် ပုတီးငါးပတ်ခန့် စိပ်ပြီးသည့်အခါ၌ ၎င်း၏စိတ်သည် အတော်ကြီးငြိမ်သွားပြီဖြစ်၏။ ထို့ကြောင့် ဆက်၍စိပ်ပြန်၏။ ထိုအခါ၌ အစတွင် လှုပ်ရှားနေသော စိတ်သည် လှုပ်ရှားခွင့်မရတော့ဘဲ ငြိမ်ခြင်းမက ငြိမ်သက်ခဲ့ရာ ကြက်သည်းမွေးညှင်းများ ထလာခဲ့လေတော့၏။ ထိုသို့ ကြက်သည်းမွေးညှင်းများ ထလာပြီးလျှင် စိတ်၌ တစ်မျိုးတစ်ဖုံ ပျော်ရွှင်မှုရလေ၏။ ဆက်၍စိပ်ပြန်ရာ လက်ဆုပ်လက်ကိုင်ပြ၍ မရသော ပျော်ရွှင်မှုတစ်မျိုးကိုရလေ၏။ ထို့နောက် မောင်မှတ်ကြီး၏စိတ်သည် ပကတိ အေးချမ်းငြိမ်သက်သွားလေတော့၏။ ထိုသို့ ငြိမ်သက်သွားသောအခါ၌ မျက်စိ၌လင်းခနဲ ဖြစ်သွား၏။

အမှန်စင်စစ်မှာ မျက်စိ၌ လင်းခနဲဖြစ်သွားခြင်းမဟုတ်၊ စိတ်၌ လင်းသွားခြင်းဖြစ်၏။ တစ်ကိုယ်လုံး၌လည်း အေးခနဲဖြစ်သွား၏။ အမှန်စင်စစ်တွင် ကိုယ်၌အေးသွားခြင်းမဟုတ်၊ စိတ်ထဲ၌ အေးခနဲဖြစ်သွားခြင်းဖြစ်၏။ ထိုအတွေ့အကြုံကို မောင်မှတ်ကြီးသည် လွန်စွာသဘောကျ၏။ မကြာမြဲကို အကြောင်းပြု၍ ပူဆွေးနောက်ကျိခဲ့ရသောစိတ်သည် ကြည်လင်အေးမြ၍ သွားလေ၏။ ထိုအခါ မောင်မှတ်ကြီးသည် ဘာပဲဖြစ်ဖြစ် အဘသြွန်ပြလိုက်သောနည်းမှာ 'ကောင်းလှပေသည်'ဟု ထင်မိလေ၏။ ထို့နောက်





မောင်မှတ်ကြီးသည် ပုတီးကလေးကို အမြတ်တနိုး ရင်၌ ပိုက်၍ အိမ်သို့ ပြန်လာခဲ့လေတော့၏။

မောင်မှတ်ကြီးသည် ပုတီးကလေးကိုကိုင်၍ အိမ်သို့ ပြန်လာပြီးနောက် အလကားနေလျှင် အလကားဟုဆိုကာ ပုတီးကို ထုတ်၍စိပ်ပြန်၏။ ဤသို့နှင့်ပင် မောင်မှတ်ကြီးသည် အိမ်၌နေသည့်အခါ၌ အခြားအကြောင်းအရာများတွင် စိတ်မလေနေတော့ဘဲ ပုတီးကိုင်ရင် 'ဗုဒ္ဓသလောကမမွေဟိ' ကိုသာ စိပ်နေလေတော့၏။ အိပ်သောအခါတွင်လည်း စိတ်သည် အေးချမ်းသည်ထက် အေးချမ်းလာ၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် ပုတီးကို လက်မှ မချနိုင်အောင်ဖြစ်နေလေတော့၏။ တစ်ခါတွင် မောင်မှတ်ကြီးသည် ပုတီးကို ခုတင်၌ချိတ်ခဲ့ပြီးနောက် ပုတီးစိပ်လိုသောစိတ်ပေါ်လာသဖြင့် မိမိပုတီးကို မည်သည့်နေရာတွင် ထားခဲ့သည်ကို စဉ်းစားလိုက်သော်လည်း စဉ်းစား၍မရဘဲ ရှိလေတော့၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် တစ်အိမ်လုံးကို မွှေနှောက်၍ ပုတီးကို ရှာဖွေလေတော့၏။ ထိုသို့ ရှာဖွေသော်လည်း မတွေ့ဘဲ ရှိနေ၏။ ထိုအခါမှပင် အိပ်ခန်းတွင်းသို့ဝင်၍ ခုတင်၌ထိုင်လိုက်ရာ ခုတင်တိုင်မှ ပုတီးကို အမှတ်မထင်တွေ့သွားလေတော့၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် ပုတီးနှင့် မိမိမှာ ခွဲခြား၍ မရမှန်းသိသွားလေတော့၏။ ထိုအချိန်မှစ၍ မောင်မှတ်ကြီးသည် ပုတီးကိုစိပ်လိုသောအခါ၌ စိပ်၍ မစိပ်လိုသောအခါ၌ လည်တိုင်၌ဆွဲထား၏။ မောင်မှတ်ကြီး ခန့်ထားသော ဒရိုင်ဘာ၊ ထမင်းချက်၊ စားပွဲထိုး၊ အိမ်ဖော် စသည်တို့က ပုတီးဆွဲထားသော ၎င်းတို့၏သူဌေးအား



www.burmeseclassic.com

www.burmeseclassic.com



မေးငေါ်ကြ၏။ သူတို့၏သူငွေးသည် ယဉ်ယဉ်ကလေးနှင့်ရူးသွားပြီဟု ပြောဆိုကြကုန်၏။ ကုမ္ပဏီမှ မန်နေဂျာ၊ စာရေး စသည်တို့သည် မောင်မှတ်ကြီး၏အဖြစ်ကို ကြည့်ကာ ပြုံးစိစိဖြစ်ကြကုန်၏။ စာရေးကြီးတစ်ဦးက ဆိုလျှင် ....

"မယားတရူးဆိုတာ ဒါမျိုးပဲကွ၊ တော်တော်ကြာတော့ ပုတီးနေရာမှာ နို့ဆီခွက်တွေ ရောက်လာလိမ့်မယ်"

ဟု ပြောလေ၏။ မောင်မှတ်ကြီးသည် ကြာသောအခါ၌ မိမိကို လက်အောက်ငယ်သားများက အရူးတစ်ယောက်ဟု ပြောဆိုနေကြောင်းကို ရိပ်မိလာတော့၏။ သို့ရာတွင် မောင်မှတ်ကြီးသည် မည်သူကထင်ထင် ဂရုမစိုက်၊ မိမိမှန်သည်ကို လုပ်ဝံ့သောလူစားမျိုးဖြစ်ရကား ပုတီးကိုမဖြုတ်ပေ။ ဆွဲမြဲ ဆွဲထားလေ၏။ မောင်မှတ်ကြီးသည် ပုတီးကို အများမြင်စေရန် ဆွဲထားသည်မဟုတ်၊ အမှန်တကယ် လိုအပ်၍ ဆွဲထားခြင်းဖြစ်၏။ အပြင်သို့သွားသောအခါ၌ အင်္ကျီအောက်တွင် ဆွဲထား၏။ အိမ်သို့ ပြန်ရောက်လာလျှင် အင်္ကျီပေါ်၌ ဆွဲထား၏။ အချိန်အားရသည်နှင့် ပုတီးကို လည်တိုင်မှဖြုတ်၍ စိပ်၏။ မောင်မှတ်ကြီး၏ ပုတီးသည် ဘုရားစင်တွင် ချိတ်ထားသော ချိတ်ပုတီးမျိုးမဟုတ်၊ တကယ်စိပ်သည့် စိပ်ပုတီးမျိုး ဖြစ်၏။

ခြောက်လခန့် ဤသို့ ပုတီးနှင့် ရင်းနှီးခဲ့ရာ မောင်မှတ်ကြီး၏စိတ်သည် မှော်များ၊ ဒိုက်များ ကင်းစင်သော ရေကန်ကဲ့သို့ ကြည်လင်လာလေတော့၏။ မကြာဖြူကို အကြောင်းပြု၍ ပူဆွေးခဲ့ရသော စိတ်သည်လည်း မြေပြင်၌ တုတ်ဖြင့်ရေးခြစ်သော စာ





ကဲ့သို့ တစ်စတစ်စဖြင့် မှိန်၍မှိန်၍ ပျောက်ကွယ်သွားခဲ့၏။ မောင်မှတ်ကြီးသည် အခြားသူ၏စိတ်သဘာဝကို နားလည်နိုင်သည်ဟုမဆိုနိုင်သော်လည်း မိမိ၏စိတ်သဘာဝကိုမူ အတော်အတန်ရိပ်စားမိလာ၏။ စိတ်ဆိုးခြင်း၊ စိတ်ဆိုးပြေခြင်း၊ ချစ်ခြင်း၊ချစ်စိတ်ပြေခြင်း၊ ထိတ်လန့်ခြင်း၊ ထိတ်လန့်သောစိတ်ပြေပျောက်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းသာသောစိတ်ပြေခြင်း စသော နူးညံ့သိမ်မွေ့သော စိတ်ဖြစ်စဉ်ကို ရိပ်စားမိလေတော့၏။ တစ်ခါတစ်ရံ စိတ်ဆိုးရန် အကြောင်းဆုံ၍ စိတ်ဆိုးမိသော်လည်း ထိုစိတ်ဆိုးသော စိတ်ကို မောင်မှတ်ကြီး တွေ့မြင်နေ၏။

ထို့နောက် ခဏချင်းပင် စိတ်ဆိုးပြေသွား၏။ ၎င်း၏ကုမ္ပဏီလုပ်ငန်းများသည် အဆမတန်မြတ်နေကြောင်း တွေ့ရလျှင် ကျေနပ်ဝမ်းသာစိတ်များပေါ်လာ၏။ ထိုစိတ်ကိုလည်း မောင်မှတ်ကြီး ကောင်းစွာသိ၏။ ထို့နောက် ကျေနပ်ဝမ်းသာစိတ်သည် ကြာရှည်မနေဘဲ ပြေသွားရတော့၏။ ထို့ကြောင့် မောင်မှတ်ကြီး၏စိတ်သည် ကြာရှည်စွာတက်ကြွနေခြင်း မရှိသကဲ့သို့ ကြာရှည်စွာ ဆုတ်နစ်နေခြင်းလည်းမရှိ၊ အစဉ်သဖြင့်လိုလို ဗဟိုချက်၌ တည်နေလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## နဂါးအကြောင်း

တစ်နေ့တွင် မောင်မှတ်ကြီးသည် မလွှကုန်းဘူတာအနီး ရှိ ဇရပ်ဟောင်းကလေးဆီသို့ ရောက်ရှိလာပြန်၏။ အဘသည် ထိုဇရပ်ကလေးအနီး၌ စေတီတစ်ဆူတည်နေသော ပန်းရံဆရာ များအား ဘယာကြော်များ ဝေ၍ပေးနေသည်ကို တွေ့ရ၏။ မောင် မှတ်ကြီးသည် မော်တော်ကားဂိုရပ်ကာ ကားပေါ်မှ ကပြာကယာ ဆင်း၍ အဘကို ကန်တော့လေ၏။ ထိုအခါ အဘက ...

"ဟ ... မှတ်ကြီး၊ ခါတ်မစီးပဲ မော်တော်ကားကြီး စီးနေ တာကိုး"

ဟု ပြောလိုက်ရာ ပန်းရံဆရာများသည် ရယ်ကြလေ၏။ ထိုအခါ မှတ်ကြီးက ...

"အဘ ဘုရားတည်နေတာလား"

ဟု မေးလေ၏။ ထိုအခါ အဘက ...





"ငါမတည်ပါဘူး၊ ပန်းရံဆရာတွေ တည်တာပါ၊ ငါက အုတ်ဖိုး၊ သဲဖိုး၊ ဘိလပ်မြေဖိုးပဲ ရှာပေးတာပါ"

ဟု အဘက ပြောလေ၏။ မှတ်ကြီးသည် ထိုစေတီလေး အား ကြည့်ပြီးနောက် ...

"ပန်းရံဆရာတွေတည်တဲ့ စေတီလေးက ပြီးတော့မှာပဲ အဘရဲ့"

ဟု ပြောလိုက်ရာ အဘက ပြုံးလေ၏။

"ပြီးတော့မယ် မှတ်ကြီးရ၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းကလဲ လည်ပင်းမှာ ပုတီးကြီးဆွဲလို့၊ တကယ်ပဲ ပုတီးသမားကြီးဖြစ်နေ တာကိုး၊ မင်းရဲ့မျက်နှာတွေလဲ ကြည်နေတယ်ကွ၊ တော်တော် လေး အလုပ်လုပ်ထားဟန်တူတယ်၊ ကောင်းတယ်ဟေ့"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ ရထားတစ်စီး ဆိုက် လာ၏။ ရထားပေါ်မှ ခရီးသည် မြောက်များစွာ ဆင်းလာကြ၏။ ထိုခရီးသည် အားလုံးလိုလို၌ ပခြုပ်များလွယ်ထားသည်ကို တွေ့ ရ၏။ မောင်မှတ်ကြီးသည် ထိုအခြင်းအရာကိုမြင်လျှင် ၎င်း၏စိတ် ၌ ဆန်းသည်ဟု ထင်မှတ်သွား၏။

ထို့ကြောင့် အဘအား ....

"အဘရေ၊ ဘူတာမှာ ခရီးသည် အဆင်းအတက်များလှ ချည်လား၊ ပြီးတော့ ခရီးသည်တိုင်းလိုလို ဖလိုင်းလွယ်လို့"

ဟု ပြောလိုက်လေ၏။ ထိုအခါ အဘက ...

"ဟ မှတ်ကြီး၊ ဘူတာမှာ ခရီးသည် အတက်များတာ မဟုတ်ဘူး၊ အဆင်းတွေများတာ၊ အဲဒါတွေဟာ မြွေအလမ္မယ်

www.burmeseclassic.com



ဆရာတွေပဲ၊ မင်းတွေ့တာဟာ ပလိုင်းမဟုတ်ဘူး၊ ပခြုပ်တွေ၊ အဲဒီအသုတ်ဟာ သတ္တမအသုတ်ပဲ၊ လူမျိုးတွေကလဲ ကုလား၊ ရှမ်း၊ ဗမာတွေ လူမျိုးအသီးသီးပါပဲ၊ အားလုံးတစ်ထောင်နီးပါးလောက်ရှိတယ်၊ ဟောဒီ ဘာမဟုတ်တဲ့ ချောင်းကလေးမှာ နဂါးပေါ်တယ်လို့ သတင်းဖြစ်တယ်ဟေ့၊ မြန်မာပြည်အရပ်ရပ်က မြွေအလမ္ပာယ်ဆရာတွေ ရောက်လာကြတယ်၊ မနေ့ကလည်း မြွေအလမ္ပာယ်ဆရာအချင်းချင်း စကားများပြီး ရန်ဖြစ်ကြလို့ ဂါတ်ရောက်သွားတယ်”

ဟု ပြောပြီး အဘသည် ရယ်လေ၏။

“နေစမ်းပါဦး အဘရယ်၊ နဂါးပေါ်တယ်ဆိုတာပဲ ထားပါဦး၊ မြွေအလမ္ပာယ်ဆရာတွေက ဖမ်းနိုင်လို့လား”

ဟု မောင်မှတ်ကြီးက မေးလိုက်ရာ အဘက ...

“လူတွေပဲကွာ၊ ကိုယ့်ကိုယ်ကို အထင်ကြီးတာပေါ့၊ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်၊ နဂါးဖမ်းမယ်ပေါ့၊ ဒါပေမယ့်လဲ တကယ်ဖမ်းနိုင် မဖမ်းနိုင်ကတော့ နဂါးနဲ့တွေ့မှ သိရမှာကွ၊ နဂါးပေါ်တယ်လို့ ကောလဟာလဖြစ်ပြီးရင် ဝိဇ္ဇာပေါ်တတ်တယ်ကွ၊ အဲဒီတော့ တကယ်နဂါးတော့ ပေါ်မယ်မထင်ပါဘူးကွာ၊ ဒီချောင်းနားက ဝိဇ္ဇာဓိုရ် ပေါ်လိမ့်မယ်”

ဟု ပြောလိုက်၏။ ထိုအခါ မှတ်ကြီးက ...

“အဲဒီဝိဇ္ဇာဓိုရ်ပေါ်ရင် ဒီလူတွေက ဖမ်းဦးမှာလား”

ဟု မေးလိုက်ရာ အဘက ...





“တောက်တီးတောက်တဲ့ မှတ်ကြီးရာ၊ ဝိဇ္ဇာကို အလမ္ပာယ်က ဖမ်းလို့ရမလားကွ”

ဟု ပြန်၍ပြောလေ၏။

“အဘရယ် ချောင်းလေးဘေးနားမှာက ဘုတာရှိတယ် အိမ်လေးတွေရှိတယ်၊ အဲဒီတော့ ဝိဇ္ဇာက အဲဒီအိမ်လေးတွေက ပေါ်မှာပေါ့နော်”

ဟု ပြောလိုက်လေ၏။

“သြော် ... ဒီကောင်နှယ်၊ခက်တော့တာပဲ၊ ဝိဇ္ဇာမှာ လိပ်စာမရှိဘူးကွ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ကဲ ... ကဲ ... ငါ့လူ ဘာကိစ္စလဲ၊ ကိစ္စလိုရင်းကို အမြန်ဆုံးပြော”

ဟု ပြောလိုက်ရာ မှတ်ကြီးက ...

“ဒီလိုအဘ့ရဲ့၊ အဘပုတီးပေးလိုက်တဲ့နေ့ကစပြီး ပုတီးကိုစိပ်တာ တော်တော် စိတ်ချမ်းသာပါတယ်၊ စိတ်လဲငြိမ်ပါတယ်၊ ကျွန်တော့်ကိုပေးတဲ့ ပုတီးက ဘာသားနဲ့လုပ်ထားတဲ့ ပုတီးလဲ ကျွန်တော် မေ့သွားပြီ”

ဟု မေးလိုက်လေ၏။ ထိုအခါ အဘက ...

“ဒီလိုကွ၊ အဲဒါ မင်းကိုတစ်ခါရှင်းပြပြီးသားပါကွာ၊ မိတ်ကိုဓာတ်အုပ် ပုတီးလုပ်တဲ့ကွ၊ မသေမချင်းမှတ်ထား၊မင်းက သောကြာသားလေကွာ၊ သောကြာရဲ့မိတ်က ‘ဆွေသား’ ဆိုတော့ အင်္ဂါပေါ့ကွ၊ သောကြာရဲ့ဓာတ်က ‘ဝံသ’ဆိုတော့ ဗုဒ္ဓဟူးပေါ့ကွာ၊ အင်္ဂါ ဗုဒ္ဓဟူးတွဲတဲ့ အသားဆိုတော့ ‘ဖောင်းလျား’ပေါ့ကွာ၊ ပုတီးလုပ်ရင် အဲဒီလို မိတ်ကိုဓာတ်အုပ်တဲ့အသားနဲ့ လုပ်ရတယ်ကွ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်မှတ်ကြီးသည် ၎င်း၏မှတ်စုစာအုပ်၌ ရေးမှတ်လေ၏။ ထိုသို့ရေးမှတ်ရင်း ...

"ကျန်တဲ့ နေ့သားအတွက်လဲ ပြောစမ်းပါဦး အဘရယ်"

ဟု မေးလိုက်လေ၏။

"တနင်္ဂနွေသားအတွက် ပိတောက်ကွာ၊ တနင်္လာသားအတွက် လက်ပံကွာ၊ အင်္ဂါသားအတွက် သရက်ကွာ၊ ဗုဒ္ဓဟူးသားအတွက် ကသစ်ကွာ၊ ကြာသပတေးသားအတွက် အင်ကြင်းကွာ၊ သောကြာသားအတွက် ခေါင်းလှုံး၊ ဇလပ်ကွာ၊ စနေအတွက် ဝင်အူကွာ၊ ဝင်အူရှာရခက်ရင် ယင်းတိုက်သားနဲ့ အုန်းသားစပ်ပြီး လုပ်ကွာ၊ ကဲ ...သိပြီမဟုတ်လား၊ သွားပေတော့"

ဟု ဆိုကာ မှတ်ကြီးအား မောင်းထုတ်လိုက်လေတော့၏။ သို့ရာတွင် မှတ်ကြီးသည် မသွားသေးဘဲ ...

"နေပါဦး အဘရယ်၊ မနှင်ပါနဲ့ဦး၊ နဂါးအကြောင်း ဆက်ပြီး ပြောပါဦး"

ဟု ပြောလေ၏။ ထိုအခါ အဘက ...

"နဂါးအကြောင်း ဘာမှပြောစရာမရှိဘူးကွ၊ ဗဟုသုတအဖြစ် နားထောင်ချင်ရင်တော့ ခြောက်ရက်လောက်နားထောင်မှဖြစ်မှာ။ တစ်ချို့ဆိုရင် နဂါးစာတောင် ကျွေးကြတာ၊ 'နဂါးမာန်ဝင်းဂိုဏ်း' ဆိုတာ မင်းကြားဖူးတယ်မဟုတ်လား၊ နဂါးကလဲ အမျိုးမျိုးကွ၊ ကဏ္ဍမုခ၊ ပုတိမုခ၊ အဂ္ဂိမုခ၊ သတ္တမုခ လို့ နဂါးလေးမျိုး ရှိတယ်၊ အဲဒီနဂါးမျိုးလေးမျိုး ရှိသလို အဆိပ်ကလဲ လေးမျိုးရှိတယ်၊ ဒဋ္ဌဝိသ၊ ဒိဋ္ဌဝိသ၊ ဖုဋ္ဌဝိသ၊ ဝါတဝိသတဲ့ကွ၊ အဲဒီတော့





အဆိပ်လေးမျိုးနဲ့ နဂါးလေးမျိုးကို မြှောက်ရင် နဂါးတစ်ဆယ့်ခြောက်မျိုးကို ရတယ်ကွ၊ အာဂဒဝိသနောဃောရဝိသ၊ နောအာဂဝိသဃောရဝိသ၊ အာဂဒဝိသစ ဃောရဝိသ၊ နောအာဂဒ ဝိသဃောရဝိသ လေးမျိုးနဲ့ ထပ်မြှောက်ရင် နဂါးမျိုး ခြောက်ဆယ့်လေးမျိုးရတယ်၊ ယောနိမျိုးလေးပါးနဲ့ မြှောက်ရင် (၂၅၆)မျိုးရတယ်၊ အဲဒါကို ရေနေ၊ ကုန်းနေ နှစ်ပါးနဲ့မြှောက်ရင် (၅၁၂) ပါးရတယ်၊ အဲဒါကို ကာယရူပီ၊ အာကာယရူပီနဲ့ မြှောက်ရင် နဂါးမျိုး (၁၀၂၄) မျိုးရတယ်၊ အဲဒီတော့ မင်းက ဘယ်နဂါးမျိုး အကြောင်း သိချင်တာလဲ"

ဟု ပြောလိုက်ရာ မှတ်ကြီးက ...

"တော်ပါပြီ အဘရယ်၊ ဘာကိုမှ မသိချင်တော့ပါဘူး"

ဟု ဆိုကာ ကားကိုမောင်း၍ ပြန်ခဲ့လေတော့၏။ လမ်းတွင် မှတ်ကြီး၏စိတ်၌ ဝိဇ္ဇာခိုရ်နှင့်နဂါးမ အိမ်ထောင်ကျသောဇာတ်ထုပ်ကို စဉ်းစားလာခဲ့မိ၏။ ထို့နောက် မှတ်ကြီး၏စိတ်၌

"အခုလဲ ဘယ်လိုဖြစ်ပြန်သလဲ မသိဘူး၊ မလွှကုန်းဘုတာန်ဘေးက ချောင်းမှာ နဂါးပေါ်သတဲ့၊ ဖမ်းဖို့ရောက်နေတဲ့ အလမ္ပါယ်ဆရာတွေကလဲ တစ်ထောင်လောက်ရှိတယ်၊ အဘပြောတဲ့ နဂါးမျိုးကလဲ တစ်ထောင်လောက်ကျော်သတဲ့၊ ထားလိုက်ပါတော့လေ၊ နဂါးက အရေးမကြီးပါဘူး၊ ငါက အရေးကြီးပါတယ်၊ ငါ့ဟာငါ အချိန်ရတုန်း ပုတီးစိပ်နေတာ စိတ်ကိုချမ်းသာလို့၊ နဂါးအကြောင်း တွေးမိမှ စာရင်းရှုပ်လာတယ်"

ဟု တွေးမိကာ ကားကိုမောင်းလာရာ ကန်တော်ကြီးစောင်းသို့ ရောက်လာ၏။ ကန်တော်ကြီးကိုပတ်၍ ကားကိုမောင်း

www.burmeseclassic.com



ခဲ့ရာ ဘုတ်ကလပ်သို့မရောက်မီ၌ ရေလယ်ကျွန်းကလေးတစ်ကျွန်းကို တွေ့ရလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် ကားကိုရပ်၍ ထိုကျွန်းကလေးကိုကြည့်ရာ လွန်စွာသာယာသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကားကိုရပ်ပြီးလျှင် ကားပေါ်မှ ဆင်းလိုက်လေ၏။ ပြီးလျှင် ထိုကျွန်းကလေးသို့ မည်သို့မည်ပုံ ကူးရမည်နည်းဟု စဉ်းစားနေ၏။ ထိုအချိန်၌ ကလေးသူငယ်တစ်ဦးသည် လှေကလေးတစ်စီးကို လှော်ခတ်ရင်း ဗေဒါပင်များကိုလိုက်၍ ဆယ်နေ၏။ မောင်မှတ်ကြီးသည် ထိုကလေးအား ...

"ဟေ့ ကလေး၊ ဦးလေးကို အဲဒီကျွန်းကလေးကို ပို့ပေးပါလားကွာ၊ မင်းကို မုန့်ဖိုးပေးပါ့မယ်၊ ပြီးရင် ဦးလေးကို စောင့်နေပါ၊ ဒီဘက်ကို ပြန်ပို့ပေးပါ"

ဟု ပြောလေ၏။ လှေပေါ်မှ ကလေးက ...

"ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူး ဦးလေးရယ် လူ့လူချင်းခင်မင်ဖို့က အရေးကြီးပါတယ်၊ မုန့်ဖိုးလဲ မပေးပါနဲ့၊ ကျွန်တော်စောင့်နေပါ့မယ်"

ဟု ပြန်၍ပြောရာ မောင်မှတ်ကြီးက ...

"လူချင်းလဲ ခင်မင်ပါမယ်ကွာ၊ မုန့်ဖိုးလဲ ပေးပါ့မယ်"

ဟု ပြောလိုက်လေ၏။ လှေပေါ်မှ ကလေးက ...

"လူချင်းခင်မင်တာဟာ လုံလောက်ပါပြီ၊ ငွေရေးကြေးရေးအကြောင်း ပြောဖို့မလိုပါဘူး၊ ငွေအကြောင်းထပ်ပြီး ပြောမယ်ဆိုရင်တော့ ကျွန်တော် ပို့မပေးနိုင်ဘူး"

ဟု ခပ်မာမာပြန်၍ပြောလိုက်ရာ မောင်မှတ်ကြီးက ...





"စိတ်မဆိုးပါနဲ့ ကလေးရာ၊ မပြောနဲ့ဆို ထပ်ပြီး မပြောတော့ပါဘူး၊ ပို့ပေးပါ"

ဟု ပြောကာ လှေပေါ်သို့ တက်လေ၏။ ကလေးလည်း လှေကိုလှော်၍ ကျွန်းကလေး၌ ကပ်ပေးလိုက်၏။ မောင်မှတ်ကြီးသည် ကျွန်းပေါ်သို့တက်၍ သွား၏။ ကျွန်းကလေးမှာ အရိပ်အာဝါသကောင်းသော အပင်များ ပေါက်ရောက်နေ၏။ အောက်ခြေရှင်း၍ မြေပြောင်နေ၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် ထိုနေရာကလေးကို လွန်စွာသဘောကျသွား၏။ ပြီးလျှင် မြေပြောင်ပြောင်၌ ထိုင်ချလိုက်ပြီး ရွှေတိဂုံစေတီတော်ကြီးအား လှမ်း၍ မျှော်ဖူးလိုက်လေ၏။ မောင်မှတ်ကြီးသည် ကျွန်းကလေးပေါ်၌ ထိုင်ကာ ရွှေတိဂုံစေတီအား တစိမ့်စိမ့်ကြည်ညိုလေ၏။ ပြီးလျှင် လည်ပင်း၌ ဆွဲထားသောပုတီးကိုချွတ်ကာ ပုတီးစိပ်လေတော့၏။ တစ်နာရီနီးပါးခန့် ပုတီးစိပ်ပြီးသောအခါ၌ ထိုင်နေရာမှ ထလိုက်လေ၏။ ထို့နောက် လှေကိုရှာဖွေရာ လှေကိုမတွေ့ဘဲ ရှိလေတော့၏။ မောင်မှတ်ကြီးသည် ကျွန်းကို ပတ်၍ ရှာဖွေ၏။ ထိုသို့ ရှာဖွေသော်လည်း အရိပ်အခြေမျှ မတွေ့ရ။ ထို့ကြောင့် မောင်မှတ်ကြီးက စိတ်တွင်းမှနေ၍ ...

"တော်တော်နောက်တဲ့ ကောင်လေးပဲ။ ငါ့ကိုစောင့်မယ်ဆိုပြီး ကျွန်းပေါ်မှာ တစ်ယောက်တည်းထားသွားတယ်၊ ဒါပဲဖြစ်ဖြစ် ငါတော့ အဝတ်တွေ ရေစိုခံပြီး ရေကူးရတော့မှာပဲ"

ဟု ရေရွတ်လိုက်မိလေတော့၏။ ထိုအချိန်၌ လှေတစ်စီးသည် ကျွန်းကိုပတ်၍ ထွက်လာသည်၏။

www.burmeseclassic.com



ထို့ကြောင့် လှေဦးကို မြင်လိုက်သည်နှင့် မောင်မှတ်ကြီးက ...

"မင်း တော်တော်ခက်တဲ့ကောင်ပဲ"

ဟု ပြောလိုက်လေ၏။ လှေပေါ်မှ ...

"တော်တော်ခက်တာ ငါမဟုတ်ဘူး၊မင်းပဲ မှတ်ကြီးရေ"

ဟူသော အသံထွက်လာသဖြင့် လှမ်းကြည့်လိုက်ရာ လှေလှော်လာသော အဘကို တွေ့ရလေ၏။ မောင်မှတ်ကြီးသည် လွန်စွာ အံ့ဩသွား၏။

"နေစမ်းပါဦး၊ အဘက ဘယ်ကနေ ဘယ်လိုရောက်လာရတာတုန်း"

ဟု မှတ်ကြီးက မေးလိုက်လေ၏။ ထိုအခါ အဘက ...

"ငါက ပစ္စည်းကလေးလိုလို့ သွားပြီးဝယ်တာဟေ့၊ ဒီနားမှာ ကားရပ်ထားလို့ မင်းကိုကြည့်တာ ကားပေါ်မှာမတွေ့တာနဲ့ အနီးအပါးကို လျှောက်ကြည့်တော့ ကျွန်းပေါ်မှာထိုင်ပြီး ပုတီးစိပ်နေတဲ့ မင်းကိုတွေ့တော့ အဖြစ်အပျက်(.)ုံ စဉ်းစားကြည့်လိုက်တော့ အနားမှာလဲ လှေကို မတွေ့တာနဲ့ ငါ လှေကိုလိုက်ပြီးရှာတယ်၊ အဲဒီလိုလိုက်ပြီးရှာတော့၊ မြင်းရေချိုးတဲ့ ဆိပ်နားမှာ လှေကိုတွေ့တယ်၊ အဲဒါနဲ့ လှေကိုလှော်ပြီး ဒီကိုယူလာရတာ၊ မင်းက လူတွေကို သိပ်ပြီး ယုံတာကိုးကွယ်၊ ပုတီးဆိုတာ တွေ့ကရာနေရာမှာ စိပ်ရတာ မဟုတ်ဘူး၊ လာလမ်းသာရဲ့လား၊ ပြန်လမ်းကောင်းရဲ့လားလို့ ကြည့်ပြီးတော့မှ စိပ်ရတာ၊ အခုတော့ မင်းဟာ အလှည့်စားခံရတာပေါ့ကွာ၊ မင်းကို လာကြိုမယ်ဆိုတာ လူကြီးတစ်



BURMESE CLASSIC



ယောက် မဖြစ်နိုင်ဘူး၊ ကလေးတစ်ယောက်ပဲ ဖြစ်ရမယ်၊ လူကြီးဆိုရင်တော့ ဒီလို မလုပ်ပါဘူးကွာ၊ ဒီကန်တော်ကြီးထဲမှာကတော့ ကလေးတွေ ဟိုနေရာ ဒီနေရာမှာ ဆိုသလိုရှိတယ်၊ လှည့်စားတတ်တယ်ဟေ့၊ ကဲ ... ငါသွားမယ်"

ဟု ဆိုကာ ပြော၏။ ထိုအခါ မောင်မှတ်ကြီးက ...

"မဟုတ်တာဘဲ အဘရယ်၊ ကျွန်တော်လိုက်ပို့မယ်"

ဟု ပြောလေ၏။ ထိုအခါ အဘက

"မင်းရဲ့ကားကြီး မစီးပါရစေနဲ့ကွာ"

ဟု ပြောဆိုကာ ထွက်သွားလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## ကျပန်းစကားပြောပွဲ

မောင်မှတ်ကြီးသည် သူ၏လုပ်ငန်းများကို ကျကျနနအုပ်ချုပ်ခြင်း မရှိတော့၊ အချိန်ရှိသရွေ့ ပုတီးကိုသာ စိပ်နေလေတော့၏။ သို့ရာတွင် သူ၏လုပ်ငန်းများမှာ ဆုံးရှုံးသည်ဟူ၍ မရှိ၊ အောင်မြင်သည်ချည်း ဖြစ်၏။ သူသည် အစပထမတွင် ထွန်းအောင်ကျော်ဆိုသော သူဌစ်ယောက်အား၊ မန်နေဂျာ ခန့်ထားသော်လည်း ၎င်းထွန်းအောင်ကျော်မှာ အစာအိမ်ရောဂါကြောင့်၊ လုံးဝအလုပ်မလုပ်နိုင်ဘဲ ရှိသောကြောင့် မန်နေဂျာအသစ် ခေါ်ယူရလေ၏။ ၎င်းမန်နေဂျာ၏အမည်မှာ ကိုလှမော် ဟူ၍ဖြစ်၏။ ၎င်းကိုလှမော်သည် လ,အလိုက်၊ နှစ်အလိုက်၊ လုပ်ငန်းအမြတ်ငွေစာရင်းများကို မောင်မှတ်ကြီးအား ပြ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်တိုင် ဖိဖိစီးစီးကြပ်ကြပ်မတ်မတ် လုပ်စဉ်က အမြတ်ငွေထက် ၎င်းအလုပ်မလုပ်ဘဲ လွှတ်ထားသောအခါ ရရှိသောအမြတ်





ငွေသည် နှစ်ဆ၊ သုံးဆ များနေသောကြောင့်ဖြစ်၏။ ထိုအခါ မောင်မှတ်ကြီးသည် အဘကို မေးကြည့်၏။ အဘက ရယ်လေ၏။

"ဟ မှတ်ကြီးရေ၊ မင်းလုပ်လို့ ဖြစ်တာမှ မဟုတ်ဘဲ၊ မြတ်မှာမို့ မြတ်တာလေကွာ၊ မမြတ်မှာဆိုရင် မင်းပဲလုပ်လုပ် သိကြားမင်းပဲလုပ်လုပ် မမြတ်ဘူး ငါ့လူရေ၊ မြတ်မှာမို့ မြတ်တာဆိုတော့ မင်းမလုပ်ဘဲ ပုတီးစိပ်နေလဲ မြတ်တာပေါ့ကွာ၊ အဲဒါကို သဘောပေါက်ထားရင် မြတ်ခြင်း၊ ရှုံးခြင်းအပေါ်မှာ မင်းစိတ်ဟာ ရောက်ယက်မခတ်တော့ဘူးကွ"

ဟု ပြောဖူးလေ၏။

မောင်မှတ်ကြီး မန်နေဂျာ ကိုလှမော်က တိုးချဲ့၍ လုပ်ကိုင်ချင်သော လုပ်ငန်းများကို မောင်မှတ်ကြီးအား လာ၍ပြော၏။ ထိုအခါ မောင်မှတ်ကြီးက စာရင်းကိုင်ချုပ်နှင့် တိုင်ပင်၍ တိုးချဲ့လိုက တိုးချဲ့နိုင်ကြောင်း ခွင့်ပြုလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီး၏ မ,နေဂျာ ကိုလှမော်နှင့် စာရင်းကိုင်ချုပ် ကိုခင်စိုးတို့သည် အသေးစိပ်တိုင်ပင်၍ အကြီးစား သံထည် ပစ္စည်းစက်ရုံကို လည်းကောင်း၊ အထည်ယက်လုပ်သော စက်ရုံတစ်ရုံကို လည်းကောင်း၊ ထူထောင်လိုက်ကြလေ၏။ ထိုစက်ရုံ၏ အမည်များမှာလည်း ပတ္တမြားမိုး ဟူ၍သာ ဖြစ်၏။ မောင်မှတ်ကြီး ၏စီးပွားရေးသည် ဒီရေအလားတိုးတက်လာ၏။

၎င်း၏မိတ်ဆွေများ လက်အောက်ငယ်သားများက ၎င်းအား အိမ်ထောင်ထပ်ပြုရန် တိုက်တွန်းကြ၏။ အရွယ်ရှိသေးသော

www.burmeseclassic.com



ကြောင့် အိမ်ထောင်ပြုလျှင်လည်း မည်သူကမျှ အပြစ်တင်မည် မဟုတ်ကြောင်း ပြောဆိုကြလေ၏။

သို့ရာတွင် မောင်မှတ်ကြီးက . . .

"ကျုပ် အိမ်ထောင်ပြုဖူးပြီးပြီပဲဗျာ၊ နောက်ထပ်ပြုဖို့ မလိုတော့ပါဘူး။ ကလေးကလား စကားပြောတာတော့ မဟုတ်ဘူး ကျုပ်ရင်ထဲမှာ ကြာဖြူကလေးဟာ ရှိနေတုန်းပဲ၊ အဲဒီ ကြာဖြူကလေးကို ဖယ်ပြီး အခြားမိန်းမ အစားမထိုးနိုင်ပေါင်ဗျာ၊ ပေါင်းဖို့ မသင့်လို့သာ မပေါင်းတာဘဲ ရှိတယ်။ သူ့ကို ကျုပ်က မုန်းတာ မဟုတ်ဘူး။ အခုထိ သူ့ကို တသသ ဖြစ်နေတုန်းပဲ"

ဟု ပြန်၍ ဖြေတတ်လေ၏။ ထိုစကားကို ကြားရသော အခါ၌ အချို့သောသူများက . . .

"သေပဲသေတော့မယ်၊ အခုထက်ထိ ကြာဖြူကလေး လုပ်နေသေးတယ်"

ဟု ကဲ့ရဲ့ကြလေ၏။ မောင်မှတ်ကြီးသည် အမှန်တကယ်ပင် အိမ်ထောင်ပြုရန် စိတ်မကူးတော့ဘဲ အေးချမ်းစွာ နေခဲ့လေ၏။ တစ်နေ့ တစ်ခေါက်ဆိုသလို လုပ်ငန်းတည်ရှိရာများသို့ မော်တော်ကားနှင့် လှည့်လည်ကြည့်ရှု၏။ ပြီးလျှင် အိမ်သို့ ပြန်လာကာ ဘုရားခန်းသို့ ဝင်၍ ပုတီးစိပ်နေလေတော့၏။ သူ၏လုပ်ငန်းများမှာလည်း တိုးတက်လာ၏။ ဝင်ငွေများမှာလည်း အဆမတန်ဖြစ်လာ၏။ သူသည် အခြားသော သူဌေးများကဲ့သို့ပင် မကြာခဏဆိုသလို ထမင်းစားပွဲ ကျင်းပပေးရ၏။ လုပ်ငန်းနှင့် ပတ်သက်နေသော အရာရှိများကို ဖိတ်ကြားကာ ပါတီများပေးရ၏။ သူ၏





ပါတီပွဲတွင် အရက်သေစာများ တိုက်ကျွေးသော်လည်း သူကိုယ်တိုင်ကမူ ကရင်ဆိုဒါလောက်သာ သောက်၏။ ထို့ကြောင့် သူဌေး မောင်မှတ်ကြီး၏ ပါတီကို ပုတီးပါတီဟူ၍ နောက်ကွယ်တွင် နောက်ပြောင်ကြလေ၏။ အချို့ကလည်း . . .

"သူဌေးကလဲကွာ . . . သူဌေးနဲ့မှ မတူဘဲ၊ လည်ပင်းမှာ ပုတီးကြီးဆွဲပြီး ပါတီပေးတယ်ဆိုတော့ စားရသောက်ရမယ့် သူမှာ ခက်တာပေါ့ကွာ၊ အမြင်မတော် ဆင်တော်နဲ့ခလောက်ဆိုတာ သူဌေးကိုမှတ်ကြီးကို ပြောတာ၊ ဒီလောက် ပုတီးစိပ်ချင်လဲကွာ တစ်ခါတည်း ရသေ့လုပ်သွားဖို့ ကောင်းတယ်၊ အခုတော့ကွာ သူဌေးလဲ ဆိုသေးရဲ့၊ လည်ပင်းမှာ ပုတီးကြီးဆွဲထားတော့ ခက်တာပေါ့ကွာ"

ဟု ပြောကြလေ၏။ အချို့ကလည်း . . .

"ကျုပ်တစ်သက်မှာ မယားတရူးဆိုတာ ကြားပဲကြားဖူးသေးတယ်၊ တစ်ခါမှ မမြင်ဖူးဘူး၊ အခု သူဌေး ကိုမှတ်ကြီးကိုတွေ့မှပဲ မြင်ဖူးတော့တယ်။ ကြာဖြူနဲ့တဲ့ သူ့မိန်းမငယ်ငယ်လေးနဲ့ ကွဲရတာနဲ့ မယားတရူးဖြစ်ပြီး သူ့လည်ပင်းမှာ ပုတီးကြီးကို ဆွဲထားတော့တာပဲ၊ ဟီ . . .ဟိ ရယ်ချင်လိုက်တာ"

ဟု ပြောကြကုန်၏။ လှောင်ပြောင်ကြကုန်၏။ မောင်မှတ်ကြီးသည် ထိုအသံများကို မကြားမဟုတ်၊ ကြားသော်လည်း ဂရုမစိုက်ပေ။ တစ်နေ့၌ ရွှေတိဂုံဘုရားမှ ပုတီးစိပ်ပြီး ဆင်းလာသည်တွင် ထီဆိုင်တစ်ဆိုင်ကို တွေ့သဖြင့် ထီထိုးချင်စိတ်ပေါ်လာ၏။ အဘယ်ကြောင့်ဆိုသော် မိမိ အနေဖြင့် မည်သူ့ ကံကောင်း

www.burmeseclassic.com



ကြောင်း သိလိုသောကြောင့် ဖြစ်၏။ ထို့ကြောင့် ထိတစ်စောင်ကို ထိုးခဲ့လေ၏။ ထိီရောင်းသော ကလေးမလေးက . . .

"ဦးလေး အတိတ်က ဘာရေးရမလဲ"

ဟု မေးရာ မောင်မှတ်ကြီးက . . .

"မယားတရှူးလို့ ရေးလိုက်ပါကွယ်"

ဟု ပြောသဖြင့် ထီရောင်းသော ကလေးမလေးကလည်း ၎င်းပြောသည့်အတိုင်းပင် မယားတရှူးဟု ရေးလိုက်လေ၏။ ထီဖွင့်သောအခါ၌ ထိုထီလက်မှတ်သည် သိန်းဆုပေါက်နေကြောင်း အံ့ဩဖွယ် တွေ့ရလေတော့၏။ ၎င်း၏အလုပ်သမားများသည် မောင်မှတ်ကြီး ထီပေါက်ကြောင်းကို မသိသောကြောင့် မယားတရှူး ဟူသော အတိတ်ဖြင့် လူတစ်ယောက် ထီပေါက်သွားကြောင်းကို အလုပ်ထဲတွင် ပြောဆိုနေကြလေတော့၏။ မောင်မှတ်ကြီးသည် ၎င်းတို့ပြောသည်ကို ကြားသော်လည်း မကြားယောင် ပြုနေ၏။ သို့ရာတွင် သူသည် သက်န်းကျွန်းရှိ သူ၏အလုပ်ရုံကြီး၌ မယားတရှူးဟူသော ခေါ်ေးစဉ်ဖြင့် ကျပန်းစကားပြောပွဲတစ်ခု ကျင်းပပေးလေ၏။ အကောင်းဆုံး စကားပြောနိုင်သူအား ဆုငွေတစ်ထောင်ချီးမြှင့်မည် ဟုပြောလေ၏။ ထိုစကားပြောပွဲတွင် အလုပ်သမား ဆယ်ဦးခန့် တက်၍ပြောလေ၏။ ထိုအထဲတွင် မောင်ပေတူးဆိုသော သံထည်စက်ရုံမှ အလုပ်သမားသည် ဗိုလ်စွဲလေတော့၏။

မောင်ပေတူးသည် အရှူးအမျိုးမျိုးရှိသည့်အနက် မယားတရှူးဖြစ်ရခြင်းသည် ကောင်းကြောင်း၊ ဓာတ်လိုက်ရှူး၊ ဘုရင်ရှူး၊





ဥစ္စာရှူး စသည့်အရှူးများသည် သူတစ်ပါးကို အန္တရာယ် ပေးတတ်၏။ မယားကရှူးမှာမူ အန္တရာယ် မပေးတတ်၊ သူ၏မယားကို သူတ၍ ရှူးနေခြင်းသာ ဖြစ်၏။ ထို့ကြောင့် အရှူးထဲတွင် မယားတရှူးသည် ငြိမ်းချမ်းရေးသမား ဖြစ်၏။ သူတွေ့ဖူးသော မယားတရှူးတစ်ယောက်မှာ လည်ပင်း၌ ပုတီးကြီးဆွဲထား၏။ ကွဲကွာသွားသော သူ၏မိန်းမကို သတိရလျှင် ပုတီးထ၍ စိပ်၏။ ထို့ကြောင့် ထိုအရှူးသည် ကုသိုလ်များ နေ့စဉ်နေ့တိုင်းရနေ၏ ဟူ၍ ဖြစ်၏။ မောင်မှတ်ကြီးသည် မောင်ပေတူး၏ စကားကို သဘောကျ၍ ဟက်ဟက်ပက်ပက် ရယ်လေတော့၏။ ထို့နောက် မောင်ပေတူးအား ၎င်းကိုယ်တိုင် ငွေတစ်ထောင် ဆုချလေ၏။ ထို့သို့ ဆုချရင်း အောက်ပါအတိုင်း ပရိသတ်ကို ပြောလေတော့၏။

"အခုလို ကျုပ်ရဲ့အလုပ်သမားတွေကို ပျော်ပျော်ရွှင်ရွှင် တွေ့ရတာ ကျုပ်ဖြင့် အလွန်ပဲ ဝမ်းသာပါတယ်ဗျာ။ ကျုပ်က ယောဒီကျပန်းစကားပြောပွဲကို မယားတရှူးဆိုတဲ့ ခေါင်းစဉ်နဲ့ လုပ်ပေးတာဟာ အကြောင်းနှစ်ခုရှိပါတယ်။ ပထမ တစ်ခုကတော့ အခုဖွင့်ပြီးတဲ့အောင်ဘာလေသိန်းထီမှာ ကျုပ်ငွေတစ်သိန်းဆုပေါက်တယ်။ ကျုပ်ရဲ့ ထီအတိတ်က မယားတရှူးတဲ့ (ပရိသတ်သည် အံ့ဩကြ၏။ ဝါးကနဲ ရယ်မောကြ၏။ အချို့ရှိုင်းပျသူများက မယားတရှူးဟေ့ဟု အော်ဟစ်ကြ၏) ဒုတိယအကြောင်းကတော့ ကျုပ်မိန်းမ ကြာဖြူကို မပေါင်းနိုင်လို့ ကျုပ်ကမောင်းထုတ်ပစ်တာပါ။ ကြာဖြူနဲ့ ကွဲကာစကတော့ ခင်ဗျားတို့ပြောသလို ကျုပ်ဟာ မယားတရှူး ဖြစ်တယ်ပဲထားပါတော့၊ စောစောက မောင်ပေ



www.burmeseclassic.com

www.burmeseclassic.com



တူးပြောသွားသလိုပဲ ကျုပ်ဟာကျုပ် ဖြစ်နေမှာပါ၊ ခင်ဗျားတို့ကို ထိခိုက်စရာ မရှိပါဘူး။ ခင်ဗျားတို့မှာ နစ်နာစရာမရှိပါဘူး။ ကျုပ်ရဲ့ လည်ပင်းမှာ ဟောဒီပုတီးကြီး ဆွဲထားတာဟာ မယားတရူးဖြစ်လို့ ဆွဲထားတာ မဟုတ်ပါဘူး။ ကျုပ်ပုတီးကို ချစ် လို့ ဆွဲထားတာပါ။ အဲဒါကို သရော်ချင်တဲ့လူတွေ လှောင်ပြောင် ချင်တဲ့လူတွေက မယားတရူးဖြစ်လို့ ဆွဲတယ်လို့ ကဲ့ရဲ့ပြောကြတယ်။ ပြောတော့ လည်း ကျုပ်ရှေ့မှာ မပြောပါဘူး။ ကျုပ်ကွယ်ရာမှာ ပြောနေကြ တာပါ၊ ဒါကြောင့် ကျုပ်ရှေ့မှာ ပြောင်ပြောင် တင်းတင်းပြောကြ ပါစေဆိုတဲ့ စေတနာနဲ့ ကျပန်းစကားပြောပွဲလေးတစ်ခု ကျင်းပပေး တာပါ။ တကယ်ပြောခွင့်ပေးတော့ ပြောဝံ့တဲ့လူ မရှိပါဘူး။ အဲဒီထဲ မှာ ရှားရှားပါးပါး မောင်ပေတူးတစ်ယောက်ပဲ ပြောရဲပါတယ်။ အဲဒါကြောင့် သူ့ကို ငွေတစ်ထောင် ဆုချတာပါ။ ကျန်တဲ့သူတွေ ကတော့ ကျုပ်ကွယ်ရာမှာ အတင်းပြောတဲ့သူတွေ လက်သီးပုန်း ထိုးတဲ့သူတွေ အဆင့်လောက်ပဲရှိတယ်။ ဒါပေမယ့် အဲဒါကို ကျုပ် က ရပ်ဆိုင်းပစ်လိုက်မယ်။ ဒီအချိန်ကစပြီး ကျုပ်ကို မယား တရူးလို့ ပြောတဲ့သူကို တစ်ခါတည်း အလုပ်ထုတ်ပစ်မယ်။ ကျုပ် ကွယ်ရာမှာ ပြောတာကို သတင်းပေးတဲ့လူကို ချက်ချင်း ရာထူး တိုးပေးမယ်။ ဒါပဲ"

မောင်မှတ်ကြီးသည် ဤသို့လျှင် အမိန့်အာဏာကို သုံး၍ မယားတရူးဆိုင်းဘုတ်ကို ဖြုတ်ချပစ်လိုက်လေတော့၏။ အလုပ် ပြုတ်မည်စိုးသဖြင့် မည်သည့်အလုပ်သမားမျှ မပြောရဲရှာပေ။ မောင်မှတ်ကြီးသည် ထိုအကြောင်းအရာကို အဘအား သွား၍ ပြောပြလေ၏။





အဘသည် ကောင်းစွာ နားထောင်ပြီးနောက် ရယ်လေ၏။ ရယ်ပြီးလျှင် . . .

"မယားတရူးဆိုတာ နာစရာ မရှိပါဘူး မှတ်ကြီးရာ၊ မယားတရူးဖြစ်ဖို့အတွက် ပထမဆုံး မိန်းမရှိရဦးမယ်။ မိန်းမ မရှိတဲ့သူက မယားတရူး ဖြစ်လို့ မရဘူး။ ဒုတိယအချက်က အဲဒီရပြီးတဲ့ မိန်းမနဲ့ ကွဲရဦးမယ်ကွာ။ တတိယအချက်က အဲဒီကွဲသွားတဲ့ မိန်းမကို ကိုယ်က စွဲလန်းရဦးမယ်ကွ။ မစွဲလန်းရင်လဲ မယားတရူး မဖြစ်ပြန်ဘူးဟေ့။ စတုတ္ထအချက်က မယားတရူးဖြစ်ဖို့ အချိန်လုံလုံလောက်လောက် ရှိရဦးမယ်ကွာ။ မနက်ထမင်းတစ်နပ်၊ ညထမင်းတစ်နပ် မှန်မှန်မစားနိုင်တဲ့သူဟာ သူ့ဟာသူစားဖို့ ရှန်းကန်နေရတာနဲ့ မယားတရူးလုပ်ဖို့ အချိန်တောင် မရရှာဘူးဟေ့။ အဲဒီ အချက်လေးချက်နဲ့ညီမှ မယားတရူးဖြစ်တာ။ မင်းအလုပ်သမားတွေနဲ့ မင်းကတော့ လိုက်ပါတယ်ကွာ။ အားအားယားယား မယားတရူးဋ္ဌိကာ ဖွင့်ကြတာကိုးကွ၊ ကောင်းကွာ"

ဟူ၍ ပြောလေ၏။ ထိုအခါကျမှပင် မောင်မှတ်ကြီးသည် မယားတရူး ဖြစ်ရန်၊ လိုအပ်သော အချက်များကို ကျကျနနကြီး သိရှိသွားလေတော့၏။ ထိုအခါမှပင် မောင်မှတ်ကြီးသည် အဘနှင့် အတူ အားရပါးရ ရယ်မောလိုက်လေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## ကြောင်လိုလို ဖွတ်လိုလို

တစ်နေ့သ၌ မောင်မှတ်ကြီးပိုင် ပတ္တမြားမိုး အထည် စက်ရုံ၌ အလုပ်သမားတစ်စုသည် မိမိတို့ပါလာသော ထမင်းချိုင့်များကို ဖွင့်၍ ထမင်းစားနေကြလေ၏။ ထိုအချိန်၌ ကြောင်တစ်ကောင်ရောက်လာပြီးလျှင် ၎င်းတို့လွှင့်ပစ်ထားသော အရိုးများကို တကျွတ်ကျွတ်ဝါး၍ စားနေလေတော့၏။ ဤသို့ စားနေသည်ကို အလုပ်သမားတစ်ဦးက သတိပြုမိရာ

"အမလေးတော်၊ ကြောင်ရဲ့အရောင်ကလည်း မွဲခြောက်ခြောက်နဲ့ "

ဟု အလန့်တကြား အော်လိုက်သဖြင့် အလုပ်သမားမောင်လှမောင်က လှမ်း၍ ကြည့်လိုက်ပြီးလျှင် ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် ...

"ပူတူးမပြောမှ ငါလည်းကြည့်မိတယ်၊ ကြောင်ကလည်းကြောင်နဲ့မှ မတူဘဲ၊ ဖွတ်ရောင်ဖြစ်နေတာကိုး"





ဟု ပြောလေ၏။ ထို့ကြောင့် အလုပ်သမားများလည်း ထိုကြောင်ကို ကြည့်ရှုရာ ကြောင်မှာ မီးခိုးရောင်မကျ၊ မြေနီရောင်ခကျ လွန်စွာကြည့်ရဆိုးသော အရောင်မျိုးဖြစ်ရာ အလုပ်သမားများက ...

"ဟုတ်ပါရဲ့"

ဟု ပြောကြလေ၏။ တစ်ယောက်သော အလုပ်သမားကမူ ...

"ဟုတ်ပါရဲ့၊ ကြောင်မှဟုတ်ရဲ့လား၊ ဖွတ်များလား"

အလုပ်သမားတစ်ယောက်က ...

"ကြောင်တော့ကြောင်ပဲ၊ ဖွတ်ရောင်ဖြစ်နေတာ၊ အဲဒီတော့ ကြောင်ဖွတ်ပေါ့ကွာ"

ဟု ပြောလေ၏။ ထိုအချိန်၌ မောင်မှတ်ကြီးသည် ထိုစက်ရုံသို့ ရောက်သွား၏။ ထို့အတူ ထမင်းစားနေကြသော အလုပ်သမားများ အနီးသို့ ရောက်သွား၏။ မောင်မှတ်ကြီးက ...

"ဘာတွေများ. သဘောကျနေကြတာလဲ"

ဟု မေးလိုက်ရာ အလုပ်သမားတစ်ဦးက ...

"ဒီလိုပါ သူဌေးရယ်၊ ဟောဒီကြောင်ကြီးကိုကြည့်ပြီး ရယ်နေကြတာပါ၊ ကြောင်ရဲ့အရောင်က မွဲခြောက်ခြောက်နဲ့မို့ ကြောင်နဲ့မတူလို့ ဟောဒီကောင်ကြီးက ကြောင်တော့ကြောင်ပဲ၊ ကြောင်နဲ့မတူဘဲ ဖွတ်နဲ့တူလို့ ကြောင်ဖွတ်လို့ခေါ်မယ် ပြောလို့ ရယ်ကြတာပါ"

ဟု ပြန်၍ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်ကြီးလည်း ထိုကြောင်ကို လှမ်း၍ကြည့်၏။ ထိုနောက် ကြောင်ဖြစ်ပါလျက် ကြောင်၏အသွေးအရောင် မရှိဘဲ ဖွတ်၏အသွေးအရောင်ဖြစ်နေသော ကြောင့် မည်သည့်အိမ်ကမှ လက်မခံသဖြင့် ငတ်မွတ်ခေါင်းပါး ကာ မိမိစက်ရုံသို့ ရောက်လာခြင်း ဖြစ်ပေသည်တကားဟု တွေးမိ၍ ထိုကြောင်အပေါ်၌ ကရုဏာသက်မိလေတော့၏။ ထို့ကြောင့် မောင်မှတ်ကြီးက ...

"ကဲ ... ကဲ ခင်ဗျားတို့ပြောတဲ့ ကြောင်ဖွတ်ကို ကားပေါ် တင်ပေးလိုက်၊ ကျုပ်မွေးမယ်"

ဟု ပြောလေ၏။ ထို့ကြောင့် လှမောင်ဆိုသော အလုပ်သမားသည် ကြောင်ဖွတ်အား သူဌေးမောင်မှတ်ကြီး၏ ကားပေါ်သို့ တင်ပေးလိုက်လေ၏။ မောင်မှတ်ကြီးသည် ကြောင်ဖွတ်ကို တင်၍ အိမ်သို့ပြန်လာလေ၏။ အိမ်သို့ရောက်လျှင် ထမင်းချက်သော ဒေါ်သူဇာဆိုသည့် အဘွားကြီးအား ...

"ဒီမှာ ဒေါ်သူဇာ ဟောဒီမှာ ကြောင်ကလေးတစ်ကောင် ပါလာပယ်၊ သူ့နာမည်က ကြောင်ဖွတ်လို့ခေါ်တယ်၊ သူ့ကို ထမင်းမှန်မှန်ကျွေးပါ၊ ဟိုဘက်ခြံက ခွေးတွေမကိုက်အောင်လည်း စောင့်ရှောက်ပါ၊ အဲဒီအတွက် ခင်ဗျားကို လခအပြင် ငွေအစိတ် ပိုပေးမယ်"

ဟု ပြောလေ၏။ ထမင်းချက် ဒေါ်သူဇာလည်း ကြောင်ကို ကြည့်၍ ပြုံးလေ၏။ ပြီးလျှင် ကပျာကယာ ...

"ကောင်းပါပြီ သူဌေး။ သူ့ကို ကောင်းကောင်းမွေးပေးပါမယ်"





ဟုပြောလိုက်လေ၏။ ထိုနေ့က မောင်မှတ်ကြီးသည် အဘထံသို့ အမှတ်မထင် ရောက်သွားလေတော့၏။ အဘနှင့် တွေ့သောအခါ စပ်မိစပ်ရာစကားပြောရင်း ကြောင်ဖွတ်ကလေးရလာကြောင်းကို ထည့်၍ပြောမိလေတော့၏။ ထိုအခါ အဘက ပြုံးလေ၏။ အဘ၏အပြုံးနောက်ကွယ်၌ ထူးဆန်းသောအဓိပ္ပာယ် ရှိသည်ကို မောင်မှတ်ကြီး ရိပ်စားမိ၏။ သို့သော် မည်သည့် အဓိပ္ပာယ်ဖြစ်သည်ကို မေးမြန်းမိခြင်းတော့ မရှိပါ။ မောင်မှတ်ကြီးသည် အဘနှင့် အချိန်တော်တော်ကြာ စကားပြောပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်လျှင် ခွေခွေကလေးအိပ်နေသော ကြောင်ဖွတ်ကလေးအား တွေ့ရှိ၍ ၎င်း၏ပေါင်ပေါ်တင်ထားပြီးလျှင် ၎င်း၏ဦးခေါင်းနှင့်ကျောအား မောင်မှတ်ကြီးက လက်ဖြင့် သပ်ပေးလေ၏။

ထိုသို့သပ်ပေးရင်း ...

"ကြောင်ဖွတ်ရယ်၊ အားမငယ်ပါနဲ့ကွာ၊ အခုတော့ မင်းဟာ ကြောင်ပြာ၊ ကြောင်မွဲ၊ ကြောင်ဆင်းရဲပေါ့ကွာ၊ အရောင်က မွဲလွန်းလို့ မင်းကို ဖွတ်လို့တောင် ပြောကုန်ပြီ၊ နောင်တစ်ချိန်မှာ မင်းဟာ ကြောင်သူဌေး ဖြစ်ချင်ဖြစ်လာမှာပါ၊ ငါလည်း တစ်ချိန်တုန်းက လူစင်စစ်က လူဖွတ်ပါကွာ၊ ဇရပ်ပေါ်မှာနေ၊ ဇရပ်ပေါ်မှာ စားတဲ့ လူဖွတ်ပါကွာ၊ နောက်တော့ သူတော်ကောင်းတစ်ယောက်နဲ့ ပေါင်းမိပြီးမှ ငါဟာ သူဌေးဖြစ်လာတာ၊ အခုလည်း မင်းဟာ ကြောင်ဖွတ်ဘဝကနေပြီးတော့ ကြောင်မှတ်တားကြီး ဖြစ်လာပြီး ချမ်းချမ်းသာသာ နေရမှာပါကွာ၊ ရွှေပင်နားတော့ ရွှေကျေးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းအခု ရွှေပင်နားမိပြီပဲ၊ ရွှေကြောင်ပေါ့ကွာ၊ မင်းလည်ပင်းမှာ ရွှေနဲ့လုပ်ထားတဲ့ ခြူကလေး ဆွဲပေးထားမယ်"

ဟု ပြောလေ၏။ ထို့နောက် မောင်မှတ်ကြီးသည် အမှန်တကယ်ပင် ရွှေခြူကလေးလုပ်၍ ကြောင်၏လည်ပင်း၌ ဆွဲပေးပြီးလျှင် "ရွှေခြူ"ဟူ၍လည်း အမည်ပြောင်းပေးလိုက်လေ၏။ ထမင်းချက် ဒေါ်သူဇာကြီးကလည်း ရွှေခြူဟုပင် ခေါ်ရာ ကြောင်ကလေးသည် ရွှေခြူဟုခေါ်လျှင် ၎င်း၏အမည်ကိုခေါ်ကြောင်း ကောင်းစွာမှတ်သားမိပြီး ဖြစ်သဖြင့် ပြေး၍လာတတ်ရှာလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးလခန့်ကြာသောအခါ၌ ကြောင်ကလေးရွှေခြူသည် ဝဖြိုးလှပသော ကြောင်ညိုကြီးဖြစ်၍ နေပြီဖြစ်၏။ မောင်မှတ်ကြီး လက်၌ပိုက်ထားလျှင် မြင်ရသူတိုင်းက သူဌေးနဲ့အဲဒီကြောင်ကြီး သိပ်လိုက်တာပဲ။ ကြောင်ကြီးကလည်း ကျက်သရေရှိ၊ သူဌေးကလည်း ခန့်ညားဆိုတော့ အတော့်ကို လိုက်တာပဲ ဟူ၍ ချီးကျူးကြကုန်၏။ မောင်မှတ်ကြီးသည် ရွှေခြူကြီးကိုပိုက်၍ အထည်စက်ရုံသို့သွားရာ ရွှေခြူကို စ၍တွေ့သော အလုပ်သမားများသည် မမှတ်မိဘဲရှိကြကုန်၏။ ကြောင်ဖွတ်ဟု အမည်ပေးလိုက်သော အလုပ်သမားကပင်လျှင် အံ့သြနေလေ၏။ ထို့နောက် ....

"အောင်မယ်လေး ကြောင်ချော ကြောင်ခန့်ကြီး ဖြစ်လာလိုက်တာ ကြောင်ဖွတ်ရာ၊ ငါတောင် မမှတ်မိဘူး"

ဟု ကြောင်ကြီးအား နှုတ်ဆက်လေ၏။ ထိုအခါ ကြောင်ကြီးက ...





"ညောင် ..."

ဟူ၍ အော်လိုက်လေ၏။ ထိုသို့အော်လိုက်ခြင်းမှာ ...

"ကိုယ့်လူတို့က ကျုပ်ကို အထင်သေးခဲ့ကြတာကိုး၊ အခုတော့ ကျုပ်က ရွှေနဲ့ငွေနဲ့ဖြစ်နေပြီဆိုတော့ ခင်ဗျားတို့က အထင်ကြီးကြပြီပေါ့၊ နာမည်လဲ မှတ်ထားဦး ကျုပ်နာမည် ရွှေခြူတဲ့ ကြောင်ဖွတ် မဟုတ်ဘူး"

ဟု ပြန်၍ ပြောလိုက်ဘိသကဲ့သို့ ရှိလေတော့၏။ မောင်မှတ်ကြီး၏ မန်နေဂျာ ကိုလူမော်သည် ဆေးတံသောက်ဆေး လုပ်လိုသည့် အကြောင်းကို မောင်မှတ်ကြီးအား လာ၍ပြောလေ၏။ မောင်မှတ်ကြီးသည် စာရင်းကိုင်ချုပ်ကို ခေါ်ယူကာ ရင်းနှီးမြှုပ်နှံရမည့်ငွေ ပမာဏကို မေးမြန်းလေ၏။ ထို့နောက် ဆေးတံသောက်ဆေး တံဆိပ်ကို ကြောင်ညိုတံဆိပ်အဖြစ် သတ်မှတ်လိုက်လေ၏။ ပတ္တမြားမိုး ကုမ္ပဏီမှ ထုတ်လုပ်သော ကြောင်ညိုတံဆိပ် ဆေးတံသောက်ဆေးဟူ၍ ထုတ်လုပ်လေတော့၏။ ဆေးတံသောက်သူများအနက် ဝါရင့် ဆေးတံသမားများမှာ မောင်မှတ်ကြီးတို့ ကုမ္ပဏီမှ ထုတ်လုပ်သော ဆေးတံသောက်ဆေးကို အသောက်ခံသည်၊ မီးစွဲသည်၊ ပိုမိုပြင်းသည်ဟူသော အချက်များကြောင့် ပိုမို နှစ်သက်ကြလေ၏။ ထို့ပြင် မောင်မှတ်ကြီးသည် ရွှေခြူ၏ ပါးစပ်၌ ဆေးတံကိုကိုက်စေပြီးလျှင် ဓာတ်ပုံရိုက်၍ ဆေးတံသောက်နေသော ကြောင်ညိုကြီးပုံဖြင့် ကြောင်ညိုတံဆိပ် ဆေးတံသောက်ဆေးကို တွင်တွင်ကျယ်ကျယ်ကြီး ကြော်ငြာ၍ ရောင်းချလေတော့၏။ ထိုဆေးတံသောက်ဆေးသည် လူကြိုက်များလှ



www.burmeseclassic.com

www.burmeseclassic.com



သည် ဖြစ်ရာ ပြည်တွင်း၌သာမက ထိုင်း (ယိုးဒယား)၊ အိန္ဒိယ စသော ပြည်ပနိုင်ငံများမှပင် အကြီးအကျယ် မှာယူရသော အဖြစ်သို့ ရောက်သွားလေတော့၏။ ထိုလုပ်ငန်းသည် သံထည်လုပ်ငန်း၊ အထည်လုပ်ငန်းကိုပင် ကျော်လွန်သွားလေတော့၏။ စီးပွားရေးကို စိတ်ဝင်စားသော စာရေးဆရာတစ်ဦးက မောင်မှတ်ကြီးထံ ခွင့်တောင်းပြီးလျှင် ကြောင်ကြီးအား ဓာတ်ပုံရိုက်လေ၏။ ကြောင်ကြီးအား အစာကျွေးကြည့်၏။ ကြောင်ကြီးအား နို့တိုက် ကြည့်၏။ ကြောင်ကြီးအား ရွှေခြူးဟု ခေါ်ကြည့်၏။ ထိုစာရေးဆရာသည် ကြောင်ကြီးအား အမျိုးမျိုးအဖုံဖုံ အင်တာဗျူးလုပ်ကြည့်ပြီးနောက် ကြောင်ညိုဟုံဆိပ် ဆေးတံသောက်ဆေး၏ မူလပိုင်ရှင် ကြောင်ကြီးရွှေခြူး ဟူသော ခေါင်းစဉ်ဖြင့် မဂ္ဂဇင်းတစ်စောင်တွင် ဆောင်းပါးရှည်ကြီး ရေးလေတော့၏။ ထိုဆောင်းပါးကို ဖတ်ပြီးနောက် မသိသူများက သူဌေးကိုမှတ်ကြီးသည် ကြောင်ကြီးကြောင့် ချမ်းသာသွားသည်ဟု ပြောဆိုကြလေ၏။ ထိုအကြောင်းကို မောင်မှတ်ကြီးက အဘကို ပြောပြရာ အဘက ...

"ကောင်းတယ်ကွာ၊ မှတ်ကြီးတို့ကတော့ ထပ်ပြီး ချမ်းသာတော့မှာပဲ၊ ကောင်းတယ်၊ ပုတီးကော စိပ်ဖြစ်သေးရဲ့လား ငါ့လူရဲ့"

ဟု မေးလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"စိပ်ဖြစ်ပါတယ် အဘရဲ့၊ ဒါပေမယ့် စိပ်ကာစကတော့ တိုးတက်မှု သိပ်ပြီး သိသာတာပဲ၊ အခုတော့ တိုးတက်မှု မရှိသလိုဘဲ"





ဟု ပြောရာ အဘက ...

"မှန်မှန်သာ လုပ်သွားပါကွာ၊ အချိန်တန်တော့ နွားပိန်က ထကန်လိမ့်မယ်"

ဟု ပြောလေ၏။

"နွားပိန်ကန်တော့ ဘာဖြစ်သလဲ အဘရဲ့"

ဟု မှတ်ကြီးက မေးရာ အဘက ...

"နွားပိန်ကန်တော့ ပေါင်ကျိုးတာပေါ့ကွ"

ဟု ပြန်၍ဖြေလေ၏။

"ပေါင်ကျိုးတော့ ဘာဖြစ်သလဲ အဘရဲ့"

ဟု မောင်မှတ်ကြီးက မေးလေ၏။ ထိုအခါ အဘက ...

"အကျိုးဆော့ အကန်းမော့ဆိုတဲ့ စကားကို ကြားဖူးတယ်မဟုတ်လား၊ ကျိုးတော့ ဆော့ပြီပေါ့ကွာ"

ဟု ပြောလေ၏။

"အကျိုးဆော့တော့ ဘယ်လိုဖြစ်သလဲ အဘရဲ့"

ဟု မောင်မှတ်ကြီးက ထပ်၍မေးလိုက်ရာ ...

"အကျိုးဆော့တော့ ကြည့်ရဆိုးတာပေါ့ကွာ၊ ကြည့်ရဆိုးတော့ မကြည့်ဘဲ မျက်နှာလွှဲနေရတာပေါ့"

ဟု အဘက ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"မျက်နှာလွှဲရတော့ ဘာဖြစ်သလဲ အဘရဲ့"

ဟု မေးလေ၏။ ထိုအခါ အဘက...



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစကားမှာ မျက်နှာလွှဲ ခဲပစ်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ မျက်နှာလွှဲတော့ ခဲနဲ့ပစ်တာပေါ့ကွာ"

ဟု ဟောလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ခဲနဲ့ပစ်တော့ ဘာဖြစ်သလဲ အဘရဲ့"

ဟု မေးလိုက်ပြန်ရာ အဘက ...

"ခဲနဲ့ပစ်တော့ မှန်တာပေါ့"

ဟု ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"မှန်တော့ ဘာဖြစ်သလဲ အဘရဲ့"

ဟု မေးရာ အဘက ...

"မှန်ပြီဆိုရင် ဆက်ပြီးလုပ်တော့၊ ကိုယ်လိုချင်တဲ့ပန်းတိုင် ရောက်ပြီပေါ့ကွာ၊ အချိန်တန်ရင် နွားပိန်ကန်လိမ့်မယ်ဆိုတဲ့ စကားဟာ လုပ်ငန်းစဉ်ဆက်လုပ်တော့ ဆိုတဲ့ စကားကွ"

ဟု ပြောရာ မောင်မှတ်ကြီးသည် သဘောကျ၍ ဟက် ဟက်ပက်ပက် ရယ်လိုက်လေတော့သတည်း။

"ဟား ဟား ဟား ဟား"

❑



## အသနားခံစာ မတင်နိုင်ဘူး

မောင်မှတ်ကြီးသည် အချိန်ပြည့် ပုတီးစိပ်၍သာ နေလေ၏။ သို့ရာတွင် ၎င်း၌ လုပ်ငန်းတာဝန်များ ရှိသည်ဖြစ်ရာ မည်မျှပင် ပုတီးစိပ်လိုသည်ဖြစ်စေ ပုတီးမစိပ်ရရှာပေ။ မနက်စောစော ဘုရားသို့သွား၍ ပုတီးစိပ်၏။ ပြီးလျှင် အလုပ်ရုံ စက်ရုံများကို လှည့်လည်ကြည့်ရှု၏။ ထို့နောက် အိမ်သို့ ပြန်လာပြီးလျှင် ထမင်းစားလေ၏။

တစ်နေ့တွင် မောင်မှတ်ကြီးသည် နံနက်စာ ထမင်းစားနေ၏။ ထိုသို့ ထမင်းစားနေစဉ်၌ တယ်လီဖုန်းလာသည်ဖြစ်၍ ကောက်ယူနားထောင်လိုက်ရာ သင်္ကန်းကျွန်းရှိ ၎င်း၏အကြီးစားသံထည်စက်ရုံအနီး၌ မီးလောင်နေကြောင်း စက်ရုံမန်နေဂျာက တယ်လီဖုန်းဆက်သဖြင့် ထမင်းကိုဆက်၍ မစားတော့ဘဲ ခော် တော်ကားဖြင့် ထိုစက်ရုံသို့ သွားရောက်လေ၏။ မီးလောင်နေ

www.burmeseclassic.com



သောကြောင့် လမ်းမပေါ်တွင် လူများ ရှတ်ရှတ်သဲသဲ ဖြစ်နေရာ မော်တော်ကားပင် ဝင်၍မရတော့ပေ။ မောင်မှတ်ကြီးသည် မော်တော်ကားကို လမ်းဘေး၌ ထိုး၍ ရပ်ခဲ့ပြီးလျှင် စက်ရုံသို့ ခြေကျင်သွားလေ၏။ မီးမှာ စက်ရုံဘေးရှိ ရပ်ကွက်ကြီးအား လောင်ကျွမ်းနေခြင်းဖြစ်၏။ ထိုရပ်ကွက်မှာလည်း ဓနိမိုး၊ ဝါးထရံကာတဲကများ၏။ ထို့ကြောင့် မီးလောင်စာများ စုပုံထားသကဲ့သို့ရှိ၏။ မောင်မှတ်ကြီးသည် စက်ရုံတွင်းသို့ ဝင်လိုက်၏။ ၎င်း၏မန်နေဂျာသည် မောင်မှတ်ကြီး ရောက်နေမှန်းပင် မသိပေ။ စက်ရုံအလုပ်သမားများသည် ရေပိုက်များကိုင်၍ စက်ရုံကို ဝိုင်းရံထား၏။ ဤသို့ဝိုင်းရံထားရန်လည်း မန်နေဂျာက အမိန့်ပေးလိုက်ခြင်းကြောင့် ဖြစ်၏။ မန်နေဂျာသည် ရေပိုက်ကိုကိုင်၍ စက်ရုံကို ပတ်ပတ်လည်၌ အသင့်ရပ်နေရမည်။ ရေပိုက်ကို လွှတ်ချ၍ ထွက်သွားသော မည်သည့်အလုပ်သမားကိုမဆို အလုပ်မှထုတ်ပစ်မည်ဟု ပြောဆိုကာ အမိန့်ပေးခဲ့ခြင်းဖြစ်၏။ ထိုရပ်ကွက်တွင် ပျဉ်ထောင်အိမ် လွန်စွာနည်း၏။ ရှိသော ပျဉ်ထောင်အိမ်မှာလည်း တစ်ထပ်အိမ်ကလေးများသာ ဖြစ်၏။ မောင်မှတ်ကြီးသည် မန်နေဂျာ၏ ပခုံးကိုပုတ်လိုက်၏။

"အခုလို အလုပ်သမားတွေကို ရေပိုက်ကိုယ်စီကိုင်ပြီး စက်ရုံပတ်ပတ်လည်မှာ အသင့်ရှိနေဖို့ ကိုယ့်လူ အမိန့်ထုတ်ထားတာလား"

ဟု မေးလိုက်ရာ ၎င်း၏မန်နေဂျာက ...

"ဩော် ... သူဌေးပါလား၊ ဘယ်တုန်းက ရောက်လာတာလဲ၊ ကားရော ဘယ်မှာလဲ၊ ကျွန်တော် ဒီကအလုပ်သမားတစ်ယောက် ကားကိုစောင့်ဖို့ လွှတ်ပေးမယ်"





ဟု ပျာပျာသလဲ ပြော၏။

"နေစမ်းပါဦး ကိုယ့်လူရယ်၊ ကျုပ်မေးတာကို ဖြေစမ်းပါဦး.. အလုပ်သမားတွေကို ဒီလို ရေပိုက်ကိုင်ပြီး စက်ရုံပတ်ပတ်လည်မှာနေဖို့ ကိုရင် စီမံထားတာလား"

ဟု မောင်မှတ်ကြီးက မေးလိုက်ရာ ၎င်း၏ မန်နေဂျာက

"ဟုတ်ပါတယ် သူဌေး၊ ကျွန်တော် အမိန့်ထုတ်ထားတာပါ၊ လက်ထဲမှာ ရေပိုက်မရှိရင်ဖြစ်စေ၊ ထွက်သွားရင်ဖြစ်စေ၊ အလုပ်ထုတ်ပစ်မယ်လို့ပြောပြီး စက်ရုံဘက်ကို မီးမကူးအောင် စီမံထားတာပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ လူအများဆူဆူညံညံ ဖြစ်သွား၍ လှမ်းကြည့်လိုက်ရာ ပျဉ်ထောင်အိမ်တစ်လုံးပေါ်မှ အဘွားအိုတစ်ဦး၏ အော်ဟစ်သံကို ကြားရ၏။ ထိုပျဉ်ထောင်အိမ်၏ ဘေးတွင်ရှိသော တဲအိမ်များကို မီးများစတင် လောင်ကျွမ်းနေပြီ ဖြစ်ကြောင်းကိုလည်း တွေ့မြင်နေကြရ၏။ မောင်မှတ်ကြီးလည်း ထိုနေရာကို လှမ်း၍ ကြည့်လိုက်လေ၏။ မိန်းမကြီးသည် အော်နေ၏။ သို့သော် ထကား မထနိုင်ပေ။ ထိုင်၍ အော်နေခြင်းသာဖြစ်၏။ သူ၏ဘေးမှ တဲများသည် တစ်လုံးပြီးတစ်လုံး လောင်ကျွမ်းနေပြီဖြစ်၏။များမကြာမီ၌ပင် ထိုအိမ်၏နံရံတစ်ဖက်ကိုပင် မီးများ စတင်စွဲလောင်နေပြီဖြစ်၏။ ထိုအချိန်၌ မောင်မှတ်ကြီးတို့၏ မလှမ်းမကမ်းတွင် ရေပိုက်ကိုကိုင်၍ အသင့်စောင့်နေသော အလုပ်သမားများထဲမှ အသက်သုံးဆယ်အရွယ်ခန့်ရှိ အလုပ်သမားလေးတစ်ဦးသည် ကိုင်ထားသော ရေပိုက်ကို ဝုန်းခနဲလွှတ်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မောင်မှတ်ကြီးရော မန်နေဂျာပါ ထိုသူငယ်ကို လှမ်း၍ ကြည့်လိုက်၏။ မန်နေဂျာက ...

"ဟော့ကောင်၊ ဟော့ကောင် ဘယ်လဲ..."

ဟု ပြော၏။ ထိုသူငယ်သည် ပုဆိုးကို ခါးတောင်း ကျိုက်လိုက်လေ၏။

"ခင်ဗျား မမြင်ဘူးလား၊ ဟိုမှာ မိန်းမကြီးတစ်ယောက် အိမ်ပေါ်က မဆင်းနိုင်ဘူး"

ဟု ထိုသူငယ်က မန်နေဂျာအား ပြန်၍ပြောလိုက်၏။

"အဲဒါ မင်းနဲ့မဆိုင်ဘူး၊ မင်းနဲ့ဆိုင်တာက ဒီစက်ရုံပဲ"

ဟု မန်နေဂျာက ပြန်၍ပြော၏။

"ခင်ဗျား မဆိုင်ရင်နေ၊ ကျုပ်ကတော့ ဆိုင်တယ်ဗျ"

ဟုပြန်၍ပြောပြီးလျှင် စက်ရုံခြံစည်းရိုးကို ကျော်တက် လေတော့၏။ ထိုအခါ မန်နေဂျာက ...

"မင်း အလုပ်ပြုတ်သွားချင်သလား၊ ဒီမှာ သူဌေးကို တွေ့လား"

ဟု ပြောကာ မောင်မှတ်ကြီးအား ပြလိုက်လေ၏။

"ပြုတ်ချင်ပြုတ်ပေစေဗျာ၊ သူဌေးမကလို့ သူဌေးဘိုးအေ ဖြစ်ပေစေ၊ ကျုပ်ဂရုမစိုက်ဘူး"

ဟု ပြောပြီးလျှင် ခြံစည်းရိုးပေါ်မှ အပြင်သို့ လွှားခနဲ ခုန်ချလိုက်ကာ မီးလောင်စပြုနေသော ထိုအိမ်သို့ ပြေးသွားပြီး ထိုင်၍ အော်ဟစ်နေသော အဘွားကြီးအား ပခုံးဖြင့်ဆွဲ၍ ထမ်းကာ မီးတောက်မီးညွန့်များကို ရှောင်ကွင်း၍ အပြင်သို့ ပြန်လည်





ပြေးထွက်လာ၏။ ထိုအဘွားကြီးမှာ အောက်ပိုင်းသေနေသော အဘွားကြီးဖြစ်၏။ ထိုသူငယ်သည် ထိုအဘွားကြီးအား မီးသတ်သမားများ၏ လက်တွင်းသို့အပ်ကာ အလုပ်ရုံဆီသို့ ပြန်ပြေးလာလေ၏။ ထိုသို့ပြန်လာပြီးလျှင် တိုင်တွင်ချိတ်ထားသော သူ၏ လွယ်အိတ် အဟောင်းကလေးကို ကောက်၍ လွယ်လိုက်လေ၏။ မန်နေဂျာသည် ထိုသူငယ်အား စားတော့ဝါးတော့မည့် မျက်နှာမျိုးဖြင့် လှမ်း၍ကြည့်ပြီးလျှင် ...

"ဟော့ကောင် ဘမောင်၊ မင်း ဒီအလုပ်ထဲကို ဘယ်တော့မှ မလာနဲ့၊ ဒီအချိန်ကစပြီး မင်းကိုဖြုတ်လိုက်ပြီ"

ဟု ပြောလိုက်လေ၏။ ဘမောင်ကလည်း ...

"ဒီမှာ မန်နေဂျာကြီး . . . ဖြုတ်တော့လဲ လာဖို့ မလိုတော့ဘူးပေါ့"

ဟု ဆိုကာ ထွက်သွားလေ၏။

မောင်မှတ်ကြီးသည် မန်နေဂျာထံမှ အလုပ်သမား မှတ်ပုံတင်စာရင်းစာအုပ်ကို တောင်းယူ၍ ကြည့်ရှုလေ၏။ ထိုစာအုပ်တွင် ဘမောင်၏ လိပ်စာကို တွေ့ရလေ၏။ မောင်မှတ်ကြီးသည် ထိုလိပ်စာကို စိတ်ဖြင့်ပင် မှတ်သားခဲ့၏။ မီးသည်ဆက်လက် လောင်ကျွမ်းနေ၏။ ညနေပိုင်းရောက်သောအခါမှ မီးငြိမ်းကျ သွားလေ၏။

မောင်မှတ်ကြီးသည် မိမိစက်ရုံအား မီးမလောင်ဘဲ မီးငြိမ်း ကျသွားပြီဖြစ်၍ စိတ်သက်သာရာရသွားလေ၏။ မန်နေဂျာကို လည်း အလုပ်သမားများအား ညစာများကျွေးမွေးရန်နှင့် ယခုလ

www.burmeseclassic.com

www.burmeseclassic.com



လခထုတ်သောအခါ တစ်ဦးလျှင် ငွေငါးဆယ်စီ အပိုပေးရန်မှာ ကြား၍ ပြန်လာခဲ့လေတော့၏။

အပြန်လမ်းတွင် မောင်မှတ်ကြီးသည် ကားကိုမောင်းရင်း မောင်ဘမောင်ဆိုသော ၎င်း၏အလုပ်ရုံမှ သူငယ်ကလေး၏ အိမ်သို့သွားရန် ဆုံးဖြတ်လိုက်လေတော့၏။ ထိုသူငယ်ကလေး၏အိမ်မှာ ရွှေဂုံတိုင်ဘက်ကွင် ဖြစ်၏။ မောင်မှတ်ကြီးသည် ရွှေဂုံတိုင်သို့ ရောက်သောအခါ ကားကိုရပ်ပြီးလျှင် မောင်ဘမောင်တို့အိမ်ကို စုံစမ်းရာ လမ်းကြားလေးတစ်ခုမှ ဝင်သွားရပြီး နှစ်အိမ်၊ သုံးအိမ်ကျော်လျှင် မောင်ဘမောင်၏ အိမ်ကိုတွေ့ရ၏။

မောင်ဘမောင်၏ မိခင်ကြီးသည် အိမ်ရှေ့တွင် ထိုင်နေ၏။ မောင်ဘမောင်သည် ထင်းခွဲနေ၏။ မောင်ဘမောင်သည် မောင်မှတ်ကြီး လာသည်ကို မတွေ့ရာပေ။

"ဘာမှ မပူပါနဲ့ အမေရာ၊ အမေ မငတ်စေရပါဘူး၊ ကြည့်မြင်တိုင်ဆိပ်ကမ်းမှာ ကျွန်တော့်သူငယ်ချင်း ကူလီတွေရှိပါတယ်၊ သူတို့ဆီမှာသွားပြီး ကျွန်တော် ကူလီထမ်းမှာပေါ့၊ ယောကျ်ားပဲ အမေရာ၊ ကျွန်တော် လုပ်နိုင်ပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ မောင်မှတ်ကြီးက ...

"ဟေ့ သူငယ် မောင်ဘမောင်"

ဟု ခေါ်လိုက်ရာ မောင်ဘမောင်လည်း နောက်သို့ လှည့်ကြည့်ပြီးလျှင် ...

"သြော် သူဌေးပါလား"





ဟု ပြောလိုက်ကာ ထင်းရှူးပုံးစုတ်ကလေးကို သူဌေးထိုင်ရန်အတွက် လာရောက်ချပေးလေ၏။

ထိုအခါ မောင်မှတ်ကြီးက . . .

"နေစမ်းပါဦး မောင်ဘမောင်ရယ်၊ မင်းက ငါ့ရှေ့မှာတောင် ပမာမခန့် ထွက်သွားတယ်ဆိုတော့ အလုပ်ကို မရှိသေတဲ့ သဘောပဲ"

ဟု ပြောလိုက်ရာ မောင်ဘမောင်က ...

"အဲဒီအချိန်ဟာ အလုပ်ကို ရှိသေရမယ့်အချိန်မဟုတ်ဘူး သူဌေးရဲ့၊ ဟိုအဒေါ်ကြီး မီးထဲပါမသွားအောင် ကယ်ရမယ့် အချိန်ဖြစ်တယ်၊ အဲဒီလို မရှိသေလို့ ခင်ဗျားတို့အလုပ် ဖြုတ်ပစ်ပြီးပြီပဲ၊ အဲဒါ ခင်ဗျားက ဘာလို့ လာပြောနေတာလဲ"

ဟု ပြန်၍ပြောလိုက်လေ၏။

"နေစမ်းပါဦးကွာ၊ အဲဒီအဒေါ်ကြီးနဲ့ မင်းနဲ့ ဘယ်လို ပတ်သက်သလဲ"

ဟု မောင်မှတ်ကြီးက မေးလိုက်လျှင် ...

"အဲဒီအဒေါ်ကြီး မဟုတ်ဘူး သူဌေးရေ့၊ ကိုယ့်မျက်စိရှေ့မှာ ဒုက္ခရောက်နေတဲ့ လူအားလုံး ကျုပ်နဲ့ပတ်သက်တယ်၊ လူဆိုတာ ဒုက္ခရောက်နေတဲ့ လူကိုတွေ့ရင် ကူညီရိုင်းပင်းရတယ်၊ အဲဒီတော့ ကျုပ်နဲ့သူဌေးတို့နဲ့ မတူဘူး၊ သူဌေးတို့ အလုပ်ရုံကို ကျုပ်မလာတော့ဘူး၊ ကျုပ်ဆီကိုလဲ သူဌေးမလာပါနဲ့ သွားပါတော့"

ဟု မောင်ဘမောင်က ပြောလေ၏။

www.burmeseclassic.com



"မဟုတ်ဘူး မောင်ဘမောင်၊ ကျုပ်အခုလာတာကနောက် နောင် ဒီလိုမဖြစ်စေရပါဘူးလို့ မန်နေဂျာကနေတစ်ဆင့် ကျုပ်ဆီ ကို အသနားခံစာ တစ်စောင်တင်၊ ကျုပ် အလုပ်ပြန်ခန့်ပေးမယ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ မောင်ဘမောင်က

"ဘာစာမှ မတင်နိုင်ဘူး၊ နောက်နောင်လဲ အဲဒီအတိုင်းပဲ လုပ်မယ်၊ အကောင်းဆုံးကတော့ ခင်ဗျား သွားပါတော့ဗျာ၊ ကျုပ် လုပ်တာ မှန်တယ်ဗျ၊ အဲဒါကို မှားတယ်ဆိုပြီး ခင်ဗျားတို့ဆီကို အသနားခံစာ တင်ရဦးမှာလား၊ အဲဒီတော့ တိုတိုပဲပြောမယ်၊ ခင်ဗျားပြန်ပါ၊ မပြန်ရင် စက်ရုံအလုပ်သမားက သူဌေးခေါင်းကို ပုဆိန်နဲ့ ထုခွဲလိုက်တယ်ဆိုတဲ့ သတင်းကို လူတွေ သတင်းစာထဲ မှာ ဖတ်သွားရမယ်"

ဟု ပြောလိုက်လေ၏။ မောင်မှတ်ကြီးလည်း ...

"ကောင်းပြီလေ၊ မောင်ရင့်အလုပ်ဟာ ဘယ်လောက် မှန် တယ်၊ ဘယ်လောက်မှားတယ်ဆိုတာ မကြာခင် အဖြေပေါ်လာ ပါလိမ့်မယ်"

ဟု ပြောကာ လှည့်၍ ထွက်လာလိုက်တော့သတည်း။

❑



## ကြောင်ကြီးရွှေခြုံ သေရှာပြီ

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ခြောက်လခန့် ကြာသောအခါ၌ မောင်မှတ်ကြီးသည် ဝရန်တာသို့ထွက်ကာ တစ် ယောက်တည်း ပုတီးစိပ်နေ၏။ ပုတီးစိပ်ပြီးသောအခါ ညဆယ့် နှစ်နာရီ ထိုးသွားပြီးဖြစ်၏။ သူသည် ထိန်ထိန်သာ၍နေသော လမင်းကြီးကိုကြည့်ရင်း စိတ်၌ ဆွေးမြေ့သလို ခံစားလိုက်ရ၏။ ပြီးလျှင် သူသည် ကြီးမားသော သူ၏အိမ်နှင့် ခြံဝင်းကျယ်ကြီး ကို ကြည့်လိုက်၏။ ထိုအရာများသည် သူ၏စိတ်အလိုဆန္ဒ သို့ မဟုတ် သူ၏စိတ် တည်ငြိမ်အေးငြိမ်းမှုကို စိုးစဉ်းမျှ မပေးနိုင် ကြောင်းကို ရိပ်စားမိလာ၏။ သူသည် မော်တော်ကားကိုဒေါင်ကို လှမ်း၍ကြည့်လိုက်၏။ ထိုဂိုဒေါင်ထဲတွင် အကောင်းစား သူ၏ မော်တော်ကားသည်လည်း သူ၏ မနောအကြည်ဓာတ်ကိုမဆောင် ရွက်ပေးနိုင်ကြောင်း ရိပ်စားမိလေတော့၏။ ဘဏ်တွင်သည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ငွေများ၊ သူ၏အလုပ်ရုံများ၊ လုပ်ငန်းများအားလုံးသည် လည်းကောင်း၊ ပတ္တမြားမိုး လုပ်ငန်းပိုင်ရှင် သူဌေးကြီး ဦးမှတ်ကြီး ဆိုသော ခမ်းနားလှသည့် သူ၏ဂုဏ်ဒြပ်သည် လည်းကောင်း၊ ဘာမျှအဓိပ္ပာယ်မရှိတော့ပေ။ သူ၏ စည်းစိမ်ဥစ္စာနှင့် ဂုဏ်ဒြပ်များသည် သူ၏လည်ပင်း၌ ဆွဲထားသော ပုတီးကလေးလောက်ပင် သူ၏စိတ်ချမ်းသာမှုကို မပေးနိုင်ပေ။ သူ၏လည်တိုင်တွင် ဆွဲထားသော ပုတီးကလေးသည် ထိုအရာအားလုံးထက် ကြီးကျယ်မြင့်မြတ်နေ၏။

သူသည် ထိုအကြောင်းကို ရိပ်စားမိသည့်အခါ၌ စိတ်တွင် ချောက်ချားတုန်လှုပ်လာတော့၏။ ထို့ကြောင့် သူသည် အောက်ထပ်သို့ ဆင်းလာ၏။ ပြီးလျှင် တံခါးကိုဖွင့်၍ ခြံရှေ့သို့ထွက်လိုက်၏။ ခြံဝတွင် စောင့်နေသော ကုလားဒရဝမ်သည်

"ဆပ် ဘယ်သွားမလို့လဲ"

ဟု မေး၏။

"တံခါးကို ဖွင့်လိုက်ပါ၊ ဒရဝမ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ အစောင့်ဒရဝမ်က

"တစ်ယောက်တည်း မသွားပါနဲ့၊ ကျွန်တော် လိုက်ပို့ပါ့မယ်၊ဒါမှမဟုတ်ရင်လဲ နောက်ဖေးမှာ အိပ်နေတဲ့ ဒရိုင်ဘာကို နှိုးပေးပါ့မယ်"

ဟု ပြောလိုက်၏။

"မင်းလဲ လိုက်မပို့ပါနဲ့၊ ဒရိုင်ဘာကိုလဲ သွားပြီးမနှိုးပါနဲ့၊ ဒီနားမှာ ဆိုက်ကားရှိပါတယ်၊ အဲဒီဆိုက်ကားနဲ့ပဲ ငါ့ဆရာ





ဆီကို သွားမလို့၊ ငါပြောတဲ့အတိုင်းပဲ လုပ်ပါ၊ ဘာမှထပ်ပြီး မလုပ်ပါနဲ့"

ဟု ပြောလိုက်ရာ ဒရဝမ်လည်း တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုတော့ဘဲ တံခါးကို ဖွင့်ပေးလေ၏။

မောင်မှတ်ကြီးသည် လမ်းအတိုင်း လရောင်အောက်တွင် စိတ်ချမ်းသာစွာ တစ်ကိုယ်တည်း လျှောက်လာလေတော့၏။ ကင်းဘဲလ်လမ်းထိပ်( ယခု ငါးထပ်ကြီးဘုရားလမ်း) သို့ ရောက်သောအခါ၌ ဆိုက်ကားတစ်စီးပေါ်သို့ တက်၍ ထိုင်လိုက်၏။ ထိုအခါ ဆိုက်ကားဆရာကလေးက ...

"ဘယ်ကိုနင်းရမလဲခင်ဗျာ"

ဟု မေးလေ၏။

"မလွန်ကုန်းဘူတာနားက ရေသိမ်ကလေးနဲ့ ဇရပ်ကလေးကို မင်းသိတယ် မဟုတ်လား"

ဟု မေးလိုက်ရာ ဆိုက်ကားဆရာကလေးက ...

"သိပါတယ်ခင်ဗျာ"

ဟု ပြန်၍ဖြေလျှင် မောင်မှတ်ကြီးက ....

"အဲဒီကို နင်းကွာ"

ဟု ပြောလေ၏။ ထို့ကြောင့် ဆိုက်ကားဆရာလေးသည်လည်း နင်းရလေတော့၏။ ဇရပ်ကလေးသို့ ရောက်သောအခါ ဆိုက်ကားဆရာကလေးက ရပ်လိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက အိပ်တွင်းမှ ငွေတစ်ဆယ်ကိုထုတ်၍ ဆိုက်ကားဆရာလေးကို ပေးလိုက်ရာ ဆိုက်ကားဆရာကလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကျပ်ပဲ ကျပါတယ် ခင်ဗျ"

ဟု ပြန်၍ပြောလေ၏။

"အကုန်လုံး ယူကွာ၊ ပြန်ပြီး မအမ်းနဲ့"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ ဆိုက်ကားဆရာကလေးက...

"များလွန်းပါတယ် ခင်ဗျာ၊ မယူပါရစေနဲ့"

ဟု ပြောလေ၏။

"ယူပါကွာ၊ ငါက ကျေနပ်လို့ ပေးတာပဲ၊ ကဲ ... ကဲ ပြန်ပေတော့"

ဟု ပြောလိုက်လျှင် ဆိုက်ကားဆရာလေးလည်း ...

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟု ဆိုကာ ပြန်လှည့်၍ နင်းသွားလေ၏။ မောင်မှတ်ကြီးသည် ဆိုက်ကားဆရာလေးအား လှမ်း၍ ကြည့်လိုက်လေ၏။ ထိုဆိုက်ကား၏ နောက်ဖက် ထိုင်ခုံအောက် သစ်သားဘောင်တွင်

**သူတော် မော်တော်ကား မောင်းမယ်**

ဟူသော စာတန်းကို လရောင်အောက်တွင် ထင်ရှားစွာ တွေ့ရလေတော့၏။ မောင်မှတ်ကြီးသည် ဇရပ်အတွင်းသို့ ဝင်လိုက်လေ၏။ သို့ရာတွင် အဘကို မတွေ့ရပေ။ မောင်မှတ်ကြီး





သည် မျက်စိကစားလိုက်၏။ ရေသိမ်သို့သွားသော သစ်သားတံတားလေးပေါ်တွင် ငြိမ်သက်စွာထိုင်နေသော အဘကို တွေ့မြင်ရလေတော့၏။

မောင်မှတ်ကြီးသည် ဇရပ်ကလေးတွင်းမှထွက်၍ သစ်သားတံတားပေါ်သို့ တက်သွား၏။ သစ်သားတံတားလေးပေါ် သို့ နင်းမိသည်နှင့် ကြွတက်နေသော သံချက်ကြောင့် ကျွီခနဲ မြည်သွား၏။ ထိုအခါ ကျောခိုင်း၍ ထိုင်နေသော အဘက ...

"မှတ်ကြီးလားကွ၊ လာကွာ"

ဟု ပြောလေ၏။ ထို့နောက် အဘသည် မောင်မှတ်ကြီးဘက်သို့ လှည့်၍ မျက်နှာမူကာ ထိုင်လိုက်လေ၏။ မောင်မှတ်ကြီးသည် တံတားပေါ်တွင် ထိုင်လိုက်ရင်း အဘအား ဦးချလိုက်လေ၏။

ထိုအခါ အဘက ...

"ပတ္တမြားမိုး သူဌေး မောင်မှတ်ကြီးက ညကြီးသန်းခေါင် ကားလဲမပါ၊ ဘာလဲမပါနဲ့ ဘယ်လိုဖြစ်ပြီး ရောက်လာတာတုန်း"

ဟု မေးလိုက်ရာ မောင်မှတ်ကြီးက ၎င်း၏စိတ်တွင် ငြီးငွေ့လာခဲ့ပုံများကို ပြောပြရာ အဘသည် တဟားဟား ရယ်လေ၏။

"ပုတီးစိပ်တာများလာလို့ ဓာတ်ရင့်လာတာကွ၊ အချိန်ပြည့်လုပ်ဖို့ မင်းရဲ့မနောက မင်းကို နှိုးဆော်နေပြီ၊ မှတ်ကြီးတော့ ဂန္ဓာရီစခန်းမှာ အချိန်ပြည့် လျှောက်လှမ်းရတော့မယ် ဆင်တယ်"

ဟု အဘက ပြောလိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ပြည့်လုပ်တာပဲ အဘရယ်၊ ကျွန်တော့်ရဲ့လုပ်ငန်းတွေကို မန်နေဂျာနဲ့လွှဲထားပြီး ကျွန်တော်အိမ်မှာ ကျွန်တော် အချိန်ပြည့်လုပ်ရင်လဲ ရတာပဲ"

ဟု မောင်မှတ်ကြီးက ပြောရာ အဘက ရယ်လေ၏။ ကျေနပ်အောင် ရယ်ပြီးနောက် ...

"ဒီလိုရရိုးလား မှတ်ကြီးရာ၊ မင်းကို ငါပြောမယ်၊ မင်းဟာ ခွက်တစ်ခွက်ဆိုပါတော့ကွာ အဲဒီခွက်ထဲမှာ အာလူးတွေကြက်သွန်တွေ၊ ငရုတ်သီးတွေနဲ့ ပြည့်နေတယ်ဆိုပါတော့၊ ငါက မင်းကို အဲဒီခွက်နဲ့အပြည့် စိန်တွေ ပေးမယ်ကွာ၊ ငါပေးမယ့်စိန်တွေကို မင်းခွက်နဲ့ ခံရမယ်ဆိုရင် မင်းဘယ်လိုလက်ခံမလဲ"

ဟု အဘက မေးလိုက်ရာ မောင်မှတ်ကြီးက ...

"ကျွန်တော်ခွက်ထဲက အာလူးတွေ၊ ကြက်သွန်တွေ၊ ငရုတ်သီးတွေကို သွန်ချပစ်ရမှာပေါ့၊ အဲဒါမှ အဘက ကျွန်တော့်ခွက်ထဲကို စိန်တွေ အပြည့်ထည့်ပေးလို့ ရမှာပေါ့"

ဟုပြန်၍ ဖြေလိုက်လေ၏။

"ဒီလိုပဲ မှတ်ကြီးမင်းမှာရှိတဲ့ စည်းစိမ်ဥစ္စာတွေကို လွှတ်မချဘဲ မင်းဆီကို ဂန္ဓာရီသိဒ္ဓိတွေ ရောက်လာမှာ မဟုတ်ဘူး၊ အဲဒီတော့ သူဌေး မှတ်ကြီးက တိုက်ကြီးပေါ်မှာ အခန်းတံခါးပိတ်ပြီး ဂန္ဓာရီကျင့်စဉ် ကျင့်မယ်ဆိုတာ ရယ်ဖို့ကောင်းလိုက်တာ ငါ့လူရာ"

ဟု အဘက ပြောလိုက်လေ၏။

☺ ပြီးစာပေ ☺



"ကျွန်တော် အဘပြောတဲ့ သိဒ္ဓိတွေကို လိုချင်ပါတယ်၊ အဲဒါတွေရမှလဲ ဒုက္ခရောက်နေတဲ့ လူတွေကို ကယ်တင်နိုင်မှာပေါ့၊ ကျွန်တော့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေနဲ့တော့ လူတွေကို ကယ်နိုင်မှာ မဟုတ်ပါဘူး၊ ပြီးတော့လဲ ကျွန်တော့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောခဲ့ပါတယ်၊ အဲဒါကြောင့်လဲ ရှာဖွေခဲ့တာပေါ့၊ ဒါပေမယ့် အဲဒါတွေကို ကျွန်တော် မမက်တော့ပါဘူး၊ အဘ ပြောသလို လွှတ်ချဆိုရင် ကျွန်တော် အခုပဲ အဘနဲ့ နေနိုင်ပါတယ်၊ အဘခိုင်းတာ လုပ်နိုင်ပါတယ်၊ အဘက စေစားရာကို သွားနိုင်ပါတယ်"

ဟု မောင်မှတ်ကြီးက ပြောလျှင် အဘသည် ရယ်ပြန်လေ၏။

"မှတ်ကြီးရေ၊ ဒီလိုလုပ်လို့လဲ မရပြန်ဘူးကွ၊ မင်းပိုင်တဲ့ပစ္စည်းဥစ္စာတွေက နည်းတာမှ မဟုတ်ဘဲကွာ၊ အဲဒီလို ထားပစ်ခဲ့လို့ မရဘူးကွ၊ ငါပြောတဲ့စကားမှာ လွှတ်ချလို့ ပြောတာ၊ လွှတ်ချတာနဲ့ လွှတ်ကျတာနဲ့ မတူဘူးကွ၊ လွှတ်ကျတာက သူကျချင်တဲ့ နေရာမှာကျတာ၊ လွှတ်ချတာက ကိုယ်ချချင်တဲ့ နေရာမှာချတာ၊ အဲဒီတော့ မင်းပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို စနစ်တကျလွှတ်ချရမယ်၊ ပေးသင့်တဲ့လူကိုပေး၊ လှူသင့်တဲ့လူကိုလှူ၊ အပ်သင့်တဲ့လူကိုအပ်၊ ဒါမှ လွှတ်ချရာ ရောက်မှာပေါ့ ငါ့လူရ"

ဟု အဘက ပြောလေ၏။ ထို့နောက် အဘနှင့် မောင်မှတ်ကြီးတို့သည် လရောင်အောက်တွင် ထိုင်ကာ အေးချမ်းစွာ စကားပြောခဲ့ကြလေ၏။

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နံနက်သို့ ရောက်သောအခါ၌ မောင်မှတ်ကြီးပြန်သောအခါ ဇရပ်နှင့် မလှမ်းမကမ်းနေရာတွင် ၎င်း၏မော်တော်ကားရပ်ထားသည်ကို တွေ့ရ၏။ မောင်မှတ်ကြီးသည် မော်တော်ကားဆီသို့ သွား၏။ ဒရိုင်ဘာသည် အိပ်ပျော်နေပြီ ဖြစ်၏။ မောင်မှတ်ကြီးသည် ဒရိုင်ဘာအား အသာအယာ လှုပ်နှိုး၏။ ဒရိုင်ဘာသည် လန့်၍နိုး၏။ ထို့နောက် ကပျာကယာ ကားတံခါးကို ဆင်း၍ ဖွင့်ပေး၏။

"မင်း ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

ဟု ဒရိုင်ဘာအား မောင်မှတ်ကြီးက မေး၏။

"သူဌေးထွက်သွားတာနဲ့ ဒရဝမ်က ကျွန်တော့်ကို ချက်ချင်းလာပြီး နှိုးတာပါ၊ ကျွန်တော် ချက်ချင်း ကားထုတ်ပြီး လိုက်ခဲ့တာပါ၊ သူဌေးဆူမှာစိုးလို့ အသိမပေးဘဲ ခွာပြီး လိုက်ခဲ့တာပါ"

ဟု ပြောလေ၏။

"အေး အေး ကောင်းပြီ။ အိမ်ပြန်မောင်းတော့ကွာ"

ဟု မောင်မှတ်ကြီးက ဆိုသဖြင့် ဒရိုင်ဘာလည်းအိမ်သို့ ပြန်၍ မောင်းခဲ့လေ၏။

မောင်မှတ်ကြီးသည် အိမ်သို့ရောက်လျှင် ၎င်း၏ရွှေခြုံဆိုသော ကြောင်ကြီးအား အစာကျွေးမည်ဟု ကြောင်ကြီးအိပ်သောနေရာသို့ သွားရာ ထိုကြောင်ကြီးသည် မည်သည့်အချိန်ကသေသွားသည်မသိ၊ တောင့်၍ပင် နေပြီဖြစ်၏။ ပုရွက်ဆိတ်များပင် သူ၏ကိုယ်ပေါ် တက်နေကြပြီဖြစ်၏။ သူသည် အိမ်ဖော်အဒေါ်ကြီးအားခေါ်၍ . . .





"ဒီကောင်ကြီးကို တွင်းတူးပြီး မြှုပ်လိုက်ပေတော့"

ဟု ပြောကာ အိပ်ခန်းတွင်းသို့ ဝင်သွားပြီးလျှင် ခုတင်ပေါ်၌ လဲလျောင်းကာ အိပ်စက်လိုက်လေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာရှိသော ညနေခင်း

မောင်မှတ်ကြီးသည် အဘပြောသည့် လွတ်ချဆိုသော စကားကို လွန်စွာ သဘောကျခဲ့၏။ ထို့ကြောင့် ၎င်းပိုင် စက်ရုံ၊ အလုပ်ရုံ အားလုံးလောက်နီးနီးကို ရောင်းချလေတော့၏။ ရောင်းချ၍ရသော ငွေကို အလုပ်သမားများအား ခွဲဝေပေးသင့်သည်ကို ခွဲဝေပေး၏။ ကျန်သည့် ငွေများကို မျက်မမြင်ကျောင်းများ၊ လူအိုရုံများ၊ မိဘမဲ့ကလေးဂေဟာများ၊ ဆေးရုံများနှင့် ဆင်းရဲနွမ်းပါးသူများကို လှူဒါန်းပစ်လိုက်လေ၏။ ရောင်း၍မရသော လုပ်ငန်းများနှင့် ရောင်း၍ရသော်လည်း ရောင်းမပစ်ချင်သော အလုပ်ရုံတစ်ခုသာ ကျန်၏။

ညနေစောင်းတစ်ခုတွင် မောင်မှတ်ကြီးသည် ရွှေဂုံတိုင်ရှိ မောင်ဘမောင်နေထိုင်ရာ အိမ်သို့ သွားရောက်ခဲ့လေ၏။ မောင်ဘမောင်သည် ဆိပ်ကမ်းမှ ကူလီထမ်းပြီး ပြန်ရောက်ကာစ ဖြစ်





၏။ သူသည် သူ၏မိခင် မုဆိုးမကြီးနှင့် အတူ စားသောက်ရန်အတွက် ထမင်းအိုးတစ်လုံးကို သူ၏တဲကလေးရှေ့တွင် တည်နေလေ၏။ မောင်မှတ်ကြီးကိုမြင်လျှင် မောင်ဘမောင်က ...

"သြော် သူဌေးကိုး၊ ဘာပြောမလို့ လာတာလဲ၊ အသနားခံစာ တင်ခိုင်းဦးမလို့လား၊ ကျုပ်လို ဘာမဟုတ်တဲ့ အလုပ်သမားကလေးတစ်ယောက်အတွက် ဒုက္ခမများပါနဲ့ သူဌေးမင်းရယ်"

ဟု ပြောကာ မောင်မှတ်ကြီး ထိုင်ရန်အတွက် ထင်းရှူးပုံးကလေးကို ချပေးလိုက်လေ၏။

"မင်းဟာ ဘာမဟုတ်တဲ့ အလုပ်သမားကလေး မဟုတ်တော့ဘူး မောင်ဘမောင်ရ၊ မင်းရဲ့မြင့်မြတ်တဲ့ စိတ်ဓာတ်ဟာ မင်းကို အကျိုးပေးပြီ။ မင်းကို ငါလာပြီးခေါ်တာဟာ မင်းရဲ့မြင့်မြတ်တဲ့ စိတ်ဓာတ်ကို ပူဇော်ဖို့လာပြီး ခေါ်တာ၊ မင်းရဲ့အမေကြီးအတွက် ထမင်းချက်မနေနဲ့တော့။ ဒီနားက ဆိုင်တစ်ဆိုင်ကဝယ်ပြီး ကျွေးလိုက်ပေတော့၊ မင်း ငါနဲ့ လိုက်ခဲ့တော့"

ဟု ပြောဆိုကာ ထမင်းဝယ်ရန်အတွက် ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်လေတော့၏။

ထိုအခါ မောင်ဘမောင်က ...

"နေပါစေ သူဌေး၊ ကျွန်တော့်မှာ ရှိပါတယ်"

ဟု ဆိုကာ ထမင်းဆိုင်သို့ ပြေးလေ၏။

ထို့နောက် ထမင်းနှင့် ဘဲဥဟင်းတစ်ခွက်ဝယ်လာပြီးလျှင် မိခင်ကြီးအား ထည့်၍ ကျွေးမွေးလေ၏။ ထမင်းကျွေးပြီးသော အခါ၌ မောင်ဘမောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ နေခဲ့ဦးနော်၊ ကျွန်တော် သူဌေးနဲ့ လိုက်သွားဦးမယ်"

ဟု ပြောလေ၏။ မောင်ဘမောင်၏ မိခင်သည် မောင်မှတ်ကြီးအား မယုံသကဲ့သို့ ကြည့်ပြီးလျှင် ...

"သူဌေးမင်းရယ် ကျွန်မ သားကလေး ဒုက္ခမရောက်ပါဘူးနော်"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"စိတ်ချပါခင်ဗျာ၊ ဒုက္ခရောက်မယ့် ကိစ္စမျိုး မဟုတ်ပါဘူး၊ ကောင်းမယ့်ကိစ္စပါ"

ဟု ပြောလိုက်လျှင် မောင်ဘမောင်က ...

"အမေက စိုးရိမ်နေပြန်ပါပြီဗျာ၊ ကျွန်တော့်ကို လွယ်လွယ်ကူကူနဲ့ ဘယ်သူက ဒုက္ခပေးနိုင်မှာလဲ၊ ဒုက္ခပေးတယ်ထားဦး ကျွန်တော်က ငုံ့ခံနေမှာလား၊ ကျွန်တော့်မှာ လက်တွေ၊ ခြေထောက်တွေ၊ စဉ်းစားဖို့ ဦးနှောက်တွေ၊ ကြည့်ဖို့မျက်လုံးတွေ အမေ ပေးထားပြီးပြီပဲ၊ ကျွန်တော့် ဘာကိုမှ မကြောက်ပါဘူး ကျွန်တော့်မှာ ပြည့်စုံနေပြီပဲ"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးက မောင်ဘမောင်၏ ပခုံးကို လှမ်း၍ပုတ်ရင်း ...

"ဒီမှာ ငါ့တူ၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် ငါ မင်းဆီကို လာခဲ့တာ၊ လာ ... သွားကြရအောင်"

ဟု ဆိုကာ မောင်ဘမောင်အား ခေါ်သွားလေ၏။ မောင်ဘမောင်လည်း ဘ,မသိ ဘ,မသိနှင့် လိုက်ပါခဲ့ရလေ၏။





မောင်မှတ်ကြီး၏ ခြံသို့ရောက်သောအခါ၌ အတော်အတန်မိုးချုပ်နေပြီ ဖြစ်၏။ ခြံကြီးတစ်ခုလုံးလည်း လင်းထိန်နေ၏။ စက္ကူပန်းကြိုးများမှာလည်း ခြံထဲတွင် သွယ်တန်းထား၏။ ဘောလုံးများလည်း ချိတ်ဆွဲထား၏။ ခြံထဲတွင် ပရိသတ်လည်း ပြည့်စုံနေ၏။ မောင်မှတ်ကြီး၏ မန်နေဂျာများသည် သစ်လွင်သော အဝတ်အစားများ ဝတ်ကာ ဧည့်ခံနေ၏။ မောင်ဘမောင်သည် ထိုမြင်ကွင်းကိုမြင်လျှင် ...

"သူဌေး ကျွန်တော့်ကို မင်္ဂလာဆောင်တစ်ခုကို ခေါ်လာတာလား"

ဟု မေးလိုက်လေ၏။

"အေး ဟုတ်တယ်၊မင်းကိုမင်္ဂလာရှိအောင် လုပ်ပေးမလို့"

ဟု မောင်မှတ်ကြီးက ပြော၏။ မောင်မှတ်ကြီး၏ မန်နေဂျာသည် ကားရပ်လိုက်သည်နှင့် တပြိုင်နက်တည်း ပြေးလာပြီးလျှင် တံခါးကို ဆွဲဖွင့်လေ၏။ မောင်မှတ်ကြီးနှင့် မောင်ဘမောင်တို့သည် ကားပေါ်မှ ဆင်းလာကြ၏။ မောင်မှတ်ကြီးသည် မောင်ဘမောင်အား ထိပ်ဆုံးတွင် ခင်း၍ထားသော စားပွဲရှည်ကြီးဆီသို့ ခေါ်သွားလေ၏။ ထိုစားပွဲတွင် မောင်မှတ်ကြီး၏ ဝတ်လုံလည်း ထိုင်နေ၏။ ထို့နောက် တီးဝိုင်းကို ခေတ္တရပ်စေပြီးလျှင် ဖိတ်ကြားထားသော ဧည့်သည်များအား မောင်မှတ်ကြီးက ...

"ကျွန်တော် ဒီည ဖိတ်ကြားရတဲ့ အကြောင်းကတော့ ဆောဒီ ကျွန်တော့်ဘေးမှာရှိတဲ့ မောင်ဘမောင်ဆိုတဲ့ သူငယ်လေးကို အကြောင်းပြုပြီး ဖိတ်ကြားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အစချီကာ မောင်ဘမောင်၏ စွန့်စားခန်းနှင့် စိတ်နေသဘောထားကို ပြောပြပြီးလျှင် ထိုစိတ်ဓာတ်ကို ဂုဏ်ပြုသောအားဖြင့် အကြီးအစား သံထည်စက်ရုံကြီးနှင့် ဤအိမ်ကြီးကို လည်းကောင်း၊ မော်တော်ကားကိုလည်းကောင်း၊ အတွင်းပစ္စည်းများ ကိုလည်းကောင်း၊ ဘဏ်လက်ကျန်ငွေများကို လည်းကောင်း ဝတ်လုံတော်ရများနှင့် တရားဝင်လွှဲအပ်လိုက်ပြီ ဖြစ်ကြောင်း ပြောကြားလိုက်လေတော့၏။

ပရိသတ်များသည် ဟင်ခနဲ၊ ဟာခနဲ ဖြစ်သွားကြလေတော့၏။ မန်နေဂျာများသည် တောက် တစ်ခေါက်ခေါက်နှင့် ဖြစ်နေလေတော့၏။ အကြီးစား သံထည်စက်ရုံမှ မန်နေဂျာကမူ

"သူဌေးကလဲကွာ၊ စည်းကမ်းပျက်လို့ အလုပ်ထုတ်ပစ်ခဲ့တဲ့ကောင်ကို အမွေပေးပစ်ခဲ့တယ်၊ စက်ရုံကြီးပါ လွှဲပစ်ခဲ့တယ်၊ သူ့စက်ရုံကြီး မီးမလောင်အောင် စည်းကမ်းတကျ လုပ်ပေးခဲ့တဲ့ ငါလို မန်နေဂျာတစ်ယောက်ကိုတော့ ချိုးပြားတစ်ပြားတောင် မပေးဘူး၊ ဒီသူဌေးကတော့ သေလို့ မီးရှို့ရင် မီးတောင်လောင်မှာ မဟုတ်ဘူး၊ သူဌေးက သူဌေးအလုပ် မလုပ်ဘူး၊ ခွေး အလုပ် လုပ်တယ်၊ ထွီ ..."

ဟု ရေရွတ်လိုက်လေတော့၏။ မောင်ဘမောင်မှာမူ အရှင်လတ်လတ် နတ်ပြည်သို့ ရောက်သွားသကဲ့သို့ ဖြစ်နေတော့၏။ အိပ်မက်များပင် မက်နေသလားဟု ထင်မှတ်မိလေတော့၏။

ညကိုးနာရီ ထိုးသောအခါ၌ ဧည့်သည်များသည် တစ္ဖွဲဖွဲ ပြန်သွားကြ၏။ တစ်ချို့သော ဧည့်သည်များက မောင်မှတ်





ကြီးကို ချီးမွမ်းကြ၏။ တစ်ချို့သော ဧည့်သည်များကမူ ဗုတ်မိုးကြောင် ကြောင်သွားတာဟု ကဲ့ရဲ့ပြောဆိုကြ၏။ လူများအားလုံးပြန်သွားသောအခါ၌ မောင်မှတ်ကြီးနှင့် မောင်ဘမောင်သာလျှင် စားပွဲခုံ၌ ကျန်ခဲ့လေ၏။ ထိုအခါ မောင်မှတ်ကြီးက ဒရိုင်ဘာကို ခေါ်ပြီးလျှင် မောင်ဘမောင်အား အိမ်သို့လိုက်ပို့ရန်နှင့် မောင်ဘမောင်အားလည်း နံနက်တွင် မိခင်ကြီးအား ခေါ်ယူ၍ ဤအိမ်ကြီးသို့ လာရောက်နေထိုင်ရန် မှာကြား၏။ အထူးသဖြင့် မိမိ မည်သည့်နေရာသို့ရောက်နေသည်၊ မည်သို့မည်ပုံ ဒုက္ခရောက်နေသည်တို့ကို စုံစမ်းခြင်း၊ ရှာဖွေခြင်းတို့ကို မပြုရန်နှင့် လာရောက် အကူအညီမပေးရန်တို့ကို မောင်ဘမောင်အား မှာကြား၏။

ဒရိုင်ဘာလည်း မောင်ဘမောင်ကို ခေါ်၍ ကားကို မောင်းထွက်သွား၏။ မောင်မှတ်ကြီးသည် အိမ်တွင် အလုပ်လုပ်သောသူများအားခေါ်ယူ၍ တစ်ဦးလျှင် ငွေငါးထောင်ကျစီ ပေးအပ် ပြီးလျှင် မောင်ဘမောင်၏လက်အောက်တွင် အလုပ်ဆက်လုပ်ကြရန် မှာကြားပြီး စီးနေကျ ကတ္တီပါဖိနပ်ကို ချွတ်၍ အကြမ်းသောကြိုးသိုင်းဖိနပ်ကို ယူ၍ စီးလိုက်လေ၏။

ထို့နောက် အားလုံးအားနှုတ်ဆက်၍ ခြံကြီးအတွင်းမှ ငြိမ်းချမ်းစွာ ထွက်ခွာသွားလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## မနောရုပ်သွင် ကြေးမုံပြင်

မောင်မှတ်ကြီးသည် အဘရှိရာသို့ ဖြည်းဖြည်းချင်း ခြေကျင်လျှောက်လာ၏။ အဘနေသော ဇရပ်ကလေးသို့ရောက်လျှင် အဘကို မတွေ့ရသဖြင့် သူ၏ဖိနပ်ကလေးကို ချွတ်ကာ ဇရပ်အတွင်းသို့ ဝင်ပြီးလျှင် ဇရပ်ကြမ်းပြင်ပေါ်၌ တုံးလုံးလှဲချလိုက်လေ၏။ သူသည် ယခင်က ဤနေရာတွင် လဲလျောင်းခဲ့သူဖြစ်၏။ ထိုစဉ်က လဲလျောင်းခြင်းမှာ ဆင်းရဲမွဲတေ၍ လဲလျောင်းခဲ့ခြင်းဖြစ်၏။ ယခု လဲလျောင်းခြင်းမှာမူ ထိုသို့မဟုတ်ပေ။ ချမ်းသာကြွယ်ဝမှုများကို အပြီးအပိုင်လွှတ်ချ၍ ချမ်းသာစွာ လဲလျောင်းနေခြင်းဖြစ်၏။ အကြောင့်ကျမဲ့စွာ လဲလျောင်းနေခြင်းဖြစ်၏။ သူ၏စိတ်သည် ဆင်းရဲမွဲတေစဉ်ကကဲ့သို့ အားငယ် စိတ်ပျက်ခြင်း မရှိ။ ချမ်းသာစဉ်ကကဲ့သို့လည်း တက်ကြွခြင်းမရှိ။ သူသည် ပကတိတည်ငြိမ်အေးချမ်းသော စိတ်ဖြင့် ဇရပ်ကြမ်းပြင်ပေါ်တွင် စိတ်

☺ ပြုံးစာပေ ☺



လွှတ်လက်လွှတ် လှဲချ၍ လှဲလျောင်းလိုက်ခြင်း ဖြစ်၏။ သူသည် အဘကို စောင့်ရင်း လှဲလျောင်းနေ၏။ ထို့နောက် ကြည်လင်သောစိတ်ဖြင့် အိပ်ပျော်သွားလေတော့၏။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ ခြေသံကြားမှ ပြန်၍ နိုးလာလေ၏။ အဘသည် မောင်မှတ်ကြီး နိုးလာသည်ကို တွေ့လျှင် . . .

"ဟ မှတ်ကြီးရ၊ မင်းအိပ်နေတာကို ကြည့်ပြီး ငါဖြင့် စိတ်ချမ်းသာလိုက်တာ၊ မွေးကင်းစကလေးလေး အိပ်နေသလိုပဲ အပူပင်အကြောင့်ကျမဲ့ အိပ်နေတဲ့ မင်းရဲ့မျက်နှာကလေးဟာ ကြည်လင်သန့်ရှင်းနေတာပဲ မှတ်ကြီးရာ ကဲ ဆိုစမ်းပါဦး၊ မော်တော်ကားလဲ မတွေ့ပါလား"

ဟု အဘက ပြောလိုက်လေ၏။

"ကျွန်တော့်မှာ ကားမရှိတော့ဘူး အဘ။ အိမ်လဲ မရှိတော့ဘူး အဘ။ ဘာဆို ဘာမှ မရှိတော့ဘူး အဘ။ အကုန်လုံးလွှတ်ချလိုက်ပြီ"

ဟု မောင်မှတ်ကြီးက ပြန်၍ ပြောလိုက်လျှင် အဘ၏ မျက်နှာသည် ပြုံး၍ သွားလေ၏။ ထို့နောက် အဘက . . .

"လွှတ်ချလိုက်တော့လဲ လွတ်လပ်သွားတာပေါ့။ မင်းငါပြောတဲ့အတိုင်း လုပ်တော့မယ်ပေါ့"

ဟု အဘက မေးလိုက်လေ၏။

"လုပ်ရမှာပေါ့ အဘရယ်။ လုပ်ချင်လို့ကို ကျွန်တော်ရဲ့ ဥည်းစိမ်ဥစ္စာတွေနဲ့ သူဌေးဘဝကို စွန့်လွှတ်ခဲ့တာပဲ အဘရယ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။

☺ ပြုံးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အဘသည် မောင်မှတ်ကြီး၏ အဖြေကို သဘောကျ၍ ပြုံးလေ၏။

"ကောင်းတယ် မှတ်ကြီးရ၊ ကောင်းတယ်၊ မင်းကို ငါပြောရဦးမယ်၊ အကျင့်သီလရှိတဲ့လူဟာ မငတ်ပါဘူး။ အဲဒါကိုတော့ မြဲမြဲယုံထား၊ ငါပြောတဲ့ အကျင့်သီလဆိုတာလဲ သိပ်ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ ငါးပါးသီလလောက်ကိုပဲ ပြောတာပါ။ အဲဒါလေး လုံတာနဲ့ကိုပဲ မင်းရဲ့ စားရေးသောက်ရေးဟာ ဖူလုံသွားပါလိမ့်မယ်။ အဲဒီတော့ မင်းကို ငါက ထွက်ရပ်လမ်းကို ညွှန်ပြပေးနိုင်ပါတယ်။ ဒါပေမယ့် အဲဒီလမ်းကို မင်းဟာမင်း လျှောက်ရမယ်၊ ငါက ဝင်ပြီး လျှောက်ပေးလို့ မရဘူး။ မင်းက လျှောက်နိုင်တဲ့သူ ဖြစ်ပါလိမ့်မယ်။ မင်းအကြောင်းကို ငါကောင်းကောင်းသိပါတယ်"

ဟု အဘက ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက

"အဘပြောတဲ့ လမ်းဟာ ဘယ်လောက်ပဲ ရှည်တဲ့လမ်းပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ခက်တဲ့လမ်းပဲဖြစ်ဖြစ် ကျွန်တော် ပြီးဆုံးအောင် လျှောက်ပါ့မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ အဘက . . .

"သိပ်ပြီး ဟုတ်တာပေါ့ မှတ်ကြီးရာ၊ မင်းဟာ တကယ့်ကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မှတ်ကြီးဖြစ်မှာပါပဲ။ ဝိဇ္ဇာဓိုရ် မှတ်ကြီး ဖြစ်မှာပါပဲ။ နောင်လာနောက်သားတွေကလဲ ဘိုးတော်မှတ်ကြီးကို အသိအမှတ်ပြုကြမှာပါပဲ။ မင်းကတော့ အာဂမှတ်ကြီးပါပဲ"

ဟု ပြောလေ၏။





ထို့နေ့ညနေတွင် မောင်မှတ်ကြီးနှင့် အဘတို့သည် ဘီလပ်ရည် တစ်လုံးစီသောက်ကြ၏။ အဘက ညစာကို မစား၊ မောင်မှတ်ကြီးလည်း ထိုညစာကို စားသောက်ခြင်း မရှိခဲ့ပေ။ ထိုညသည် လသာသော ညဖြစ်၏။ ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ရေသိမ်သို့သွားသော သစ်သားတံတားလေးပေါ်တွင် ထိုင်ကာ စကားပြောနေကြလေတော့၏။ အတော်အတန် ညည့်နက်လာသောအခါ၌ အဘက မောင်မှတ်ကြီးအတွက် အရေးကြီးသော စကားကို အောက်ပါအတိုင်း ပြောလေ၏။

"ဒီလို မှတ်ကြီးရဲ့။ ပထမဆုံး မင်းအနေနဲ့ လုပ်ရမှာက မနောရုပ်သွင် ကြေးမုံပြင်ပဲကွ"

မှတ်ကြီးသည် အဘ၏ စကားကို ကြားရသောအခါ တွေဝေသွား၏။

"ဘာလဲ အဘရဲ့။ မနောရုပ်သွင် ကြေးမုံပြင်ဆိုတာ ဘာလဲ အဘရဲ့။ ကျွန်တော် နားမလည်ဘူး။ မနောရုပ်သွင် ဆိုတာလဲ နားမလည်ဘူး။ ကြေးမုံပြင်ဆိုတာလည်း နားမလည်ဘူး အဘရဲ့။ ကျွန်တော့်ကို ရှင်းရှင်းပြောစမ်းပါ"

ဟု မောင်မှတ်ကြီးက အငမ်းမရ မေးလိုက်လေ၏။

"ဟ မှတ်ကြီးရ အဲဒါကို မင်းတစ်ယောက်ထဲ နားမလည်တာမဟုတ်ဘူး။ ပုတီးလိုင်းလိုက်နေတဲ့လူ ဆယ်ယောက်မှာ ကိုးယောက် နားမလည်ဘူး။ မင်းက ဒုက္ခရောက်နေတဲ့ လူတွေကို စောင်မ ကူညီချင်တယ်ဆိုကွ။ အဲဒီ အလုပ်ဟာ လွယ်တဲ့အလုပ် မဟုတ်ဘူး။ အဲဒါကို ဗုဒ္ဓဘာသာဝင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုတာ

www.burmeseclassic.com



မှ လုပ်ရမယ့်အလုပ်၊ အဲဒီ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုတာမှာ လုပ်ရမယ့်အလုပ်က နှစ်မျိုးရှိတယ်ကွ။ ပထမတစ်မျိုးက သတ္တဝါကယ်တာ။ ဒုတိယအလုပ်က သာသနာပြုတာ၊ အဲဒီလို လုပ်နိုင်ဖို့ စွမ်းရည်ဆိုတာ လိုသေးတယ်။ အဲဒါကို သိဒ္ဓိလို့ ခေါ်တာပေါ့ကွာ။ သိဒ္ဓိတွေကလဲ တဖြည်းဖြည်း စုဆောင်းသိမ်းရင်းနဲ့ ကြီးမားလာတယ်။ အဲဒီလို ကြီးမားလာတာကို မဟာသိဒ္ဓိလို့ ခေါ်တယ်။ အတိုကတော့ မဟိဒ္ဓိပေါ့ကွာ။ မင်းဟာ မဟိဒ္ဓိပုဂ္ဂိုလ်ဖြစ်ဖို့ဆိုရင် ကျင့်စဉ်ကျင့်နည်း၊ ထွက်ပုံထွက်နည်း၊ ထွက်လမ်းတွေ၊ ကျင့်လမ်းတွေရှိတာပေါ့ကွာ။ အခု မင်းလုပ်မှာက အင်းလဲမကိုင်၊ ဆေးလဲမကိုင်၊ ဖိုလဲမထိုးဘဲ ပုတီးတစ်မျိုးတည်းနဲ့ လုပ်မှာဆိုတော့ စောစောက ငါပြောတဲ့ မနောရုပ်သွင်ကြေးမုံပြင်ဆိုတာကို လုပ်ကို လုပ်ရမယ်ဟော့။ အဲဒီလုပ်နည်းကတော့ တခြားမဟုတ်ပါဘူး။ မင်းကိုမင်း အာရုံထဲမှာ မြင်အောင်ပြန်ကြည့်လိုက်၊ အပေါ်ဖြူ အောက်ဖြူဝတ်ထားမယ်၊ ဆံမုတ်ဆိတ်တွေကလဲ မရိတ်မလှီးလို့ တိုးလို့တွဲလောင်းကျနေမယ်။ လွယ်အိတ်ကြီးတစ်လုံးလဲ လွယ်ထားမယ်။ တောင်ဝှေးတစ်ချောင်းလဲ ကိုင်ထားမယ်၊ မျက်လုံးကလဲ မဟိဒ္ဓိတန်ခိုးကြောင့် အရောင်တဖျတ်ဖျတ်လက်နေမယ်။ ခုနစ်ရက်သားသမီးကယ်ဖို့ အဲဒီ တောင်ဝှေးကြီး တဒေါက်ဒေါက်နဲ့ လမ်းတကာလျှောက်နေတဲ့ ဣန္ဒာသယ ဘိုးတော်မှတ်ကြီးပေါ့ကွာ။ အဲဒါ အနာဂတ်ဖြစ်လာမယ့် မင်းရဲ့ မနောရုပ်သွင်ပဲ။ အဲဒါကို တစ်နေ့ကို လေးဆယ့်ငါးမိနစ်လောက် သုံးခါထိုင်ပြီး စိတ်ကြေးမုံပြင်မှာ ထင်ထင်ရှားရှားကြီး မြင်အောင် ကြည့်ရမယ်ဟော့၊ အဲဒီလို မင်းရဲ့





ရုပ်သွင်ကို မင်းရဲ့ မနောကြေးမုံပြင်မှာ ထင်ထင်ရှားရှား မမြင်ရဘဲနဲ့ မင်းဘာမှ ဆက်မလုပ်နဲ့ဟော့။ အဲဒီလို မြင်မှ လုပ်ရမယ်"

ဟု အဘက ပြောလေ၏။ ထိုမောင်မှတ်ကြီးက

"အဲဒီလို အာရုံမှာ ထင်ထင်ရှားရှားမြင်ရင်ဖြစ်မှာလား"

ဟု ပြန်၍မေးလျှင် အဘသည် သဘောကျလွန်း၍ ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် . . .

"မှတ်ကြီးရ၊ လူတော်တော်များများဟာ အခုငါပြောတဲ့ မနောရုပ်သွင် ကြေးမုံပြင်ကို ဘယ်ဆရာကမှ မသင်ဘဲ ပြောင်းပြန် လုပ်ခဲ့ကြတယ်ကွ၊ ငါတော့ ဒုက္ခရောက်ပါပြီ။ ငါတော့ မွဲပါပြီ။ ငါ့ရောဂါဟာ ကုလို့ မရတော့ပါဘူး။ ငါတော့ ဒီအမှုနဲ့ ထောင်ကျတော့မှာပဲ စသည်စသည်ပေါ့ကွာ။ ဖြစ်မလာသေးတဲ့ အနာဂတ်ရဲ့ မကောင်းတဲ့ရုပ်သွင်ကို အာရုံပြုပြီး ပုံဖော်ခဲ့ကြတယ်လေကွာ၊ အဲဒီအတိုင်းပဲ ပုံဖော်ခဲ့ကြတဲ့အတွက် ဒုက္ခရောက်သွားကြတယ်။ မွဲသွားကြတယ်။ ရောဂါဟာ ကုလို့မရဘဲ သေဆုံးသွားကြတယ်၊ ပြီးတော့လဲ အမှုတွေဖြစ်ကြ၊ ထောင်တွေကျကြပေါ့ကွာ။ အဲဒါက ဘာလဲဆိုတော့ မင်းကို ပြောတဲ့ မနောရုပ်သွင် ကြေးမုံပြင်ကို ကောင်းတဲ့ဘက် ပုံမဖော်ဘဲ ဆိုးတဲ့ဘက်က ပုံဖော်ခဲ့ကြလို့ပေါ့ကွာ"

ဟု အဘက ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက . . .

"အဘပြောတာ ကျွန်တော် သဘောပေါက်ပါပြီ။ အဘပြောတဲ့ မနောရုပ်သွင် ကြေးမုံပြင်မှာ ကျွန်တော်လိုချင်တဲ့ ပုံစံကို ကျွန်တော် အတိအကျ ပုံဖော်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ ပြောလိုက်လေ၏။

လသည် တဖြည်းဖြည်း မြင့်တက်လာ၏။ လရောင်သည်လည်း ပိုမို၍ ထိန်လင်းလာ၏။ ကွင်းပြင်ကို ဖြတ်တိုက်လာသော လေသည်လည်း တဖြည်းဖြည်း အေးသည်ထက် အေးလာ၏။ ထို့နောက် အဘက . . .

"မှတ်ကြီးရေ ဖြစ်အောင်လုပ်ရမယ်။ ပြီးတော့ မင်းဟာ ဖြစ်မယ့်သူပါ။ မလွှကုန်းဘူတာမှာ နဂါးပေါ်တယ်ဆိုတာ တခြားကိစ္စ မဟုတ်ဘူး။ အဲဒါမင်းပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ မောင်မှတ်ကြီးသည် တစ်ခါက မလွှကုန်းဘူတာအနီး ချောင်းကလေးအတွင်းတွင် နဂါးပေါ်သည်ဟု သတင်းဖြစ်ကာ အလမ္ပာယ်ဆရာ တစ်ထောင်ကျော်ခန့် ရောက်လာသည်ကို သတိရမိလေ၏။ ထိုအချိန်က အဘသည် ဤပုတ်ဝန်းကျင်၌ ဝိဇ္ဇာဓိုရ်ပေါ်မည်ဖြစ်ကြောင်း ပြောခဲ့ရာ မောင်မှတ်ကြီးက ဘူတာအနီး ကျူးကျော်အိမ်တန်းကလေးမှာ ပေါ်မှာလားဟု မေးဖူး၏။ ထိုအကြောင်းအရာများကို မောင်မှတ်ကြီးသည် ပြန်လည် တွေးမိရင်း ပြုံးမိလေတော့၏။ ထို့နောက် မောင်မှတ်ကြီးက . . .

"အဘရယ် တစ်နေ့သုံးကြိမ်ပဲ လုပ်ရမှာလား။ လေးဆယ့်ငါးမိနစ်ပဲ လုပ်ရမှာလား"

ဟု မေးရာ အဘက

"မင်းမှာ တခြားအလုပ်ရှိတာမှ မဟုတ်ဘဲ၊ ဒီအလုပ်တစ်ခုပဲရှိတာ တစ်နေ့ကုန် လုပ်နေလဲ ဘာဖြစ်လဲ လုပ်ပေါ့ကွာ၊ စားဖို့သောက်ဖို့တော့ မပူနဲ့ဟေ့၊ သူ့ဟာသူ ရောက်လာလိမ့်မယ်"





ဟု ပြန်၍ ပြောလိုက်ရာ မောင်မှတ်ကြီးက . . .

"ရောက်မလာရင် ဘယ်နှယ့်လုပ်မလဲ"

ဟု မေးရာ အဘက . . .

"ရောက်မလာရင် ငတ်တာပေါ့ကွာ။ များများ ငတ်ရင် အစာအိမ် သန့်ရှင်းတာပေါ့ကွာ။ အစာအိမ်ထဲမှာ ဓာတ်တစ်မျိုးရှိတယ်ကွ။ အစာအိမ်သန့်ရှင်းလာမှ အဲဒီ ဓာတ်က တစ်ကိုယ်လုံးကို ပျံ့နှံ့တာ၊ အဲဒီဓာတ်ပျံ့နှံ့သွားရင် လူဟာ ရေမချိုးဘဲတောင် မွှေးလာတယ်။ ဒါပေမယ့် ငတ်ရုံ သက်သက် ငတ်လို့တော့ မမွှေးဘူးဟေ့။ တစ်ဘက်က သီလလဲ ရှိဦးမှ။ သတ္တဝါဟာ အဆင့်အတန်းမြင့်လာလေလေ၊ အစာအိမ်ဟာ သန့်ရှင်းလာလေလေပဲကွ။ လူ့ရဲ့ အစာအိမ်နဲ့ နတ်ပြည်က နတ်သားရဲ့အစာအိမ်ဟာ ကွာလိမ့်မယ်ကွ။ နတ်ရဲ့အစာအိမ်နဲ့ ဗြဟ္မာရဲ့အစာအိမ်ဟာလဲ ကွာမှာပေါ့ကွာ။ ဒါတွေ လျှောက်ပြောရင် အရှည်ကြီးပဲ။ အဲဒါတွေ မင်းသိဖို့ မလိုဘူး။ နောက်တော့လဲပဲ မသိချင်ပါဘူးဆိုတာတောင် မရတော့ဘူး၊ သိလာရမယ်၊ ကဲ . . . ကဲ မောင်မှတ်ကြီး အိပ်လိုက်ပေဦးတော့"

ဟု ဆိုကာ အဘလည်း အိပ်ရာသို့ ဝင်လေ၏။

မောင်မှတ်ကြီးသည် မအိပ်သေးဘဲ ထိန်ထိန်သာနေသော လမင်းကြီးကို ငေး၍ ကြည့်ရှုနေ၏။ သူသည် ဤပုတ်ဝန်းကျင်၌ ရုံပိုင်တစ်ဦး ဖြစ်ခဲ့၏။ သူသည် ဤပုတ်ဝန်းကျင်၌ ချစ်သူတစ်ဦး ဆုံးရှုံးခဲ့၏။ သူသည် ဤပုတ်ဝန်းကျင်၌ ဆင်းရဲမွဲတေခဲ့၏။ သူသည် ဤပုတ် ဝန်းကျင်၌ ဆရာကောင်းတွေ့ခဲ့၏။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ဤပုတ်ဝန်းကျင်၌ပင် ချမ်းသာကြွယ်ဝသော အဖြစ်ကို ရောက်ရှိခဲ့ရ၏။

သူသည် ချမ်းသာကြွယ်ဝမှုကို စွန့်လွှတ်၍ လူတစ်ထောင်လျှင် တစ်ယောက် လုပ်နိုင်ခဲ့သော ခက်ခဲကြမ်းတမ်းသည့် အကျင့်ထူးကို ကျင့်ရန်အတွက် ဤပုတ်ဝန်းကျင်သို့ တစ်ဖန်ပြန်လည်ရောက်ရှိနေပြန်၏။ အမှန်စင်စစ် ဤပုတ်ဝန်းကျင်သည် သူ၏ 'ဘူမိနက်သန် အောင်မြေမှန်' ဖြစ်ပေတော့သည်တကား။

❑



## မနောမကျိုင်

မောင်မှတ်ကြီးသည် ရေသိမ်သို့ သွားသော သစ်သားတံတားလေးပေါ်၌ တစ်ညလုံး ထိုင်နေ၏။ ပြီးလျှင် အဘပြောသော ၎င်း၏မနောရုပ်သွင် ကြေးမုံပြင် ဒဏ္ဍာရီကို ပုံဖော်ကြည့်နေ၏။ အစပထမတွင် ပုံမပေါ်နိုင်ဘဲ ရှိနေ၏။ အာရုံထဲမှ ပုံသဏ္ဍာန်သည် ရှည်ရှည်မျောမျောကြီး ဖြစ်သွားလိုက်၊ ပုတိုတိုကြီးဖြစ်သွားလိုက် စိတ်တိုင်းမကျစရာကြီး ဖြစ်နေ၏။ ကြာသောအခါ ထိုပုံသဏ္ဍာန်သည် မောင်မှတ်ကြီးနှင့် တစ်ထေရာတည်းတူသော ပုံသဏ္ဍာန်အဖြစ်သို့ ရောက်လာ၏။

သို့ရာတွင် လွယ်အိတ်ကလေး မပါတစ်ချက် ပါတစ်ချက် ဖြစ်နေ၏။ တောင်ဝှေးကလဲ မပါတစ်ချက် ပါတစ်ချက် ဖြစ်နေ၏။ မိုးလင်းခါနီး၌မူ မောင်မှတ်ကြီး၏ ရုပ်သွင်သည် ထင်ရှားပြတ်သားဘိသကဲ့သို့ တောင်ဝှေး၊ လွယ်အိတ်တို့သည်လည်း ပြည့်ပြည့်စုံစုံကြီးပါလျက် အာရုံ၌ တင်ဟပ်နေလေတော့၏။ ထို့နောက်

www.burmeseclassic.com



မောင်မှတ်ကြီးသည် ထိုအာရုံကို လွင့်ပျောက်ခြင်းမရှိစေရန် စူးစိုက်၍ကြည့်နေ၏။ မောင်မှတ်ကြီး၏ စိတ်၌ ...

"အခု မြင်ရတဲ့ ပုံသဏ္ဍာန်ဟာ အနာဂတ်ငါ့ရဲ့ပုံသဏ္ဍာန်ပဲ၊ မဟာဂန္ဓာရီမှတ်ကြီးရဲ့ ပုံသဏ္ဍာန်ပဲ၊ ခုနစ်ရက်သားသမီးကို ကယ်မယ့် အာဂလူသား ဝိဇ္ဇာဓိုရ်ယောကျ်ားရဲ့ ပုံသဏ္ဍာန်ပဲ၊ သာသနာပြုမဲ့ ဣစ္ဆာသယမှတ်ကြီးရဲ့ ပုံသဏ္ဍာန်ပဲ၊ ဒီပုံသဏ္ဍာန်၊ ဒီသမ်းကြောင်းအတိုင်း ငါလျှောက်သွားရမယ်၊ အဘကလဲ တော်လိုက်တဲ့ အဘ"

ဟု စိတ်တွင်း၌ ချီးကျူးမိလေတော့၏။ ထိုအချိန်၌ အဘသည် မောင်မှတ်ကြီးဆီသို့ လျှောက်လာ၏။ မောင်မှတ်ကြီးကလည်း ထိုင်ရာမှထပြီးလျှင် တပိုတပါးသွား၏။ ရေချိုး၏။ အဘသည် မောင်မှတ်ကြီးရေချိုးသော နေရာသို့လိုက်လာပြီးလျှင် ...

"မှတ်ကြီးရေ၊ ရေချိုးပြီးရင် ကောက်ညှင်းပေါင်းနဲ့ လက်ဖက်ရည်အချိုလေး လွေးလိုက်ရအောင်လား၊ လှူတဲ့သူကတော့ လာပြီးလှူထားပြီ၊ ဟားတဲ့လူက စားဖို့ပဲရှိတော့တယ်"

ဟု ပြောသဖြင့် မောင်မှတ်ကြီးလည်း ရေချိုးပြီးသည်နှင့် ဇရပ်အတွင်းသို့ ဝင်လေ၏။ ထို့နောက် အဘနှင့်အတူ စားသောက်လေ၏။ အဘသည် ကောက်ညှင်းပေါင်းကို နှမ်းထောင်းနှင့်တို့ကာ အရသာခံ၍စားရင်း ...

"တချို့လူတွေဟာ ကျင့်စဉ်ကောင်းတွေ ရပါရဲ့၊ နည်းကောင်းလမ်းကောင်းတွေလဲ ရတတ်ကြပါရဲ့၊ ဒါပေမယ့် နည်းနည်းပါးပါး လုပ်ကြည့်ပြီး ဆက်မလုပ်တာနဲ့ ဘာမှမဖြစ်တာကွ၊





အကောင်းဆုံးကတော့ ကိုယ်ကျင့်နေတဲ့ ကျင့်စဉ်ကို ချစ်ရမယ်၊ ဘယ်လောက်ချစ်ရမလဲဆိုရင် ရည်းစားမထားဖူးသေးတဲ့ လူပျိုပေါက်တစ်ယောက် ရည်းစားထားတဲ့အခါ ချစ်သလိုချစ်ရမယ်၊ စားလဲဒီစိတ်၊ ထိုင်လဲဒီစိတ်၊ သွားလဲဒီစိတ်၊ အိပ်လဲဒီစိတ်နဲ့ အိပ်ရမယ်၊ အဲဒီလို အရူးအမူးဖြစ်နေမှကို ကျင့်စဉ်ကအစွမ်းပြတာကွ၊ ကိုယ်ကျင့်တဲ့အကျင့်ပေါ်ကို စွဲလန်းပြီး ရူးနေရမယ်၊ ရူးမှထူးမှာကွ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"စိတ်ချပါအဘ၊ အဘပြောတဲ့အတိုင်း ဖြစ်စေရပါမယ်၊ ဒါပေမယ့် တစ်ခုတော့မေးချင်တယ်၊ ဒီလိုလမ်းမျိုးလိုက်တဲ့သူဟာ မဖြစ်ဘဲနဲ့ ရူးသွားကြတာ တွေ့ဖူးတယ်၊ အဲဒါဘာဖြစ်လို့လဲဟင်"

ဟု မေးလိုက်လေ၏။

"ဟ ... အဲဒါတွေဟာ ရူးတာမဟုတ်ဘူးကွ၊ အဲဒါတွေက သွတ်သွားတာခေါ်တယ်။ကိုယ့်ရဲ့မနောထဲကို ပြင်ပက မလိုအပ်တဲ့ အာရုံတွေ အသွတ်ခံလိုက်ရတာ၊ နည်းမမှန်လမ်းမကျလို့ပေါ့ကွာ၊ ဆရာကောင်း သမားကောင်းရဲ့ အရိပ်အာဝါသကို ခိုလှုံပြီး နည်းမှန်လမ်းမှန်နဲ့လုပ်ရင် ဒီလိုသွတ်သွားဖို့ မရှိပါဘူး၊ ကိုယ့်ဟာကိုယ် လှည့်စားပြီး ရူးတာကအရူးကွ၊ ပြင်ပနှောင့်ယှက်မှုနဲ့ ရူးတာက အရူးမဟုတ်ဘူး၊ သွတ်တာလို့ခေါ်တယ်၊ ရူးတစ်ခါကောင်းတစ်လှည့် ဖြစ်တာကကြောင်တာကွ၊ အာရုံထားရမယ့်နေရာကို အာရုံမရောက်ပဲ စိတ်ကဟိုရောက်လိုက်ဒီရောက်လိုက် ဖြစ်နေတာကို စိတ်မနှံ့ဘူးလို့ခေါ်တာ၊ အဲဒီတော့ မင်းဟာအဲဒီလိုမဖြစ်နိုင်ပါဘူး၊ ရဲရဲဝံ့ဝံ့လုပ်ပါ၊ လုပ်ရင်းနဲ့ ရူးသွားတော့လဲ ပြီးတာပေါ့ကွာ၊ ကဲ ကဲ ကောက်ညှင်းပေါင်းစားလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဘက ပြောလိုက်လေ၏။ ထို့နောက် အဘသည် အပြင်သို့ထွက်သွား၏။ မောင်မှတ်ကြီးတစ်ယောက်တည်း ဇရပ်၌ ကျန်ခဲ့၏။ မောင်မှတ်ကြီးသည် သူ၏အနာဂတ်ပုံရိပ်ကို ထိုင်၍ဖမ်း နေ၏။ သို့မဟုတ် မနောရုပ်သွင်ကြေးမုံပြင်ကို ကြည့်နေ၏။ အ စဉ်တစိုက် ကြည့်နေခဲ့ရာ ထိုရုပ်သွင်သည် ကြည်လင်သည်ထက် ကြည်လင်၍ပြတ်သားသည်ထက် ပြတ်သားလာ၏။ ထိုထက်ဆို ပါမူ သူ၏မနောရုပ်သွင်က သူ့အား စကားပြောနေဘိသကဲ့သို့ ရှိ၏။

ဤသို့နှင့်ပင် မောင်မှတ်ကြီးသည် ထိုကျင့်စဉ်ကို အဆက် မပြတ် လေးလခန့်ပြင်းပြင်းထန်ထန် ကျင့်လိုက်ရာ မျက်စိမှိတ် လိုက်သည်နှင့် တပြိုင်နက်တည်း သူ၏အနာဂတ်ရုပ်သွင်သည် ရုပ်ရှင်ပြလိုက်ဘိသကဲ့သို့ ဖျပ်ခနဲပေါ်လာလေတော့၏။ ထိုအခါ အဘက မောင်မှတ်ကြီးအား လသာသောညတွင် ရေသိမ်သို့သွား သော တံတားလေးပေါ်သို့ ခေါ်သွားပြန်လေ၏။ ထို့နောက် နှစ် ယောက်သားထိုင်ကြပြီးလျှင် စကားပြောကြပြန်၏။ အဘသည် အောက်ပါအတိုင်းပြော၏။

"မှတ်ကြီးရေ၊ မင်းရဲ့ပထမကျင့်စဉ်ကတော့ ဒီလောက်နဲ့ တင် လုံလောက်ပြီထင်ပါရဲ့ကွာ၊ နောက်တစ်ခုဆက်ကြစို့"

မောင်မှတ်ကြီးသည် အဘပြောမည့်စကားကို နားစွင့်၍ နေ၏။ ထိုအခါအဘက ...

"အခုပြောမှာကတော့ မနောဓာတ်တိုင် အကြောင်းပဲကွ၊ မနောဓာတ်တိုင် စိတ်မဏ္ဍိုင်လို့ မှတ်ထားပေါ့ကွာ၊ ပြီးတော့ တင်





ပျဉ်ခွေထိုင်ပြီး အကြောတွေလျှော့ရမယ်။ အဲဒီလို အကြောတွေ လျှော့ပြီး မိနစ်နှစ်ဆယ်လောက် ထိုင်လိုက်၊ ပြီးတော့ ငြိမ်ပြီး မျက်စိ တွေကို မှိတ်ထားလိုက်၊ မင်းရဲ့ကျင့်စဉ်ကို မဏ္ဍိုင်ထားပြီး လုပ်ရ မယ့်နေရာကို စိတ်နဲ့ရှာရမှာ၊ ကိုယ်ဘယ်မှာ ကျင့်ရမယ်ဆိုတာ နေရာလိုတယ်ကွ၊ အဲဒီဟာကို ဓာတ်စကားနဲ့ပြောရင် မူလဓာတ် တိုင်ပေါ့၊ မနောနဲ့ပြောရင်တော့ မနောမဏ္ဍိုင်ပေါ့ကွာ၊ အဲဒီလို မျက်စိမှိတ်ထားတဲ့အခါမှာ ရွှေတိဂုံဘုရားကြီးပေါ်လာရင် အဲဒီမှာ ဓာတ်တိုင်စိုက်ပေတော့၊ အဲဒီမှာ သွားပြီးလုပ်ပေတော့၊ ဗိုလ်တ ထောင်ဘုရားကြီးပေါ်လာရင်လဲ အဲဒီမှာသွားပြီးလုပ်ပေတော့၊ စွဲစွဲ မြဲမြဲကျင့်စဉ်ကို လုပ်ရမယ့် နေရာပေါ့ကွာ၊ အဲဒါကိုရှာရမယ်၊ မှန် မှန်ကြီးရှာရင်တော့ လေးဆယ့်ကိုးရက်အတွင်း မဏ္ဍိုင်ကိုတွေ့ပါ တယ်ကွာ၊ အစပထမမှာတော့ ရွှေတိဂုံပေါ်လိုက်၊ ဗိုလ်တထောင် ပေါ်လိုက်၊ဆူးလေပေါ်လိုက်ပေါ့ကွာ၊နောက်ကြာတော့မနောဓာတ် ခံက ပြင်းထန်လာပြီး လုပ်ရမယ့်နေရာကို ထပ်ချည်းတလဲလဲ အာရုံ မှာပေါ်တယ်ကွ၊ တစ်ခုဘော့ရှိတယ်။ ကိုယ်သိပြီးသား နေရာထဲက အာရုံပေါ်ရင် အကြောင်းမဟုတ်ဘူးဟေ့၊ မသိသေးတဲ့နေရာကို အာရုံမှာ ပေါ်ရင်တော့ မတွေ့မချင်းရှာရတယ်ကွ၊ တစ်ခါတစ်လေ သိပ်ပြီးဝေးလံတဲ့နေရာက စေတီလေးတွေ၊ ဇရပ်ကလေးတွေ ဖြစ် နေတတ်တယ်၊ ဒါပေမယ့် မပူပါနဲ့ကွာ၊ ကိုယ်နဲ့အကြောင်းဆက်ရှိ လို့ အာရုံမှာပေါ်တာဆိုတော့ နောက်တော့ သွားပြီးတွေ့ပါတယ် ကွာ"

ဟု ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါအဘ၊ ကျွန်တော် အလုပ်လုပ်ရမယ့်နေရာ မူလ ဓာတ်တိုင်ကို လေးဆယ့်ကိုးရက်အတွင်း တွေ့အောင် ကျွန်တော်ကြိုးစားရှာပါ့မယ်၊ အာရုံထဲမှာတွေ့တဲ့ မူလဓာတ်တိုင်ကိုလဲ အပြင်မှာ မတွေ့တွေ့အောင်ရှာပါ့မယ်"

ဟု ပြန်ပြောလေ၏။ ထိုညက လသာနေ၏။ မောင်မှတ်ကြီးနှင့်အဘသည် ထိုတံတားလေးပေါ်၌ အချိန်ကြာမြင့်စွာ စကားပြောကြ၏။ ညည့်နက်လာသောအခါ၌ အဘကအိပ်တော့မယ်ဟု ဆိုကာ ဇရပ်ဆီသို့ ထသွားလေတော့၏။ မောင်မှတ်ကြီးတစ်ဦးတည်းသာလျှင် တံတားလေးပေါ်၌ ကျန်ခဲ့၏။ သူသည် သူ၏ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ရန်အတွက် မနောဓာတ်တိုင်ကို စတင်၍ရှာဖွေလေတော့၏။ တစ်ညလုံးလောက်နီးနီး တံတားလေးပေါ်၌ထိုင်၍နေ၏။ ထို့သို့ ထိုင်ခဲ့ရာ အာရုံထဲတွင် စေတီအမျိုးမျိုးပေါ်၍လာ၏။ ဆင်းတုတော်အမျိုးမျိုးပေါ်လာ၏။ နံနက်မိုးလင်းသောအခါ၌ မောင်မှတ်ကြီးသည် ဆက်၍မထိုင်တော့ဘဲ ထလိုက်လေ၏။ ထို့နောက် ရေချိုးခြင်း၊ တပိုတပါးသွားခြင်းတို့ကို ပြုလုပ်ပြီးနောက် ဇရပ်အတွင်းသို့ ဝင်ခဲ့ရာအဘသည် ထမင်းကြမ်း၊ပဲပြုတ်၊ လက်ဖက်ရည်အချို၊ ရေနွေးကြမ်းစသည်တို့ကို ပြင်ဆင်လျက် မောင်မှတ်ကြီးအား စောင့်နေသည်ကို တွေ့ရလေတော့၏။

"မှတ်ကြီးရေ၊ ဟောဒီမှာ လှူတဲ့လှူက လာပြီးလှူထားပြန်ပြီ၊ စားတဲ့သူက စားလိုက်ပေတော့"

ဟု အဘကပြောသဖြင့် မောင်မှတ်ကြီးသည် အဘနှင့်အတူ ထမင်းကြမ်းနှင့်ပဲပြုတ်ကို စားလေ၏။ ပြီးနောက် လက်ဖက်





ရည်အချိုကို သောက်ပြီး ရေနွေးကြမ်းကိုသောက်ပြန်၏။ အဘသည် ရေနွေးကြမ်းကို သောက်ရင်း ...

"အခု မင်းလုပ်ရမယ့်အလုပ်ဟာ အရေးကြီးတယ်နော်၊ မဏ္ဍိုင်ရှာတဲ့အလုပ်ဟာ မလွယ်ဘူးကွ၊ မှန်မှ ကောင်းတယ်၊ အဲဒါကိုတချို့လူတွေ မသိကြဘူးကွ၊ ကိုယ့်နေရာကိုယ် မရှာတတ်တဲ့လူတွေဟာ ဒါမှမဟုတ် ရှာရမှန်းမသိတဲ့လူတွေဟာ လူစည်ကားတဲ့နေရာတွေ သွားတိုးပြီး ပုတီးတကိုင်ကိုင် လုပ်နေကြတာပဲ။ ဘာကယ်ကတော့ လူစည်ခြင်း မစည်ခြင်းဟာ အကြောင်းမဟုတ်ဘူး၊ ကိုယ်နဲ့သင့်တော်ခြင်းဆိုတာအကြောင်းဖြစ်တယ်၊ အဲဒီတော့ ကြိုးစားပြီး ရှာပါကွာ"

ဟု ပြောဆိုကာ အပြင်သို့ထွက်သွားလေတော့၏။ မောင်မှတ်ကြီးသည် ဇရပ်ကလေးအတွင်း၌ ဝင်ထိုင်၍ မနောမဏ္ဍိုင်ကို ရှာလေတော့၏။ သူ၏အာရုံတွင် သချိုင်းကြီးတစ်ခုကို တွေ့မြင်ရလေ၏။ အုတ်ဂူများကို တွေ့ရ၏။ အုတ်ဂူများကို သေချာစွာ ကြည့်လိုက်ရာ ကြွေပြားများကပ်ထားသည်ကို တွေ့ရ၏။ ကြွေပြားများ၌လည်း အမျိုးမျိုးအဖုံဖုံသော ပန်းများ ငှက်ရုပ်များကို တွေ့ရ၏။ ထိုသချိုင်းအလယ်တွင်လည်း ကြီးမားသော ကုက္ကိုပင်ကြီးကို တွေ့မြင်ရ၏။ ထိုကုက္ကိုပင်ကြီးနှင့် မလှမ်းမကမ်းနေရာတွင် လွန်စွာကောင်းသော ပိသုကာလက်ရာနှင့်ဆောက်ထားသည့် ဇရပ်လိုလို ဘုံကျောင်းလိုလို အဆောက်အအုံ တစ်ခုကို တွေ့ရ၏။ ထိုအဆောက်အအုံနှင့် မလှမ်းမကမ်းတွင် အနက်ရောင်ကြွေပြားများ ကပ်ထားသော အုတ်ဂူတစ်ခုကို တွေ့ရ၏။ ထိုအုတ်ဂူနံဘေး



www.burmeseclassic.com

www.burmeseclassic.com



တွင် ပြောင်လက်ချောမွေ့သော မြေကွက်ကလေးကိုတွေ့မြင်ရ၏။ မောင်မှတ်ကြီးသည် မနောမဏ္ဍိုင်ကို ထိုင်၍ရှာတိုင်း အစပထမတွင် နေရာအမျိုးမျိုးပေါ်၏။ နောက်ဆုံးတွင် အနက်ရောင်ကြွေပြားကပ်ထားသော သင်္ချိုင်းအုတ်ဂူတစ်ခုနှင့် ကုက္ကိုပင်ကြီးကိုသာ တွေ့ရ၏။ လေးဆယ့်ကိုးရက်လုံးလုံး မနောမဏ္ဍိုင်ကိုရှာခဲ့ရာ ထိုတရုတ်သင်္ချိုင်းနှင့်တရုတ်အုတ်ဂူကိုသာလျှင် စွဲစွဲမြဲမြဲ အာရုံ၌ မြင်တွေ့ရလေတော့၏။ နောက်ပိုင်း၌ကား မနောမဏ္ဍိုင်ကို ရှာလိုက်သည်နှင့် အခြားအရာများမပေါ်တော့ဘဲ တရုတ်သင်္ချိုင်းနှင့် ကုက္ကိုပင်ကြီး၊ ပြီးနောက် ကြွေပြားအနက်များ ကပ်ထားသော တရုတ်အုတ်ဂူနှင့် ၎င်းအနီးမှ မြေပြောင်ပြောင်တို့သည်သာ ပေါ်၍လာလေတော့၏။ ထို့ကြောင့် မောင်မှတ်ကြီးက အဘအား ...

"အဘ၊ မနောမဏ္ဍိုင်ဟာ သင်္ချိုင်းကုန်းကော ဖြစ်နိုင်သလား"

ဟု မေးလိုက်ရာ အဘက ...

"ဖြစ်နိုင်တာပေါ့ကွ"

ဟုခပ်တိုတို ဖြေသဖြင့် မောင်မှတ်ကြီးသည် ထိုတရုတ်သင်္ချိုင်းကို ရှာဖွေမည်ဟု ဆုံးဖြတ်လိုက်လေတော့သတည်း။

❑



## အထူးဟားတိုက်

မောင်မှတ်ကြီးသည် နောက်တစ်နေ့နံနက်၌ တရုတ်သင်္ချိုင်းများကို ရှာဖွေမည်ဟု အဘထံခွင့်တောင်း၍ ထွက်ခဲ့လေ၏။ ထိုသို့ထွက်ခဲ့ရာ များစွာမရှာရဘဲနှင့် ဗျိုင်းရေအိုးစင်ရပ်ကွက်ရှေ့ရှိ တရုတ်သင်္ချိုင်းသို့ ရောက်သောအခါ သင်္ချိုင်းတွင်းသို့ လှမ်းမျှော်ကြည့်ရလေ၏။ ထိုသို့ လှမ်းမျှော်ကြည့်ရှုရာ သင်္ချိုင်းအလယ်တွင် လွန်စွာကြီးမားသော ကုက္ကိုပင်ကြီးကို တွေ့ရှိရလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် သင်္ချိုင်းတွင်းသို့ ဝင်၍ကြည့်၏။ ထိုသို့ဝင်သွားရာ ၎င်း၏အာရုံ၌ တွေ့မြင်ရသော ဗိသုကာလက်ရာလွန်စွာကောင်းသည့် သင်္ချိုင်းဇရပ်ကလေးကို တွေ့ရလေ၏။ မောင်မှတ်ကြီးသည် တရုတ်သင်္ချိုင်းအလယ်ရှိ ကုက္ကိုပင်ကြီးဆီသို့ တန်းတန်းမတ်မတ် သွား၏။ ကုက္ကိုပင်အောက်သို့ရောက်လျှင် အနက်ရောင်ကြွေပြားများကပ်ထားသော အုတ်ဂူကိုရှာဖွေ၏။ ထိုသို့ရှာဖွေရာ



www.burmeseclassic.com

www.burmeseclassic.com



များစွာမရှာရဘဲ ထိုဂူကိုတွေ့လေ၏။ ထိုဂူကိုတွေ့လျှင် မောင်မှတ်ကြီးသည် ဂူ၌ရေးထွင်းထားသော စာကိုဖတ်၏။ တရုတ်စာလုံးများကိုလည်း တွေ့ရ၏။ ထို့ပြင် မြန်မာဘာသာဖြင့် ရေးထားသော မစ္ဆတာတန်တော်မိုးဟူသည့် စာတန်းကိုတွေ့ရ၏။

*(မှတ်ချက်။ ။ ၎င်း မစ္ဆတာတန်တော်မိုး ဆိုသူမှာ လွန်စွာထူးခြားသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်အကြောင်းကို သိလိုပါလျှင် ကျွန်ုပ်ရေးသားပြီး ဉာဏ်ဝင်းစာပေမှ ထုတ်ဝေသော မဟာမြိုင်ခရီးသည် ပထမတွဲ၊ ဒုတိယတွဲကို ဖတ်ရှုကြပါ။ မစ္ဆတာ တန်တော်မိုးသည် မဟာမြိုင် ခေါ် ရှမ်ဘဲလားဟုခေါ်သည့် ပုဂ္ဂိုလ်ထူးတို့ ပျော်စံရာနေရာမြတ်သို့ ရောက်ရှိသွားပြီးဖြစ်၏။ အမှန်စင်စစ် ဂူသာရှိသော်လည်း မစ္ဆတာ တန်တော်မိုး၏အလောင်း ထိုဂူတွင်း၌ မရှိပါ။*

***စာရေးသူ)***

မောင်မှတ်ကြီးသည် မစ္ဆတာတန်တော်မိုး၏ဂူကို တွေ့ပြီးနောက် အနီးသို့ကြည့်ပုံက်ရာ အရိပ်အာဝါသကောင်း၍ မြေပြောင်နေသော နေရာကလေးကို တွေ့ရလေ၏။ ထို့ကြောင့် ၎င်း၏စိတ်၌ . . .

"ငါ့ရဲ့ မနေမကျိုင်ဟာ ဒီနေရာပါပဲ"

ဟု ပြောရင်း ထိုမြေပြောင်ပြောင်၌ တင်ပျဉ်ခွေ၍ ထိုင်ချလိုက်လေတော့၏။

ထို့နောက် မျက်စိကိုမှိတ်ကာ ငြိမ်၍နေလိုက်လေတော့၏။ အဝါန်ကြာသောအခါ၌ ၎င်း၏အာရုံတွင် သင်္ချိုင်းကုန်းတစ်ခု





လုံးရှိ အုတ်ဂူများပျောက်သွား၏။ ဈေးတန်းကလေးပေါ်လာ၏။ ထို့နောက် ဈေးတန်းကလေးပျောက်သွား၏။ ထို့နောက်ကြီးမားသော အဆောက်အအုံကြီးတစ်ခုကို တွေ့ရ၏။ ထိုအဆောက်အအုံကြီး၌ စာတန်းကလေးတစ်ခုကို တွေ့ရ၏။ ထိုစာတန်းသည် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဟူ၍ ဖြစ်၏။ မောင်မှတ်ကြီးသည် တအောင့်မျှကြာလျှင် ထိုနေရာကလေးမှ ထလိုက်၏။ ထို့နောက် အဘရှိရာ ဇရပ်ကလေးဆီသို့ ပြန်၍လာလေတော့၏။ အဘသည် မောင်မှတ်ကြီးကို တွေ့လျှင်တွေ့ချင်း ...

"ဘယ်လိုလဲ မှတ်ကြီးရ၊ မင်းရဲ့မူလ ဓာတ်တိုင်ကိုတွေ့ပြီလား"

ဟု မေးရာ မောင်မှတ်ကြီးက ...

"တွေ့ပါပြီအဘရယ်၊ သေသေချာချာကို တွေ့ခဲ့တာပါ"

ဟု ပြောလေ၏။ ထိုအခါ အဘက ...

"ကဲ၊ ဒီလိုဆိုရင် မနက်ဖြန်မနက်ကစပြီး အဲဒီနေရာမှာ အလုပ်လုပ်ပေတော့"

ဟု ပြောလိုက်လေ၏။

"ကောင်းပါပြီအဘ၊ ကျွန်တော်သွားပြီး လုပ်ပါ့မယ်၊ ဘာကစပြီး လုပ်ရမယ်ဆိုတာသာ အဘက ပြောပါတော့"

ဟု မောင်မှတ်ကြီးက ပြန်၍မေးလိုက်လေ၏။

"ဒီညက လသာတဲ့ညလေကွာ၊ တံတားလေးပေါ်မှာ ထိုင်ပြီး ပြောကြတာပေါ့"

ဟု အဘက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်သို့ရောက်သာအခါ၌ အဘနှင့် မောင်မှတ်ကြီးသည် သစ်သားတံတားပေါ်၌ ထိုင်ကြပြန်၏။ လသည် ထိန်ထိန်သာနေ၏။ လေနုအေးကလေးသည် ရထား လမ်းတစ်လျှောက်ဖြတ်၍ တိုက်လာ၏။ ခပ်ဝေးဝေးဆီမှ အူလိုက်သော ခွေးအူသံသည် ပေါ်ထွက်လာ၏။ ထိုအခါ အဘသည် မောင်မှတ်ကြီးအား စကားစ၍ ပြောလေတော့၏။

"ဒီလိုမှတ်ကြီးရဲ့၊ မင်းကတော့ ပုတီးနဲ့ထွက်မယ့်သူဆိုတော့ ပုတီးအကြောင်းပဲ ပြောရတော့မှာပေါ့ကွာ၊ အရင်က ငါပေးထားတဲ့ ဖုဋ္ဌသလောကမေ့မှဟိ ဆိုတာကိုတော့ ရပ်လို့ရပါပြီ၊ မနက်ဖြန်ကစပြီး မန္တန်တစ်ခုကို ပုတီးစိပ်ရမယ်၊ အဲဒါကိုပဲ စွဲစွဲမြဲမြဲစိပ်ရမယ်"

မောင်မှတ်ကြီးသည် ငြိမ်၍နားထောင်နေ၏။ ထို့နောက်မှ ...

"ဘယ်မန္တန်ကိုစိပ်ရမှာလဲ အဘရဲ့"

ဟု ပြန်၍ မေးလိုက်ရာ အဘက ...

"အဲဒါတော့လဲ ငါလဲမသိဘူး၊ မင်းဘာသာမင်း ရှာရမှာပဲဟေ့၊ ရှာပုံရှာနည်းကတော့ ငြိမ်ငြိမ်ကလေးထိုင်နေရမယ်၊ အဲဒီလိုထိုင်နေတဲ့အခါမှာ ခြေဖျားကနေပြီးတော့ ဆံဖျားအထိအကြောတွေကို စိတ်နဲ့လျှော့ထားမယ်၊ ပြီးတော့ မျက်စိကိုစုံလုံးမှိတ်ထားရမယ်၊ အဲဒီလို မျက်စိမှိတ်ထားတဲ့အချိန်မှာပဲ မင်းနဲ့ပတ်သတ်တဲ့ မန္တန်တစ်ခု မျက်စိထဲမှာပေါ်လာတယ်လို့ အာရုံပြုထားရမယ်၊ ကိုယ် ဘာပုတီးစိပ်ရမယ်ဆိုတာ အဲဒါပဲကွ၊ မူလမန္တန်မပေါ်မခြင်း မနေ့အားနဲ့ ရှာရမှာပဲ"





ဟု အဘက ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက -

"အဲဒီ မူလမန္တန်က ဘယ်အချိန်မှာ ပေါ်တာလဲ အဘရဲ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ အဘက ...

"အဲဒါကတော့ ပြောလို့မရဘူးဟေ့၊ တချို့က နာရီပိုင်းအတွင်းမှာပေါ်တယ်၊ တချို့ကတော့ တစ်လ နှစ်လကြာမှပေါ်တယ်၊ အချို့ကတော့ တစ်နှစ် နှစ်နှစ်ကျမှပေါ်တယ်၊ သေတဲ့အထိမပေါ်တဲ့ အမျိုးအစားလဲ ရှိသေးတယ်။ မင်းက ဘယ်အမျိုးအစားထဲဝါမယ်ဆိုတာ ငါမပြောနိုင်ဘူး၊ မင်းဟာ ကျင့်စဉ်လမ်းကြောင်းပေါ် ရောက်သွားပြီးပေါ့ကွာ၊ သေသေချာချာထိုင်ပြီးတော့ မူလမန္တန်ကို ကြည့်ပေတော့"

ဟု ဆိုကာ အဘသည် ဇရပ်အတွင်းသို့ဝင်သွားလေ၏။ မောင်မှတ်ကြီးသည် တံတားပေါ်တွင်ထိုင်ရင်း ကျန်နေ၏။ သူသည် အဘပြောသည့်အတိုင်း ခြေဖျားမှဆံဖျားတိုင်အောင် အကြောများကို လျှော့နေ၏။ ထို့နောက် မျက်စိကိုမှိတ်၍ မူလမန္တန်သည် ၎င်း၏စိတ်အတွင်းသဏ္ဍာန်၌ ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရင်း ထိုင်၍နေလေ၏။ တစ်ညလုံး ဝိုးတိုးဝါးတားနှင့် အာရုံကြောများ ထွေပြားလျက်ရှိသော်လည်း နံနက်မိုးလင်းကာနီး၌ ကျောက်သင်ပုန်းတစ်ချပ်ပေါ်တွင် မြေဖြူနှင့်ရေးပြသကဲ့သို့ အောက်ပါစာသားများကို တွေ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂတေ

ဂတေ

ပါရ ဂတေ

ပါရ ဆံဂတေ

ဗောဓိ ဆွာဟ။

ထိုအချိန်၌ မိုးလင်းသွားပြီဖြစ်၏။ အဘလည်းဂုင်းထံသို့ တစ်စုံတစ်ခု စားသောက်ရန်အတွက် လာရောက်ခေါ်နေပြီဖြစ်၏။ သူသည် အားရပါးရလေသံဖြင့် ...

"အဘရေ ဟုတ်မဟုတ်တော့ မသိဘူး၊ အဘပြောတဲ့ မူလမန္တန်ဆိုတာ ကျွန်တော်ရပြီ၊ ဟုတ် မဟုတ် အဘစစ်ကြည့်ပါ"

ဟု ပြောလေ၏။

"ဟ မှတ်ကြီးရ ဒါမျိုးက စစ်ရမှာ မဟုတ်ဘူးကွ၊ ဒါမျိုးက ဘာပဲပေါ်ပေါ် စိတ်ရမှာပေါ့၊ ဖွတ်လို့ တစ်လုံးတည်းပေါ်ရင်လဲ အဲဒီဖွတ်ကို ပုတီးစိပ်ရမှာ၊ အဲဒါမူလမန္တန်ပဲ၊ ကွိ၊ ကွ လို့ပေါ်ရင် အဲဒီ ကွိ၊ ကွကို ပုတီးစိပ်ရမှာ၊ အဲဒီ ကွိ၊ ကွဟာ အဓိပ္ပာယ်အားဖြင့် တော့ မပေါ်နိုင်ဘူး၊ အဲဒါမူလမန္တန်ပဲ၊ ကွိလို့ ပေါ်ရင် အဲဒီ ကွိကိုပဲ စိပ်နေရမယ်၊ ကွိဟာ မင်းနဲ့ပတ်သတ်တဲ့ မန္တန်ပဲ၊ ဒါ့ကြောင့်မို့လို့ အဘကတော့ အဲဒီနေရာအတွက် စာကလေးတစ်ကြောင်း ရေး ထားတယ်၊ အဲဒါက ဘာလဲဆိုတော့ ပေါ်တာကိုကြည့်၊ ပေါ်သည့် အရာ အကုန်မှန်တဲ့"





ဟု အဘကပြောလျှင် မောင်မှတ်ကြီးက ...

"အဓိပ္ပာယ်မရှိတဲ့ အသံဆိုရင် ဘယ့်နှယ်လုပ်မလဲ အဘ ရဲ့"

ဟူ၍ မေးလိုက်လျှင် ...

"မှတ်ကြီးရေ၊ အဲဒီလိုတော့ မပြောနဲ့ကွ၊ အသံအားလုံးဟာ သူ့အဓိပ္ပာယ်နဲ့ သူရှိတယ်၊ ကိုယ်မသိတာ ဖြစ်လိမ့်မယ်"

ဟု အဘက ပြန်၍ပြော၏။

"အဲဒါတွေ ထားလိုက်ပါတော့ အဘရယ်၊ အခု ကျွန်တော် ရတဲ့ မန္တန်ဟာ အဓိပ္ပာယ်ရှိရဲ့လား"

ဟု မောင်မှတ်ကြီးက မေးလိုက်ရာ ...

"မှတ်ကြီးရ မင်းရတဲ့ မန္တန်ဟာ အစစ်ပါကွာ၊ ငါကောင်း ကောင်းကြီးသိပါတယ်။ ဒီဥစ္စာ မြောက်ပိုင်း ဗုဒ္ဓဘာသာမှာအလေး အနက်ထားတဲ့ ဟဒယသုတ်ကစာကွ၊ ဂတေ ဂတေဆိုတာ သွားကုန်ကြပြီ၊ သွားကုန်ကြပြီလို့ အဓိပ္ပာယ်ရတယ်၊ ပါရဆံဂတေ ဆိုတာ တစ်ဖက်ကမ်းသို့အရောက်သွားကြပြီလို့ အဓိပ္ပာယ် ရတယ်၊ ဗောဓိဆွာဟဆိုတာက ဘုရားအပေါင်း တစ်ဖက်ကမ်းသို့ ကူးမြောက်သွားကြကုန်ပြီလို့ အဓိပ္ပာယ်ရတယ်၊ ဆိုလိုတာကတော့ ကွာ ဘုရားတွေကူးမြောက်သွားတဲ့ တစ်ဖက်ကမ်းကို မိမိလည်း ကူးမြောက်သွားပြီလို့ ဆိုလိုတယ်၊ ကဲ ... မှတ်ကြီးရေ မင်းအတွက် မူလမန္တာန်ကတော့ အတော့ကို အဓိပ္ပာယ်ရှိတာပဲ၊ စွဲစွဲမြဲမြဲကြီး အလုပ်လုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဘက ပြောလိုက်လေ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်း လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ မောင်မှတ်ကြီးသည် တပိုတပါးသွား၏။ ရေချိုး၏။ ပြီးလျှင် ဇရပ်အတွင်းသို့ ဝင်သွားရာ အဘသည် ပလိန်းကိတ်၊ ကော်ဖီ၊ ပိုလိုစီးကရက်တို့နှင့် စောင့်နေ၏။

"ကဲ မှတ်ကြီးရေ၊ ဟောဒီမှာ လက်ဖက်ရည်၊ ဟောဒီမှာ ဒူလာမြားဆိုင်ကဝယ်တဲ့ ပလိန်းကိတ်၊ မင်းယောက္ခမကြီးအခေါ်အဝေါ်ဆိုရင် ပလင်းကိတ်ပေါ့ကွာ၊ ပြီးတော့ ရေနံဆီရောင်းတဲ့ ကိုဖုးညိုအိမ်ဘေးက ဝယ်လာတဲ့ ပိုလိုစီးကရက် နှစ်လိပ်ပေါ့ကွာ၊ ကဲ စောစောစီးစီး စားလိုက် သောက်လိုက် ဖွာလိုက်ပေတော့၊ လှူတဲ့လူကတော့ လှူထားပြီ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးသည် မအိမ်မြနှင့် စပြီးတွေ့စဉ်က အဖြစ်အပျက်ကလေးကို ပြန်လည်အမှတ်ရလိုက်လေတော့၏။ ထိုအချိန်က မအိမ်မြသည် ပလိန်းကိတ်၊ ကော်ဖီ၊ ပိုလိုတို့ဖြင့် ညှို့ခံခဲ့လေ၏။

"အဘကလဲ ကျွန်တော့်အကြောင်း အသေးစိတ် သိနေတော့တာပဲ"

ဟု မောင်မှတ်ကြီးက ပြောလိုက်လျှင် ...

"သိတာပေါ့ ငါ့လူရ၊ ဒီအကြောင်းတွေက မကြားချင်အဆုံး ကြားခဲ့ရတဲ့ အကြောင်းတွေပဲ၊ ပြီးတော့ အဘ သိပါတယ်၊ မင်းရဲ့ အတိတ်ကိုလဲ သိတယ်၊ မင်းရဲ့အနာဂတ်ကိုလဲ သိတယ်"

ဟု အဘက ပြောလိုက်လေ၏။

☺ ပြီးစာပေ ☺



"ကဲ ဒီလိုဆို အဘရယ် အခုလာမယ့် နာရီပိုင်းအတွင်း ကျွန်တော် ဘာဖြစ်မလဲ"

ဟု မှတ်ကြီးက မေးလိုက်ရာ အဘက ...

"အမေးရှိတော့လဲ အဖြေရှိရတာပေါ့ကွာ၊ မကြာခင်မှာ မင်းဟာ ပါးရိုက်ခံရတော့မယ်"

ဟု ပြော၍ အဘသည် တဟားဟား ရယ်လေတော့၏။ မောင်မှတ်ကြီးသည် လက်ဖက်ရည်၊ မုန့် စသည်တို့ကိုစား၍ ...

"ကဲ ကျွန်တော် သွားမယ်"

ဟု ဆိုကာ ဇရပ်အပြင်ဘက်သို့ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် ...

"ဩော် ရှပိုင်ကြီးကိုး၊ ရှပိုင်က ရထားလက်မှတ်မရောင်းပဲ ကိုယ်တိုင် ရထားစီးပြီး ထွက်တော့မလို့ကိုး၊ ဒါမျိုးကို ပါးရိုက်မလို့ စောင့်နေတာ"

ဟု ပြောလိုက်သဖြင့် မောင်မှတ်ကြီးသည် အသံလာရာနောက်ဘက်ဆီသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် တစ်စုံတစ်ယောက်သည် ၎င်း၏ပါးကို 'ဖျန်း'ခနဲ ရိုက်ချလိုက်လေတော့၏။ မောင်မှတ်ကြီးလည်း ထိုသူအား ပြန်လည်တိုက်ခိုက်ရန် လက်သီးကို ဆုပ်လိုက်သည့်အချိန်၌ မောင်မှတ်ကြီး၏ လက်သီးဆုပ်သည် အလိုအလျောက် ပြေ၍ သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းအား ပါးရိုက်လိုက်သော သူသည် တစ်ခါက မအိမ်မြအား စော်၍နမ်းခဲ့သော အရှုးတစ်ယောက်ဖြစ်နေကြောင်း သိလိုက်ရသောကြောင့် ဖြစ်၏။

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်မှတ်ကြီးသည် ထိုသူအား မတိုက်ခိုက်တော့ပေ။ ထို့နောက် အရူးအား ...

"ကဲ ... ကဲ ... သွား ကိုယ့်လူ"

ဟု မောင်းထုတ်လိုက်လေ၏။ ထိုအရူးလည်း ဘူတာရုံဘက်ဆီသို့ ခပ်တည်တည်ဖြင့် ပြန်၍လျှောက်သွား၏။ သူသည် ရှပ်အင်္ကျီကို ဝတ်ထား၏။ အပေါ်တွင် အယ်ပတ်ကား တိုက်ပုံအင်္ကျီကို ဝတ်ထား၏။ သို့ရာတွင် အောက်ပိုင်းတွင်မူကား မည်သည့်အရာကိုမျှ ဝတ်ထားခြင်း မရှိပေ။ အဘသည် ဇရပ်ပေါ်မှနေ၍ တဟားဟား ရယ်နေလေ၏။

"ဘာရယ်တာလဲ အဘရဲ့"

ဟု မောင်မှတ်ကြီးက မေးလိုက်ရာ အဘက ...

"အရူးပါးရိုက်တော့လဲ အထူး ဟားတိုက်ပြီးတော့ ရယ်ရတာပေါ့ကွာ၊ အဲဒီအရူး လာမှလာပါ့မလားလို့ ငါက စိတ်ပူနေတာ၊ မင်းမှာက ပါးရိုက်ခံရမယ့် ကံက အတိတ်က ပါလာတာဖြစ်လိမ့်မယ်ကွ၊ ဒါပေမယ့် မင်းကလည်း ကောင်းကောင်းမွန်မွန်နေလေတော့၊ မင်းကို လူကောင်းက ဘယ်လို ပါးလာရိုက်လိမ့်မလဲ၊ ဒီတော့ အရူးက လာပြီး ရိုက်ပေးရတာပေါ့ကွာ၊ ကြွေးတစ်ခုကြေသွားပြီလို့ မှတ်လိုက်ပေတော့"

ဟု ပြောလေ၏။ မောင်မှတ်ကြီးသည် အံ့သြ၍နေလေ၏။ ထို့ကြောင့် ခရီးမထွက်နိုင်ဘဲ ဇရပ်တွင်းသို့ပြန်၍ ထိုင်ကာ အတိတ်ကံ ဆိုသောအကြောင်းကို အဘအား မေးလေ၏။ အဘက ပြောပြ၏။ ဥပမာများ၊ ပုံဝတ္ထုများဖြင့် အဘက ပြော





ပြလေ၏။ ထိုသို့ ပြောပြသဖြင့် အချိန်အတော်ကြာသွားလေ၏။ ထိုသို့ စကားပြောနေစဉ်အတွင်း အဘသည် တံတွေး ထွေးရန်အတွက် ဇရပ်အပြင်သို့ ခေါင်းကိုထုတ်လိုက်လျှင် ...

"ဒီမှာ အဘိုးကြီး၊ စောစောက ရုံပိုင် ဘယ်ရောက်သွားပြီလဲ"

ဟု မေးသံကြားသဖြင့် မောင်မှတ်ကြီးလည်း အသံလာရာဆီသို့ မှန်း၍ကြည့်ရာ၊ စောစောက မိမိအား ပါးရိုက်သွားသော အရူးမှန်း သတိပြုမိလေတော့၏။ အဘက ထိုအရူးအား ...

"မင်းက ဘာလုပ်မလို့ မေးတာလဲ"

ဟု ပြန်၍မေးလိုက်ရာ အရူးက ...

"စောစောက ပါးရိုက်တာ မဝသေးလို့ ထပ်ရိုက်ဦးမလို့ သက်န်းကျွန်းက ရထားနဲ့ ပြန်လိုက်လာတာ"

ဟု ပြောသဖြင့် အဘက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးလည်း မိမိအဖြစ်ကို ပြန်တွေးမိကာ အားရပါးရ ရယ်မောလိုက်လေတော့သတည်း။

"ဟား ဟား ဟား ဟား"

❑



www.burmeseclassic.com

www.burmeseclassic.com

## ထွက်တော်မူ နန်းကစွာတယ်

ထိုညက လသာ၏။ မောင်မှတ်ကြီးနှင့် အဘတို့သည် ရေသိမ်သို့သွားသော တံတားကလေးပေါ်သို့ စိတ်အေး လက်အေး ထိုင်နေကြလေတော့၏။ အဘသည် မောင်မှတ်ကြီးအား …

"ဒီမှာ မှတ်ကြီးရ၊ အလုပ်ကို ကျကျနနကြီး မနက်ဖြန်က စပြီး လုပ်ပေတော့ကွာ၊ ဟောဒီမှာ ရေတကောင်းလေးနဲ့ ချောင်းခွက်ကလေးရှိတယ်၊ အဲဒါကလေးကို ယူသွား၊ ရေဆာရင် သောက်ရတာပေါ့ကွာ၊ ဒါပေမယ့် အလကားနေရင်းတော့ မသောက်နဲ့ပေါ့ကွာ၊ ဒီ ရေတကောင်းလေးထဲမှာ ရေကုန်ရင် အဘကလာပြီး ဖြည့်ပေးမယ်၊ ထမင်းကတော့ တစ်နပ်ပဲစားပေါ့ကွာ၊ အဘ မင်းကို ရှစ်ရက်တိတိ လာပို့ပေးမယ်၊ ရှစ်ရက်ပြည့်ရင်တော့ အဘ ထမင်းလာ မပို့တော့ဘူး၊ အဲဒီမှာ မင်းရဲ့အတိတ်ပါရမီက ဒါနမျိုးစေ့ ဘယ်လောက်ရှိတယ်ဆိုတာ မင်းသိလိမ့်မယ်၊ မင်းရဲ့ အတိတ်ဒါန ကုသိုလ်နည်းရင်တော့ ငတ်ပြီပေါ့ကွာ"





ဟု ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက …

"ရပါတယ် အဘ၊ ငတ်တော့လည်း အစာအိမ် သန့်ရှင်းတာပေါ့လေ"

ဟု ပြောလေ၏။ အဘသည် ရယ်လေ၏။ ထို့နောက်

"အဲဒီနေရာကနေ ဘယ်တော့ ပြောင်းရမယ်၊ ဘယ်နေရာ သွားရမယ်ဆိုတာက သူ့ဟာသူ ဖြစ်လာလိမ့်မယ်၊ ကျန်းမာရေးဟာလည်း ဒီလမ်းစဉ်မှာ အရေးကြီးတယ်ကွ၊ အဲဒီတော့ ကျန်းမာအောင်လည်း ဂရုစိုက်ပြီး နေရတယ်၊ ကျန်းမာရေးနဲ့ ပတ်သက်လို့ လုပ်ရမယ့်အလုပ်ကတော့ အသက်ကို ဝဝရှူတဲ့ အလေ့အထကို များများ လုပ်ထားရမယ်၊ လှုပ်တဲ့ တန်းတဲ့လူရှိရင် ဆီကလေးနည်းနည်းအလှူခံပြီး ပုလင်းနဲ့ ထည့်ထားရတယ်၊ တစ်ကိုယ်လုံးကို ပွတ်သပ်နှိပ်နယ်ပေးရတယ်၊ လမ်းလျှောက်တာရယ်၊ ရပ်တာရယ်၊ ထိုင်နေတာရယ်၊ လျောင်းနေတာရယ် ဣရိယာပုတ် လေးပါးစလုံးကို မျှတအောင်လုပ်ပြီး လေ့ကျင့်ရတယ်"

ဟု အဘက ပြောလေ၏။ မောင်မှတ်ကြီးသည် အဘပြောသည်ကို တလေးတစား နားထောင်၏။ ထို့နောက် အဘက ဆက်၍ ပြောပြန်၏။

"ဒီလမ်းမှာက လမ်းနှစ်သွယ်ရှိတယ်ကွ၊ ရသေ့လမ်းနဲ့ ဆရာလမ်းပေါ့ကွာ၊ မင်းလဲကြားဖူးမှာပေါ့၊ ရသေ့ရှစ်သောင်း ဆရာ့အပေါင်းဆိုတာ၊ ဆရာလမ်းကို လိုက်တဲ့သူတွေကိုတော့ ပေါက်မြောက်ပြီးသား လူတွေက အကူအညီလာပြီး ပေးလေ့မရှိဘူး၊ ရသေ့လမ်းကို လိုက်တဲ့လူတွေကိုတော့ သူနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



တွေက လာပြီး ကူညီတာ ရှိတယ်ကွ၊ အဲဒီတော့ မင်းလိုက်ရမယ့် လမ်းဟာ ရသေ့လမ်း ဖြစ်ဖို့များပါတယ်၊ စိတ်ချလက်ချသာ လိုက်ပေတော့၊ ဒီအခြေအနေရောက်မှတော့ နောက်မဆုတ်နဲ့ဟေ့"

ဟု အဘက ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ....

"နောက်ဆုတ်မယ့် လူစားမျိုး မဟုတ်ပါဘူး အဘရယ်၊ ဘာပဲဖြစ်ဖြစ် အောင်မြင်ပေါက်မြောက်တဲ့အထိ ကျွန်တော် လုပ်မှာပါ"

ဟု ပြန်ပြောလေ၏။ ညဥ့်နက်လာသောအခါ၌ အဘသည် အိပ်ရာသို့ဝင်လေ၏။ မောင်မှတ်ကြီးမှာမူ တံတားလေးပေါ်တွင် ထိုင်၍ ကျန်နေ၏။ မိုးစင်စင်လင်းသောအခါ၌ တပိုတ ပါးသွားပြီး မျက်နှာသစ်ခြင်း တို့ကိုလုပ်၏။ ပြီးလျှင် ရေချိုး၏။ ထိုအခါ အဘက ...

"မှတ်ကြီးရေ လာဟေ့၊ ဘရိတ်ဖတ်စ်လေး ဘာလေးစား ရအောင်၊ ဘရိတ်ဖတ်စ်ဆိုတာ နဝင်းကွ၊ ဟောဒီမှာ သူများ လာလှူထားတဲ့ မုန့်ဟင်းခါးနဲ့ လက်ဖက်ရည်ရှိတယ်ကွ၊ လှူတဲ့ လူက လှူထားပြီးပဲ၊ စားတဲ့လူက စားရမှာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးသည် အဘရှိရာသို့ သွားလေ၏။ အငွေ့တထောင်းထောင်းထနေသော ဟင်းရည်နှင့် မုန့်ဟင်းခါးဖတ်များကို တွေ့ရ၏။ သူသည် အဘကို မုန့်ဟင်းခါး ထည့်ပေး၏။ အဘလည်း မုန့်ဟင်းခါးကို စားလေ၏။ မုန့်ဟင်းခါးမှာ သက်သက်လွတ်ချက်ထားသောကြောင့်





အနည်းငယ် ပေါ့သကဲ့သို့ ရှိ၏။ ထို့ကြောင့် မောင်မှတ်ကြီးက အဘအား ...

"ဆား ယူမလား"

ဟု မေးရာ အဘက ...

"နေပါစေ မှတ်ကြီးရာ၊ ကုန်ပဲကုန်တော့မယ်၊ နောက်တစ်ခုမှာချင်တာကတော့ စပြီးတော့ လုပ်လုပ်ခြင်းမှာ သက်သက်လွတ် အဓိဋ္ဌာန်ကို မထည့်နဲ့ကွာ၊ စားဖို့အချိန်တန်ရင်တော့ သက်သက်လွတ်နိမိတ်တွေ ပြလာပါလိမ့်မယ်ကွာ၊ ကဲ ... စားသောက်ပြီးရင်သွားပေတော့၊ ဒီနေ့အဖို့တော့ မုန့်ဟင်းခါး စားပြီးပြီဖြစ်လို့ မင်းကို ထမင်းမပို့တော့ဘူးနော်"

ဟု ပြောရာ မောင်မှတ်ကြီးက...

"အဘရယ် အခုစားရတဲ့ မုန့်ဟင်းခါးက ဘရိတ်ဖတ်စ် မနက်စာပဲ၊ နေ့လယ်စာ ကျန်သေးတယ်လေ"

ဟု အဘအား ကျီစားလိုက်ရာ အဘက ...

"မနက်စာရယ်၊ နေ့လယ်စာရယ်၊ ညလယ်စာရယ်ကို စားချင်ရင် မင်းအိမ်မင်းပြန်ပေါ့ကွာ၊ ဘာလို့ ဒီအလုပ်တွေ လာလုပ်နေတာတုန်း"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဟုတ်ပါတယ် အဘရယ်၊ ကျွန်တော်က အဘကိုချစ်လို့ ကျီစားတာပါ ကျွန်တော်သွားပါမယ်"

ဟု ပြောလိုက်လေ၏။ မောင်မှတ်ကြီးသည် ပန်းကန်ခွက်ယောက်များကို ဆေး၏။ အဘ၏ အဝတ်အစားများကို လျှော်ဖွပ်ပေး၏။ ပြီးလျှင် အဘက ..



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ကြီးရေ၊ ကိုးနာရီကျော်ပြီကွ၊ မင်းအနေနဲ့ စပြီး ထွက်ဖို့ အချိန်တန်ပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးလည်း ဇရပ်အပြင်သို့ ထွက်လေ၏။ ဇရပ်အပြင်သို့ ရောက်သောအခါ၌ အဘက ကြေးပိုက်လုံးဖြင့် ပြုလုပ်ထားသော တောင်ဝှေးတစ်ချောင်းကို ပေးလိုက်လေ၏။ မောင်မှတ်ကြီးလည်း တောင်ဝှေးကို တဒေါက်ဒေါက်ထောက်၍ ၎င်းကိုယ်တိုင် ရွေးချယ်ထားသည့် မနောဓာတ်တိုင် စိတ်မဏ္ဍိုင်နေရာဟု ဆိုအပ်သော ရန်ကုန်မြို့ ဗျိုင်းရေစင်ရှေ့ရှိ တရုတ်သင်္ချိုင်းကြီး အလယ်မှ မဏ္ဍပ်တာတန်တော်မိုး၏ အုတ်ဂူအနီးရှိ မြေကွက်လပ်ဆီသို့ အားမာန်အပြည့်ပါသော ခြေလှမ်းကျဲကြီးများဖြင့် ထွက်လာခဲ့လေတော့သတည်း။

❑



## မောင်စည်ရာရောက်လာခြင်း

မောင်မှတ်ကြီးသည် သင်္ချိုင်းအတွင်းသို့ ဝင်သွား၏။ ထိုသို့ ဝင်သွားရာတွင် အဝင်ဝရှိ သွပ်မိုးဇရပ်ပေါ်၌ လူတစ်ယောက်ကို တွေ့ရလေ၏။ ထိုသူသည် ဇရပ်အတွင်းရှိ အုတ်ခုံပေါ်တွင် လဲလျောင်းနေ၏။ ထိုသူသည် မောင်မှတ်ကြီးအား အံ့သြသော မျက်လုံးဖြင့် လှမ်း၍ကြည့်နေ၏။ ထိုသို့ ကြည့်ပြီးနောက် ထိုသူက ...

"ဟုတ်ပြီ၊ ဟုတ်ပြီ"

ဟု ထ၍ အော်၏။ မောင်မှတ်ကြီးသည် ထိုသူကို တစ်ချက်မျှ ငဲ့စောင်းကြည့်ပြီး မိမိသွားရမည့်လမ်းသို့ ရှေးရှု၍သွား၏။ ထိုနေရာသို့ရောက်လျှင် သားရေပြားကလေးကိုခင်း၍ ထိုင်လိုက်လေ၏။ ထိုသို့ ထိုင်ပြီးနောက် အဘပြောသည့်အတိုင်း ဆံဖျားမှ ခြေဖျားထိ အကြောများကို လျှော့ကုန်ပြီဟု စိတ်ဖြင့် အာရုံပြု၍ လျှော့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ပုတီးကိုထုတ်၍ အောက်ပါ မန္တန်ကို ရွတ်ဖတ်နေလေတော့၏။

ဂတေ

ဂတေ

ပါရဂတေ

ပါရသံဂတေ

ဗောဓိဆွာဟ

အချိန်အတော်ကြာ ရွတ်ပြီးနောက် မောလာသဖြင့် အနည်းငယ် ရပ်လိုက်လေ၏။ ထို့နောက် မျက်စိဖွင့်၍ကြည့်လိုက်ရာ အဘသည် နှစ်ဆင့်ချိုင့်ကလေးဖြင့် မလှမ်းမကမ်းတွင်ထိုင်နေသည်ကို တွေ့ရ၏။

"ကဲ ... ဝိဇ္ဇာလေး ဆယ့်တစ်နာရီထိုးပြီ၊ ထမင်းလေး ဘာလေး စားလိုက်ဦး၊ ဟောဒီမှာ ထမင်းချိုင့်၊ လက်ကလေး ဘာလေးလဲ ဆေးလိုက်ဦး၊ ရေတကောင်းထဲမှာလဲ သောက်ရေ ဖြည့်ပြီးပြီ၊ ထမင်းစားပြီးရင် ရေလဲ သောက်လိုက်ဦး၊ ပြီးတော့ ဟောဒီမှာ မအေးမေဆေးပေါ့လိပ် လဲပါတယ်၊ ဆေးလိပ်လဲ ဖွာလိုက်ဦး"

ဟု အဘက ဆိုလေ၏။

ထို့ကြောင့် မောင်မှတ်ကြီးသည် ပုတီးစိပ်ခြင်းကို ရပ်နားပြီးနောက်၊ ထမင်းစား၏။ ထမင်းစားပြီးလျှင် ဆေးပေါ့လိပ်ဖွာ၏။ ဆေးပေါ့လိပ်ဖွာပြီးလျှင် အဘအား နှုတ်ဆက်၍ ပုတီးကို ပြန်၍ကိုင်ကာ မန္တန်ကို ရွတ်ပြန်၏။





အဘလည်း မောင်မှတ်ကြီးအား နှုတ်ဆက်၍ ပြန်ခဲ့လေ၏။

ဤသို့နှင့်ပင် ရှစ်ရက်မြောက်သောနေ့သို့ ရောက်လာလေ၏။ အဘသည် မောင်မှတ်ကြီးအတွက် ထမင်းချိုင့်ယူလာ၏။ မောင်မှတ်ကြီးလည်း ထမင်းစား၏။ ပြီးလျှင် ဆေးလိပ်ဖွာ၏။ ထိုအခါ အဘက ...

"မှတ်ကြီးရေ၊ ဒီနေ့ ငါ့တာဝန် ပြီးဆုံးသွားပြီ၊ မနက်ဖြန်ကစပြီး ငါ မင်းကို ထမင်းလာမပို့တော့ဘူး၊ စားရေးသောက်ရေးကတော့ မင်းရဲ့ကံအတိုင်းပဲ၊ ကျွေးမယ့်လူ မရှိရင်တော့ ငတ်ပေတော့၊ နောက်ပြီးမင်းကို ငါအကြံ တစ်ခုပေးချင်တယ်၊ မင်းရွတ်တဲ့ မန္တန်ဟာ မင်းရဲ့မူလမန္တန်ပါပဲ၊ ဒါပေမယ့် မနက်ဖြန်ကစပြီး မင်းလုပ်သင့်တာကတော့ ငြိမ်ငြိမ်ကလေး ထိုင်နေပါ၊ ဘာကိုမှလည်း မမှတ်ပါနဲ့။ အာရုံထဲမှာ ပေါ်လာတွေကိုလည်း ဖျောက်မပစ်ပါနဲ့၊ အာရုံထဲမှာ ပေါ်မလာတာတွေကိုလည်း ခေါ်မယူပါနဲ့၊ စိတ်ကလေးကို လွတ်လွတ်လပ်လပ်လေး ထားလိုက်ပါ၊ အဲဒါလေးကို အလေ့အကျင့်ရအောင် ရက်ပေါင်းကိုးဆယ်လောက် လုပ်ပါ၊ ပြီးတော့ ဘာလုပ်ရမယ်ဆိုတာ ပြောပြမယ့် လူတစ်ယောက် မင်းဆီကို ရောက်လာပါ့လိမ့်မယ်"

ဟု ပြောလေ၏။ ထို့နောက် အဘသည် မောင်မှတ်ကြီးအား နှုတ်ဆက်၍ ပြန်သွားလေတော့၏။ မောင်မှတ်ကြီးသည်း ဆက်လက်၍ လုပ်ကိုင်လေ၏။ နောက်တစ်နေ့နံနက် မိုးလင်းသောအခါ၌ ထိုတရုတ်သချိုင်းကုန်းနှင့် များစွာ မဝေးလှသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင်ရှိသည့် ဒယ်အိုးကန် ဟုဆိုသော နေရာ၌ ရေသွား၍ ချိုး၏။

*(မှတ်ချက်။ ။ ထိုဒယ်အိုးကန်မှာ ယခု မရှိတော့ပါ၊ မြေများဖို့၍ ထိုကန်ပေါ်တွင် အိမ်များဆောက်လုပ်ထားကြပြီး လူနေ ရပ်ကွက်ကြီးပင် ဖြစ်သွားပြီဖြစ်၏။ ထိုရပ်ကွက်အား ဒယ်အိုးကန် ရပ်ကွက်ဟု ခေါ်တွင်လေ၏။ စာရေးသူ)*

မောင်မှတ်ကြီးသည် ဒယ်အိုးကန်၌ ရေချိုးပြီးလျှင် ၎င်း၏နေရာသို့ ပြန်လာလေ၏။ ၎င်း၏စိတ်၌

"အဘ ဒီနေ့ ထမင်းလာမပို့တော့ဘူး၊ ဒီနေ့တင်မဟုတ်ပါဘူး၊ ဘယ်နေ့မှာမှ လာပို့မှာ မဟုတ်တော့ဘူး၊ ငါကလဲ အခုလို သင်္ချိုင်းကုန်း အလယ်ခေါင်မှာ တစ်ယောက်တည်း ထိုင်ပြီးနေတာ ဘယ်သူမှ ထမင်းလာပို့မှာ မဟုတ်ဘူး၊ ပို့စရာအကြောင်းလဲ မရှိဘူး၊ တစ်ရက်တစ်လေ ငတ်တာကတော့ အကြောင်းမဟုတ်ဘူး၊ ရက်ဆက်ငတ်လာရင် ခုနစ်ရက်ထက် ငါဟာ ပိုပြီး အသက်မရှင်နိုင်ဘူး၊ သေမှာပဲ၊ ဘာပဲဖြစ်ဖြစ်လေ သေသွားပေါ့လဲ ပြီးတာပါပဲ၊ သေမှာကြောက်ပြီး မလုပ်ဘူးဆိုရင်တော့ မှတ်ကြီးဆိုတဲ့ကောင်ဟာ လူညံ့တစ်ယောက်ဖြစ်မယ်၊ ငါဟာ ယောကျ်ားကောင်းဖြစ်တယ်၊ သေရင်သေ၊ ထိုင်ကိုထိုင်မယ်"

ဟုဆုံးဖြတ်ကာ သားရေနွယ်လေး ခင်းပြီးလျှင် တင်ပျဉ်ခွေ ထိုင်လိုက်လေ၏။ ထိုတင်ပျဉ်ခွေထားသော ခြေထောက်ပေါ်တွင် လက်နှစ်ဖက်ကို တင်ထား၏။ ထို့နောက် အဘပြောသည့်အတိုင်း ငြိမ်ငြိမ်ကလေး ထိုင်နေ၏။ ဆယ့်တစ်နာရီ ထိုးသော





အခါ၌ မောင်မှတ်ကြီး၏ ဗိုက်သည် ဆာလောင်မွတ်သိပ်လာပြီဖြစ်၏။ ထို့ကြောင့် ၎င်း၏စိတ်၌

"ဒုက္ခပါပဲ၊ ဒီကနေ့ကစပြီး ငတ်တော့မှာပါပဲ၊ ခုနစ်ရက်လောက် ငတ်ရင် ငါဟာ သေရတော့မယ်"

ဟု တွေးကာ စိတ်ပူသကဲ့သို့ ဖြစ်လာ၏။ ထို့နောက် ဆက်၍ထိုင်၏။ ဆယ့်နှစ်နာရီလောက် ရောက်သောအခါအလွန်အကျွံ ဆာလာ၏။ ထို့ကြောင့် ရေသောက်မည်ဟု ဆုံးဖြတ်ကာ ထိုင်ခြင်းကို ဖြတ်၍ မျက်စိကို ဖွင့်လိုက်လေ၏။ ထို့နောက် အဘလာ၍ ထိုင်နေကျနေရာသို့ လှမ်း၍ကြည့်လိုက်၏။ ထိုသို့ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက်တည်း မောင်မှတ်ကြီး၏ ပါးစပ်သည် အဟောင်းသားဖြစ်သွား၏။ မောင်မှတ်ကြီး၏ မျက်လုံးသည် ပြူးဝိုင်းသွား၏။လူတစ်ယောက်သည် ခြေထောက်၌ ပမ်းရှူးခေါ် အနက်ရောင် သားရေဖိနပ်စီးထား၏။ ခဲရောင် ဘန်ကောက်လုံချည်ကို ဝတ်ထား၏။ သို့ရာတွင် အပေါ်ပိုင်း၌ ကိုယ်လုံးတီးဖြစ်၏။ သူသည် သင်အူကြိုးနှင့် ချည်ထားသော ထမင်းထုပ်ကလေး တစ်ထုပ်ကိုကိုင်ထား၍ ဆောင့်ကြောင့်ကလေး ထိုင်နေ၏။ ထိုသူက ထမင်းထုပ်ကို လှမ်း၍ပေးရင်း ...

"ရုံပိုင်ကြီး၊ ကျုပ်ကို မမှတ်မိဘူးလား၊ အိမ်မြဲဆိုတဲ့ ကောင်မလေးကို တစ်ခါတုန်းက နမ်းသွားတဲ့ အရူးလေ၊ ဟိုတစ်လော တုန်းကလဲ ရုံပိုင်ကြီးရဲ့ ပါးကိုတစ်ချက်ရိုက်သွားသေးတယ်၊ ဟဲ ဟဲ စိတ်မဆိုးနဲ့နော်၊ ကောင်မလေးကိုလဲ သနားလို့နမ်းတာ၊ ရုံပိုင်ကြီးကိုလဲ ချစ်လို့ပါးရိုက်တာ၊ ဟဲ ဟဲ၊ ရုံပိုင်ကြီး ဒီသင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းထဲကို စပြီးဝင်လာနေတဲ့နေ့က ဒီသချိုင်းကုန်း ဇရပ်ဘောင်ပေါ်မှာ အိပ်နေတာကျုပ်ပေ့ါ၊ အဲဒီညက ကျုပ် အိပ်မက်မက်တယ်၊ မနက်လင်းရင် ဝိဇ္ဇာမိုရ်ရှိတစ်ယောက် ရောက်လာမယ်တဲ့၊ အဲဒါ သူ့ကို စောင့်ရှောက်ရမယ်တဲ့၊ အိပ်မက်ပေးတာကတော့ သချိုင်းစောင့်နတ်လား၊ သချိုင်းစောင့် သရဲလား ကျုပ်မပြောတတ်ဘူး၊ ဘယ်သူကပဲ အိပ်မက်ပေးပေး မှန်ဖို့ အရေးကြီးပါတယ်ဗျာ၊ ညကတစ်ခါ အိပ်မက်ပေးပြန်တယ်၊ ဝိဇ္ဇာမိုရ်လောင်းကို သူ့ဆရာအဘိုးကြီးကမနက်ကို ထမင်းမပို့တော့ဘူးတဲ့၊ မောင်စည်ရာ မင်းက ထမင်းပို့ပေတော့တဲ့၊ ဝေယျာဝစ္စတွေ လုပ်ပေးပေတော့တဲ့"

ဟု ထိုအရူးက ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးက

"ကိုယ့်လူနာမည်က ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်၏။

"စည်ရာလို့ ခေါ်ပါတယ်"

ဟု ထိုအရူးက ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"နာမည်ကလည်း အဆန်းပါလား"

ဟု ပြောလိုက်ရာ အရူးစည်ရာက ...

"လူကလည်းဆန်းတာကိုးဗျ"

ဟု ပြန်၍ပြောလေ၏။

"ဒါနဲ့ နေစမ်းပါဦး၊ ကိုယ့်လူက အရင်က လုံချည်မဝတ်ပါဘူး၊ အပေါ်အင်္ကျီတွေ တိုက်ပုံတွေသာ ဝတ်ထားတယ်၊ ဘယ်လိုဖြစ်ပြန်တာလဲ"





ဟု မောင်မှတ်ကြီးက မေးလိုက်ရာ အရူးစည်ရာက ...

"ဒါတော့ မပြောနဲ့ဗျ၊ အဲဒီတုန်းက ကျုပ်က စိတ်မနှံ့ဘူး ရူးနေတာကိုး၊ အဲဒီတော့ လုံချည် ဘယ်ကပ်မလဲဗျာ၊ အခုတော့ အရူးရောဂါပျောက်ပြီး ကောင်းသွားပြီ၊ ခင်ဗျားကို နေ့တိုင်း ထမင်းပို့မယ်၊ ရေတကောင်းထဲ ရေထည့်ပေးမယ်၊ စိတ်ချလက်ချသာစားပါဗျာ၊ ကျုပ်ဟာ အရူးမဟုတ်တော့ဘူး၊ ဟောဒီမှာတွေ့လား ဘန်ကောက်လုံချည်၊ ဟောဒီမှာတွေ့လား၊ ပမ်းရှူး၊ အကောင်းစားတွေ ဝတ်ထားတာ၊ အကောင်းစား ဖိနပ်ကို စီးထားတာ"

ဟု အရူးစည်ရာက ပြောလေ၏။

"အောက်ပိုင်းမှာ ဘန်ကောက်လုံချည်ဝတ်ပြီး၊ ပမ်းရှူးစီးထားတာကတော့ သဘောကျတယ်၊ ဒါပေမယ့် အပေါ်ပိုင်းမှာတော့ ဘာမှမရှိပါလား၊ အဲဒါက ဘယ်လိုဖြစ်ရတာလဲ"

ဟု မောင်မှတ်ကြီးက မေးလိုက်လေ၏။

"ဒါက ဒီလိုရှိပါတယ် ရုံပိုင်ကြီး၊ ကျုပ်က အရင်တုန်းက အရူးတစ်ယောက်ပဲ။ လွန်ခဲ့တဲ့ ရှစ်ရက်ကအထိ ရူးနေတုန်းပဲ၊ ဒါ့ကြောင့်မို့ လုံချည်မဝတ်တာ၊ အရူးဆိုတော့ အောက်ပိုင်းကို ဂရုမစိုက်ဘူးပေါ့ဗျာ၊ အခု ကျုပ်က လူကောင်းဖြစ်သွားပြီ၊ အဲဒီတော့ အပေါ်ပိုင်းကို ဂရုမစိုက်ဘူးပေါ့ဗျာ"

ဟု အရူးစည်ရာက ပြန်၍ ပြောလိုက်၏။ ထိုအခါ မောင်မှတ်ကြီးက ...

"အပေါ်ပိုင်းလည်း ဂရုစိုက်၊ အောက်ပိုင်းလဲ ဂရုစိုက်ပြီး အပေါ်မှာလည်း အဝတ်နဲ့၊ အောက်ပိုင်းမှာလဲ အဝတ်ဝတ်တဲ့ ကျုပ်လိုလူကို ခင်ဗျား ဘယ်လို သဘောထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ မောင်စည်ရာက ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် ...

"အပေါ်ကိုလဲ ဂရုစိုက်၊ အောက်ကိုလဲ ဂရုစိုက် ဆိုတဲ့ လူတွေဟာ အရူးလဲမဟုတ်၊ အကောင်းလဲမဟုတ်ဘူး၊ အဲဒီတော့ မရူးမကောင်း လူစားထဲ ထည့်ရမယ်၊ အခုလည်း ရုံပိုင်ကြီးဟာ မရူးမကောင်းပဲ၊ သူဌေးတစ်ယောက်လို ကောင်းကောင်းမွန်မွန် နေနိုင်ပါလျက်နဲ့ အခုလို သင်္ချိုင်းကုန်းထဲမှာ လာထိုင်နေတာဟာ လူကောင်းတစ်ယောက်လို့ မဆိုနိုင်ဘူး၊ ဒါပေမယ့် ခင်ဗျားမှာစွဲ ရှိတယ်၊ သတ္တိရှိတယ်၊ ဘာကိုမှ ဂရုမစိုက်ဘူး၊ အန္တရာယ်ကို မကြောက်ဘူးဆိုတဲ့ အချက်တွေသွားပြီး တွေ့ရတယ်၊ အဲဒါကြောင့် ခင်ဗျားကို အရူးစာရင်းမှာထည့်လို့ မရဘူး၊ အဲဒီ အချက်အလက်တွေဟာ လူကောင်းမှာ ရှိရမယ့် အချက်အလက်တွေပဲ၊ ဒါတွေ ထားလိုက်ပါတော့ ရုံပိုင်ကြီး။ ဟောဟို သတိပဋ္ဌာန်လမ်းထိပ်မှာရှိတဲ့ ခေါက်ဆွဲဆိုင်က ထမင်းပေါင်းတစ်ထုပ် ဝယ်လာတယ်၊ စားပေတော့"

ဟု ပြောသဖြင့် မောင်မှတ်ကြီးလည်း အရူးစည်ရာပေးသော ထမင်းထုပ်ကို ဖြေ၍ စားသောက်လေတော့၏။ ပြီးလျှင် ရေတာကောင်းအတွင်းရှိရေနှင့်ပင် လက်ကိုဆေး၍ ထိုရေတာကောင်းမှ ရေကိုပင် သောက်လေ၏။ ပြီးလျှင် အရူးစည်ရာသည် သူ၏ခါးနောက်တွင် ထိုးထားသော ဆေးပေါ့လိပ်တစ်လိပ်ကို မောင်မှတ်ကြီးအား သောက်ရန်ပေးရင်း စည်ရာက ...





"ရုံပိုင်ကြီးကို ဟိုအဘိုးကြီးက ထမင်းစားပြီးရင် ဆေးလိပ်တစ်လိပ် ပေးတယ်မဟုတ်လား၊ အဲဒီဆေးလိပ်က မအေးမေ ဆေးပေါ့လိပ်ဗျာ၊ ကျုပ် ခင်ဗျား လွှင့်ပစ်ထားတဲ့ ဆေးလိပ်တိုကအပတ်တွေ ကြည့်ပြီးပြီ၊ အခု ကျုပ်ပေးတဲ့ ဆေးပေါ့လိပ်ကိုကြည့်စမ်း"

ဟု ဆိုသဖြင့် မောင်မှတ်ကြီးလည်း ဆေးလိပ်တံဆိပ်ကို ကြည့်လိုက်ရာ ဆေးလိပ်၏တံဆိပ်မှာ ပုံနေသော ဇော်ဂျီပုံနှင့် သိဒ္ဓိရှင်ဟု စာတန်းပါသော ဆေးပေါ့လိပ် ဖြစ်နေ၏။ မောင်မှတ်ကြီးသည် လွန်စွာ သဘောကျသွား၏။ အရူးစည်ရာသည် ပြန်ကာနီး၌ ...

"ရုံပိုင်ကြီးရေ စားရေးသောက်ရေး ဘာမှမပူနဲ့၊ ကျုပ်တာဝန်ထားလိုက်၊ တစ်ခုတော့ မှာရဦးမယ်၊ ကျင့်တာတော့ ကျင့်တာပေါ့ဗျာ၊ ဒါပေမယ့် ဒီအလုပ်မျိုးက သတိထားလုပ်ရတယ်၊ မကျင့်တတ်ရင် ရူးသွားနိုင်တယ်နော်၊ ခင်ဗျား ရူးလဲရူးသွားဦးမယ်၊ ရူးတာက အရေးမကြီးဘူး၊ လုံချည်မဝတ်ဘဲနေရင် သိပ်အကြည့်ရဆိုးတယ်၊ ဟိ ... ဟိ .. ကျုပ်သွားဦးမယ်"

ဟု ပြော၍ထွက်သွားလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

# အိုင်ဒီယာ လိုတယ်

မောင်မှတ်ကြီးသည် နောက်တစ်နေ့၌လည်း ထိုင်၍နေပြန်၏။ ထမင်းစားချိန်ရောက်သောအခါ၌ မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ အရှုးစည်ရာကို တွေ့ရလေ၏။ အရှုးစည်ရာသည် ရခိုင်လုံချည်အသစ်၊ ကတ္တီပါဖိနပ်အသစ်ကို စီးထားလေ၏။ လက်ထဲတွင် ချိုင့်ကလေးတစ်လုံးနှင့် ထမင်းထုပ်တစ်ထုပ်ကို ကိုင်ထားလေ၏။ ထိုချိုင့်နှင့် ထမင်းထုပ်ကို မောင်မှတ်ကြီးအား လှမ်း၍ပေးလေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာအား စူးစူးစိုက်စိုက်ကြည့်လိုက်လေ၏။ အထူးသဖြင့် ကတ္တီပါဖိနပ်နှင့် ရခိုင်ပုဆိုးအား ဂရုစိုက်၍ ကြည့်လိုက်လေ၏။ ထိုအခါ အရှုးစည်ရာအား

"ရုံပိုင်ကြီး ကျုပ်ရဲ့ လုံချည်နဲ့ ဖိနပ်ကို ကြည့်နေတာလား မကြည့်နဲ့ ရုံပိုင်ကြီး၊ ဒါက အောက်ပိုင်းပြေလည်တဲ့သဘောပဲ"

ဟု ပြန်၍ပြောလိုက်လေ၏။





ထိုအခါ မောင်မှတ်ကြီးက

"ချိုင့်က ဘာလဲ"

ဟု မေးလိုက်လေ၏။

"ချိုင့်က ဟင်းချိုဗျ၊ မနေ့က ရုံပိုင်ကြီး ထမင်းစားရတာ ခြောက်ကပ်ကပ်ကြီး ဖြစ်နေလို့ ဟင်းချိုလေး ဖန်တီးလာရတာ၊ ဟင်းချိုကလဲ ထူးထူးဆန်းဆန်း မဟုတ်ပါဘူးဗျာ၊ မန်ကျည်းရွက်ဖာလေးနဲ့ သနပ်အရွက်ကလေးကို ငါးခူကလေးခပ်ပြီး ချက်ထားတာ၊ ခံတွင်းရှင်းတာပေါ့ဗျာ"

ဟု အရှုးစည်ရာက ပြောလိုက်လေ၏။ မောင်မှတ်ကြီးလည်း အရှုးစည်ရာ ယူလာသော ထမင်းနှင့်ဟင်းချိုကို မြိန်ယှက်စွာ စားသောက်လေ၏။ စားပြီးလျှင် အရှုးစည်ရာက သိဒ္ဓိရှင်ဆေးပေါ့လိပ်ကို ပေးလေ၏။ မောင်မှတ်ကြီးသည် ဆေးပေါ့လိပ်ကို ဖွာလေ၏။

ထိုအခါ အရှုးစည်ရာက ...

"ဒီမှာ ရုံပိုင်ကြီး စားချင်တာကိုလဲ ပြောနော်၊ ကျုပ် ဖြစ်အောင် လုပ်ပေးပါ့မယ်၊ ကျုပ် တစ်ခုစဉ်းစားမိတယ်၊ ရုံပိုင်ကြီးဟာ ညစာလည်း မစားရဘူး၊ ဒီနေ့လည်စာတစ်နပ်တည်း စားရတာဆိုတော့ ဆာမှာပဲ၊ အဲဒီတော့ အရက်တက်မှာ တစ်ခါကျွေးမယ်၊ ကျေနပ်ရဲ့လား"

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ကောင်းတာပေါ့၊ ကိုယ့်လူရာ၊ ဒီကိစ္စက ငြင်းဖို့မှုပါဘူး၊ တစ်ခုတော့ရှိတာပေါ့လေ၊ ကိုယ့်လူအနေနဲ့ အလုပ်သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



များသွားမယ်နော်၊ တစ်ခုက ကိုယ့်လူ ဖန်တီးဖို့ သိပ်ခက်သွားမယ်၊ နေ့စဉ် ဖန်တီးရမှာဆိုတော့ လွယ်ပါ့မလား"

ဟု ပြောလိုက်ရာ မောင်စည်ရာက ရယ်လေ၏။

"ဒီလို ထမင်းတွေ ဟင်းတွေရအောင် ဖန်တီးဖို့ဆိုတာ ခင်ဗျားပြောသလိုပါပဲ၊ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ ဒါပေမယ့် ခက်ခဲတဲ့ ကိစ္စလားဆိုတော့လဲ ခက်ခဲတဲ့ကိစ္စလည်း မဟုတ်ပါဘူး၊ အဲဒီတော့ ဒီကိစ္စဟာ လွယ်ကူခြင်းနဲ့ခက်ခဲခြင်း လွန်ဆွဲနေတဲ့ ကိစ္စပါပဲ၊ အဲဒီလို လွန်ဆွဲနေတဲ့ကိစ္စမှာ ကျုပ်က လွယ်ကူခြင်းဘက်က ဝင်ပြီး နည်းနည်းလေး ဆွဲပေးလိုက်ရင် ပြီးသွားတာပါပဲ၊ အဲဒီအတွက် ကျုပ်မှာ မခက်ပါဘူး၊ စားမယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်၊ အရုဏ်တက်မှာ လာပြီးကျွေးမယ်"

ဟု ဆိုလေ၏။

အရှုးစည်ရာသည် ထူးဆန်းသော အရှုးတစ်ယောက် ဖြစ်၏။ နောက်တစ်နေ့ အရုဏ်တက်တွင် မောင်မှတ်ကြီးသည် ထိုင်နေရာမှထ၍ တပိုတပါးသွားခြင်း၊ မျက်နှာသစ်ခြင်း အမှုတို့ကို ပြုလုပ်၏။ ပြီးလျှင် ၎င်း၏ မြေပြောင်ပြောင်ကလေးဆီသို့ ပြန်၍ လာ၏။ ထိုအချိန်၌ အရှုးစည်ရာသည် တောင်းကလေးတစ်ခုကို ထမ်း၍လာ၏။ သူ၏တောင်းထဲတွင် မုန့်ဟင်းခါး၊ လက်ဖက်ရည်အချိုနှင့် ရေနွေးကြမ်းတို့ ပါလာ၏။ လက်သုတ်ပဝါ တစ်ထည်လဲ ပါလာ၏။ မောင်မှတ်ကြီးသည် မုန့်ဟင်းခါးကို မြိန်ယှက်စွာ စား၏။ လက်ဖက်ရည်အချိုကို သောက်၏။ ထို့နောက် ရေနွေးကြမ်းကို သောက်၏။





ထို့နောက် မောင်မှတ်ကြီးက အရှုးစည်ရာအား ...

"ကျေးဇူးတင်လိုက်တာ"

ဟု ပြောရာ အရှုးစည်ရာက ...

"ကျေးဇူးတင်တယ်ဆိုရင် ရုံပိုင်ကြီးကို ကျုပ်တစ်ခုမေးမယ်၊ စိတ်မဆိုးနဲ့နော်"

ဟု စကားစ ပျိုးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"မေးပါဗျာ၊ မေးပါ၊ ကျုပ်ဖြေရမှာပေါ့၊ စိတ်ဆိုးဖို့ မရှိပါဘူး"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ အရှုးစည်ရာက ၎င်း၏နားရွက်၌ ညှပ်ထားသော စီးကရက်တစ်လိပ်ကို ဖြုတ်၍ မီးညှိ ဖွာရှိုက်လိုက်ပြီးလျှင် ...

"ဒီမှာ ရုံပိုင်ကြီး ...၊ လူတစ်ယောက်ဟာ အိမ်တွေ၊ ခြံတွေ ရှိတယ်ဗျာ၊ ငွေတွေရှိတယ်ဗျာ၊ ပစ္စည်းဥစ္စာရှိတယ်ဗျာ၊ အောင်မြင်တဲ့ လုပ်ငန်းကြီးတွေ ရှိတယ်ဗျာ၊ အဲဒီလူဟာ စောစောက ကျုပ်ပြောခဲ့တဲ့ အရာအားလုံးကို စွန့်ပစ်လိုက်ပြီး တာမွေဘက်မှာရှိတဲ့ တရုတ်သင်္ချိုင်းအလယ်ခေါင်မှာ လာပြီးထိုင်နေတယ်၊ အရှုးတစ်ယောက်က သူ့ကို ထမင်းလာပြီး ကျွေးနေတယ်၊သူက အဲဒါကိုစားပြီး ရပ်တည်နေတယ်လို့ ကြားရတဲ့လူတွေက အဲဒီလူကို ဘယ်လိုသဘောထားမလဲ၊ အရှုးတစ်ယောက်လို့ သဘောထားမှာပဲ၊ ဒါဟာ ရှုးမိုက်တဲ့အလုပ်ပဲ၊ ကိုယ့်စည်းစိမ်ဥစ္စာကို ပစ်ပြီး အရှုးတစ်ယောက် ကျွေးတာကို စားနေတာ နည်းနည်းရှုးတာ

www.burmeseclassic.com



မဟုတ်ဘူးဗျာ၊ သွက်သွက်ခါအောင် ရူးနေတာပဲ၊ အဲဒီအရူးကို ကျုပ်က မေးချင်တယ်၊ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲလို့"

ဟု အရူးစည်ရာက မေးလိုက်လေ၏။

မောင်မှတ်ကြီးသည် အရူးစည်ရာ၏စကားကို ကြားသောအခါ၌ အနည်းငယ် လှုပ်ရှားသွားလေ၏။ ထို့နောက် ...

"ဒါက ဒီလိုရှိတယ် ကိုယ့်လူ၊ ကျုပ်ဟာ ကိုယ့်လူ ပြောသလို ရူးပြီး ဒီနေရာကို ရောက်လာတာမဟုတ်ဘူး၊ သိဒ္ဓိတန်ခိုးတွေ ပြည့်စုံအောင်လို့ လာပြီး ကျင့်နေတာ"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ အရူးစည်ရာက ...

"သိဒ္ဓိတန်ခိုးက ဘယ်ကနေ ဘယ်လို ခင်ဗျားဆီ ရောက်လာမှာလဲ၊ မိုးပေါ်က ကျလာမှာလား၊ မြေကြီးထဲက ထွက်လာမှာလား၊ လေနဲ့အတူ လွင့်မျောလာမှာလား၊ ခင်ဗျား ဒီမှာ ငြိမ်ငြိမ်လေးထိုင်နေလို့ ခင်ဗျားပြောတဲ့ သိဒ္ဓိတွေ ရောက်လာမှာလား"

ဟု ပြောလိုက်လေ၏။ မောင်မှတ်ကြီးသည် အရူး၏စကားကို သေချာစွာ နားထောင်၏။ ပြီးနောက် ...

"သိဒ္ဓိပေါက်ပြီးသား ပုဂ္ဂိုလ်တွေက လာပြီး ကျုပ်ကို သိဒ္ဓိတွေ ပေးမှာပေါ့ဗျာ၊ ကျုပ် ဒီနေရာက စောင့်ပြီး နေရမှာပဲ"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ

အရူးစည်ရာက ရယ်မောပြီးနောက် ...

"ရှုံပိုင်ကြီး ဥစ္စာကလဲ ထမင်းလဲ အရူးကျွေးတာစား နေရတယ်၊ သိဒ္ဓိလဲ သူများပေးတာကိုစောင့်နေတယ်ဆိုတော့ ဒါဟာ





သူတောင်းစား အလုပ်တစ်မျိုးပဲ၊ ပိုက်ဆံနဲ့ ထမင်းကျန်ဟင်းကျန်တောင်းမှ သူတောင်းစားမဟုတ်ဘူးနော်၊ သိဒ္ဓိတောင်းတာလဲ သိဒ္ဓိသူတောင်းစားပဲ၊ သူတောင်းစား ဖြစ်ပြီဆိုရင် ဘယ်လို သူတောင်းစားပဲဖြစ်ဖြစ် နေရာမကျဘူး ရှုံပိုင်ကြီးရဲ့၊ ပြန်လဲ စဉ်းစားပါဦး"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးသည် လွန်စွာ စိတ်ဆိုးသွား၏။ ထို့အတူ လွန်စွာလည်း စိတ်ညစ်သွား၏။ ထို့နောက် ၎င်း၏စိတ်ကို ဆောက်တည်လိုက်ပြီးနောက် အရူးစည်ရာမျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးလျှင် မောင်မှတ်ကြီးက ...

"အရူးက တမူးသာဆိုတာ ဒါမျိုးဖြစ်မှာပဲ"

ဟု ပြောလိုက်ရာ အရူးစည်ရာက တဟားဟား ...၊ တဟားဟား ... ရယ်မောလိုက်လေတော့သတည်း။

"တဟား ဟား ဟား"

❑



www.burmeseclassic.com

www.burmeseclassic.com

## အရူးစည်ရာ၏ ဆွေးနွေးချက်များ

မောင်မှတ်ကြီးသည် အရူးစည်ရာ ပြန်သွားသော်လည်း သူ၏ဦးခေါင်း၌ စဉ်းစားစရာများ ပွတ်သိပ်၍ နေလေတော့၏။ အရူးစည်ရာ ပြောသွားသော စကားများမှာလည်း နားမှာ အထ ဆိုးသော်လည်း အကြောင်းအရာများမှာ မှန်ကန်နေ၏။ အရူး စည်ရာ၏ စကားသည် ရောဂါပျောက်ရန် အသုံးဝင်နေသေ လည်း လွန်စွာခါးသော ဆေးနှင့်တူနေ၏။ သူသည် စိတ်၌ မတေ မကျ ဖြစ်နေ၏။ ထို့ကြောင့် ထိုပြဿနာကို အဘအားမေးမေ ဟု ဆိုကာ အဘရှိရာသို့ ထွက်လာလေတော့၏။ သို့ရာတွင် အဘ အား မတွေ့ရပေ။ ခါးပန်း၌ မြေဖြူဖြင့်ရေးထားသော အော ပါစာကိုသာ တွေ့ရလေ၏။





> မှတ်ကြီး
> ငါ့ကိုမရှာနဲ့ ငါသွားပြီ။
> အဘ

မောင်မှတ်ကြီးသည် အနီးရှိ လက်ဖက်ရည်ဆိုင်သို့ သွား ရောက် စုံစမ်း၏။ ထိုသို့ စုံစမ်းရာ ဆိုင်ရှင်လုပ်သူက ...

"ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်၊ ခင်ဗျား အဘ ထွက်သွားတာ နှစ်ရက်ရှိပါပြီ၊ ကျွန်တော်တို့ကို နှုတ်ဆက်သွားပါ တယ်၊ ဘယ်ကိုသွားမယ်ဆိုတာတော့ မပြောသွားဘူး။ ခင်ဗျားကို နောက်ဆုံး ထမင်းပို့တဲ့ရက်ကပဲ ထမင်းပို့တဲ့ချိုင့်ကို ပြန်လာပေး ရင်း နှုတ်ဆက်သွားတယ်၊ ကျွန်တော်တို့က မေးပါသေးတယ်၊ ကိုမှတ်ကြီးရော ပါမလာဘူးလို့၊ အဲဒီတော့ အဘက မပါပါဘူးလို့ ပြန်ဖြေတယ်၊ ပြီးတော့ မှတ်ကြီးကို ဇရပ်ကနေ သချိုင်းကုန်း ရောက်အောင် ငါလုပ်ပေးပြီးပြီ။ ငါ့တာဝန်ပြီးပြီ၊ ဒါကြောင့် ငါ သွားတာလို့ ပြောပါတယ်"

ဟု ရှင်းပြလေ၏။ ထို့ကြောင့် မောင်မှတ်ကြီးလည်း ၎င်း ၏နေရာသို့ ပြန်ခဲ့ရလေ၏။ နေရာသို့ရောက်လျှင် ထိုင်၍စဉ်းစား နေပြန်၏။ ထိုသို့နှင့်ပင် နံနက် ဆယ့်တစ်နာရီထိုးပြီး သွားလေ ၏။ ထိုအချိန်၌ အရူးစည်ရာသည် ထမင်းတောင်းကို ပိုက်၍ ရောက်လာ၏။ သူသည် ရွှေတောင်ပိုးပုဆိုးကို ဝတ်ထား၏။ ခြေ အိတ်အကောင်းစားနှင့် ရှူးဖိနပ်ကို စီးထား၏။ မောင်မှတ်ကြီး

www.burmeseclassic.com



စားရန်အတွက် တောင်းထဲမှ ထမင်းနှင့်ဟင်းလျာများကို ချ၍ ဒေး ၏။ မောင်မှတ်ကြီးသည် လက်ဆေးလိုက်၏။ ထိုအခါ အရှူးစည်ရာက ...

"ရှံပိုင်ကြီး ... ခင်ဗျား အပြင်ထွက်သွားသေးတယ် ထင်တယ်"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ်၊ အဲဒါ ခင်ဗျားကို ဘယ်သူပြောလဲ"

ဟု မောင်မှတ်ကြီးက ပြန်၍ မေးလိုက်လေ၏။

"ခြေရာက ပြောတယ်၊ ခင်ဗျားခြေရာတွေ သင်္ချိုင်းအဝ ဘက်ဆီကို လှည့်နေတယ်၊ မဟုတ်မှလွဲရော ခင်ဗျားဆရာ အဘိုး ကြီးဆီသို့ သွားတယ်ထင်တယ်၊ ခင်ဗျား အဘိုးကြီး မရှိတော့ ဘူး၊ ထွက်သွားပြီ။ နောက်ကို သင်္ချိုင်းကုန်းထဲကမထွက်နဲ့၊ ရေချိုး ဖို့လည်း ဒယ်အိုးကန်ကို မသွားနဲ့တော့၊ ဟောဟို သင်္ချိုင်းဇရပ် ဘေးမှာ ရေတွင်းရှိတယ်၊ ရေပုံးနဲ့ရေပုံးကြိုးလဲရှိတယ်၊ အဲဒီမှာ သင်္ချိုင်းစောင့် အဘိုးကြီးလဲ ရှိတယ်၊ သူ့မီးဖိုက ပြာတွေကိုယူပြီး ဆပ်ပြာပွတ်သလိုပွတ်၊ တစ်ကိုယ်လုံးကို ရေချိုးချလိုက်၊ ဆပ်ပြာ လဲမသုံးနဲ့၊ ကျုပ်ပြောတဲ့စကားကိုမြဲမြဲနားထောင်နော်၊ ဒီသင်္ချိုင်း ကုန်းထဲမှာ ဘီလူးငပုဆိုတာ ရှိတယ်၊ ဘီလူးတော့ ဘီလူးပဲ၊ ပုပု လေး"

ဟု အရှူးစည်ရာက ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီး က ...

"ဘီလူးငပု ရှိတော့ ဘာဖြစ်သလဲဗျာ"





ဟု မေးလိုက်ရာ အရှူးစည်ရာက ..

"ဒီမှာ ရှံပိုင်ကြီး၊ ကျုပ်ပြောတဲ့ စကားကို နားထောင်ရ မယ်၊ အရူးစကားဆိုပြီး မထေမဲ့မြင် မလုပ်နဲ့ "အရူးစကား ဂရု မထား၊ ငပုစားလတ္တံ့"

ဟု ပြောလျှင် မောင်မှတ်ကြီးသည် ရယ်လေ၏။ ထိုသို့ ရယ်သည်ကို အရှူးစည်ရာက ...

"ဘာပြုလို့ရယ်တာလဲ၊ ကျုပ်ပြောတာကို မယုံလို့လား၊ ဒီသင်္ချိုင်းမှာ ဂဠုန်လဲရှိတယ်"

ဟု ပြောလေ၏။ မောင်မှတ်ကြီးက ...

"ဂဠုန်ရှိတော့ ဘာဖြစ်သလဲ ကိုယ့်လူရာ"

ဟု ပြန်၍ မေးလေ၏။

"အရူးစကား မယုံငြား၊ ဂဠုန်စားလိမ့်မယ် ရှံပိုင်ကြီးရေ့"

ဟု အရှူးစည်ရာက ပြောလိုက်လေ၏။ ထိုအခါ မောင် မှတ်ကြီးက ...

"ကဲပါ ကိုယ့်လူရာ၊ ယုံလည်း ယုံပါတယ်၊ ဂရုလဲထား ပါတယ်၊ ကိုရင့်ကိုလည်း အရူးစာရင်းထဲ မသွင်းပါဘူး၊ ကိုယ် ရင်က မနက်အရုဏ်တက်မှာ ကျုပ်ကို မုန့်ဟင်းခါးကျွေးရင်း ပြောသွားတဲ့ စကားတွေက ကျုပ်မှာ စဉ်းစားစရာတွေ ဖြစ်နေ တယ်၊ အဲဒါ ကျုပ်က မသိလို့ အဘကို သွားမေးတာ၊ ခုတော့ အဘလဲ မရှိတော့ဘူးလို့ သိခဲ့ရတယ်"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ အရှူးစည်ရာက ...

www.burmeseclassic.com



"ဘာလဲ ရုံပိုင်ကြီး၊ ခင်ဗျားကို သူတောင်းစားလို့ ပြောခဲ့တာကို ခင်ဗျားက ပြန်ပြီး စဉ်းစားနေတာလား၊ ကျုပ်ပြောတာ မမှန်ဘူးလား"

ဟု မေးလိုက်လေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာအား ငူငူကြီး လှမ်း၍ ကြည့်လိုက်လေ၏။ ထို့နောက် ...

"ကဲပါ ကိုယ့်လူရာ၊ ကိုယ့်လူပြောတဲ့ အိုင်ဒီယာ ဟုတ်လား၊ ကျုပ်မှာ မရှိပါဘူး၊ မရှိတော့လည်း ထင်မိထင်ရာ လုပ်ရတာပေါ့လေ၊ အဲဒီတော့ ကျုပ်ရဲ့အလုပ်ဟာ သူတောင်းစားအလုပ်ဖြစ်ချင်လဲ ဖြစ်မှာပေါ့လေ၊ ဒါကို ကျုပ်မငြင်းပါဘူး၊ အဲဒီတော့ ကျုပ်ကို အိုင်ဒီယာပေးပါ"

ဟု ပြောလိုက်လျှင် အရှုးစည်ရာက ..

"ပထမဆုံး ရုံပိုင်ကြီးအနေနဲ့ နားလည်ထားရမယ် ဆိုတဲ့အချက်က စွမ်းအင်ဆိုတဲ့သဘောပဲ၊ ဒီစကြဝဠာအတွင်း မြင်မြင်သမျှ တွေ့တွေ့သမျှ အားလုံးဟာ စွမ်းအင်တွေချည်းပဲ၊ စွမ်းအင်ဆိုတာ အင်နာဂျီပဲ၊ ရုပ်ဝတ္ထုဆိုင ာကကတော့ သူ့ကိုအသေးဆုံးအထိခွဲခြမ်းစိတ်ဖြာလိုက်ရင် ပမာဏအားဖြင့် အဏုမြူအရွယ်အစားဖြစ်သွားမယ်၊ အဲဒီအဏုမြူကိုထပ်ပြီး ခွဲခြားစိတ်ဖြာလိုက်ရင်အခံဓာတ်၊ အတိုက်ဓာတ်၊ မခံမတိုက်တဲ့ ကြားဓာတ်ရယ်လို့ သုံးမျိုးထွက်လာမယ်၊ အဲဒါတွေကို ခေတ်မီလောကဓာတ်ဆရာတွေ (သိပ္ပံဆရာကို ဆိုလိုဟန်တူ၏။) က အီလက်ထရွန်၊ ပရိုတွန်၊ နြူထရွန်ရယ်လို့ ခေါ်ကြတယ်ထင်ပါရဲ့၊ ကဲ ... အဲဒီ အရာသုံးမျိုးကို ထပ်ပြီး အနုစိပ်ခွဲခြမ်းလိုက်ရင် ဘာထွက်လာမလဲ၊ ရုပ်





ဝတ္ထုဆိုတာ မရှိတော့ဘူး ရုံပိုင်ကြီးရဲ့၊ အင်နာဂျီလို့ခေါ်တဲ့ စွမ်းအင်ပဲ ကျန်မယ်၊ စွမ်းအင်ဆိုတာ ဘာလဲ၊ စွမ်းဆောင်နိုင်တဲ့ အင်အားပေါ့၊ အဲဒါကို ကျုပ်တို့ ဂန္ဓာရီစကားနဲ့ အနက်ပေးရရင် သိဒ္ဓိပေါ့ဗျာ၊ အဲဒီတော့ ဒီစကြဝဠာကြီးဟာ သိဒ္ဓိတွေနဲ့ အပြည့်ရှိနေတယ်ဆိုတာ ရုံပိုင်ကြီး မငြင်းနိုင်တော့ဘူး၊ ဒီမှာ ရုံပိုင်ကြီး၊ သိဒ္ဓိစကြဝဠာ သိဒ္ဓိကမ္ဘာကြီးထဲမှာနေပြီး သိဒ္ဓိကို ဘယ်သူ့ဆီက သူတောင်းစားလို တောင်းရမှာလဲ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးသည် အရှုးစည်ရာ၏ မျက်နှာကို ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်ရှုနေလေတော့၏။ ထို့နောက်မှ ...

"တော်တော်လာတဲ့အရှုးပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ အရှုးစည်ရာက ...

"တော်တော်လာတဲ့ အရှုးပဲလို့ မပြောစမ်းပါနဲ့၊ တော်တော် တော်တဲ့အရှုးပဲလို့ ပြောစမ်းပါ"

ဟု ပြန်၍ပြောလိုက်လေ၏။ ထို့နောက် နှစ်ယောက်သား တဟားဟား ရယ်ကြလေတော့၏။

မောင်မှတ်ကြီးလည်း ထမင်းစားပြီးဖြစ်၍ လက်ဆေး၏။ အရှုးစည်ရာက ပန်းကန်ခွက်ယောက်များကို သိမ်းဆည်း၏။ ပြီးလျှင် မောင်မှတ်ကြီးက သိဒ္ဓိရှင် ဆေးပေါ့လိပ်ကိုဖွာ၏။ အရှုးစည်ရာကလည်း သူ၏နားဒွဲညှပ်ထားသော စီးကရက်ကိုမီးညှိ၍ ဖွာ၏။

ထို့နောက် အရှုးစည်ရာက ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ရုံပိုင်ကြီး၊ ရုပ်ဝတ္ထုတွေဟာလည်း စွမ်းအင်တွေပဲလို့ သိပြီ၊ အခု ကျုပ်ပြောတဲ့ ရုပ်ဝတ္ထုတွေရဲ့ စွမ်းအင်တွေဟာ တစ်ခုနဲ့တစ်ခု ပုံသဏ္ဌာန်ချင်း၊ အရွယ်အစားချင်း၊ မတူသလို သူတို့လှည့်ပတ်နေတဲ့ နှုန်းထားချင်းလဲ မတူဘူးဗျ၊ တစ်ချို့ရုပ်ဝတ္ထုတွေဟာသိပ်သည်းတယ်၊ သူ့ရဲ့စွမ်းအင်လှုပ်ရှားမှုတွေဟာလဲ နှေးကွေးတယ်ဗျ၊ တစ်ချို့ ရုပ်ဝတ္ထုတွေကသိပ်သည်းမှုမရှိဘူး၊ သူ့ရဲ့စွမ်းအင်၊ သူ့ရဲ့လှုပ်ရှားမှုတွေဟာ သွက်လက်တယ်၊ ကျောက်တုံးတစ်တုံးရဲ့ စွမ်းအင်နဲ့ လှုပ်ရှားမှုဟာ အသက်ရှင်နေတဲ့ သတ္တဝါအသားရဲ့ လှုပ်ရှားခြင်းနဲ့ ပြောင်းလဲမှုနဲ့ မတူနိုင်ဘူး၊ စွမ်းအင်ချင်းလဲ မတူနိုင်ဘူး၊ ဒါကြောင့်မို့လို စွမ်းအင်တွေဟာ အမျိုးမျိုးအဖုံဖုံ ရှိနေမှာပဲ၊ စွမ်းအင်တွေ အမျိုးမျိုး အဖုံဖုံရှိနေသလို သိဒ္ဓိတွေလဲ အမျိုးမျိုးအဖုံဖုံ ရှိနေမှာပါပဲ၊ ဒီမှာ ရုံပိုင်ကြီး ခင်မောင်ရင်ဆိုတဲ့ သီချင်းကို ကြားဖူးတယ် မဟုတ်လား၊ သိဒ္ဓိအစုံစုံ အဖုံဖုံဆိုတာလေ၊ သိပ်မှန်တဲ့ စကားပေါ့ဗျာ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးသည် အရေးစည်ရာအား မချီးမွမ်းပဲ မနေနိုင်အောင် ဖြစ်လေတော့၏။

"တော်လှချည်လား ကိုယ့်လူရယ်"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ အရှုးစည်ရာက ...

"ရုံပိုင်ကြီး မနောအာရုံလို့ခေါ်တဲ့ အတွေး၊ အင်္ဂလိပ်လို 'သော့တ်'ပေါ့ဗျာ၊ သူဟာ အပေါ့စား၊ အနုညံ့စား စွမ်းအင်တစ်ခု ဖြစ်တယ်၊ အဲဒီ စွမ်းအင်ရဲ့ လှုပ်ရှားမှုဟာ အလွန်မြန်တယ်၊





ပြောင်းလဲဖို့လဲ အလွန်လွယ်ကူတယ်၊ ပြီးတော့ စွမ်းအင်တစ်ခုဟာ အခြားစွမ်းအင်တစ်ခုနဲ့ပူးပေါင်းနိုင်တယ်၊ ပက်သက်လွှမ်းမိုးနိုင်တယ်၊ ခင်ဗျားနားလည်အောင် ပြောရရင် ရေဟာ စွမ်းအင်ပဲ၊ အနုညံ့စား အပျော့စား လှုပ်ရှားမှုစွမ်းအင်တွေ ပေါင်းစပ်ထားတဲ့ အရာတစ်မျိုးပဲဗျ၊ ဒါပေမယ့် အမာစား၊ အလေးစား လှုပ်ရှားမှု အနှေးကွေးဆုံးဖြစ်တဲ့ ကျောက်ဆောင်ကို ပုင်လယ်ရေဟာ လာပြီး ပတ်သက်တယ်၊ လွှမ်းမိုးတယ်၊ ဒါကို ခင်ဗျား နားလည်ရင် စွမ်းအင်တွေဟာ ပေါင်းစည်းနိုင်တယ်၊ ပတ်သက်နိုင်တယ်၊ လွှမ်းမိုးနိုင်တယ်ပေါ့ဗျာ၊ အခု ကျုပ်ပြောတာကို စုပေါင်း ပြီး ဥပဒေသ 'တစ်' လို့ နားလည်ထားစေချင်တယ်"

ဟု အရှုးစည်ရာအား ပြောလိုက်လေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာအား ငေးမောကြည့်ရှုနေလေတော့၏။ ထိုအခါ အရှုးစည်ရာက ...

"ဒီမှာ ရုံပိုင်ကြီး၊ စွမ်းအင်မှန်သမျှ ဒံလိုက်ဓာတ်ရှိစမြဲပဲဗျ၊ သံလိုက်ဓာတ်ဆိုတာကတော့ အဆွဲဓာတ်ကို ပြောတာပေါ့ဗျာ၊ အင်္ဂလိပ်လို မက်ဂနက်တစ် လို့ခေါ်တယ်၊ ကြီးတဲ့စွမ်းအင်ဟာ သေးတဲ့စွမ်းအင်ကို ဆွဲယူလေ့ရှိတယ်၊ အဲဒါကို ခင်ဗျား လက်ခံသလား"

ဟု မေးလိုက်ရာ မောင်မှတ်ကြီးက အူကြောင်ကြောင်ဖြစ်၍ နေလေတော့၏။ ထိုသို့ အူကြောင်ကြောင်ဖြစ်၍ နေသည်ကို အရှုးစည်ရာက ....

"ခင်ဗျားက ကျုပ်မေးတာကို ဘာဖြစ်လို့ မပြောတာလဲ၊ လက်မခံလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်၍ မေးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက

"လက်မခံတာ မဟုတ်ပါဘူး၊ကိုယ့်လူပြောတာကို နားမလည်လို့ ငေးကြည့်နေတာ"

ဟု ပြန်၍ပြောလိုက်လေ၏။

"ငေးမနေနဲ့ ရုံပိုင်ကြီး၊ နားမလည်ရင် ရှင်းပြဦးမယ်၊ ရုပ်ဝတ္ထုမှန်သမျှ စွမ်းအင်ဖြစ်တယ်၊ စွမ်းအင်မှန်သမျှ သံလိုက်ဓာတ်ရှိတယ်၊ အဲဒီသံလိုက်ဓာတ်မှာ ကြီးတဲ့ သံလိုက်ဓာတ်က ငယ်တဲ့သံလိုက်ဓာတ်ကို ဆွဲဆောင်တယ်၊ ဥပမာ ပြောပြမယ်၊ 'သာမဏောန သာမဏော၊ ဂေါနေန ဂေါဏော' ဆိုတဲ့ စကားရှိတယ်ဗျ၊ အဲဒီဟာရဲ့ အနက်ကတော့ ကိုရင်များရာ ကိုရင်လာ၊ နွားများရာ နွားလာလို့ ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဘုန်းကြီးကျောင်း နှစ်ကျောင်းဟာကပ်လျက် ရှိတယ်ဆိုပါတော့ဗျာ၊ တစ်ကျောင်းမှာ ကိုရင်လေးတစ်ပါးပဲ ရှိတယ်၊ တစ်ကျောင်းမှာ ကိုရင်ဆယ်ပါး ရှိတယ်ဆိုဗျာ၊ အဲဒီ ကိုရင်ဆယ်ပါးလောက်ရှိတဲ့ ကျောင်းမှာ ကိုရင်လေးတွေဟာပျော်ပျော် ပါးပါး ဆော့ကစားနေကြတယ် ဆိုပါတော့၊ အဲဒီတော့ဟိုဘက်ကျောင်းမှာရှိတဲ့ ကိုရင်လေးဟာ မနေနိုင်တော့ဘူးဗျ၊ ကစားချင်တော့ ဒီဘက်ကျောင်းကို ကူးလာရတော့တာပဲ၊ များရာဆီကို နည်းရာက ကူးလာရတော့တာပါ၊ နွားခြံနှစ်ခုကို ကပ်လျက် လုပ်ထားတယ် ဆိုကြပါစို့၊ ဟိုဘက်ခြံမှာ နွားတစ်ကောင်ထည့်ထားပြီး ဒီဘက်ခြံမှာ နွားဆယ်ကောင်ထည့်ထားတယ် ဆိုကြပါစို့ရဲ့ဗျာ၊ ဒီဘက်က နွားဆယ်ကောင်ဟာ တစ်ကောင် တစ်ကောင်ဝှေ့လိုက်၊ ဆော့လိုက် လုပ်နေကြတယ်ဆိုရင်ပဲ ဟိုဘက်





က နွားတစ်ကောင်ဟာ မနေနိုင်ပဲ ဒီဘက်ခြံကို ခုန်ကူးလာတော့တာပါပဲ၊ သံလိုက်ဓာတ်လို များရာဆီကို နည်းရာက ကူးလာတာပဲဗျို့၊ စွမ်းအင်ဟာ ဒီလိုပဲဗျို့၊ များတဲ့စွမ်းအင်ဟာ နည်းတဲ့စွမ်းအင်လို သံလိုက်ဓာတ်လို ဆွဲဆောင်လေ့ရှိတယ်၊ အခုပြောတဲ့စကားကို ခင်ဗျားအနေနဲ့ ဥပဒေသ 'နှစ်'လို့ မှတ်ထားပေတော့"

ဟု အရူးစည်ရာက ပြောလိုက်လေ၏။ မောင်မှတ်ကြီးလည်း အရူးစည်ရာအား အမျိုးမျိုး အဖုံဖုံ ချီးကျူးလေ၏။

"အရူးထဲမှာတော့ ကိုယ့်လူဟာ ရွှေအရူး၊ စိန်အရူး၊ ပတ္တမြားအရူးပါပဲ"

ဟု မောင်မှတ်ကြီးက ပြောလေ၏။ ထိုအခါ အရူးစည်ရာက ...

"ရုံပိုင်ကြီးကို ပြောရဦးမယ်၊ ဒီလိုရုံပိုင်ကြီးရဲ့၊ သော့တ်လို့ခေါ်တဲ့ မနောအာရုံတစ်ခုဟာ သွက်လက်ပေါ့ပါး ရွေ့လျားနိုင်တဲ့ စွမ်းအင်တစ်ခုပဲ၊ သူဟာ ရုပ်ဝတ္ထုစွမ်းအင်နဲ့ အများကြီးကွဲပြားတယ်၊ လူတွေဟာ ဘာကိုပဲလုပ်လုပ် မနောနဲ့အာ၊ အရင်ဖော်ရတယ်၊ အဲဒီလိုဖော်လို့ ပုံပေါ်သွားရင် အဲဒါကို မနောသဏ္ဌာန်လို့ခေါ်တယ်၊ အင်္ဂလိပ်လို သော့တ်ဖောင်မ် ပေါ့ဗျာ၊ အဲဒီတော့မနောသဏ္ဌာန်လို့ အနက်ပေးရင် ကောင်းမယ်ထင်တယ်။ အဲဒီမနောသဏ္ဌာန်ဟာ အလုပ်တစ်ခုရဲ့ ရှေ့မှာအရင်ဖြစ်ပေါ်တယ်၊ ဥပမာ ငါ အင်္ကျီတစ်ထည် ချုပ်ဦးမှ ဆိုတဲ့ မနောသဏ္ဌာန် အရင်ဖော်ပြီးမှ အင်္ကျီချုပ်ဖြစ်တယ်၊ ငါအလုပ်တစ်ခု ရှာဦးမှ ဆိုတဲ့ မနောသဏ္ဌာန်မှာ ပေါ်ပြီးမှ အလုပ်ရှာဖြစ်တယ်၊ အဲဒီလိုပဲ ပန်းချီဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ငါ ပန်းချီကားတစ်ပုံ ဆွဲဦးမှဆိုတဲ့ မနောသဏ္ဍာန်မှာ ပန်းချီကားတစ်ကား ပုံဖော်ပြီးမှ ပန်းချီဆွဲဖြစ်တယ်၊ အဆောက်အဦဆောက်တဲ့ အင်ဂျင်နီယာဟာလဲ၊ အဆောက်အဦ မဆောက်ခင် သူရဲ့မနောသဏ္ဍာန်မှာ အဆောက်အဦရဲ့ပုံ ဖော်ပြီးမှသာ အဲဒီအဆောက်အဦရဲ့ ပုံကို ဆောက်ဖြစ်တယ်၊ အဲဒီတော့ မနောသဏ္ဍာန်ဟာ ဘာနဲ့တူသလဲဆိုတော့ အဆောက်အဦ မဆောက်ခင် အပြာရောင်စာရွက်ပေါ်မှာ အဖြူရောင်နဲ့ အတိအကျရေးဆွဲထားတဲ့ ဘလူးပရင့်နဲ့ တူတယ်ဗျို့၊ အဲဒီမနောသဏ္ဍာန်ဟာ ရုပ်စွမ်းအင်ကို ဦးဆောင်ပြီး စေစားတော့တာပဲ၊ အဲဒီတော့ မနောသဏ္ဍာန်စွမ်းအင်ဟာ ရုပ်စွမ်းအင်ကို ဆရာလုပ် ဦးဆောင်နေတယ်၊ အဲဒီ မနောသဏ္ဍာန်ကိုပဲ အမျိုးမျိုး အဖုံဖုံ ခေါ်ကြတာပေါ့ဗျာ၊ အလွယ်တော့ အိုင်ဒီယာလို့ ခေါ်ကြသေးတယ်၊ အဲဒီ မနောသဏ္ဍာန်ဟာ ဘယ်လောက်ဆန်းသလဲဆိုရင် ငါတော့နေမကောင်းဖြစ်တော့မယ်လို့ ကျကျနန ပုံဖော်မိတာနဲ့ အိပ်ရာထဲ လဲသွားတော့တာပါပဲ၊ အဲဒါကြောင့် မနောသဏ္ဍာန်ဟာ အရေးကြီးတယ်လို့ ပြောရမယ်၊ ဒါကို 'တတိယ' ဥဒေသလို့ ရုံပိုင်ကြီး မှတ်ထားပေတော့"

ဟု ပြောလိုက်လေ၏။ မောင်မှတ်ကြီးလည်း ခေါင်းကို တွင်တွင်ကုပ်၏။

"ဒီမှာ ကိုယ့်လူ ဥပဒေသသုံးခုရှိပြီနော်၊ ကျုပ်ကောင်းကောင်း မှတ်ထားတယ်၊ စိန်အရူး၊ ရွှေအရူး၊ ပတ္တမြားအရူး စည်ရာရေ ဒီလောက်နားလည် တတ်ကျွမ်းလျက်သားနဲ့ ဘာဖြစ်လို့ ရူးနေရတာလဲဗျာ"





ဟု မောင်မှတ်ကြီးက ချီးမွမ်းလိုက်လေ၏။ ထိုအခါ၌ အရူးစည်ရာသည် နားတစ်ဖက်တွင် ညှပ်ထားသော စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလေ၏။

ထိုသို့ ရှိုက်ဖွာရင်း ...

"ဒီမှာ ရုံပိုင်ကြီး၊ခင်ဗျားအနေနဲ့ နားလည်ထားရမှာကတော့ ဟောဒီစကြဝဠာထဲမှာ ခင်ဗျားဘာကိုပဲလုပ်လုပ် အားလုံးဟာ ရောင်ပြန်ဟပ်တယ်၊ ခင်ဗျားကို အင်္ဂလိပ်စကား တစ်ခုပြောပြရဦးမယ်၊ " This is the principle that whatever you put 0ut into the universe will be reflected back to you" ဒီအင်္ဂလိပ်စကားဟာ ကျုပ်ခုနက ပြောတဲ့ မြန်မာစကားရဲ့ အနက်ပါပဲ၊ ဒါကြောင့် မနောသဏ္ဍာန်နဲ့ ရန့်ရင်းကြမ်းတမ်းတဲ့ အတွေးတစ်ခု တွေးမိရင်၊ ခင်ဗျားဆီကိုလဲ ရန်းရင်းကြမ်းတမ်းတဲ့ အရာတစ်ခုပြန်လာလိမ့်မယ်၊ ကောက်ကျစ်စဉ်းလဲတဲ့ မနောသဏ္ဍာန်တစ်ခု ထုတ်လွှင့်မိရင် ခင်ဗျားဆီကိုလဲ ကောက် ကျစ်စဉ်းလဲတဲ့အရာတစ်ခု ရောက်လာလိမ့်မယ်၊ ခင်ဗျားက ရက်စက်ကြမ်းကြုတ်တဲ့ မနောသဏ္ဍာန်တစ်ခု ထုတ်လွှတ်မိရင် ခင်ဗျားဆီကို ရက်စက်ကြမ်းကြုတ်မှုတွေ ရောက်လာလိမ့်မယ်၊ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းမရှိတဲ့ မနောသဏ္ဍာန်ကို ထုတ်လွှင့်မိရင် ခင်ဗျားအနေနဲ့ သိဒ္ဓိရှင် ဖြစ်တာမဖြစ်တာ ကျုပ်မပြောတတ်ဘူး၊ ဒီတစ်သက် ခင်ဗျား မငတ်တော့ဘူး၊ အဲဒီလို မနောသဏ္ဍာန် ထုတ်လွှင့်တဲ့ နေရာမှာလဲ လွယ်လွယ်ကူကူတော့ မဟုတ်ဘူး ရုံပိုင်ကြီးရေ၊ အဲဒီလို ထုတ်လွှင့်နိုင်ရင် ခင်ဗျားအဖို့ ပထမသင်ခန်းစာ



www.burmeseclassic.com

www.burmeseclassic.com



ကျေညက်ပြီလို့ ဆိုရမှာပဲ၊ အခုပြောတဲ့ သင်ခန်းစာဟာ စတုဗ္ဗ မြောက် ဥပဒေသပဲ၊ ကဲ ကျုပ်ပြန်မယ်"

ဟု အရှုးစည်ရာက ပြောပြီးနောက် ထမင်းတောင်းကို ပိုက်လျက် ရင်ကိုကော့ကာ ရွှေတောင်ပိုးလုံချည် တရှမ်းရှမ်းဖြင့် ပြန်သွားလေတော့၏။ မောင်မှတ်ကြီးမှာမူ အရှုးစည်ရာအား ပါးစပ်အဟောင်းသားဖြင့် ငေးမောရင်း ကျန်ရစ်ခဲ့လေတော့သတည်း။

❑



## လေဖမ်း ဝါးတန်းချည် ကျင့်စဉ်

နောက်တစ်နေ့ နံနက်စောစောတွင် မောင်မှတ်ကြီးသည် ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်းစသော ပဏာမပြုဖွယ်စသည်တို့ ကို ပြုပြီးနောက် အရှုးစည်ရာကို စောင့်နေလေ၏။ ဘုန်းကြီး ကျောင်းတစ်ကျောင်းမှ တုန်းခေါက်သံနှင့်အတူ အရှုးစည်ရာသည် ဘူးမျက်လုံး မီးခွက်ကလေးနှင့် ဝင်လာ၏။ သူသည်အ ပေါ်ပိုင်း လာကျင်းထားသော်လည်း အောက်ပိုင်း၌ထားဝယ်ပုဆိုးနှင့် ပုံ ဆောင်ဖိနပ်ကို စီးထား၏။ ပါးစပ်တွင် စီးကရက်ခဲထား၏။ မောင် မှတ်ကြီးအနီးသို့ ရောက်သောအခါ၌ တောင်းကိုချလိုက်၏။ ပြီး နောက် အရှုးစည်ရာက ...

"ဒီမှာ ရှုံပိုင်ကြီး၊ အုန်းနို့ခေါက်ဆွဲရယ်၊ လက်ဖက်ရည်အ ချိုရယ်၊ ရေနွေးကြမ်းရယ်ပါတယ်၊ အရဏ်တက်မှာ ဒါကလေး သွေးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။ မောင်မှတ်ကြီးလည်း အုန်းနို့ခေါက်ဆွဲကို
ယူက်စွာစားလေ၏။ ထို့နောက် လက်ဖက်ရည်အချိုကိုသော
၏။ ပြီးလျှင် ရေနွေးကြမ်းကို ငုံ့၍သောက်ပြန်၏။ ထို့နော
အရှုးစည်ရာပေးသော သိဒ္ဓိရှင်ဆေးပေါ့လိပ်ကိုဖွာ၏။ ထို့သို့
သောက်ပြီးသောအခါ၌ အရှုးစည်ရာက ပန်းကန်ခွက်ယောက်များ
ကို တောင်းအတွင်းသို့ သိမ်း၏။ ထိုသို့သိမ်းရင်း ...

"ကဲ ရုံပိုင်ကြီး၊ ဘာတွေများ ကျင့်ကြံနေသလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဘာမှလဲ မကျင့်ဘူး၊ ဘာမှလဲ မလုပ်ဘူး၊ ဘာလုပ်ရမှန်း
လဲ မသိတော့ဘူး"

ဟု စိတ်ပျက်သော လေသံဖြင့် ပြောလိုက်လေ၏။ ထို
အခါ အရှုးစည်ရာက ...

"ဘာမှ မလုပ်တတ်ဘူးဆိုရင်တော့ လုပ်နည်းကို ပြော
မယ်"

ဟု ဆိုလေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ပြောစမ်းပါဦး"

ဟု ဆိုလေ၏။

"ပြောရမှာပေါ့ဗျာ၊ ပထမဆုံး ရုံပိုင်ကြီး လေ့ကျင့်ရမှာ
သက်သောင့်သက်သာ နေတတ်ဖို့ပဲ၊ ထိုင်ပဲနေနေ၊ လျောင်းပဲနေ
နေ၊ ကသိကအောက်မဖြစ်ဘဲ သက်သောင့်သက်သာ ထိုင်တတ်ဖို့
သက်သောင့်သက်သာ လျောင်းတတ်ဖို့ လေ့ကျင့်ရမယ်။ အဲဒီလို
သက်သောင့်သက်သာ နေပြီးရင်၊ ခင်ဗျားရဲ့ ခြေဖျားကို စိတ်နဲ့





ကြည့်ရမယ်၊ စိုက်ကြည့်ပြီးတော့ အဲဒီခြေဖျားမှာရှိတဲ့ အကြော
တွေ၊ ကြွက်သားတွေ လျော့ကုန်ပြီ၊ တင်းမာပြီး မနေတော့ဘူးလို့
အာရုံပြုရမယ်၊ အဲဒီကနေပြီးတော့ တဖြည်းဖြည်း တစ်လက်မချင်း
စိတ်နဲ့ကြွက်သားတွေကို လျော့ပြီးခန္ဓာကိုယ်အပေါ်ဘက်ကို တက်
လာရမယ်၊ အဲဒီအတိုင်း ငယ်ထိပ်အထိရောက်အောင် လျှော့လာရ
မယ်။ ငယ်ထိပ်ရောက်တဲ့အခါမှာ ခင်ဗျားတစ်ကိုယ်လုံးဟာ လျော့
သွားမယ်၊ တောင့်တင်းမနေတော့ဘူး၊ အဲဒါဟာ ပထမအချက်ပဲ၊
ဒုတိယအချက်ကတော့ အဲဒီလိုလျော့သွားပြီးရင် အသက် မှန်မှန်
ရှုရမယ်၊ ရှုသွင်းလိုက်တဲ့အသက်ဟာ ချက်အထိရောက်ပြီးမှ
ပြန်ထွက်သွားစေရမယ်၊ နှာခေါင်းဖျားလေးတင်ရှုနေတာ မဖြစ်
စေရဘူး၊ ပြီးတော့ အသက်ကိုမှုတ်ထုတ်လိုက်တိုင်း အရဟံလို့ဆို
ရမယ်၊ အသက်ရှုသွင်းလိုက်တဲ့အခါမှာ သိဒ္ဓိကိုအာရုံပြုပြီးသွင်းရ
မယ်၊ အဲဒါကို ရေတွက်တဲ့အခါမှာ အရဟံနဲ့သိဒ္ဓိတစ်စုံရမှ တစ်လို့
ရေရမယ်၊ ဒါပေမယ့် တကယ်ရေတဲ့အခါမှာတော့ တစ်ကစပြီး
ရေရဘူး၊ တစ်ဆယ်ကစပြီး ရေတွက်ရမယ်၊ အရဟံသိဒ္ဓိ တစ်
ဆယ်၊ အရဟံသိဒ္ဓိ ကိုး၊ အရဟံသိဒ္ဓိ ရှစ်၊ အရဟံသိဒ္ဓိ ခုနစ်၊
အရဟံသိဒ္ဓိ ခြောက်၊ အရဟံသိဒ္ဓိ ငါး၊ အရဟံသိဒ္ဓိ လေး၊ အရဟံ
သိဒ္ဓိ သုံး၊ အရဟံသိဒ္ဓိ နှစ်၊ အရဟံသိဒ္ဓိ တစ်ရယ်လို့ ကြီးရာကနေ
ငယ်ရာဆီအထိ အရေအတွက် မှန်ကန်ရမယ်၊ အရဟံသိဒ္ဓိ
တစ်စုံကိုရေတွက်တိုင်းမှာ လျှော့ပြီးသား အကြောတွေဟာ ထပ်ပြီး
လျှော့သွားတယ်လို့ စိတ်ကူးထားရမယ်၊ တကယ်လဲ လျှော့သွား
မယ်၊ အဲဒီလို နက်နက်နဲနဲ အကြောတွေ၊ ကြွက်သားတွေ လျော့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးတော့ စိတ်ကိုငြိမ်ငြိမ်ထားပြီး တွေးရမယ်၊ ခင်ဗျားဟာ သိဒ္ဓိရှင်ကြီး ဖြစ်သွားပြီ၊ ခင်ဗျားဆီကို လူတွေကလာပြီးတော့ သူတို့ ဒုက္ခတွေကို ပြောပြနေကြတယ်။ ခင်ဗျားကတော့ သိဒ္ဓိရှင်ကြီး ဆိုတော့ သူတို့ရဲ့ ဒုက္ခတွေကို ခင်ဗျားရဲ့သိဒ္ဓိနဲ့ ဖြေရှင်းပေးနိုင်တော့ အတော်ကိုပီတိ ဖြစ်နေတယ်၊ သိပ်ပြီးပျော်စရာကောင်းတဲ့ အဖြ တစ်ခုကို ခင်ဗျား ဖြစ်နေပြီ၊ ခင်ဗျားဟာ သိဒ္ဓိရှင်ကြီးဖြစ်ရလို့ ခင်ဗျားကိုယ်ခင်ဗျား သိပ်ပြီးကျေနပ်နေတယ်၊ အဲဒီမှာ ခင်ဗျားကို သိတဲ့လူကရော မသိတဲ့သူကရော ခင်ဗျားကိုအမျိုးမျိုးအဖုံဖုံ ပြော ဆိုနေကြတယ်၊ အံ့ဩနေကြတယ်၊ အဲဒါကိုလဲ ခင်ဗျားအာရုံထဲမှာ ခင်ဗျားမြင်ပစေ၊ ဒါဟာ စိတ်ကူးယဉ်ရမယ့်ကိစ္စနော်၊ နက်နက်နဲနဲ ယုံယုံကြည် ကြည်ကို စိတ်ကူးယဉ်ကြည့်ရမယ်၊ ဘာနဲ့ ဥပမာပေး မလဲဆိုတော့ ကျုပ်တို့ခင်ဗျားတို့ ငယ်ငယ်တုံးက သီတင်းကျွတ် ခါနီးမှာ သီတင်းကျွတ်တော့မယ်၊ သီတင်းကျွတ်တဲ့အတွက် ကျောင်းတွေလဲ ပိတ်ထားတော့မယ်၊ အဝတ်အစားအသစ်တွေလဲ ဝတ်ရတော့မယ်၊ အိမ်က မုန့်ဖိုးရတော့မယ်၊ အဲဒီမုန့်ဖိုးနဲ့ ကိတ်မုန့် တွေဝယ်ပြီး ဆွေမျိုးတွေ၊ အသိတွေအိမ်ကိုတက်ပြီး ကန်တော့မယ် အဲဒီအခါမှာအဲဒီအိမ်တွေကမုန့်ဖိုးတွေအများကြီးထပ်ပေးလိုက်မယ် အဲဒီလို မုန့်ဖိုးတွေ အများကြီးရလာရင် မီးပန်းတွေ ဝယ်လွှတ်မယ် ဗျောက်အိုးတွေ ဝယ်ပြီးဖောက်မယ်၊ ပွဲဈေးတန်းကိုသွားပြီး မုန့်တွေ ဝယ်စားမယ်၊ ရဟတ်တွေ၊ ခြားတွေစီးမယ်လို့ မျှော်လင့်စိတ်ကူးခဲ့ဖူး တယ် မဟုတ်လား၊ အဲဒီလိုကို စိတ်ကူးရမယ်၊ အဲဒီတုန်းက ပျော်ခဲ့ သလိုကို ပျော်ရမယ်၊ အဲဒီစိတ်ကူးယဉ်အိပ်မက်ကြီးကို နေ့စဉ်လုပ်





ရမှာနော်၊ ပထမမှာ မိနစ်အနည်းငယ် လုပ်ရမယ်၊ နောက်ကြာ လာရင် တစ်နာရီ၊ နှစ်နာရီ ကြာတဲ့အထိ ကောင်းကောင်းကြီး စိတ်ကူးထားရမယ်၊ ပြီးတော့ ခင်ဗျားမက်တဲ့ စိတ်ကူးယဉ် အိပ်မက် ကြီးကို ပါးစပ်နဲ့ဖွင့်ထုတ်ပြီး ...

**ငါ သိဒ္ဓိရှင်ဖြစ်ပြီ။**

**ငါ့မှာ တန်ခိုးသိဒ္ဓိတွေ ပြည့်ဝနေပြီ။**

**ငါဟာ အဲဒီတန်ခိုးသိဒ္ဓိတွေကို အသုံးချလို့ရပြီ။**

ဆိုတာကို ရွတ်ဆိုရမယ်၊ ကျယ်ကျယ်ဆိုဆို တိုးတိုးဆိုဆို ခင်ဗျားရဲ့ဆိုသံကို ခင်ဗျားရဲ့ မနောကကြားအောင် ဆိုရမယ်၊ အခု ကျုပ်ပြောတာ နမူနာပဲ။ အဲဒါကုန်ကြမ်းပဲ။ အဲဒါကို ခင်ဗျားနဲ့ ကိုက်ညီအောင်ပြုပြင်ပြောင်းလဲပြီး စိတ်ကူးယဉ်ခွင့်ရှိတယ်၊ စိတ်ကူးယဉ်တာက အလုပ်တစ်ခု၊ ပါးစပ်နဲ့ဆိုတာက အလုပ်တစ်ခု နော်၊ ဒီကျင့်စဉ်မှာက အလုပ်နှစ်ခု ပူးပေါင်းထားတယ်၊ ပါးစပ်နဲ့ လုပ်တဲ့ ကိစ္စကတကယ်ဖြစ်တာပါလို့ အတည်ပြုတာ၊ စိတ်ကူး ယဉ်တဲ့ကိစ္စက လွတ်လွတ်လပ်လပ်ကြီး ကိုယ်ဖြစ်ချင်တာကို ဖြစ် နေပြီလို့ စိတ်ကူးတာ၊ စိတ်ကူးကို တကယ်ဖြစ်ပြီလို့ အတည်ပြု တဲ့ကိစ္စဟာ စဉ်းစားရင် လွယ်သလိုလိုနဲ့ တကယ်လုပ်တဲ့အခါမှာ ခက်တတ်ပါတယ်၊ကြိုးစားပြီးလုပ်ပါ၊ စိတ်ကူးယဉ်တဲ့အလုပ်ဟာ လေနဲ့တူတယ်၊ ရွတ်ဆိုပြီး အတည်ပြုရတဲ့ အလုပ်ကတော့ စော စောကလေကိုလက်နဲ့ဖမ်းပြီး ဝါးတန်းမှာချည်တဲ့အလုပ်မျိုးပေါ့ဗျ၊ အဲဒီတော့ ကျုပ်တို့မြန်မာစကားမှာ 'လေဖမ်း ဝါးတန်းချည် ကျင့် စဉ်' ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြော၍ အရှုးစည်ရာသည် ရင်ကိုကော့ကာ တောင်းကို ပိုက်ပြီး ထားဝယ်လုံချည်သံ ရွှမ်းရွှမ်းပေး၍ ထွက်သွားလေတော့ သတည်း။

❑



ကသောကမျော

မောင်မှတ်ကြီးသည် ဆယ့်တစ်နာရီခွဲခန့်တွင် မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဆမင်းတောင်းကလေးကိုပိုက်၍ ထိုင်နေသောအရှုးစည်ရာကို တွေ့ရလေ၏။ အရှုးစည်ရာသည် အပေါ်ပိုင်းကိုဗလာကျင်းထား၏။ အောက်ပိုင်း၌မူ မြောက်ပြင်လုံချည်ကို ဝတ်ထား၏။ ဖိနပ်မှာ သည်း သားရေပြောင်ဖိနပ်ဖြစ်၏။ သူသည်စီးကရက်ကို ဒ ဘုံး ရှာနေ၏။ မောင်မှတ်ကြီးနှင့်အကြည့်ချင်းဆုံသွားသောအခါ၌ အရှုးစည်ရာက ...

"ဘာတွေလုပ်နေတာတုန်း ရုံပိုင်ကြီးရဲ့"

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"လေဖမ်းပြီး ဝါးတန်းချည်နေတာ"

ဟု ပြောလိုက်ရာ အရှုးစည်ရာသည် သဘောကျ၍ပွန်း၍ ဘာခစ်ခစ်ရယ်လေ၏။ ထို့နောက် အရှုးစည်ရာက ...



www.burmeseclassic.com

www.burmeseclassic.com



"ရုံပိုင်ကြီးရေ၊ လေဖမ်းဝါးတန်းချည်တာတော့ ဟုတ်တယ်၊ အဲဒါက ကသောကမျောလုပ်ရတာနော်၊ ဒါတွေ ထားလိုက်ပါဦးလေ၊ ဟောဒီမှာ ငါးသလောက်ပေါင်းနဲ့ မဲဇလီဟင်းချိုလဲပါတယ်။ အအီပြေအောင် မရမ်းသီးလေးလဲ သုပ်လာတယ်၊ ထမင်းလေးကလဲ ကောင်းလိုက်တာ မပြောပါနဲ့တော့၊ ပုသိမ်ကျွဲဆန်ကို ရေခမ်းချက်လာတာ၊ ထမင်းလုံးလေးတွေကို ကော့နေတာပဲ၊ ထမင်းစားပြီးရင် အချိုတည်းဖို့ နံ့သာပုင့်ကပ်ပျောသီးက နှစ်လုံး၊ ပြစ်ပြစ်ကျိုထားတဲ့ ကျွဲနို့ကတစ်ခွက်၊ သိဒ္ဓိရှင်ဆေးပေါလိပ်က တစ်လိပ်၊ နေရာကျလိုက်တာ ရုံပိုင်ကြီးရေ၊ အဲဒါလေးတွေ သုံးဆောင်လိုက်ပါဦး"

ဟု ဆိုကာ ထမင်းပွဲကို ပြင်ပေးလေ၏။

ထိုအခါ မောင်မှတ်ကြီးလည်း မဲဇလီဟင်းချိုကို ရှုးခနဲ သောက်လိုက်၊ ငါးသလောက်ပေါင်းနှင့် ထမင်းကိုစားလိုက်၊ အနည်းငယ် အီသကဲ့သို့ရှိလာလျှင် မရမ်းသီးသုပ်ကို စားလိုက်နှင့်မြိန်ယှက်သော နံ့နက်စာကို ကောင်းစွာအရသာခံ၍ စားသောက်နေလေ၏။ မောင်မှတ်ကြီးသည် ထမင်းစားရင်း

"တော်တော်ကောင်းတဲ့ ငါးသလောက်ပေါင်းပဲ"

ဟု ပြောလိုက်ရာ အရှုးစည်ရာက ...

"မဲဇလီဟင်းချိုနဲ့ မရမ်းသီးသုပ်က ညှံ့နေပြီထင်တယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

"ဒီလိုမဟုတ်ပါဘူး ကိုယ့်လူရာ၊ ငါးသလောက်ပေါင်းက ကောင်းတယ်၊ မဲဇလီဟင်းချိုနဲ့ မရမ်းသီးသုပ်က ငါးသလောက်





ပေါင်းကို အအီပြေအောင် လုပ်ပေးတယ်၊ ခံတွင်းရှင်းအောင် လုပ်ပေးတယ်၊ အဲဒီတော့ မင်းသား ဖိုးစိန်ကြီးဟာ သိပ်ကောင်းတယ်၊ သူနဲ့တွဲတဲ့ မင်းသမီးသြဘာစိန်နဲ့ ဆိုင်းဝိုင်းဟာ မင်းသားဖိုးစိန်ကြီးကို အထောက်အကူပြုတယ်၊ အဲဒီတော့ ဖိုးစိန်ကြီးဇာတ်ပွဲဟာ ကြည့်ရသူပရိသတ်အဖို့ ရှုမငြီးတော့ဘူးပေါ့ဗျာ၊ အခုလဲ ဒီလိုပါပဲ"

ဟု ပြန်၍ပြောလိုက်လျှင် အရှုးစည်ရာက . . .

"ရုံပိုင်ကြီး စကားတတ်လာပြီ၊ ချိုမိုင်မိုင်ကတတ်ဖို့ပဲ လိုတော့တယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ငါးသလောက်ပေါင်းက အတော့ကို ဆူတယ်ဗျို့"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ အရှုးစည်ရာက

"ဆူမှာပေါ့ဗျာ၊ ကဝက်ကင်းငါးသလောက် စစ်စစ်ပဲ၊ ကဝက်ကင်းငါးသမ္မာန်အဆိုက်မှာ ကျုပ်ကိုယ်တိုင်သွားပြီး ဝယ်ထားတာဗျို့"

ဟု ပြောလိုက်လေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာ၏ စကားကိုနားထောင်ရင်း ထမင်းကိုစားနေ၏။ ထမင်းစား၍ပြီးသောအခါ အရှုးစည်ရာက နံ့သာပုင့်ကပ်ပျောသီးနှစ်လုံးကို ထုတ်၍ပေး၏။ ကျွဲနို့တစ်ဖန်ခွက်လည်း တိုက်လေ၏။ မောင်မှတ်ကြီးသည် နံ့သာပုင့်ကပ်ပျောသီးနှစ်လုံးကို စား၏။ ကျွဲနို့သောက်ကာနီး၌ အရှုးစည်ရာ၏ မျက်နှာကိုလှမ်း၍ကြည့်လိုက်၏။ ထို့နောက်...

"ဖြစ်ပါ့မလား ကိုယ်လူ၊ စောစောကပဲ မရမ်းသီးသုပ် အချဉ်တွေ စားထားတယ်၊ အခု နို့သောက်ရမှာဆိုတော့ အချဉ်နဲ့ နို့နဲ့မတည့်ဘူးလေ"

www.burmeseclassic.com



ဟု မေးလိုက်လေ၏။ အရူးစည်ရာက ရယ်လေ၏။ ပြီးလျှင် . . .

"သောက်မှာ သောက်စမ်းပါ ရုံပိုင်ကြီးရယ်၊ ဘာမှမပူပါနဲ့ ကျုပ်အားလုံး တာဝန်ယူပါတယ်"

ဟု ပြောလေ၏။

"ကိုယ်လူက ဘယ်လိုတာဝန်ယူမှာလဲ"

ဟု မောင်မှတ်ကြီးက မေးလိုက်လေ၏။

"မရမ်းသီးသုပ်နဲ့ ကျွဲနို့မတည့်လို့ ရုံပိုင်ကြီးသေသွားရင် ရုံပိုင်ကြီးရဲ့အလောင်း မြေကျတဲ့အထိ အစစအရာရာ တာဝန်ယူပါတယ်၊ ဟား ဟား ဟား ရုံပိုင်ကြီးသတိကောင်းသားပဲ၊ အဲဒီ ကျွဲနို့ သောက်မိတာနဲ့ စောစောကမရမ်းသီးသုပ်နဲ့တွေ့ပြီး ဒုက္ခရောက်တော့မယ်၊ မသောက်နဲ့ မသောက်နဲ့ အစားလေးတစ်လုတ်နဲ့ သေသွားရင် မကောင်းဘူး၊ မီးရထားရုံပိုင်ဟောင်း၊ ပတ္တမြားမိုး လုပ်ငန်းပိုင်ရှင် သူဌေးကိုမှတ်ကြီးတစ်ယောက် အရူးကျွေးတဲ့မရမ်းသီးသုပ်နဲ့ အရူးတိုက်တဲ့ ကျွဲနို့သောက်လို့ သေသွားပြီဆိုရင် လူကြားလို့မကောင်းဘူး၊ အဲဒီကျွဲနို့ကို ကျုပ်သောက်ပစ်လိုက်မယ်"

ဟု ဆိုကာ အရူးစည်ရာသည် မောင်မှတ်ကြီး၏လက်မှ ကျွဲနို့ခွက်ကိုယူကာ တငွပ်ငွပ်မော့ချလိုက်လေတော့၏။ မောင်မှတ်ကြီးလည်း သိဒ္ဓိရှင်ဆေးပေါ့လိပ်ကို ဖွာနေပြီဖြစ်၏။ အရူးစည်ရာသည် သူ၏နားတစ်ဖက်တွင် ညှပ်ထားသော စီးကရက်ကို ထုတ်၍ ဖွာ၏။

ထိုသို့ ဖွာရင်း ...





"ဘယ်လိုလဲ ရုံပိုင်ကြီး၊ ကျုပ်ပြောတဲ့ လေဖမ်းဝါးတန်း ချည်ကျင့်စဉ်က ခင်ဗျားနဲ့အဆင်ပြေရဲ့လား"

ဟု မေးလိုက်လေ၏။

"အဆင်ပြေပါတယ်၊ အခု အဲဒါကိုလုပ်နေတာပါပဲ"

ဟု မောင်မှတ်ကြီးက ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ အရူးစည်ရာက ...

"ဒီလိုရုံပိုင်ကြီးရဲ့၊ အခုအခါမှာခင်ဗျားဟာ ဂန္ဓာရီဓာတ်ခုံမှာ တက်ပြီးကနေပြီ၊ အဲဒီကတဲ့ ဓာတ်ရုပ်ဟာ မုဆိုးရုပ်၊ ငုံးဝန်ရုပ်၊ သူဌေးဘောဂရုပ်၊ ဝိဇ္ဇာဓိုရ်ရုပ်စတဲ့ ဓာတ်ရုပ်အမျိုးမျိုးရှိတဲ့အနက်မှာ ကိုယ်နှစ်သက်ရာ ဓာတ်ရုပ်နဲ့ကတာပေါ့ဗျာ၊ ဘယ်ဓာတ်ရုပ်နဲ့ပဲကက ပီပြင်အောင်ကဖို့လိုတယ်၊ အခု ခင်ဗျား ရွေးချယ်ထားတဲ့ ဓာတ်ရုပ်ဟာ ဝိဇ္ဇာဓိုရ် ဓာတ်ရုပ်ပဲ။ အခုကိုက ငါဟာ ဝိဇ္ဇာဓိုရ်ဖြစ်နေပြီလို့ ခိုင်ခိုင်မာမာ နှလုံးသွင်းတတ်အောင် ခင်ဗျားကို ကျုပ်ပြောခဲ့ပြီးပြီ။ ဆိုကြပါစို့ရဲ့ တကယ့်ဝိဇ္ဇာဓိုရ် ဖြစ်သွားတဲ့အဖြစ်ကို အမှတ်တစ်ရာလို့ ထားကြပါစို့၊ အခုအခါမှာ ခင်ဗျားဟာ ကျင့်စဉ်ကိုစပြီး လုပ်နေပြီဆိုတော့ တစ်မှတ်ရပြီဆိုကြ ပါစို့ဗျာ၊ အဲဒီတော့ ခင်ဗျားဟာ တစ်မှတ်တန်ဝိဇ္ဇာဓိုရ်ပဲ၊ အဲဒီတော့ တစ်မှတ်တန်ဝိဇ္ဇာဓိုရ်က သိဒ္ဓိတစ်မှတ်ဖိုးရှိမှာပေါ့ဗျာ၊ ဒါပေမယ့် တစ်ရာတန်ဝိဇ္ဇာဓိုရ်နဲ့တော့ ယှဉ်လို့တော့ ဘယ်ရမလဲ၊ တစ်မှတ်နဲ့ တစ်ရာက အပုံကြီးကွာတယ်မဟုတ်လား၊ အဲဒီတော့ ခင်ဗျားအနေနဲ့ တစ်မှတ်တန် ဝိဇ္ဇာဓိုရ်ဟာ သိဒ္ဓိဘယ်လောက်ရှိမလဲလို့ စမ်းကြည့်ဖို့လိုတယ်၊ အကောင်းဆုံးစမ်းတဲ့နည်းကတော့ သိပ်မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ ရောက်လာမယ့် အနာဂတ်ကိုခင်ဗျားရဲ့ မနောရုပ်သွင်မှာ ပုံဖော်ကြည့်ဖို့ပါပဲ၊ ဥပမာဗျာ ဒီတရုတ်သချိုင်းကုန်းကြီးဟာ လူသွားလူလာ မရှိဘူး၊ တစ်နှစ်နေမှ တရုတ်မသာလေးဘာလေး တစ်လောင်းတစ်လေချတာ၊ အဲဒီကျတော့မှပဲ လူလေးနည်းနည်းပါးပါးတွေ့ရတယ်၊ အစဉ်သဖြင့်ကတော့ ဟောဟို သချိုင်းဇရပ်က သချိုင်းစောင့် အဘိုးကြီးရယ် စည်ရာဆိုတဲ့ အရူးတစ်ယောက်ရယ်၊ ကိုမှတ်ကြီးဆိုတဲ့ လူတစ်ယောက်ရယ်ပဲ ရှိနေတာဗျာ၊ အင်မတန်ခေါင်တဲ့ သချိုင်းကြီးပဲဥစ္စာ၊ အဲဒီတော့ အခုလာမယ့် သီတင်းကျွတ်လပြည့်နေ့မှာ ခင်ဗျားပတ်လည်မှာလာပြီး ဖယောင်းတိုင်တွေထွန်းကြ၊ အစားအသောက်တွေလာပြီး ပို့ကြ၊ ပန်းတွေလာပြီးကြဲကြပြီး ခင်ဗျားကျင့်ကြံတာကို လူတွေပူဇော်ကြတယ်လို့ ခင်ဗျားရဲ့ တစ်မှတ်တန်သိဒ္ဓိနဲ့ ဖန်တီးကြည့်ပါလား၊ အဲဒီလိုဖန်းတီးကြည့်လို့ ဖြစ်ပြီဆိုရင် ခင်ဗျားရဲ့သိဒ္ဓိဟာ တကယ့်ကိုတစ်မှတ်တန်သိဒ္ဓိဖြစ်ပြီပေါ့ဗျာ၊ အဲဒီလိုပဲ သီတင်းကျွတ်လပြည့်ဆိုရင် ဘယ်လိုဖြစ်စေ၊ တန်ဆောင်မုန်းလပြည့်ဆိုရင် ဘယ်လိုဖြစ်စေ စသည်ပေါ့ဗျာ ဓာတ်လမ်းအတိုအထွာတွေကို ကရမယ်၊ အဲဒါကြောင့်မို့လို့ 'က' လို့မှတ်ထား"

ဟု ပြောလိုက်လေ၏။

မောင်မှတ်ကြီးသည် အရူးစည်ရာ ပြောသောစကားများကို လေးလေးနက်နက် စဉ်းစားရင်း နားထောင်ခဲ့လေ၏။ ပြီးလျှင် မောင်မှတ်ကြီးက ...

"ဆက်ပြီး ပြောစမ်းပါဦး ကိုယ့်လူ"

☺ ပြီးပါပြီ ☺



ဟု ပြောလိုက်လေ၏။

ထိုအခါ အရူးစည်ရာက ...

"အဲဒီလို 'က'ဆိုတဲ့ လုပ်ငန်းစဉ်မှာ အောင်မြင်ခဲ့လို့ရှိရင် ရုံပိုင်ကြီးရဲ့ ပတ်လည်မှာ ဖယောင်းတိုင်တွေ ထွန်းထားလိမ့်မယ်၊ စားစရာတွေ လာပူဇော်လိမ့်မယ်။ ပန်းတွေကြဲထားလိမ့်မယ်၊ အဲဒါဆိုရင် ရုံပိုင်ကြီးရဲ့လုပ်ငန်းဟာ အောင်မြင်ပြီပဲ၊ အဲဒီလို ကိုယ့်ရဲ့ သိဒ္ဓိစေစားကြည့်ရမယ်၊ ဒုတိယကျင့်စဉ်ကတော့ အဲဒီအချိန်မှာ ရုံပိုင်ကြီးပတ်ဝန်းကျင် ပတ်ပတ်လည်မှာ ဖယောင်းတိုင်တွေ လာထွန်းထားတာ၊ စားစရာတွေလာပို့တာ၊ ပန်းတွေကြဲထားတာတွေဟာ သီတင်းကျွတ်လပြည့်နေ့မှ မဟုတ်ဘဲ အခုကိုရောက်နေပြီလို့ အာရုံမှာ ထင်မြင်တတ်ရမယ်၊ အဲဒါကို နေ့စဉ် ထင်မြင်ပေးရင် သီတင်းကျွတ်လပြည့်နေ့ညမှာ အမှန်တကယ်ကို ဖြစ်လာလိမ့်မယ်။ အဲဒီလို လုပ်ပါလျက်နဲ့ ဖြစ်မလာဘူးဆိုရင် ခင်ဗျားဟာ တစ်မှတ်ကို မတန်တဲ့ ဝိဇ္ဇာမိုရ်ရလို့ ကိုယ့်ဟာကိုယ်သိပြီး ရယ်မောခံလိုက်ရုံပဲ၊ စိတ်ဓာတ်ကျဖို့ မဟုတ်ဘူး၊ ဆုတ်နစ်ဖို့မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်သိဖို့ပဲ။ ဒီလုပ်ရပ်ကို သဲသဲမဲမဲကြီးတော့ လုပ်ရမယ်၊ ဒါပေမယ့် ဖြစ်မလာရင်တော့ သိပ်ပြီးမခံစားနဲ့၊ ရယ်စရာသာ လုပ်ခံလိုက်ရမယ်၊ ပြီးတော့ ဆက်ပြီးကြိုးစားရမယ်၊ ဒါဟာ ဓာတ်စင်ပေါ်မှာ မင်းသားက က,ရင်း အရွှမ်းဖောက် အသောလုပ်တဲ့ လုပ်ရမ်ချိုးပဲ၊ ဒါကြောင့် ဒီကျင့်စဉ်ကို 'သော' လို့မှတ်ရမယ်"

ဟု ပြောလိုက်လေ၏။

☺ ပြီးပါပြီ ☺

www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်ကြီးသည် အရှူးစည်ရာ ပြောသည်များကို လေးလေးနက်နက် နားထောင်၍ခေါင်းတညိတ်ညိတ် ဖြစ်နေလေ၏။ ထို့နောက် မောင်မှတ်ကြီးက ...

"ဆက်ပြီးပြောပါဦး ကိုယ့်လူရဲ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ အရှူးစည်ရာက ...

"ဆက်ပြီး ပြောရမယ်ဆိုရင် ရုံပိုင်ကြီးဟာ လောကီဓာတ်ခုံမှာ ဝိဇ္ဇာမိုရ်ဓာတ်ရုပ်နဲ့ ကနေတာမဟုတ်လား၊ ဆက်ပြီး ကရမှာပေါ့၊ အရင်က အာရုံမှာထင်မြင်ထားတဲ့ အကြောင်းအရာတစ်ခုဆိုပါတော့၊ သီတင်းကျွတ် လပြည့်နေ့ညမှာ ကိုယ့်ဘေးမှာဖယောင်းတိုင်တွေ လာထွန်းမယ်၊ စားစရာတွေလာထားမယ်၊ ပန်းတွေလာကြဲမယ် ဆိုကြပါစို့ရဲ့၊ အဲဒါပဲ ဆက်ပြီးလုပ်ရမယ်၊ ဒါပေမယ့် ဒီတစ်ခါ လုပ်တာဟာ ပထမလုပ်တာနဲ့ မတူတော့ဘူး၊ ပိုပြီး ပီပြင်ပြတ်သားရမယ်၊ အာရုံမှာ ပိုပြီးထင်ရှားအောင် လေ့ကျင့်ရမယ်၊ ပထမလေ့ကျင့်ခန်းဟာ 'က'ဆိုရင်၊ အခုလေ့ကျင့်ခန်းဟာလဲ 'က' ပါပဲ၊ အလွန်ပြတ်သားတဲ့ 'က' ပါပဲ"

ဟု ပြောရင်း၊ အရှူးစည်ရာသည် သောက်လက်စ စီးကရက်တိုကို လွှင့်ပစ်လိုက်လေ၏။

မောင်မှတ်ကြီးသည် အရှူးစည်ရာ၏ ပြောပြချက်များကို ပီတိဖြစ်နေ၏။

ထို့နောက် မောင်မှတ်ကြီးက ...

"ကဲ ကိုယ့်လူ ဆက်ပြီးပြောပါဦး"

ဟု ပြောလိုက်လျှင် အရှူးစည်ရာက ...





"အခု ကျုပ်ပြောတဲ့ကျင့်စဉ်က စတုတ္ထကျင့်စဉ်နော်၊ အဲဒီကျင့်စဉ်က အာရုံထဲလွှင့်မျှောရမယ်၊ အဲဒီလိုမျှောပြီး အာရုံထဲမှာ အမြဲတွေးနေမယ်၊ မျှောပြီး မူလပန်းတိုင်ကြီးကို မပျောက်အောင် တွေးရမယ်၊ ဝိဇ္ဇာမိုရ်ကြီး ဖြစ်ပြီဆိုရင် 'ဖြစ်ပြီ'၊ ဖြစ်တဲ့အခါမှာ ဘယ်လိုကျေနပ်ဖို့ကောင်းတယ်၊ ဘယ်လိုအဆင်ပြေတယ်ဆိုတာတွေကို ဒရစပ်တွေးရမယ်၊ တွေးတဲ့အခါမှာ အဖြစ်ဘက်ကချည်း တွေးရမယ်၊ စိတ်ကို ရေစုန်မျှောသလို မျှောပြီးတွေးရမယ်၊ တွေးလိုက်တိုင်း ဒါကိုချည်းတွေးရမယ်၊ အာရုံထဲမှာ မျှောနေရတဲ့အတွက် ဒီကျင့်စဉ်ကို '**မျှော**' လို့ခေါ်မယ်။ အဲဒီတော့ ဒီကျင့်စဉ်မှာကျင့်စဉ်လေးခုရှိတယ်၊ **ကသောကမျှော** ပေါ့၊ ကဲ ... ကျုပ်သွားမယ်"

ဟု ဆိုကာ ရင်ကိုကော့၍ ထမင်းတောင်းကို ထမ်းကာ မြောက်ပြင်လုံချည်သံ တရှမ်းရှမ်းဖြင့် ထွက်သွားလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## ဝ မရှိဘဲ ဝိလုပ်ခြင်း

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး လေးလခန့်ကြာသောအခါ၌ သီတင်းကျွတ်လပြည့်နေ့သို့ ရောက်ရှိလာလေ၏။ ထိုအချိန်သို့ မရောက်မီအတွင်း အချိန်တိုင်းလိုလို၌ မောင်မှတ်ကြီးသည် သီတင်းကျွတ်လပြည့်နေ့တွင် မိမိ၏ဘေးပတ်လည်တွင် ဖယောင်းတိုင်များ ထွန်းညှိထားခြင်း၊ စားသောက်ဖွယ်ရာများ ရောက်ရှိနေခြင်း၊ ပန်းများကြဲထားခြင်း၊ စသည်တို့ကိုအာရုံပြုခဲ့၏။ သူ၏အာရုံသည် အရှုးစည်ရာပြောသည့်အတိုင်း တဖြည်းဖြည်း ကြည်လင်ပြတ်သားလာ၏။

သူသည်သူ၏ သိဒ္ဓိကိုစမ်းသပ်ရန်အလို့ငှာ ဤသို့အာရုံပြုထားခြင်းဖြစ်၏။

သီတင်းကျွတ်လပြည့်နေ့ ညနေငါးနာရီထိုးလောက်တွင် တာမွေအဝိုင်းကြီး ဆိုက်ကားဂိတ်မှ သူတော်ဆိုသည့်ဆိုက်ကား





သမားလေး တစ်ဦးသည်ဆိုက်ကားနင်းလာရင်း အပေါ့သွားလိုသဖြင့် သချိုင်းဂိတ်ဝအနီး၌ ဆိုက်ကားကိုရပ်ပြီး အတွင်းသို့ဝင်ကာ အပေါ့သွားစဉ် မောင်မှတ်ကြီးထိုင်နေသည်ကို အမှတ်မထင်မြင်တွေ့ရ၏။ မောင်မှတ်ကြီး ယခုကဲ့သို့ ထိုင်နေသည်ကို ယခင့်ယခင်ကလည်း သူတော်သည် သတိပြုမိခဲ့၏။ ယခုအကြိမ်၌ ပို၍သတိပြုမိလေ၏။ ၎င်း၏စိတ်၌လည်း ...

"ဩော် ဒီလူကြီးဟာ သူတော်စင်ကြီးပဲ၊ အမြဲတမ်းဒီနေရာမှာ တရားထိုင်နေလေ့ရှိတာပဲ၊ အနားကို ငါသွားပြီးကြည့်ဦးမှ"

ဟု တွေးကာ မောင်မှတ်ကြီးရှိရာသို့ သွားပြီးလျှင် အနီးကပ် လေ့လာကြည့်ရှုလေ၏။ မောင်မှတ်ကြီးသည် ကျောက်ဆစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာထိုင်နေသည်ကို တွေ့လျှင်ဆိုက်ကားသမားသူတော်သည် မကြည်ညိုဘဲ မနေနိုင်အောင် ဖြစ်လာလေတော့၏။ ထို့နောက် ၎င်း၏စိတ်၌ ...

"ဘာပဲဖြစ်ဖြစ် ဒီနေ့ဟာ သီတင်းကျွတ်လပြည့်နေ့ပဲ၊ ဒီလိုအခါကြီး ရက်ကြီးမျိုးမှာ ငါဆိုက်ကားနင်းလို့ ရထားတဲ့ ချွေးနဲ့စာငွေကလေးနဲ့ ဒီပုဂ္ဂိုလ်ကြီးကို ပူဇော်သင့်တယ်"

ဟု တွေးမိသည့်အလျောက် သူတော်သည် ကပျာကယာပြန်၍ထွက်လာပြီးလျှင် ဆိုက်ကားကိုနင်း၍ ကျောက်မြောင်းဈေးဘက်သို့သွားကာ ဖယောင်းတိုင်များ၊ အမွှေးတိုင်များ၊ ပန်းများ၊ ငှက်ပျောသီးများ၊ သြဇာသီးများ ဝယ်ယူလေ၏။

ထို့နောက် မောင်မှတ်ကြီးဆီသို့ ပြန်လာပြီးလျှင်မောင်မှတ်ကြီးအနီး၌ ဖက်များခင်း၍ဝယ်လာခဲ့သော သစ်သီးများကိုပုံ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ပြီးလျှင် သူတော်သည် မောင်မှတ်ကြီးအနီးတွင် ဖယောင်းတိုင်များ ထွန်းလေ၏။ ၎င်း၏အသက်မှာ နှစ်ဆယ့်ငါးနှစ်ဖြစ်၍ ၎င်း၏သက်စေ့ဖယောင်းတိုင် နှစ်ဆယ့်ငါးတိုင်ထွန်းကာ ကျောက်ဆစ်ရုပ်ကဲ့သို့ ထိုင်နေသော မောင်မှတ်ကြီးအား ကန်တော့လေ၏။ ပြီးလျှင် ...

"ဆိုက်ကားနင်းသောဘဝမှ ယုန်တံဆိပ်မော်တော်ကားမောင်းရသော ဒါရိုင်ဘာဘဝသို့ ရောက်ရပါလို၏"

ဟု ဆုတောင်း၏။ သချိုင်းအပြင်ဘက်မှ ဖြတ်သွားကြသော လမ်းသွားလမ်းလာတို့သည် သချိုင်းကုန်းအတွင်းဘက်မှ မီးရောင်ကိုမြင်လျှင် ရပ်၍ကြည့်ကြကုန်၏။ ထိုသို့ရပ်၍ကြည့်ကြသောအခါ ပိတ်ဖြူစင်ကြယ် အဝတ်နှင့်ဖယောင်းတိုင်များ ထွန်းထားသော မောင်မှတ်ကြီးကိုမြင်လျှင် သချိုင်းကုန်းအတွင်းသို့ ဝင်လာကြကုန်၏။ ထိုအခါ ပန်းများ၊ အမွှေးတိုင်များ၊ သစ်သီးများနှင့် ထိုင်၍ကန်တော့နေသော သူတော်ကိုမြင်လျှင် ၎င်းတို့လည်း ဘုမသိ ဘမသိနှင့် ထိုင်၍ ကန်တော့ကြကုန်၏။

ပြီးနောက် သူတော်အားမေးမြန်းကြည့်ရာ မောင်သူတော်က ...

"ကျွန်တော်လဲ အကျအန မသိပါဘူး၊ ကျွန်တော်ကတာမွေအပိုင်း ဆိုက်ကားဂိတ်ကပါ၊ ဒီနားကိုရောက်တိုင်း ဒီပုဂ္ဂိုလ်ကြီး ထိုင်နေတာကို အမြဲလိုလို တွေ့ရပါတယ်၊ ဒါကြောင့် အခုလိုသိတင်းကျွတ်လပြည့်ရက်မှာ ကျွန်တော့်ရဲ့ ချွေးနဲ့စာကလေးနဲ့ လာပြီးကန်တော့တာပါ"

☺ ပြိုးစာပေ ☺



ဟု ရှင်းပြလိုက်လျှင် လမ်းသွားလမ်းလာများ အနက်မှ တစ်ယောက်သောသူက ...

"ဒါ သူတော်ကောင်းပေါ့၊ အခုခေတ်က ကလိယုဂ်ခေတ်၊ သူတော်ကောင်းရှားနေပြီ၊ အခုလို ကြုံကြိုက်တုန်း ပူဇော်မှ၊ ပူဇော်တယ်ဆိုတော့ လက်ချည်းမကောင်းဘူး၊ ပူဇော်ဖို့ ပစ္စည်းလေးပါမှ"

ဟုပြောဆိုကာ ထွက်သွားလေ၏။ ထိုအခါကျန်သော လမ်းသွားလမ်းလာများကလည်း ထိုသူ၏စကားကိုသဘောကျပြီး ၎င်းတို့လည်း ပူဇော်မည်ဟုဆိုကာ ထွက်သွားကြလေတော့၏။

များမကြာမီ၌ ထိုသူတို့သည် လှူဖွယ်ပစ္စည်း အပြည့်အစုံဖြင့် ပြန်လာကြတော့၏။ ကိတ်မုန့်များ၊ ငှက်ပျောသီးများ၊ သြဇာသီးများကို မောင်မှတ်ကြီး၏ရှေ့၌ ဖက်ဖြင့်လာ၍ပုံကြ၏။ မောင်မှတ်ကြီး၏ ဘေးပတ်ပတ်လည်၌လည်း နှင်းဆီပန်းများ၊ ငွေပန်းများ၊ စံပယ်ပန်းများလာရောက်၍ ကြဲဖြန့်ထားကြလေ၏။ ဖယောင်းတိုင်များလည်း ထွန်းညှိပူဇော်သည်ဖြစ်ရာ မောင်မှတ်ကြီး၏ဘေးပတ်ပတ်လည်တွင် ဖယောင်းတိုင်မီးများ ထိန်ထိန်ညီးနေလေတော့၏။ ၎င်းတို့ပြုလုပ်နေသည်ကို ကြည့်၍ အခြားသော လမ်းသွားလမ်းလာများလည်း ဝင်ရောက်လာကြပြီး ၎င်းတို့ကဲ့သို့ပင် ပြုလုပ်ရာ မီးထွန်းစရာနေရာမရှိ၍ အုတ်ဂူများပေါ်တွင်ပင် မီးများထွန်းညှိထားကြလေကုန်၏။ လူများမှာလည်း ရုတ်ရုတ်သဲသဲ အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေကုန်၏။ သချိုင်းတစ်ခုလုံးသည် မီးများထိန်ထိန်ညီးလျက် ရှိ၏။

☺ ပြိုးစာပေ ☺

www.burmeseclassic.com



(မှတ်ချက် ။ ။ ထိုသချိုင်းအနီးတစ်ဝိုက်တွင် နေခဲ့ကြသော ထိုခေတ်က လူများသည် ဗျိုင်းရေအိုးစင်သချိုင်း အတွင်း မီးများထိန်လင်းခဲ့သော သီတင်းကျွတ် ညတစ်ညကို မှတ်မိကြပေလိမ့်မည်။ လူများ အလွန်များပြားသဖြင့် တာမွေဂတ်မှ ပုလိပ် အစောင့်များပင် ပို့ထားရလေတော့၏။ စာရေးသူ)

ညဉ့်နက်ပိုင်းသို့ ရောက်သောအခါ၌ လူများတစ်စထက် တစ်စ ရှဲသွား၏။ နာရီပြန်နှစ်ချက်ထိုးလောက်တွင် အစောင့်ချ ထားသော ပုလိပ်များပင် ပြန်သွားကြလေပြီဖြစ်၏။ မောင်မှတ်ကြီး လည်း မျက်လုံးကိုဖွင့်လိုက်၏။ ထိုအချိန်၌ ၎င်း၏ရှေ့တည့်တည့် တွင် စီးကရက်ကိုဖွာနေသော သူဌေးဝါးလားပုဆိုးကို ဝတ်ထား သည့် အရှူးစည်ရာကို တွေ့ရလေ၏။

အရှူးစည်ရာက မောင်မှတ်ကြီးအား ...

"ဟဲလို ယွာအိပ်စလဲလင်နဲ့စီ ရုံပိုင်ကြီး၊ ခင်ဗျားသိဒ္ဓိဟာ လိုတာထက်တောင် ပိုပြီးလျှံကျနေပြီ၊ ခင်ဗျားအေးမှာ ကြည့်လိုက် စမ်းပါဦး၊ ထွန်းထားတဲ့ ဖယောင်းတိုင်တွေ လာပြီး လှူဒါန်းထားတဲ့ သစ်သီးတွေ၊ ကိတ်မုန့်တွေ၊ ကြဲထားတဲ့ပန်းတွေ မနည်းပါလား။ အဲဒီတော့ ဘယ်လိုလုပ်မလဲ မနက်မိုးလင်းရင် လူတွေလာကြတော့ မယ်၊ ခင်ဗျားကို လှူကြ တန်းကြ ပူဇော်ကြ ရှိခိုးကြ လုပ်ကြတော့ မယ်၊ အဲဒီလို လူစည်ကားရင် ခင်ဗျားကျင့်ရမယ့် ကျင့်စဉ်တွေ မကျင့်နိုင်တော့ဘဲ ဖြစ်တော့မယ်"





ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

"ဟုတ်တယ် ကိုယ့်လူ အဲဒါကို ကျုပ်ဘယ်လိုလုပ်ရမလဲ"

ဟု ပြန်၍မေးလိုက်လေ၏။

ထိုအခါ အရှူးစည်ရာက ...

"လူတွေရင် ဂူရှေ့ပေါ့ ရုံပိုင်ကြီးရယ်၊ ဒီမှာနေလို့ မဖြစ် တော့ဘူး"

ဟု ပြောလိုက်လေ၏။

"ဘယ်ကိုရွှေ့ရမလဲ ကိုယ့်လူရဲ့"

ဟု မောင်မှတ်ကြီးက ပြန်၍မေးလိုက်လေ၏။ ထိုအခါ အရှူးစည်ရာက ...

ရုံပိုင်ကြီး နည်းနည်းမျက်စိမှိတ်ပြီး နောက်ရွှေ့ရမယ့် နေရာကို အာရုံယူကြည့်ပါဦး၊ မြင်မှာပါ၊ လုပ်ကြည့်ပါဦး"

ဟု ပြောလျှင် မောင်မှတ်ကြီးသည် မျက်စိမှိတ် အာရုံပြု ကြည့်လိုက်ရာ ငါးထပ်ကြီးဘုရားအား ကင်းဘဲလ်လမ်း(ယခု ငါး ထပ်ကြီးဘုရားလမ်း) ဘက်မှတက်ရသော တန်ဆောင်းနှင့် မလှမ်း မကမ်းတွင်ရှိသော ဆွေတော်မျိုးတော်သချိုင်းကို မျက်စိထဲတွင် သွား၍ ကွက်ခနဲမြင်လေ၏။ ထို့ကြောင့် ၎င်းက ...

"ဒီမှာ ကိုယ့်လူ၊ ငါးထပ်ကြီးဘုရားတန်ဆောင်းအေးမှာရှိ တဲ့ ဆွေတော်မျိုးတော် သချိုင်းကိုအာရုံထဲမှာ မြင်ရတယ်"

ဟု ပြောလိုက်ရာ အရှူးစည်ရာက ...

"ကဲ ဒီလိုဆိုတော့လဲ အဲဒီကိုရွှေ့ရမှာပေါ့၊ ဟောဒီမုန့်တွေ သစ်သီးတွေကတော့ နီးရာဘုန်းကြီးကျောင်းတစ်ကျောင်းသို့ပူဇော်ခဲ့ တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလျှင် မောင်မှတ်ကြီးလည်း ထိုင်ရာမှထလေ၏။

ထိုအခါအရှုးစည်ရာက ...

"နေဦး ရှုံပိုင်ကြီးရဲ့၊ ကျုပ် ထုံးနည်းနည်း သွားယူလိုက်ဦးမယ်၊ ခင်ဗျားဆီကိုလာတဲ့ လူတွေအတွက် စာလေးနည်းနည်း ရေးခဲ့ဦးမယ်၊ နှုတ်ဆက်တဲ့သဘောပေါ့"

ဟု ပြောလေ၏။ ထို့နောက် အရှုးစည်ရာသည် အပြင်ဘက်သို့ ထွက်သွားပြီးလျှင် ထုံးအနည်းငယ် ယူလာ၏။ မောင်မှတ်ကြီးလည်း ထိုထုံးကိုရေဖြင့်ဖျော်၍ အနီးရှိ အုတ်ဂူတစ်ခုတွင် အောက်ပါစာကို ရေးခဲ့လေတော့၏။

> ဝမရှိပဲ ဝိလုပ်တာပါ

မောင်မှတ်ကြီးနှင့် အရှုးစည်ရာတို့သည် စာရေးပြီးနောက် နေရာရွှေ့ကြလေတော့၏။

နံနက်မိုးလင်းသောအခါ၌ ပူဇော်ကန်တော့ရန် လူများ ရောက်ရှိလာ၏။ သို့ရာတွင် မောင်မှတ်ကြီးကို မတွေ့ရတော့ဘဲ အုတ်ဂူတွင်ရေးထားသော စာကိုသာတွေ့ကြရတော့၏။ အချို့ အတိတ်ကောက်ခြင်းကို ဝါသနာပါသူတို့သည် ထိုစာကိုအတိတ် ကောက်ကြကုန်၏။

"ဝမရှိပဲ ဝိလုပ်တာဆိုတော့ ဝိကိုပဲယူရမှာပဲ၊ ဝိဆိုတာ အင်္ဂလိပ်ဂဏန်းရှစ်နဲ့တူတယ်၊ ဒါကြောင့် ဒီနေ့မြင်းပွဲမှာ နံပါတ် (၈)ကို အပိုင်လောင်းမယ်"

☺ ပြီးစာပေ ☺



ဟု ပြောသူက ပြောကြကုန်၏။

(မှတ်ချက် ။ ။ ထိုနေ့က မြင်းပွဲ၌နံပါတ် (၈)တံဆိပ်တပ်ထားသော စိန်ဂျူဗလီဆိုသည့်မြင်းသည် အနိုင်ရရှိသွားလေ၏။ ဤသည်မှာ တိုက်ဆိုင်ခြင်း ဟုဆိုက ဆိုနိုင်သည်။

စာရေးသူ)

မောင်မှတ်ကြီးနှင့်အရှုးစည်ရာတို့သည် သစ်သီးနှင့်မုန့်များကို ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် လှူပြီးနောက် ငါးထပ်ကြီးဘုရားရှိ ဆွေတော်မျိုးတော် သင်္ချိုင်းဆီသို့ သွားရောက်ခဲ့ကြ၏။ အရှုးစည်ရာသည် အနီးရှိဘုန်းကြီးကျောင်းတစ်ကျောင်းမှ ပေါက်တူးကိုငှား၍ ဂူအကြားကွက်လပ်တစ်နေရာကို မောင်မှတ်ကြီးအတွက် ခုတ်ထွင်ရှင်းလင်းပေး၏။ ထို့နောက် မောင်မှတ်ကြီးအား

"ကဲ ယူအိပ်စဲလင်နိစီ၊ ဒီမှာထိုင်လို့ရပြီ၊ ဒီမှာ ထိုင်ပေတော့၊ ဘရိတ်ဖတ်စ်ကိုတော့ ကျွန်ုပ်မောင်စည်ရာ သွားပြီးစီစဉ်လိုက်မယ်၊ ဆွေတော်မျိုးတော်တွေရဲ့ ဂူတွေနားမှာဆိုတော့ ဒီမနက်စာကို ညစ်ညမ်းတဲ့အစားအသောက်မစားဘဲ ကော်ဖီ၊ နံကထိုင်ရယ် ကောက်ညှင်းနန်းကထိရယ် သုံးဆောင်ရမယ်"

ဟု ပြောကာထွက်သွားလေ၏။ များမကြာမီ၌ အရှုးစည်ရာသည် ကော်ဖီတစ်ခွက်၊ နံကထိုင်မုန့်တစ်ခုနှင့် ကောက်ညှင်းနန်းကထိတစ်ပန်းကန်ယူ၍ ရောက်ရှိလာလေ၏။ မောင်မှတ်ကြီးလည်း ထိုအရာများကို မြိန်ယှက်စွာစားသောက်လေ၏။

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စားသောက်ပြီးနောက် အရှူးစည်ရာက ...

"ကဲ ကျုပ်ပြန်မယ်၊ လုပ်စရာရှိတာ ဆက်လုပ်ပေတော့"

ဟု ပြောပြီးလျှင် ပန်းကန်ခွက်ယောက်များကို ကိုင်၍ သုတ္တေးဝါးလား လုံချည်သံတရွှမ်းရွှမ်း မြည်စေလျက် ရင်ကိုကော့ကာ ထွက်သွားလေသတည်း။

❑



## သရဲခြောက်လိမ့်မယ်

မောင်မှတ်ကြီးသည် ဆွေတော်မျိုးတော်သချိုင်းအလယ်၌ရှိသော မြေကွက်တွင် ထိုင်၍နေလေ၏။ နေ့ခင်း ဆယ့်တစ်နာရီခန့် ရောက်သောအခါ အရှူးစည်ရာသည် ရောက်လာ၏။ အရှူးစည်ရာသည် ပိန်းတန်းဖိနပ်ကို စီးထား၏။ အကောင်းစား ဆိပ်ခွန်လုံချည်ကို ဝတ်ထား၏။ ထုံးစံအတိုင်း အပေါ်၌မူ ဗလာကျင်းထား၏။ ယခုအခါ၌မူ ကိုင်နေကျ ထမင်းတောင်းကို မကိုင်တော့ဘဲ လွန်စွာကြီးမားသော ကြိမ်ခြင်းတောင်းကြီးတစ်ခုကို ဆွဲလာ၏။ အရှူးစည်ရာသည် မောင်မှတ်ကြီးကို တွေ့လျှင် ပြုံးပြလိုက်၏။ ထို့နောက် ...

"ဒီနေ့ ထမင်းက ရိုးရိုးထမင်း မဟုတ်ဘူး၊ တောင်ပျံကြွဲဆန်နဲ့ ချက်ထားတဲ့ ထောပတ်ထမင်း၊ ထောပတ်ထမင်းထဲမှာလဲ သီဟိုစေ့တွေပါတယ်၊ စပျစ်သီးခြောက်တွေ ပါတယ်၊ ပဲစိမ်း

www.burmeseclassic.com



လုံးလေးတွေ ပါတယ်၊ ပြီးတော့ ကြက်သားကို မဆလာနိုင်နိုင်နဲ့ ဆီပြန်ချက်ထားတာ တစ်ခွက်ပါတယ်၊ ဒီဟင်းမျိုးဟာ ဟင်းချိုနဲ့ မကောင်းဘူးဗျ၊ ဒါကြောင့်မို့ မနုတ်နီချက်ပြီး ယူလာတယ် ထမင်းစားပြီးရင် သောက်ဖို့ ဖာလူဒါတစ်ခွက်လဲယူလာတယ်"

ဟုပြောကာ အရှုးစည်ရာသည် မောင်မှတ်ကြီးအား ထမင်းဟင်းလျာများကို တည်ခင်းကျွေးမွေးလေ၏။ မောင်မှတ်ကြီးသည် မြိန်ယှက်စွာ စားသောက်လေ၏။ ထိုသို့ စားသောက်ရင်း မောင်မှတ်ကြီးက အရှုးစည်ရာအား ...

"ဒီမှာ ကိုယ့်လူ၊ ကျုပ်ရဲ့စိတ်သဘာဝဟာ တစ်မျိုးပဲ၊ သချိုင်းကုန်းချင်း အတူတူ တရုတ်သချိုင်းတွေ၊ ကုလားသချိုင်းတွေ၊ ခရစ်ယာန်သချိုင်းတွေကို ကျုပ်သိပ်မကြောက်လှဘူး၊ မြန်မာသချိုင်းတွေကို ကျုပ်ကြောက်တယ်၊ အခုတော့ မကြောက်ဘူးပေါ့ဗျာ၊ အခုဟာက နေ့ခင်းပဲ၊ ညကျရင် ဘယ်လောက်တောင် ကြောက်မယ်လို့ ကျုပ် မပြောနိုင်ဘူး"

ဟု ဆိုလေ၏။ အရှုးစည်ရာသည် မောင်မှတ်ကြီး၏ မျက်နှာကို သေချာစွာကြည့်ရင်း ...

"ရုံပိုင်ကြီးကိုကျုပ်ပြောမလို့ပဲ။ဆွေတော်မျိုးတော်သချိုင်းက သိပ်ပြီး ခြောက်တယ်ဗျ၊ ဟောဒီသချိုင်းထဲက မိန်းမချောချောလေးတစ်ယောက်ဟာ ညဘက်ထွက်ပြီး ဆိုက်ကားငှားစီးလေ့ရှိတယ်တဲ့။ သူငှားစီးရင်လဲ တာမွေဘက်ကို ငှားစီးလေ့ရှိတယ် ဆိုပဲ၊ အဲဒါ ဘယ်ကို သွားသလဲဆိုတော့ တာမွေက ကုလားပလာတာဆိုင်ကို သွားပြီး ခပတ်နဲ့ ပလာတာဝယ်စားတာဝဲ့၊ ဆိုက်ကားသမားက သူစားတာကို စောင့်နေတယ်၊ ပြီးတော့ သူက အဲဒီဆိုက်ကား ကို ပြန်စီးလာတယ်၊ ပြီးတော့ အဲဒီလိုပြန်စီးလာပြီး သာမတ်ဒီလားရှုး ပုံနှိပ်စက်ကြီး အလွန်လဲရောက်ရော ဆိုက်ကားသမားကို သူက ဆိုက်ကားခတော့ မယူပါနဲ့ရှင်၊ ပလာတာနဲ့ ခပတ်စားလို့ ကုန်ပြီ၊ ကျွန်မပါးလေးတွေကို နမ်းချင်ရင် နမ်းပါလို့ ပြောတယ်၊ အဲဒီအခါမှာ ဆိုက်ကားသမားဟာ သူ့ကိုလှည့်ကြည့်ရော အဲဒီမိန်းကလေးမှာ ခေါင်းမရှိတော့ဘူး၊ ခေါင်းပြတ်ကြီးဖြစ်နေရော၊ အဲဒီအခါမှာ ဆိုက်ကားသမားဟာ တအားကြောက်ပြီး အော်ဟစ်ဆင်းပြေးတော့တာပဲ၊ အဲဒီမိန်းကလေးကြောင့် ဆိုက်ကားသမားနှစ်ယောက် သွက်သွက်ခါအောင် ရှုးဖူးတယ်၊ ဆိုက်ကားသမားတစ်ယောက် လိပ်ပြာလွင့်ပြီး သေဖူးတယ်"





ဟု ပြောလိုက်လေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာကို ပြောသည်ကို နားထောင်ပြီးနောက် ...

"အဟုတ်ပဲလား ကိုယ့်လူရာ"

ဟု ပြောလေရာ အရှုးစည်ရာက ...

"မယုံမရှိနဲ့၊ အဲဒါ တကယ့်အဖြစ်အပျက်ပါ၊ နောက်တစ်ခု ပြောရဦးမယ်၊ မိုးတွင်းကြီးမှာ လူတစ်ယောက်ဟာ ထီးမပါဘဲ မိုးရွာထဲမှာ ဒီနားကို ရောက်လာတယ်၊ မိုးကလဲရွာ၊ ခံတွင်းကလဲ ချဉ်ဆိုတော့ သူ့မှာရှိတဲ့ ဆေးပေါ့လိပ်ကိုထုတ်ပြီး မီးခြစ်ကိုရှာတယ်၊ အဲဒီအချိန်မှာ ဟောဒီသချိုင်းထဲမှာရှိတဲ့ လူကြီးတစ်ယောက်ဟာ ဆေးပေါ့လိပ်ကို ရဲခနဲ ရဲခနဲ ဖွာနေတယ်၊ အဲဒါနဲ့ ခရီးသည်ကလည်း ဆေးလိပ်မီးရပြီဆိုပြီး ပြေးသွားရော အနားရောက်ရော ဆေးလိပ်သောက်နေတာ ခေါင်းချည်းသက်သက်ပဲ၊ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မပါဘူး၊ အဲဒီအခါမှာ ခရီးသည်ဟာ တစ်ခါတည်း ရှော့ခ်ဖြစ်ပြီး သေသွားတယ်”

ဟု ပြောပြန်လေ၏။ မောင်မှတ်ကြီးသည် စိတ်ပျက်လာ၏။

“အဟုတ်ပဲလား ကိုယ့်လူရာ”

ဟု မေးပြန်လေ၏။ ထိုအခါ အရူးစည်ရာက ...

“အဟုတ်ပေါ့ ရုံပိုင်ကြီးရာ၊ ပါးစပ်ပြော သရဲပုံပြင်ဆိုတာ ဒါမျိုးပဲပေါ့၊ စောစောက ခေါင်းပြတ်တဲ့ ကောင်မလေးပုံပြင်ကို ပြန်ပြီးကြည့်ပါဦး၊ ဖြုန်းခနဲ နားထောင်လိုက်ရင် ကြောက်စရာကြီးပဲ၊ ဒါပေမယ့် ပုံပြင် အဆုံးသပ်ထားပုံကို ခင်ဗျား စဉ်းစားကြည့်စမ်း၊ ခေါင်းပြတ်သရဲမကြောင့် ဆိုက်ကားသမားနှစ်ယောက် သွက်သွက်ခါအောင် ရူးသွားတယ်၊ နောက် ဆိုက်ကားသမား တစ်ယောက် လိပ်ပြာလွင့်ပြီးသေသွားတယ်၊ အဲဒီတော့ ဒီပုံပြင်ကို ဘယ်သူက ပြန်ပြီးပြောတာလဲ၊ သေသွားတဲ့ ဆိုက်ကားသမားကလဲ မပြောနိုင်ဘူး၊ သွက်သွက်ခါအောင် ရူးသွားတဲ့အရူးနှစ်ယောက်ကလဲ ပြန်မပြောနိုင်ဘူး၊ အဲဒါကြောင့် ဒီပုံပြင်ဟာ အခြေအမြစ်မရှိတဲ့ ပုံပြင်တစ်ခုပါပဲ။ ဒုတိယပုံပြင်ကို ကြည့်ပါဦး၊ သရဲခေါင်းပြတ်ဆီမှာ ဆေးလိပ်မီး သွားတို့မိတဲ့ ခရီးသည် ပုံပြင်လေဗျာ ဒီပုံပြင်ကို ကြည့်ရင်လဲ အဲဒီခရီးသည်ဟာ ခေါင်းပြတ်သရဲမြင်တာနဲ့ တစ်ခါတည်း ရှော့ခ်ဖြစ်ပြီး သေသွားတယ်လို့ ဆိုထားတယ်၊ အဲဒီတော့ ဒီအကြောင်းအရာတွေကို ဘယ်သူက ပြန်ပြောနိုင်မှာတုန်း၊ အဲဒါကိုက ဒီသရဲပုံပြင်ဟာ အခြေအမြစ်မရှိကြောင်း ထင်ရှားပါတယ်ဗျာ၊ အဲဒီတော့ ရုံပိုင်ကြီး သိထားဖို့က မြန်မာ





ပြည်မှာ ခြောက်တယ်ဆိုတဲ့ သရဲတွေက ပါးစပ်သရဲများတယ်ဗျို့”

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးက ...

“ခင်ဗျားပြောတော့လဲ ဟုတ်ပါရဲ့ဗျာ၊ ဒါပေမယ့် ကျုပ်ကတော့ ကြောက်စိတ်က ရှိတုန်းပဲ”

ဟု ပြန်၍ ပြောလျှင် အရူးစည်ရာက ရယ်လေ၏။ ထို့နောက် ၎င်းက ...

“ ယွာဒ်အိပ်စလဲလင်န်စီ၊ လောကမှာ ကြောက်စရာ အကောင်းဆုံးအရာဟာ ကြောက်ခြင်းပဲဗျ၊ နောက်တစ်ခုက ရုံပိုင်ကြီးတို့လို သမထလုပ်မယ့်သူတွေ၊ တရားထိုင်တဲ့လူတွေ မကြာခဏ အခြောက်အလှန့် ခံရတတ်တယ်၊ အဲဒါလဲ တကယ်က တခြားကလာပြီး ခြောက်တာ မဟုတ်ဘူး၊ ကိုယ့်ရဲ့မနောက ကိုယ့်ကို ပြန်ခြောက်တာ၊ ကဲပါလေ ထားပါတော့၊ ကြောက်တယ်ဆိုတဲ့ အရာဟာ ဘာလဲ၊ စဉ်းစားကြည့်စမ်းပါ၊ အဲဒါ ဘာလဲဆိုတော့ ကိုယ်ရင်မဆိုင်ဝံ့တဲ့အရာတွေပဲ၊ အဲဒါတွေဟာ နောက်တော့ ကြောက်ခြင်းတွေ ဖြစ်လာတယ်၊ အင်္ဂလိပ်လိုပြောရရင် (Our fears arise from things we don't confront) ကိုယ် ကြောက်တယ်ဆိုတဲ့ အရာတွေကိုတွေ့ရင် မျက်လုံးကို သေသေချာချာဖွင့်ပြီး စူးစူးစိုက်စိုက် ကြည့်လိုက်ပါ၊ ကြောက်စရာဟာ ကြောက်စရာ မဟုတ်ဘဲ ပျောက်လွင့်သွားပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ သနားစရာ ဖြစ်သွားပါလိမ့်မယ်”

--ဟု အရူးစည်ရာက ပြောလေ၏။ ထိုအခါ မောင်မှတ်ကြီးသည် အရူးစည်ရာ၏စကားကို သဘောကျ၍ ခေါင်းကို တဆတ်ဆတ် ညိတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လူက အတော့်ကို တော်တာပဲ၊ လိုအပ်ချက်တွေ ပြောပါဦး၊ ကျုပ်လိုက်နာပါ့မယ်"

ဟု မောင်မှတ်ကြီးက ပြောပြန်လေ၏။

"ဒီလို ရှုံပိုင်ကြီးရဲ့၊ ခင်ဗျား ခုလိုက်တဲ့လမ်းစဉ်ဟာ သိဒ္ဓိတန်ခိုးတွေရတဲ့ လမ်းစဉ်ပဲ၊ ရမ်းပြီးလိုက်လို့ မရဘူး၊ နည်းစနစ်လိုတယ်၊ ဥပမာတစ်ခုပြောမယ်၊ ထမင်းဖြစ်ဖို့ဆိုရင် ဆန်ရယ်၊ ရေရယ်၊ မီးရယ်၊ သုံးမျိုးလိုတယ်၊ အဲဒီထဲက တစ်ခုခုလိုရင် ဖြစ်ကိုမဖြစ်ဘူး၊ ဒီလမ်းစဉ်မှာလဲ အဓိကသုံးမျိုးလိုတယ်၊ အဲဒီ သုံးမျိုးက ဘာလဲဆိုတော့ **ဆန္ဒ**၊ သဒ္ဒါ၊ **သစ္စာ**ရယ်လို့ဖြစ်တယ်၊ အဲဒီသုံးမျိုးအနက် တစ်ခုခုလိုရင် မရဘူး၊ အဲဒီတော့ ကိုယ့်ဟာကိုယ် ပြန်မေးကြည့် သိဒ္ဓိရှင်ဖြစ်ချင်သလား၊ မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်တဲ့ ဆန္ဒမရှိရင် လုပ်ကိုမလုပ်နဲ့တော့၊ ဖြစ်ကိုမဖြစ်ဘူး၊ နောက်တစ်ခုက သဒ္ဒါဆိုတဲ့ ယုံကြည်မှုပဲ၊ အင်္ဂလိပ်လိုတော့ **Belief** လို့ခေါ်တယ်၊ ကိုယ်လုပ်ရင်ရော ဖြစ်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ်ရော ယုံကြည်ရဲ့လား၊ အဲဒီလို ယုံကြည်မှုမရှိရင် မလုပ်နဲ့၊ မဖြစ်ဘူး၊ နောက်ဆုံးအချက်ကတော့ တစ်ခါတစ်လေ ကိုယ်က တစ်ကယ်ဖြစ်ချင်တာ မဟုတ်ဘဲ စိတ်ကလှည့်စားပြီး ဖြစ်ချင်တယ် ထင်တတ်တာမျိုးလဲ ရှိတယ်၊ ဒါပေမယ့် တကယ်က မဖြစ်ချင်ဘူး၊ ကိုယ့်စိတ်က ကိုယ့်ကိုလှည့်စားပြီး ဖြစ်ချင်တယ်လို့ ထင်နေတာ၊ အဲဒီတော့ သစ္စာဆိုတာက အမှန်ကိုပြောတာ၊ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် လေးလေးနက်နက် စဉ်းစားဖို့ လိုတယ်၊ ကိုယ်ဖြစ်ချင်တာ အမှန်ဟုတ် မဟုတ်၊ ကိုယ်ဖြစ်ချင်တာ အမှန်ဆိုရင်တော့





ပ်ပေတော့၊ အဲဒီသုံးချက် မညီညွတ်ဘဲ မလုပ်လေနဲ့၊ ဘာမှကို ဖြစ်လာမှာ မဟုတ်ဘူး"

ဟု အရှုးစည်ရာက ပြောလေ၏။ မောင်မှတ်ကြီးသည် ရှုးစည်ရာ၏စကားကို လေးလေးနက်နက် မှတ်ထားလေ၏။ ို့နောက် ...

"အဲဒီအချက်သုံးချက် မညီညွတ်ဘဲ ဒီလမ်းစဉ်ကို လုပ်ရင် ယ်လို ဖြစ်သွားမှာလဲ"

ဟု မေးလိုက်လေ၏။

"ဒီမှာ ရှုံပိုင်ကြီး၊ ဘုရားကြိုဘုရားကြားနဲ့ လမ်းတကာ ဘိုးတော်လိုလို၊ ဘွားတော်လိုလိုလုပ်ပြီး ဘာမှလဲ မဖြစ်ဘဲနဲ့ ာရှုတ်၊ တောင်ရှုတ်နဲ့ လျှောက်သွားနေကြတဲ့ လူတွေကို တွေ့ ယ် မဟုတ်လား၊ တစ်သက်လုံး အဲဒီအတိုင်းပဲ သွားနေကြ ပဲ၊ ဘာမှလဲ မဖြစ်ကြဘူး၊ တစ်ချို့ နည်းနည်းပါးပါး လည် ည်ဝယ်ဝယ်ရှိကြတဲ့ သူတွေကလဲ အလံရှူးတွေနဲ့ ဘိုးတော် ဂိုက် ပြီး အူကြောင်ကြောင်လူတွေဆီက ငွေတွေ သဲ့ယူတဲ့ ဆရာတု၊ ရာယောင်၊ ဘိုးဝေဟ်တု၊ ဘိုးတော်ယောင်တွေ ဖြစ်သွားကြတာ ၊ သားက လော့်ကောင်းလေ ဘိုးတော်တု၊ ဆရာတုတွေ နာမည် ကြလေတာပေါ့၊ တစ်ချို့ကလဲ အတုတွေကို အစစ်ထင်ပြီး ကြေးနဲ့ ပူဇော်ကြတော့ အတုကလည်း ဘဝင်မြင့်လာတော့ ပေါ့၊ ဒါပေမယ့် အတုဟာ ဘယ်တော့မှအစစ် မဖြစ်နိုင်ပါဘူး"

ဟု အရှုးစည်ရာက ပြောလိုက်ရာ မောင်မှတ်ကြီးသည် ွာ သဘောကျသွားလေ၏။

ထို့နောက် မောင်မှတ်ကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တကယ်လုပ်မှာပါ ကိုယ့်လူရဲ့၊ ဖြစ်နိုင်တဲ့ သဘော ရှိမရှိ သိချင်လို့မေးတာပါ"

ဟု ပြောလိုက်လျှင် အရှုးစည်ရာက စီးကရက်ကို မီးညှိ ရှိုက်ဖွာရင်း တဟားဟား ရယ်လေ၏။

ကျေနပ်အောင် ရယ်ပြီးနောက် ...

"ဒီလို ရုံပိုင်ကြီးရဲ့၊ လေးနက်ခက်ခဲတဲ့ လုပ်ငန်းတွေမှာ နေရာနဲ့ အချိန်ဆိုတာရှိတယ်၊ ခင်ဗျားနားလည်အောင် ပြောပြ မယ်၊ နွားနို့ဟာ နွားကရတယ်ဆိုတဲ့ စကားမှန်တယ်၊ အဲဒီတော့ မှန်တယ်ဆိုပြီး နွားနို့လိုချင်လို့ နွားထီးကြီး ဝယ်လာရင်တော့ နွား နို့ရမှာ မဟုတ်ဘူး၊ ထားပါဦး၊ နွားထီးမဟုတ်ဘဲ နွားမကိုပဲ ဝယ် လာတယ် ထားဦး၊ သားမကျတဲ့ နွားမကို ဝယ်လာလို့လဲ နွားနို့ က မရပြန်ဘူးဗျို့၊ သားဖွားပြီးစ နို့ထွက်တဲ့နွားမကို ဝယ်ပြီး နို့ ညှစ်မှ နွားနို့ရမှာ၊ အဲဒါတောင် အဲဒီနွားမကို နို့အုံမှာမညှစ်ဘဲ ဦးချိုမှာ သွားပြီးညှစ်ရင် နွားနို့ရမှာ မဟုတ်ဘူး၊ ပြီးတော့လဲ နို့ အုံမှာ ညှစ်တယ်ပဲထားဦး၊ အချိန်လဲ လိုသေးတယ်၊ နွားသားပေါက် ကလေးတွေ နို့စို့ချိန်မှာ ညှစ်မှ ရုံပိုင်ကြီး၊ အဲဒီတော့ အရေးကြီး တာက နေရာနဲ့အချိန်ကို ရွေးချယ်တတ်ဖို့ လိုတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဒီလိုဆိုရင် ကျုပ်အတွက် ပြောပေးပါဦး၊ ဘယ်နေရာ မှာ၊ ပြီးတော့ ဘယ်အချိန်မှာ လုပ်ရမှာလဲ"

ဟု အားတက်သရော မေးလိုက်လျှင် အရှုးစည်ရာက ...





"ဒါက လွယ်ပါတယ် ရုံပိုင်ကြီး၊ ဒီနေရာမှာ အခုလုပ်ရ မယ် ( here and now) ကဲ ... ကျုပ်သွားတော့မယ်"

ဟု ဆိုကာ အရှုးစည်ရာသည် ခြင်းတောင်းကိုဆွဲ၍ ဆိပ် ခွန်လုံချည်သံ တရှမ်းရှမ်းပေးပြီး ရင်ကိုကော့ကာ ထွက်သွား လေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## ဆရာသခင် ကျေးဇူးရှင်

နောက်တစ်နေ့ နံနက်စောစောတွင် အရှုးစည်ရာသည် လက်နှိပ်ဓာတ်မီး တစ်လက်ကို ကိုင်လျက် ခြင်းတောင်းတစ်တောင်းကိုဆွဲကာ ရောက်ရှိလာလေ၏။မောင်မှတ်ကြီးသည် အရှုးစည်ရာအား လှမ်း၍ကြည့်လိုက်လေ၏။ သူသည် ကျေးတစ်ရာလုံချည်ကို ဝတ်ထား၏။ ကတ္တီပါဖိနပ်ကို စီးထား၏။ အရှုးစည်ရာသည် မောင်မှတ်ကြီးကို မြင်လျှင်မြင်ချင်း ...

"ဝွတ်မောနင်း ယွာအိပ်စဲလင်န်စီ၊ ဟောင်းအာယူ၊ ဝှပ်ဟက်ပင်းန်အက် လတ်နိုက်ထ်၊ ဒစ် အဲင်နီးဂိုစ် အော် ဒီဗဲယ်ကမ်းတူယူ၊ ကောင်းသောနံနက်ခင်းပါခင်ဗျာ၊ ကျန်းခံ့သာလို့ မာပါရဲ့လား၊ ညက ခင်ဗျားဆီကို သရဲတစ္ဆေတွေ လာသေးလား"

ဟု မေးလိုက်ခြင်းဖြစ်၏။ မောင်မှတ်ကြီးက သရဲသရဲ့ မလာကြောင်း၊ ကျန်းမာကြောင်း ပြန်၍ ပြောလေ၏။ ထို့နောက်





အရှုးစည်ရာသည် သူ၏လက်ဆွဲခြင်းတွင်ပါသော ကြာခံကြီး ခေါက်ဆွဲနှင့် လက်ဖက်ရည်ချို၊ ရေနွေးကြမ်းတို့ကို ထုတ်၍ မောင်မှတ်ကြီးအား ကျွေးမွေးလေ၏။ မောင်မှတ်ကြီးလည်း မြိန်ယှက်စွာ စားသောက်လေ၏။ ပြီးသောအခါ၌ မောင်မှတ်ကြီးက အရှုးစည်ရာအား ...

"ကဲ ကိုယ့်လူ ကျုပ်ကိုပြောစရာရှိတာတွေ ပြောပြစမ်းပါဦး"

ဟု ပြောလေ၏။ ထိုအခါ အရှုးစည်ရာက ...

"ဒီလုပ်ငန်းမှာ အောင်မြင်အောင် လုပ်ဖို့ဆိုတာက တန်ခိုးသိဒ္ဓိများရဲ့ လာရှိရာ မူလနေရာကို သိရမယ်၊ အဲဒါ မြစ်ဖျားခံရာဖြစ်တယ်၊ မြစ်ဖျားခံရာဆိုတာကို နားလည်အောင် ပြောပြဖို့လိုသေးတယ်၊ အဲဒီ ကျုပ်ပြောတဲ့ မြစ်ဖျားခံရာဆိုတာကို ဘယ်လိုနားလည်ရမလဲဆိုရင် … ၊ အနန္တပညာ၊ စကြဝဠာစွမ်းအား၊ စကြဝဠာ မနောဓာတ်ကြီး၊ အရာအားလုံး၏ပေါက်ပွားရာ စသည်ဖြင့် ပေါ့ဗျာ၊ အဲဒါတွေက အမည်နာမတွေပါ၊ ဘာတွေပဲ အမည်ပေးထားပေးထား၊ တကယ်က မိမိရဲ့အတွင်းသဏ္ဍာန်နဲ့ အနှစ်သာရဓာတ်ကို ဆိုတာပဲ၊ ကိုယ်ခန္ဓာထဲမှာ တန်ခိုးဖြစ်စေတဲ့ဓာတ်၊ သိဒ္ဓိဖြစ်စေတဲ့ဓာတ်၊ အရင်းမူလရှိတယ်၊ အဲဒါဟာ မြစ်ဖျားခံရာပဲ၊ အဲဒီ မြစ်ဖျားခံရာကို မျက်ခြေပြတ်ပြီး အပြင်မှာ သိုက်ရှာနေရင် ဘယ်တော့မှ တန်ခိုးသိဒ္ဓိရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"အဲဒါ ကျုပ်ကောင်းကောင်း နားမလည်ဘူး"



www.burmeseclassic.com

ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ အရှုးစည်ရာသည် စီးကရက်ကို ဟန်ပါပါဖွာရင်း …

"ဒီလို ရုံပိုင်ကြီးရဲ့၊ တန်ခိုးသိဒ္ဓိလို့ခေါ်တဲ့ အံ့မခန်း စွမ်းရည်ပေါ့ဗျာ၊ အင်္ဂလိပ်လိုတော့ အမျိုးမျိုး ခေါ်ကြပါတယ်၊ စူပါပါဝါလို့ ခေါ်တဲ့လူကလဲ ခေါ်တယ်၊ မစ်ရီကယ်ပါဝါလို့ ခေါ်တဲ့လူကလဲခေါ်တယ်၊ အဲဒီအရာဟာ အပြင်ကနေ တစ်စုံတစ်ယောက်က ထည့်ပေးတာမဟုတ်ဘူး၊ ခင်ဗျားထဲမှာ ရှိနေနှင့်ပြီးသား အရာဖြစ်တယ်၊ ရှိမှန်းမသိလို့ အဒီအရာဟာ ငုံ့လျှိုးနေတယ်၊ ရှိမှန်းသိတဲ့နေ့၊ ရှိတယ်ဆိုတာကို ခိုင်ခိုင်လုံလုံသိတဲ့နေ့၊ အတည်ပြုတဲ့နေ့မှာ အဲဒီအရာဟာ နိုးကြားပြီး ခေါင်းထောင်ထလာတော့တာပဲ၊ အဲဒီအခါမှာ အဲဒီအရာနဲ့ ကိုယ်နဲ့ လိုက်လျောညီထွေဖြစ်အောင် သူ့ကိုလုပ်ပြီး အသုံးချရင်ရပြီ၊ ကိစ္စပြီးပြီ၊ အရပ်စကားမှာ ကိစ္စပြီးပြီဆိုတာ ဒီလမ်းစခန်းရဲ့ ဝေါဟာရနဲ့ပြောရရင် သိဒ္ဓိမြောက်ပြီလို့ ပြောတာနဲ့ အတူတူပဲ၊ အဲဒီတော့ ကျုပ်ပြောတဲ့စကားကို လေးလေးနက်နက် စဉ်းစားပေတော့"

ဟု အရှုးစည်ရာက ပြေလိုက်လေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာ၏စကားကို လွန်စွာ သဘောကျ၏။ သူ၏မျက်နှာသည် ပြုံးချိုနေ၏။ သူ၏မျက်လုံးများသည် တောက်ပြောင်နေ၏။ ထို့နောက် သူသည် အားတက်သရော အမူအရာဖြင့် …

"ကိုယ့်လူရယ်၊ ကိုယ့်လူပြောသလို ကိုယ့်အထဲမှာ ရှိနှင့်ပြီးသား စူပါပါဝါခေါ်တဲ့ တန်ခိုးသိဒ္ဓိကိုရှိကြောင်း ယုံကြည်အောင်





ကိုယ့်ဟာကိုယ် အတည်ပြုနိုင်အောင် ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုကျင့်ရမလဲ"

ဟု မေးလိုက်လေ၏။ အရှုးစည်ရာသည် စီးကရက်တိုကို ရှာင့်ပစ်လိုက်ပြီးနောက် …

"ဒီမှာ ရုံပိုင်ကြီး၊ ကိုယ့်ရဲ့ တစ်လံပမာဏရှိတဲ့ ခန္ဓာကိုယ်ထဲမှာ တန်ခိုးသိဒ္ဓိရှိတယ်ဆိုတဲ့စကားကို လက်ခံရင် အဲဒီတန်ခိုးသိဒ္ဓိကို မီးပူဖော်ရတယ်ဗျ၊ မီးကလည်း တကယ့်မီးမဟုတ်ဘူး၊ အာရုံမီးဗျ၊ ဖယောင်းတိုင်မီးတောက်ဖြစ်စေ၊ ဆီမီးခွက်က မီးတောက်ကိုဖြစ်စေ တောက်လောင်ထိန်လင်းနေပုံကို မနောနဲ့ အာရုံပြုရမယ်၊ အဲဒီမီးတောက်ကလေးနဲ့ အလင်းရောင်ကလေးဟာ အပြင်ဘက်မှာ မဟုတ်ရဘူး၊ ခင်ဗျားရဲ့ ခန္ဓာကိုယ် ရင်ညွန့်နေရာအတွင်းဘက်မှာ အဲဒီမီးကလေးတောက်နေတယ်၊ လင်းနေတယ်လို့ အာရုံပြုရမှာ၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ မနောတန်ခိုးကို ကိုယ့်ရဲ့ မနောမီးကလေးနဲ့ ပူဖော်ရမှာပေါ့ဗျာ"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးသည် လွန်စွာနှစ်ခြိုက်သဘောကျ၍ လက်ခုပ်လက်ဝါးပင် တီးလေတော့၏။ ထို့နောက် မောင်မှတ်ကြီးက …

"ပြောပါဦး ကိုယ့်လူရဲ့ . . . . မနော မီးတောက်ကလေး' အကြောင်း ထပ်ပြီး သိချင်လို့ပါ"

—ဟု ပြောလိုက်လျှင် အရှုးစည်ရာက …

"(တစ်) တင်ပျဉ်ခွေပြီး စိတ်ကို ဘယ်ကိုမှ မရောက်စေဘဲ ထိုင်လိုက်ပါ။

www.burmeseclassic.com



(နှစ်) ခြေဖျားက ငယ်ထိပ်အထိ အကြောတွေကို စိတ်နဲ့ တဖြည်းဖြည်းလျှော့လိုက်ပါ။

(သုံး) တင်းကျပ်နေတဲ့ အရာတွေအားလုံး၊ စိတ်မှာပဲ တင်းကျပ် တင်းကျပ်၊ ခန္ဓာကိုယ်ထဲမှာပဲ တင်းကျပ်တင်းကျပ်၊ အားလုံးကို လွှင့်ထုတ်လိုက်ပါ။ အဲဒီအခါမှာ ခန္ဓာကိုယ်ရဲ့ တင်းကျပ်မှုရော၊ စိတ်ရဲ့တင်းကျပ်မှုရော လွင့်ပျောက်သွားလိမ့်မယ်။

(လေး) အသက်ကို လေးလေးနဲ့ရှည်ရှည် ဆယ်ကြိမ်လောက် ရှူလိုက်ပါ။

(ငါး) ထပ်ပြီး စိတ်နဲ့တင်းကျပ်မှုတွေအားလုံး လျော့သွားပြီလို့ အာရုံပြုလိုက်ပါဦး။

(ခြောက်) နှလုံးအိမ်ထဲမှာ ဖယောင်းတိုင်မီး တောက်လောင်နေတဲ့ အလင်းရောင်ကလေး လင်းနေပြီလို့ အာရုံပြုလိုက်ပါ။ အဲဒီအလင်းရောင်လေးကြောင့် ခန္ဓာကိုယ်ဟာ နွေးထွေးလာတယ်၊ အဲဒီအလင်းရောင်လေးဟာ အဆက်မပြတ် တောင်လောင်နေတယ်လို့ အာရုံပြုထားပါ။

(ခုနစ်) အဲဒီအလင်းရောင်လေးက လွဲပြီး ဘယ်ကိုမှ အာရုံမရောက်စေနဲ့။

(ရှစ်) အဲဒီ တောက်လင်းနေတဲ့ အရောင်ကလေးဟာ ရောင်ခြည်တွေဖြာထွက်လာပြီး ကိုယ်ခန္ဓာရဲ့ အပြင်ဘက်ကို ရောင်ခြည်တွေ ဖြာထွက်နေတယ်လို့ စိတ်မှာ ထင်မှတ်လိုက်ပါ။

(ကိုး) အဲဒီအလင်းရောင်ဟာ ဖြာထွက်သွားလိုက်တာနဲ့ ကိုယ်နဲ့ အဝေးကြီးဆီအထိ ဖြာထွက်နေတယ်လို့ အာရုံပြုလိုက်





ပါ၊ ဥပမာဗျာ နေလုံးကြီးရဲ့ အလင်းရောင်ဟာ အဝေးကြီးဆီထိ ဖြာထွက်နေသလိုပေါ့။

(တစ်ဆယ်) အုံ့ဩဖွယ်ရာ၊ မြတ်နိုးဖွယ်ရာ တန်ခိုးအလင်းရောင်တွေ ဖြာထွက်နေတာပဲ။ အရာဝတ္ထုအားလုံး၊ လူအားလုံး အဲဒီအလင်းရောင်ကို ခိုလှုံနေကြပြီလို့ စိတ်မှာသွင်းထားပါ။

(တစ်ဆယ့်တစ်) ငါ့ခန္ဓာကိုယ်က တန်ခိုးသိဒ္ဓိရောင်ခြည်တန်းတွေ ထွက်နေပြီ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေအားလုံးကို အဲဒီ ရောင်ခြည်နဲ့ လွှမ်းခြုံထားလိုက်ပြီ၊ အဲဒီ သိဒ္ဓိရောင်ခြည်ဟာ ငါဖြစ်ချင်တဲ့ အရာတွေအားလုံးကို ဖြစ်အောင် ဖန်တီးထားနိုင်တဲ့ ရောင်ခြည်ဖြစ်တယ်၊ သိဒ္ဓိရောင်ခြည်ကို ငါပိုင်ပြီ၊ ငါဟာ သိဒ္ဓိရှင်ကြီးဖြစ်ပါပြီကောရယ်လို့၊ ပါးစပ်က တိုးတိုးညှင်းညှင်းကလေး ရွတ်နေရမယ်၊ အဆက်မပြတ် ရွတ်နေရမယ်၊ ပါးစပ်နဲ့မရွတ်ရင် စိတ်နဲ့ရွတ်ရမယ်၊ သူများကြားဖို့ထက် ကိုယ်တိုင်ကြားနေဖို့က အရေးကြီးတယ်”

ဟု ပြောလိုက်လေ၏။

မောင်မှတ်ကြီးသည် အတိုင်းမသိ ကျေနပ်သွား၏။ သူ၏ မျက်နှာ၌ ကြည်လင်ရွှန်းပမှုများ ပေါ်ထွက်လာ၏။ သူ၏နှုတ်ခမ်းသည် ပြုံးရောင်သန်းနေ၏။ သူသည် အရှုံးစည်ရာအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ ထို့နောက် အရှုံးစည်ရာ၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်လေ၏။ ပြီးလျှင် အရှုံးစည်ရာအား လက်အုပ်ချီလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှုးစည်ရာက ...

"ဒီမှာ ရုံပိုင်ကြီး၊ အရှုးကို ဘာဖြစ်လို့ ရှိခိုးနေရတာလဲ"

ဟု မေးလိုက်ရာ မောင်မှတ်ကြီးက ...

"အရှုးစည်ရာ မဟုတ်ဘူး၊ အာစရိယ စည်ရာ"

ဟု ပြောလိုက်ရာ အရှုးစည်ရာက ...

"အာစရိယစည်ရာဆိုတဲ့စကား မကြားဖူးဘူး၊ ကျုပ်ကြားဖူးတဲ့စကားက ကြံကြီးစည်ရာပဲ ကြားဖူးပါတယ်၊ ဟုတ်တာပေါ့လေ၊ ရုံပိုင်ကြီးက 'အကြံကြီး' ကြံလိုက်တာကိုး၊ အဲဒီတော့လည်း 'အကြံကြီး'နဲ့လိုက်အောင် စည်ရာက ရောက်လာရတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုယ့်လူ ကျုပ်ပြောတာကို တိတိကျကျ ဆက်ပြီးလုပ်ပေတော့၊ ကျုပ်သွားမယ်"

ဟု ဆိုကာ ခြင်းတောင်းကိုဆွဲလေ၏။ ထို့နောက် မတ်တပ်ထလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"ဆရာသခင် ကျေးဇူးရှင်၊ မသွားခင် မေးပါရစေဦး၊ အဲဒီကျင့်စဉ်ကို ဘယ်လောက်ကြာကြာ လုပ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"သိဒ္ဓိမပြောက်မချင်း လုပ်ရမယ်၊ ဒီနည်းဟာ အလွယ်ဆုံးအမြန်ဆုံးနည်း ဖြစ်တယ်၊ တပည့်ကျော်သီး မောင်မှတ်ကြီး"

ဟု ပြောဆိုကာ ကျေးတစ်ရာလုံချည်သံ တရွှမ်းရွှမ်းဖြင့်ရင်ကိုကော့ကာ ထွက်သွားလေတော့သတည်း။

❑



## မနန်းသောင် ရောက်လာခြင်း

မောင်မှတ်ကြီးသည် အရှုးစည်ရာ ပြန်သွားသည်နှင့် တပြိုင်နက် နှလုံးအိမ်လေးနေရာတွင် မီးတောက်ကလေး တောက်လင်းနေသည်ကို အာရုံပြုလေတော့၏။

အစပထမတွင် မီးတောက်သည် ကြင်လင်ပြတ်သားမှု မရှိသေးပေ။ ထို့နောက် အာရုံသည် မြဲသည်ထက်မြဲလာသောအခါ နှလုံးအိမ်တွင် တောက်လင်းနေသော မီးတောက်ကလေးသည် ကြည်၍ လင်းလာ၏။ ထိုသို့လင်းနေရာမှ ခန္ဓာကိုယ်တစ်ခုလုံး နေရာအနှံ့အပြားၥ် လင်းထိန်နေသည်ဟု အာရုံၥ် ထင်မြင်လာ၏။ လူရုပ်ပုံချိုးထားသော မီးပုံကြီးအတွင်း၌ ဖယောင်းတိုင်မီး ထွန်းထားသကဲ့သို့ အာရုံ၌ ထင်မြင်လာ၏။ ထို့နောက် အလင်းရောင်သည် တစ်စထက်တစ်စ တိုး၍ တိုး၍ လင်းလာလေတော့၏။ မောင်မှတ်ကြီးသည် အပေါ့အပါးသွားပြီး၊ ရေသောက်

www.burmeseclassic.com



ခြင်း စသည်တို့အတွက်သာ ထရ၏။ ကျန်သောအချိန်များ၌ ကရစပ်ထိုင်နေ၏။ နှလုံးအိမ်တွင် အလင်းရောင်ကလေး လင်းနေသည်ကိုလည်း တရစပ် အာရုံပြုနေ၏။

ဤသို့နှင့်ပင် ညဥ့်နက်သန်းခေါင်သို့ပင် ရောက်လာ၏။ ပဋ္ဌာရောင်ပုလိပ်များသည် မောင်မှတ်ကြီးအနီးသို့ ရောက်ပြီးလျှင် မောင်မှတ်ကြီးအား သေချာစွာကြည့်ရှုကြလေ၏။ ထို့နောက် ထိုင်၍ ကန်တော့ပြီးလျှင် အနီး၌ ဖယောင်းတိုင်လေးတစ်တိုင် ထွန်းပေးသွားလေ၏။

နံနက် အရုဏ်တက်သောအခါ၌ အရှုးစည်ရာ ရောက်မလာတော့ပေ။ ပဋ္ဌာရောင် ပုလိပ်နှစ်ဦးနှင့် မိန်းမကြီးတစ်ဦးသာ ရောက်ရှိလာ၏။ ထိုမိန်းမကြီးက ...

“ကျွန်မနာမည် မနန်းသောင်လို့ ခေါ်ပါတယ်၊ သိမ်ကြီးဈေးမှာ ချင်းသုပ်၊ လက်ဖက်သုပ်တို့ ရောင်းပါတယ်၊ မနန်းသောင်လို့မေးရင် အားလုံးသိပါတယ်၊ ဟောဒီပုလိပ်ကလေး နှစ်ယောက်ဟာ ညဘက် ပဋ္ဌာရောင်အလှည့်ကျတိုင်း ကျွန်မဆီမှာ လက်ဖက်သုပ်လာပြီး တောင်းကြတဲ့ ကလေးတွေပါပဲ၊ မနေ့ ညကြီးသန်းခေါင်လောက်မှာ သူတို့ဟာ ကျွန်မကိုလာနှိုးပြီး သူတော်စင်ပုဂ္ဂိုလ်တစ်ဦး ဆွေတော်မျိုးတော် သင်္ချိုင်းအလယ်မှာ တရားထိုင်နေတယ်၊ မနက်ကိုပို့ဖို့ တစ်ခုခုလုပ်ပေးပါ၊ သူတို့လဲလိုက်ပြီး ကူညီပါ့မယ်ဆိုတာနဲ့ အိမ်နားမှာ ဘဲတရုတ်ဆီသွားပြီး ဘဲသားဝယ်ရတယ်၊ အဲဒီ ဘဲတရုတ်က ရန်ကုန်မြို့မှာရှိတဲ့ ဈေးကြီးခုနစ်ဈေးကို ဘဲသားပို့တဲ့ ဘဲတရုတ်ပါပဲ၊ သူ့ဆီက ဘဲသားဝယ်ပြီး ဘဲသား





ဟင်း ချက်တယ်၊ အဲဒီဘဲသားဟင်းနဲ့ ထမင်းကလေး လာပို့တာပါ၊ လက်ဖက်ရည်အချိုလဲ ပါတယ်၊ ကိတ်မုန့်လဲ ပါပါတယ်၊ သူတော်စင်ကြီး သုံးဆောင်ပါ”

ဟု ဆိုကာ လုပသော ပန်းကန်ခွက်ယောက်များဖြင့် ထည့်ထာ မောင်မှတ်ကြီးအား ကျွေးမွေးလေတော့၏။ ပဋ္ဌာရောင် ပုလိပ်ကလေးနှစ်ဦးမှာလည်း အနီးတွင် ထိုင်လျက် မောင်မှတ်ကြီးအတွက် လက်ဆေးရေခပ်ပေးခြင်း၊ ယပ်ခတ်ပေးခြင်း စသောဆောက်တိုမယ်ရများကို ဝိုင်းဝန်း လုပ်ကိုင်ပေးကြလေ၏။ ပုလိပ်ကလေးနှစ်ဦးကလည်း ၎င်းတို့အမည်များကို ပြောပြကြလေ၏။ တစ်ဦး၏အမည်မှာ မောင်ပုဟူ၍ဖြစ်ပြီး ကျန်တစ်ဦး၏အမည်မှာ မောင်မြင့်ဟူ၍ ဖြစ်လေ၏။

မောင်မှတ်ကြီးသည် ဒေါ်နန်းသောင် ယူလာခဲ့သော ဘဲသားဟင်းနှင့် ထမင်းကို မြိန်ယှက်စွာ စားသောက်လေ၏။ ဒေါ်နန်းသောင်၊ ပုလိပ် မောင်ပုနှင့် မောင်မြင့်တို့သည် ၎င်းတို့အားတပည့်ရင်းသဖွယ် သဘောထားရန် ပြောကြလေ၏။ ဒေါ်နန်းသောင်ကလည်း ဤနေရာတွင် ရှိနေစဉ်၌ နံနက်စာအတွက် ၎င်းတပင် တာဝန်ယူကြောင်း ပြောလေ၏။ ၎င်းတို့သုံးဦးသည် မောင်မှတ်ကြီးအား ကန်တော့၍ ပြန်သွားကြလေ၏။ မောင်မှတ်ကြီးသည် ၎င်းတို့ပြန်သွားသောအခါ၌ ဆေးလိပ်ကို အနည်းငယ်ဖွာပြီး ပြန်၍ ထိုင်လေတော့၏။

ထိုင်ပြီးသည်နှင့် နှလုံးအိမ်တွင် မီးတောက်ကလေး တစ်ခုပေါ်ထွက်လာလေတော့၏။ ထို့နောက် ထိုမီးတောက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သည် လင်းသည်ထက် လင်းလာတော့၏။ ထိန်သည်ထက် ထိန်လာတော့၏။ ထို့နောက် ခန္ဓာကိုယ်အပြည့် မီးထွန်းထားသကဲ့သို့ ထင်မြင်လာလေတော့၏။ မောင်မှတ်ကြီးသည် သူ၏မီးတောက်အာရုံအား ပျောက်လွင့်မသွားစေရန် ကြိုးစားလေ၏။ နေ့လယ်ဆယ့်နှစ်နာရီထိုးမှ မျက်စိကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်ရာ ၎င်း၏ရှေ့ တစ်လံကွာလောက်တွင် ထိုင်နေသော သူငယ်တစ်ယောက်ကို တွေ့ရလေ၏။ ထိုသူငယ်သည် မောင်မှတ်ကြီးအား ထိုင်၍ ဦးချလေ၏။ ထို့နောက် ထိုသူငယ်က ...

"ကျွန်တော့်နာမည် သူတော်လို့ ခေါ်ပါတယ်၊ ဆရာကြီး တရုတ်သင်္ချိုင်းမှာ ထိုင်နေတုန်းက ပထမဦးဆုံး ဖယောင်းတိုင်ထွန်းပြီး သစ်သီးတွေနဲ့ ပူဇော်တာ ကျွန်တော်ပါပဲ။ ကျွန်တော်ဟာ တာမွေအဝိုင်းကြီးနားက ဆိုက်ကားနင်းတဲ့ ဆိုက်ကားသမားလေးပါ၊ ဆရာကြီးကို အဲဒီနေ့မနက် အစောကြီး ကျွန်တော် လာရှာပါသေးတယ်၊ ဆရာကြီး ပျောက်သွားပြီး အခုလဲ မနက် ငါးနာရီလောက်မှာ ပတ္တရောင်ပုလိပ် ကိုပုနဲ့ကိုမြင့်က ဂျူတီထွက်တဲ့အခါမှာ ကျွန်တော့်ဆိုက်ကားကို စီးကြပါတယ်၊ အဲဒီမှာ သူတို့အချင်းချင်း ပြောတဲ့စကားကို ကြားရလို့ ဆရာကြီး ဒီရောက်နေတယ်ဆိုတာ သိရပါတယ်၊ အဲဒါကြောင့် ဆရာကြီးကို ထမင်းလာပို့တာပါ၊ ချဉ်ပေါင်ဟင်းနဲ့ ငံပြာရည်ဖျော် ထည့်လာခဲ့ပါတယ်"

ဟု ဆိုကာ မောင်မှတ်ကြီးအား ၎င်းချိုင့်တွင်ပါလာသော ထမင်းဟင်းများကို ကျွေးလေ၏။ မောင်မှတ်ကြီးတွင် ပါလာသော ရေတကောင်းကိုလည်း ရေသောက်ရန် ခပ်၍ပေးလေ၏။ မောင်





မှတ်ကြီး ရေချိုးချင်သည်ဆိုသောကြောင့် ဘုန်းကြီးကျောင်းဝန်းတစ်ခုသို့ ခေါ်သွားပြီးလျှင် ရေတွင်းမှ မောင်မှတ်ကြီးချိုးရန် ရေငင်၍ ပေးလေ၏။ ဤကဲ့သို့ ဝေယျာဝစ္စ လုပ်ပေးပြီးနောက်မှပင် မောင်သူတော်လည်း ၎င်း၏ဆိုက်ကားကို နင်း၍ ပြန်သွားလေတော့၏။

ထိုနေ့မှစ၍ နံနက်အရုဏ်တက်တွင် ဒေါ်နန်းသောင်က ထမင်းနှင့် အခြားစားဖွယ်ရာများ ပို့သကဲ့သို့၊ဆိုက်သမား သူတော်က နေ့လယ်ထမင်းပို့လေ၏။ ဒေါ်နန်းသောင်က မောင်မှတ်ကြီးအတွက် ပိတ်ဖြူလုံချည်တစ်ထည်နှင့် အကျီတစ်ထည် ကန်တော့သောကြောင့် မောင်မှတ်ကြီး ရေချိုးပြီးတိုင်း ဆိုက်ကားသမားသူတော်က အဝတ်ဟောင်းများကို ယူသွား၍ လျှော်ပေးလေ၏။ ထို အဝတ်ဟောင်းအား နောက်တစ်နေ့တွင် ပြန်၍ယူလာလေ၏။ ပုလိပ်ကလေး မောင်ပုနှင့်မောင်မြင့်တို့သည် မောင်မှတ်ကြီးထံသို့ မကြာခဏ ရောက်လာပြီးလျှင် အမှိုက်များ ကောက်ပေးခြင်း၊ ရေတကောင်းတွင် ရေဖြည့်ပေးခြင်း၊ ဖယောင်းတိုင်ထွန်းပေးခြင်း စသော ဝေယျာဝစ္စများကို လုပ်ပေးလေ့ရှိကြ၏။

မောင်မှတ်ကြီးသည် အရူးစည်ရာ ခေါ် အာစရိယစည်ရာသည် သူ့အား စွန့်ခွာသွားပြီဖြစ်ကြောင်း ရိပ်မိခဲ့ပြီဖြစ်၏။ ထို့ကြောင့် မောင်မှတ်ကြီးသည် သူ၏ အာရုံမီးတောက်ကလေးကို မြတ်မြတ်နိုးနိုး သိမ်းပိုက်၍ လေးလေးနက်နက် ကြည့်ရှုနေလေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်ပေါင်းပွဲ

အထက်ပါ အဖြစ်အပျက်များ ဖြစ်ခဲ့ပြီး သုံးနှစ်ခန့်ကြာသောအခါ၌ မောင်မှတ်ကြီးသည် ထိုင်၍မျက်လုံးကို မှိတ်လိုက်သည်နှင့် နှလုံးအိမ်၌ မီးတောက်သည် ဖြန်းခနဲ လင်းလာလေ၏။ မီးတောက်သည် ကြည်လင်တောက်ပစွာနှင့် ခန္ဓာကိုယ်မှ ဖြာထွက်နေလေ၏။ ထိုဖြာထွက်သော အလင်းရောင်သည် အဆုံးအစမရှိ ဖြာထွက်သွားသည်ဟု အာရုံ၌ သိသိသာသာချည်း ထင်မြင်လာတော့၏။ ထိုသို့ ထင်မြင်လာရုံမျှမက ငယ်ထိပ်မှ ခြေဖျားအထိ အေးစိမ့်၍သွားပြီးလျှင် စိတ်သည် လွန်စွာချမ်းသာသော အဆင့်သို့ ရောက်လေ၏။

တစ်ညသ၌ မောင်မှတ်ကြီးသည် ထိုင်၍ မနောအလင်းရောင်ကို ဖြန့်ကြက်နေ၏။ ထိုအချိန်၌ ပတ္တာရောင်လှည့်လာသော ဂေါ်ရာပုလိပ်နှစ်ဦးသည် သူခိုးသူဝှက် ရှိမည်၊ နိုအောင်းမည် ထင်





မှတ်၍ ဆွေတော်မျိုးတော်သင်္ချိုင်းသို့ တက်လာခဲ့၏။ ထိုသို့ တက်လာခဲ့ရာ သင်္ချိုင်းအလယ်တွင် လူရိပ်သဏ္ဌာန်တွေ့ရ၍ လက်နှိပ်ဓာတ်မီးကို ထိုးကြည့်ရာ မောင်မှတ်ကြီးကိုမြင်ရလျှင် ဂေါ်ရာပုလိပ်နှစ်ဦးသည် သံသယဖြစ်သွား၏။ လူကောင်းသူကောင်းသည် ဤနေရာဤအချိန်၌ ထိုသို့ထိုင်မည် မဟုတ်၊ သူခိုးတစ်ဦးသည် ဤသင်္ချိုင်း၌ နိုအောင်းနေရမည်၊ မိမိတို့ပုလိပ်နှစ်ဦး တက်လာသည်ကိုတွေ့မှ ဤကဲ့သို့ ကမ္မဋ္ဌာန်းထိုင်နေဟန် ပြုလုပ်လိုက်သည်ဟု ထင်မှတ်ကြ၏။

ထို့ကြောင့် ဂေါ်ရာပုလိပ်နှစ်ဦးသည် မောင်မှတ်ကြီး၏ လက်တစ်ဖက်တစ်ချက်ကို ဆွဲ၍ ထအောင်ပြုလုပ်၏။ ပြီးလျှင် မောင်မှတ်ကြီးအား ၎င်းတို့တွင်ပါလာသော လက်ထိတ်ဖြင့် ခတ်ကာ ကျိုရှုးဝါလားဟု ခေါ်ကြ၏။ ကျိုရှုးဝါလား ဆိုသည်မှာ သူခိုးဟု အဓိပ္ပာယ်ရ၏။ ထို့နောက် ၎င်းတို့သည် ဂါတ်သို့ခေါ်သွားကြကုန်၏။ ဂါတ်သို့ရောက်လျှင် ဂါတ်စာရေးက ...

"အလုပ်များနေပြယ်၊ နောက်မှစစ်မယ်"

ဟု ဆိုကာ အချုပ်ထဲသို့ ထည့်ထားလိုက်လေ၏။ မောင်မှတ်ကြီးသည် အချုပ်ခန်းတွင်းသို့ ဝင်သွား၏။ အချုပ်ခန်းတွင်းသို့ ရောက်သွားသောအခါ၌ စိတ်ပျက်အားငယ်ခြင်းမရှိဘဲ တင်ပျဉ်ခွေ ထိုင်လိုက်ပြီးနောက် မျက်စိဆိုမှိတ်ကာ မနောအလင်းရောင်ကို ထုတ်လွှင့်လေတော့၏။ ထို့နောက် မိုးလင်းခါနီး၌ ဂါတ်စာရေးနှင့် ဂေါ်ရာပုလိပ် နှစ်ယောက်တို့သည် မောင်မှတ်ကြီးအား သူခိုးဟုတ်မဟုတ် အမျိုးမျိုး အဖုံဖုံ စစ်ဆေးကြလေတော့၏။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ရိုက်နှက်နှိပ်စက်ခြင်းကား မပြုကြပေ။ ထို့နောက် မောင်မှတ်ကြီးအား မှောင်ရိပ်ခိုမှု၊ မသင်္ကာမှု စသော ပုဒ်မများဖြင့် စွဲချက်တင်လိုက်လေတော့၏။ ထိုအမှုနှင့်ပင် မောင်မှတ်ကြီးအား ရုံး၌ စစ်ဆေးခဲ့လေ၏။ တရားသူကြီးသည် မောင်မှတ်ကြီးအား မြင်လျှင်မြင်ချင်း ....

"သင်္ချိုင်းထဲမှာ ကမ္ဘဋ္ဌာန်းထိုင်နေတာလား"

ဟု မေးလိုက်လေ၏။ မောင်မှတ်ကြီးက ....

"ဟုတ်ပါတယ် တရားသူကြီးမင်း"

ဟုပြန်၍ ဖြေလိုက်လေ၏။

"သင်္ချိုင်းထဲမှာဆိုတော့ သရဲမကြောက်ဘူးလား"

ဟု တရားသူကြီးက မေးလိုက်လေ၏။

"သရဲက ဒီလောက် ဒုက္ခမပေးပါဘူး၊ ပုလိပ်က ဒုက္ခပေးတာပါ"

ဟု မောင်မှတ်ကြီးက အရှိုးခံအတိုင်းပြောလိုက်ရာ တရားရုံးတွင် ရောက်နေသော ပရိသတ်သည် ဝါးခနဲ ရယ်မောကြလေ၏။

တရားသူကြီးက ...

"ပုလိပ်ကလည်း ဒုက္ခပေးတာ မဟုတ်ပါဘူး၊ သူ့ရဲ့တာဝန်ဝတ္တရားကို ဆောင်ရွက်ရတာလေ၊ အများနဲ့လုပ်ရတာဆိုတော့ အမှားအယွင်း ရှိတတ်ပါတယ်လေ၊ ဒါတွေ ထားပါတော့ဗျာ၊ ကျုပ်ကလဲ ပုတီးသမားပဲ၊ တရားသူကြီးလောကမှာ ကျုပ်ကို ပုတီးစိပ်လွန်းလို့ တရားသူကြီး ပုတီးကျော်ခေါင်လို့တောင် အမည်တွင်ခဲ့





တာဗျို့၊ အဲဒီတော့ ကိုယ်ချင်းစာတယ်ဗျာ၊ ခင်ဗျားကို ကျုပ်လွှတ်ပေးလိုက်ပါမယ်"

ဟု ပြောလိုက်လျှင် တရားရုံးသို့ ရောက်နေသော ပရိသတ်သည် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို သဘောကျ၍ လက်ခုပ်တီးလိုက်ကြလေ၏။

မောင်မှတ်ကြီးသည် ထိုတရားသူကြီးကို နှုတ်ဆက်၍ တရားရုံးမှ ထွက်ခဲ့လေ၏။ သူသည် ရွှေဂုံတိုင်လမ်းအတိုင်း လျှောက်လာခဲ့ရာ အောင်သိဒ္ဓိကုန်း ဟုဆိုသော နေရာသို့ ရောက်ရှိသွားလေတော့၏။ ထိုနေရာသို့ရောက်လျှင် ထိုကုန်းပေါ်မှာ အသက်အတော်အတန်ကြီးသော ပုဂ္ဂိုလ်တစ်ဦး ဆင်းလာလေ၏။ ထိုပုဂ္ဂိုလ်သည် မောင်မှတ်ကြီးကိုမြင်လျှင် ...

"ဟုတ်နေပြီ၊ ပြီးအောင်ဆက်လုပ်တော့"

ဟု ပြောကာ ထွက်သွားလေတော့၏။

မောင်မှတ်ကြီးသည် ဆွေတော်မျိုးတော်သင်္ချိုင်းသို့ မပြန်တော့ဘဲ ရန်ကုန်မြို့ရှိ သင်္ချိုင်းအားလုံးသို့ လှည့်လည်ကာ ထိုင်လေတော့၏။ ရန်ကုန်မြို့မှ သင်္ချိုင်းများကုန်လျှင် မင်္ဂလာဒုံ၊ သောက်ကြံ့၊ လှည်းကူး၊ အင်းတကော်၊ ပဲခူး၊ တောင်ငူ စသည့်မြို့များရှိ သင်္ချိုင်းပေါင်းစုံတွင် လှည့်လည်၍ ထိုင်တော့၏။

မောင်မှတ်ကြီးသည် တောင်ငူမြို့သို့ ရောက်သောအခါ၌ ခရစ်ယာန်သင်္ချိုင်းတစ်ခုတွင် ဝင်၍ထိုင်လေ၏။ မောင်မှတ်ကြီး ထိုသင်္ချိုင်းသို့ရောက်ပြီး နောက်တစ်ရက်တွင် ခရစ်ယာန်ဘာသာဝင် ကျောင်းဆရာမတစ်ဦး၏ အသုဘသည် ထိုသင်္ချိုင်းသို့ ရောက်

www.burmeseclassic.com



လာ၏။ အသိမိတ်ဆွေပေါ်သောကြောင့် လိုက်လံပို့ဆောင်သူ များလှပေ၏။ မောင်မှတ်ကြီးသည် အရိပ်ခို၍ အုတ်ဂူတစ်ခုဘေးတွင် ငြိမ်းချမ်းစွာ ထိုင်နေ၏။ အသုဘပို့သူများသည် ပြန်၍ထွက်သောအခါ၌မူ မောင်မှတ်ကြီးနှင့် မလှမ်းမကမ်းမှ ဖြတ်၍ထွက်ရ၏။ ထိုထွက်သောသူများထဲတွင် မိန်းမတစ်ဦးသည် မောင်မှတ်ကြီးအား စောင်းငန်း စောင်းငန်း ကြည့်သွား၏။ ထိုမိန်းမသည် အိမ်သို့ရောက်သည့်တိုင်အောင် မောင်မှတ်ကြီးအား ပြန်၍ကြည့်လိုစိတ်များ တဖွားဖွားပေါ်လာသည့်အလျောက် စက်ဘီးဖြင့် သင်္ချိုင်းကုန်းသို့ တစ်ခေါက်ပြန်လာခဲ့၏။ ထို့နောက် စက်ဘီးကို ထောင်ခဲ့ပြီးလျှင် မောင်မှတ်ကြီးအနီးသို့ ကပ်၍သွား၏။ မောင်မှတ်ကြီးသည် တင်ပျဉ်ခွေထိုင်၍ သူ၏မြတ်နိုးလှစွာသော မီးတောက်ကလေးကို သူ၏နှလုံးအိမ်တွင် ထွန်းညှိထားချိန်ဖြစ်၏။ သူ၏မျက်နှာသည် ကြည်လင်နေ၏။ သို့မဟုတ် ဝင်းပနေ၏။ သို့မဟုတ် ကြက်သရေရှိနေ၏။ သို့မဟုတ် ကြည်ညိုဖွယ်ရာ ဖြစ်နေ၏။

ထိုမိန်းမသည် မောင်မှတ်ကြီးအား အနီးကပ် ကြည့်လိုက်၏။ ထိုသို့ ကြည့်လိုက်ပြီးလျှင် မျက်ရည်များ ဖြိုင်ဖြိုင်ကျလာ၏။ ထို့နောက်မှ ငိုသံပါကြီးဖြင့် ...

"ချစ်ဦး"

ဟု ခေါ်လိုက်၏။ မောင်မှတ်ကြီးသည် မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်၏။ ထို့နောက် ထိုမိန်းမ၏မျက်နှာကို ကြည့်လိုက်ပြီးလျှင် ...





"မ .... ကြာ .... ဖြူ"

ဟု ခေါ်လိုက်လေ၏။

"ဟုတ်ပါတယ် ဦး၊ ကြာဖြူပါ၊ ဦးနဲ့ ကွာသွားပြီးကတည်းက ကြာဖြူ ဒီကိုရောက်နေပါတယ်၊ ကြာဖြူ အိမ်ထောင်ကျနေပါပြီ၊ ကြာဖြူယောကျ်ားက ကျောင်းဆရာပါ၊ ဦး ဘယ်လိုဖြစ်လာတာလဲ၊ ဦးရဲ့အိမ်တွေ၊ ပစ္စည်းတွေ၊ စည်းစိမ်ဥစ္စာတွေ ဘယ်ရောက်ကုန်ပြီလဲ"

ဟု မကြာဖြူက မေးလိုက်လေ၏။ ထိုအခါ မောင်မှတ်ကြီးက ...

"မရှိတော့ဘူး ကြာဖြူလေး၊ အဲဒါတွေလဲ ကျုပ်အတွက် မလိုအပ်တော့ဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မကြာဖြူက ...

"မဟုတ်ပါဘူး ဦးရယ်၊ ဦးဒီမှာ ဒီလိုထိုင်နေတာ ဘယ်သူက ထမင်းကျွေးမလဲ၊ ဘယ်သူက ရေတိုက်မလဲ၊ ကြာဖြူ ထမင်းလာကျွေးမယ်၊ ကြာဖြူ ရေလာတိုက်မယ်၊ ဦး ဘယ်တုန်းက ဒီကိုရောက်နေတာလဲ၊ ဒီနေရာမှာ ဘယ်လောက်ကြာအောင် နေမှာလဲ"

ဟု မေးလိုက်လေ၏။

"ရောက်တာတော့ မနေ့က ရောက်တာပဲ၊ ဒီဘက်မှာ ဘယ်လောက်ကြာမလဲဆိုတာ ကျုပ်မပြောနိုင်ဘူး၊ ပြီးရင် ဘယ်ကိုသွားမလဲဆိုတာ ကျုပ်မပြောနိုင်ဘူး၊ ကျုပ်ရဲ့လမ်းကြောင်း ကလေးဟာ ဖြောင့်ဖြူးနေပါတယ်၊ ကြာဖြူလေး ပြန်ပါတော့၊ ကျုပ်ပြောချင်တာက ကိုယ့်ယောကျ်ားနဲ့ကိုယ် ကြည်ကြည်ဖြူဖြူ နေပြီး ကိုယ့်လမ်းကိုယ်လျှောက်ပါ"

www.burmeseclassic.com



ဟု မောင်မှတ်ကြီးက ပြောလိုက်လျှင် မကြာဖြူသည် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ ထိုသို့ ငိုကြွေးပြီးနောက် မကြာဖြူက ...

"ကြာဖြူရင်ထဲမှာ မီးတွေတောက်နေတုန်းပါပဲ"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးက ...

"ဘာမီးတွေလဲ ကြာဖြူလေး"

ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ မကြာဖြူက ...

"အပူမီးတွေပေါ့ ချစ်ဦးရယ်"

ဟု ဆွဲဆွဲငင်ငင်ကလေး ပြန်၍ ပြောလိုက်လေ၏။

"ကျုပ်ရင်ထဲမှာလဲ မီးတွေတောက်နေတယ်၊ ဒါပေမယ့် ကြာဖြူလေးလို အပူမီးမျိုးတော့ မဟုတ်ဘူး၊ ဆရာကောင်းဆီမှာ နည်းနာခံပြီး လေ့ကျင့်ထားလို့ တောက်နေတဲ့ မနောမယမီး၊ အဲဒီတော့ ကြာဖြူလေးကို ပြောချင်ပါတယ်၊ ပြန်ပါတော့၊ ကျုပ်အတွက် ဘာမှမပူပါနဲ့၊ ထမင်းတွေ၊ ရေတွေလဲ မပို့ပါနဲ့"

ဟု မောင်မှတ်ကြီးက ပြောလိုက်ရာ မကြာဖြူသည် လူးလိမ့်၍ ငိုလေတော့၏။ ထို့နောက် ...

"ရက်စက်လှချည်လား ချစ်ဦးရယ်၊ ကြာဖြူအပေါ်မှာ ရက်စက်နိုင်လှချည်လား"

ဟု ပြောကာ ငိုပြန်လေ၏။

"ရက်စက်တာ မဟုတ်ဘူး ကြာဖြူလေး၊ အန္တရာယ်ကျ မလာအောင် ပြောတာ၊ သချိုင်းကုန်းထဲက လူသားနဲ့ ကြာဖြူလေးနဲ့ ဘာမှ မပတ်သက်တော့ဘူး၊ နှစ်ယောက်စလုံး အန္တရာယ်





မရှိရအောင် အမြန်ဆုံး ပြန်သွားတာဟာ အကောင်းဆုံးပဲ၊ ကျုပ်စကားကို နားထောင်ပါ"

ဟု မောင်မှတ်ကြီးက ပြန်၍ ပြောလိုက်လေ၏။ သို့ရာတွင် မကြာဖြူက ...

"ဟင့်အင်း၊ဟင့်အင်း၊ ထမင်းလာပို့မှာပဲ"

ဟု ဆိုကာ ငိုယိုလျက် ထွက်သွားလေ၏။

မျှားမကြာမီ၌ မကြာဖြူသည် စက်ဘီးနှင့် ပြန်ရောက်လာ၏။ သူမ၏လက်ထဲတွင် ခြင်းတစ်လုံးပါလာ၏။ ထိုခြင်းထဲတွင် ထမင်းချိုင့်၊ ရေပုလင်း၊ လက်သုတ်ပဝါ စသည်သို့ ပါလာ၏။ မောင်မှတ်ကြီးအား ထမင်းကျွေးလေ၏။ မောင်မှတ်ကြီးသည် ငြင်းဆို၏။

သို့ရာတွင် မကြာဖြူက ...

"ချစ်ဦးဟာ သူတော်စင်တစ်ဦး ဖြစ်ပါတယ်။ သဒ္ဓါလို့ လှောင်းလှူတဲ့ပစ္စည်းကို သူတော်စင်ဟာ လက်ခံရပါတယ်၊ ငြင်းဆိုရိုး မရှိပါဘူး၊ ကြာဖြူလှောင်းလှူတဲ့ ထမင်းတွေကို လက်မခံဘူးဆိုရင် ကြာဖြူအပေါ်မှာ အငြိုးထားတယ်လို့ ယူဆရမှာလား"

ဟု ဆိုလေတော့၏။ ထို့ကြောင့်မောင်မှတ်ကြီးလည်း လက်ခံလိုက်ရလေ၏။ ကြာဖြူလှူဒါန်းသော ထမင်းကို စားရလေ၏။ ကြာဖြူ လှူဒါန်းသော ရေကို သောက်ရလေ၏။

—မကြာဖြူသည် မောင်မှတ်ကြီး ထမင်းစားနေသည်ကို ကြည့်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ မောင်မှတ်ကြီးသည် ထမင်းစားပြီးသောအခါ၌ . . .



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မကြာဖြူလေး၊ ကျုပ်နဲ့မင်းနဲ့ ပတ်သက်ခဲ့ဖူးတယ် အဲဒါကြောင့် လှူတာတွေကို လက်မခံချင်တာပါ။ နောက်ထပ် ထမင်းလာလှူမယ်ဆိုရင်တော့ တစ်ယောက်တည်း မလာဘဲ အဖော်တစ်ယောက် ခေါ်လာပါ။ အဖော်တစ်ယောက် မပါလာရင်တော့ ကျုပ်ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး"

ဟု မောင်မှတ်ကြီးက ပြောလိုက်လေ၏။

မကြာဖြူသည် မောင်မှတ်ကြီးအား ထမင်းကျွေးမွေးပြီးလျှင် အိမ်သို့ မြူးတူးပျော်ရွှင်စွာ ပြန်သွားလေ၏။ သို့ရာတွင် နောက်တစ်ကြိမ်တွင် အဖော်ခေါ်လာရမည်ဟု ဆိုသောကြောင့် မည်သူ့ကို ခေါ်ရမည်ကို စဉ်းစားနေမိ၏။ ထို့နောက် ၎င်း၏အိမ်အနီးမှ မိန်းမတစ်ဦးကို အကျိုးအကြောင်းဖွင့်ပြော၍ ခေါ်သွားရလေတော့၏။ ထိုမိန်းမ၏အမည်မှာ မသိန်းဟူ၍ ဖြစ်၏။ သူ၏ယောကျ်ားမှာ ပွဲစားတစ်ဦးဖြစ်၏။

မသိန်းသည် အိပ်ရာဝင်သောအခါ၌ သူမ၏ယောကျ်ားအား . . .

"ရှင့်ကို အထူးအဆန်းကလေးတစ်ခု ပြောပြရဦးမယ်"

ဟု အစချီကာ မကြာဖြူနှင့်သချိုင်းကုန်းမှ သူတော်စင်တို့ အကြောင်းကို ဖွဲ့ကာနွဲ့ကာ ပြောပြလိုက်လေ၏။ ထိုအခါ မသိန်း၏ယောကျ်ား ပွဲစားက မသိန်းအား . . .

"မင်းပြောသလိုဆိုရင် သချိုင်းကုန်းထဲက မကြာဖြူ ထမင်းသွားပို့တဲ့ သူတော်စင်ဟာ တစ်ခါက မကြာဖြူရဲ့ယောကျ်ားပေါ့။ မင်းပြောတဲ့အတိုင်းဆိုရင် မကြာဖြူဟာ ပတ္တမြားမိုးကုမ္ပဏီ





ပိုင်ရှင်သူဌေး ကိုမှတ်ကြီးနဲ့ အိမ်ထောင်ကျဖူးတယ်ဆိုတော့ အဲဒီ သူတော်စင်ဟာ ပတ္တမြားမိုး ကုမ္ပဏီပိုင်ရှင်ကိုမှတ်ကြီးပေါ့။ ငါသိသလောက်ပြောရရင် သူဌေးတွေဟာ တစ်ခါတလေ စတန့်ထွင်တတ်တယ်ကွ။ ဒီလောက်ချမ်းသာတဲ့သူက သချိုင်းကုန်းထဲမှာ လာပြီး တရားထိုင်တယ်ဆိုတော့ စတန့်ထွင်တာပဲ ဖြစ်မယ်"

ဟု ပြောလျှင် မသိန်းက . . .

"စတန့်လား စတွန့်လား မသိဘူးတော်ရေ၊ ဒီက သိသလောက် ပြောပြရတာပဲ၊ အဲဒါလဲ ရှင့်အပေါင်းအသင်းပေါင်းတွေကို လက်ဖက်ရည်ဆိုင်မှာ လျှောက်ပြီး မပြောပါနဲ့ရှင်၊ ခများမှာ ဒုက္ခရောက်နေပါဦးမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ၎င်း၏ယောကျ်ားက

"မသိန်းရယ်၊ သူတစ်ပါး ဒုက္ခရောက်မယ့်ဟာ ငါက လုပ်ပါ့မလား"

ဟု ပြောလေ၏။ ထိုသို့ပြောသော်လည်း တစ်ပတ်ခန့် ကြာသောအခါ မသိန်းယောကျ်ား ပွဲစားသည် မကြာဖြူယောကျ်ား ကျောင်းဆရာကိုလှစိန်အား လက်ဖက်ရည်ဆိုင်တွင် တွေ့သောအခါ၌

"ဆရာကိုလှစိန်လေးရေ ဒီစကားကို ပြောသင့်မပြောသင့် အတန်တန် ချင့်ချိန်ပါသေးတယ်။ ပြောပြန်ရင်လဲ ခင်ဗျားတို့ အိမ်ထောင်ရေး ထိခိုက်မယ်၊ မပြောပြန်ရင်လဲ အိမ်နီးနားချင်းကောင်း မပီသ ဖြစ်မယ်၊ ကျုပ်မှာက ဆုပ်လဲစူး၊ စားလဲရှူး ဖြစ်နေပြီ၊ ဒါပေမယ့် မပြောမပြီး မတီးမမြည် ဆိုတာလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ သချိုင်းကုန်းမှ သူတော်စင်နှင့် မကြာဖြူတို့၏ အကြောင်းကို ခရေစေ့ တွင်းကျ ပြောပြလေတော့၏။ ထိုအခါ ကျောင်းဆရာကိုလှစိန်က . . .

"ဒီလိုပွဲစားရဲ့။ ကြာဖြူ ယောကျ်ားရဖူးတယ်ဆိုတာတော့ ကြာဖြူ ကိုယ်တိုင် ပြောပြဖူးတယ်။ သူ့အရင် ယောကျ်ားဟာ ပတ္တမြားမိုးကုမ္ပဏီပိုင်ရှင်ဆိုတာလဲ ပြောတာပဲ။ ကျုပ် ကျေနပ်လို့ ကျုပ်ယူခဲ့တာပါပဲ။ ဒါပေမယ့် ကျုပ်နဲ့ယူပြီးမှ သူဌေးနဲ့ ဆက်သွယ်တာတော့ ကျုပ် မကြိုက်ပါဘူး။ ကြာဖြူကလဲ မဆက်သွယ်သင့်ဘူး။ သူဌေးကလဲ ဘာလဲဗျ။ သချိုင်းကုန်းထဲလာပြီး ဘိုးတော်လိုလို၊ ဘာလိုလိုနဲ့ဂိုက်ဖမ်းပြီး ကြာဖြူနဲ့ ဆက်သွယ်တာကို ကျုပ်လက်မခံနိုင်ဘူး။ ကြာဖြူကိုလဲ ကျုပ်ကြည့်နေတာ တစ်ပတ်လောက်ရှိပြီ မူပျက်နေတာ၊ ဘာပဲဖြစ်ဖြစ် ဒီသူဌေးကိုတော့ ကောင်းကောင်းကြီး ဆုံးမလိုက်မယ်"

ဟု ပြောလိုက်လျှင် ပွဲစားက . . .

"အရမ်းတော့ မလုပ်ပါနဲ့ ဆရာကိုလှစိန်ရေးရယ်၊ ခင်ဗျားလုပ်တော့မယ်ဆိုရင်တော့ ကျုပ်တို့မိတ်ဆွေ ကော်လံစား သတင်းထောက် ကိုဝင်းမောင်လေးကို အသိပေးမှ ဖြစ်မယ်ဗျ။ သူ့အနေနဲ့လဲ သတင်းထူးလေးတစ်ပုဒ်တော့ရတာပေါ့။ ဟောဟိုမှာ ပြောရင်း ဆိုရင်းနဲ့ စက်ဘီးနဲ့လာတာ သတင်းထောက် ကိုဝင်းမောင်လေး မဟုတ်လား"

ဟု ပြောလိုက်ပြီးလျှင် ပွဲစားသည် စက်ဘီးနင်းလာသော သတင်းထောက် ဝင်းမောင်လေးဆိုသူအား လက်ယပ်ခေါ်လိုက်





လေတော့၏။ သတင်းထောက်ဝင်းမောင်လေးသည် ၎င်းတို့၏ အနီးသို့ ရောက်လာလေ၏။ ထိုအခါ ပွဲစားသည် ထိုအကြောင်းအရာကို ပြောပြလိုက်လေ၏။ ထိုအခါ သတင်းထောက် ဝင်းမောင်လေးက . . .

"အခု စတော့မှာလား"

ဟု မေးလေ၏။ ထိုအခါ ဆရာကိုလှစိန်က . .

"စတော့မယ်"

ဟု ပြန်၍ ပြောလေ၏။

ထို့နောက်တွင်ကား ကျောင်းဆရာ ကိုလှစိန်နှင့် ပွဲစားတို့သည် မောင်မှတ်ကြီးရှိရာသို့ ဒေါနှင့်မောနှင့် လိုက်သွားလေတော့၏။ သတင်းထောက် ဝင်းမောင်လေးမှာလည်း ၎င်းတို့နောက်သို့ စက်ဘီးဖြင့် လိုက်သွားလေတော့၏။

အမှန်စင်စစ်အားဖြင့် မောင်မှတ်ကြီးထံသို့ မကြာဖြူသည် သမင်းလာပို့သည့် အချိန်ပင် ဖြစ်၏။ မကြာဖြူသည် ထမင်းလာပို့သည့်အခါ၌ အဖော်ခဖြစ် ပွဲစားကတော်ကိုလည်း ခေါ်လာခဲ့လေ၏။

ကျောင်းဆရာ ကိုလှစိန်သည် မောင်မှတ်ကြီးရှိရာသို့ ရောက်လာပြီးလျှင် မောင်မှတ်ကြီးအား မကြားဝံ့မနာသာ ဆဲဆိုပုံ၊ ရိုက်နှက်ပုံတို့မှာ လွန်စွာမှ ရင်နင့်ဖွယ်ရာလည်း ကောင်း၏။ အနိဋ္ဌာရုံလည်း ဖြစ်၏။ ထို့ကြောင့် ထိုအခြင်းအရာတို့ကို ရေးသားဖော်ပြခြင်း မပြုလိုတော့ပါ။ မောင်မှတ်ကြီးသည် တစ်စုံတစ်ရာ ပြန်၍ပြောခြင်း လက်တုံ့ပြန်ခြင်း မပြုတော့ဘဲ ခေါင်းငုံ့၍သာ



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်လေတော့၏။ ထို့နောက် မောင်မှတ်ကြီး သတိရလာ၏။ ထိုသို့ သတိရလာသောအခါ၌ မောင်မှတ်ကြီးသည် ထိုနေရာ၌ ဆက်လက်နေထိုင်ရန် မသင့်ဟု ဆုံးဖြတ်သည့်အလျောက် ထိုနေရာကို စွန့်ခွာလာခဲ့လေတော့၏။ ထိုသို့ စွန့်ခွာသောအခါ၌ သူ၏ အနီးအပါးတွင် တစ်စုံတစ်ယောက်မျှ မရှိတော့ပေ။

သူသည် တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း ရန်ကုန်ဘက်သို့ ထွက်သော ကားလမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လာခဲ့လေတော့၏။

မြို့ပြင်သို့ရောက်သောအခါ၌ သူ၏ မျက်နှာချင်းဆိုင်ဘက်မှ လာသော မော်တော်ကားလေး တစ်စီးသည် ကျွီခနဲလာ၍ ရပ်၏။

သူသည် မော်တော်ကားကို ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်၏။ ကားမှာ လွန်စွာလှပသော နောက်ဆုံးပေါ် ဓိမ်ခံကားကလေး ဖြစ်၏။ သူကြည့်နေစဉ်၌ပင် ကားတံခါးပွင့်လာပြီး ကားပေါ်မှ လူတစ်ဦး ဆင်းလာ၏။ ထိုသူသည် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထား၏။ လည်တိုင်၌ နက်ကတိုင်ခေါ် လည်စည်းကိုလည်း တပ်ဆင်ထား၏။ ထိုသူကို မြင်လျှင် မောင်မှတ်ကြီးသည် မျက်တောင်များ တဖျတ်ဖျတ်ခတ်လာ၏။ ထိုအချိန်၌ ထိုသူက

"ဂွဒ်အာဖတာနွန်း မစ္စတာ မောင်မှတ်ကြီး"

ဟု နှုတ်ဆက်လိုက်လျှင် မောင်မှတ်ကြီးက

"ဟော ဆရာ ကိုစည်ရာပါလား"

ဟု ပြန်၍ နှုတ်ဆက်လိုက်၏။





"ကဲ ကဲ ကားပေါ်တက်"

ဟု ဆိုကာ အရှုးစည်ရာသည် မောင်မှတ်ကြီးအား ကားပေါ်သို့ တင်လိုက်၏။ ပြီးလျှင် သူသည် မောင်မှတ်ကြီး နံဘေး၌ ဝင်၍ ထိုင်လိုက်ပြီးလျှင် တံခါးကို ဂျိန်းခနဲ ပိတ်လိုက်လေ၏။ ထိုနောက် ဒရိုင်ဘာအား

"ဟေ့ သူတော်၊ ပျဉ်းမနားဘက်ကို မမောင်းနဲ့၊ ကားပြန်လှည့်တော့ ရန်ကုန်ကို သွားမယ်"

ဟု ပြောလိုက်ရာ မောင်မှတ်ကြီးလည်း လှမ်း၍ ကြည့်လိုက်၏။ ထိုသို့ကြည့်လိုက်လျှင် ကားမောင်းသူမှာ ၎င်းနှင့်သိကျွမ်းသော ဆိုက်ကားသမားကလေး မောင်သူတော်ဖြစ်နေသည်ကို တွေ့ရလျှင် အံ့သြခြင်းမက အံ့သြသွားလေတော့၏။ ထို့ကြောင့် မောင်မှတ်ကြီးက

"ဝမ်းသာလိုက်တာ မောင်သူတော်ရာ၊ မင်းဟာ ဆိုက်ကား နင်းရတဲ့ဘဝကနေ ကားဒရိုင်ဘာ ဖြစ်ရပါလို၏လို့ ဆုတောင်းထားတာ အခုတော့ ဖြစ်ရပြီပေါ့နော်"

ဟု ပြောလိုက်လျှင် အရှုးစည်ရာက . . .

"နိုး . . . နိုး . . . ဒရိုင်ဘာ မဟုတ်ဘူး။ ဒါသူ့ကား။ မောင်သူတော် ချမ်းသာသွားပြီ။ ဘယ်လို ချမ်းသာသွားသလဲ မမေးနဲ့၊ ငါးသောင်းဆု တစ်ခါပေါက်တယ်။ သိန်းဆု တစ်ခါပေါက်တယ်။ အဲဒီ ငွေရင်းငွေနှီးနဲ့ အလုပ်လုပ်လိုက်တာ သုံးလေးနှစ်အတွင်းမှာ သူဌေးသူတော် ဖြစ်သွားပြီ"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့၏ မော်တော်ကားလေးသည် တောင်ငူမြို့ကို ဖြတ်ကျော်လာခဲ့ပြီဖြစ်၏။-မန္တလေး–ရန်ကုန် လမ်းမကြီးပေါ်တွင် သူတော်၏ ကားကလေးသည် တရိပ်ရိပ် ပြေးနေ၏။ မောင်မှတ်ကြီးသည် အရှုးစည်ရာဘက်သို့ လှည့်ကာ . . .

"ဆရာသခင် ကျေးဇူးရှင်၊ ကျွန်တော့်ကို အခု ဘယ် ခေါ်သွားမှာလဲ"

ဟု တိုးတိုးညှင်းညှင်းကလေး မေးလိုက်၏။ ထိုအခါ အရှုးစည်ရာက

"ရန်ကုန်မြို့၊ မလွကုန်းဘူတာနားက ဇရပ်ကလေးကို ပြန်ပြီးခေါ်သွားမှာ၊ အဲဒီမှာ ခင်ဗျားရဲ့အဘ စောင့်နေတယ်"

ဟု ပြောလိုက်လျှင် မောင်မှတ်ကြီးသည် တစ်လုံးတစ်ပါဒမျှ ပြန်၍မပြောတော့ဘဲ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကြည်နူးဆွတ်ပျံ့ခြင်း၊ ကြေကွဲဆွေးမြေ့ခြင်း စသော ဆန့်ကျင်ဘက်ခံစားမှုများ ပြွမ်းတီးသည့် အပြုံးဖြင့် ပြုံးလိုက်လေတော့သတည်း။ ■



BURMESE CLASSIC
www.burmeseclassic.com